

ကျင်းထုံ၏ယသို့ဝမ်းလျှံ
တက္ကသိုလ်
နေလင်းအောင်
အလင်းရောင်မှာ
သိုင်းဦးချောင်
စာစဉ် (၂)
၉ အုပ်တွဲသိုင်းစာစဉ်
သိုင်းစာစဉ်များPAGE



အလင်းရောင်ပမာ
သိုင်းဦးသျှောင်

တက္ကသိုလ်နေလင်းအောင်

---

# အလင်းရောင်ပမာသိုင်းဦးသျှောင်

စာစဉ် (၂)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၃၂၉၀၆၀၃

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၂၂၀၆၀၅

၂၀၀၆ ခုနှစ်

ဒုတိယအကြိမ်၊ အုပ်ရေ-၅၀၀

တန်ဖိုး ၁၀၀၀/ -ကျပ်

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်၊ ချိုတေးဂီတစာပေ

ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့(၃)

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက် (၀၄၆၈၂)

၂၃၉၊ ခေမာသီလမ်း

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

# အခန်း(၁)

## သိုင်းလောက၏ဟင်းလေးအိုးကြီး

ကျင်းကို့နှင့် ချောင်လိန်လုံးတို့သည် ခရီးပြင်းနှင်နေကြရာ မာလိန်ကွမ်းမြို့ကလေးသို့ ရောက်ရှိလာလေ၏။ ရောက်ရှိလာသော အချိန်မှာ နံနက်လင်းလုလင်းခင် အချိန်ကလေး ဖြစ်လေ၏။

နံနက်လင်းလုအချိန်ဖြစ်၍ ကျင်းကို့သည် မြို့တွင်းသို့ မဝင်လိုတော့ချေ။ နံနက်လင်းမှသာ မြို့တွင်းသို့ ဝင်လိုတော့သည်။

"ညီလေးချောင်လိန်လုံး ကျုပ်တို့ မြို့ပြင်တောအုပ်ထဲမှာ နားကြတာပေါ့၊ မိုးလင်းမှပဲ မြို့ထဲကို ဝင်ကြတာပေါ့"

"ရတယ်လေ၊ အစ်ကိုကျင်း သဘောပဲ"

သူတို့သည် မြို့ပြင်တောအုပ်ထဲ၌ နားလိုက်ကြ၏။

နေထွက်သောအခါမှ ချောင်လိန်လုံးက ကျင်းကို့အား ပြောလေ၏။

"အစ်ကိုကျင်း ... ကျွန်တော်ကတော့ အတော့်ကို ဗိုက်ဆာနေပြီ၊ စားသောက်ဖို့ မြို့ထဲဝင်ရင် ကောင်းလိမ့်မယ်ထင်တယ်"

ကျင်းကို့သည် စိတ်တစ်မျိုး ပြောင်းသွားလေပြီ။ သူသည် မြို့တွင်းသို့ မဝင်လိုတော့ချေ။

"ညီလေး … ဒီမြို့ကို ကွေ့ပတ်သွားရင် လူနေအိမ်ခြေတွေကို တွေ့လိမ့်မယ်လို့ ထင်တယ်၊ အဲဒီကျမှ ညီလေးအတွက် တစ်ခုခု စားကြတာပေါ့၊ ကျုပ် စဉ်းစားမိတယ်၊ ဒီမြို့ကို ဝင်နေရင် နောက်က လိုက်လာတဲ့ လျှန်းဂိုဏ်းသားတွေ ကျုပ်တို့ကို မိသွားမှာ စိုးရိမ်ရတယ်"

ချောင်လိန်လုံးက …

"ဒီလမ်းခရီးကို ကျွန်တော် သွားလာဖူးပါတယ်၊ ဒီမြို့ကို ကွေ့ပြီးထွက်သွားရင် သုံးလီလောက်ရောက်တော့ လမ်းလေးခွဆုံကို တွေ့ရမယ်၊ လမ်းခွဲလေးခုပေါ့၊ အဲဒီလမ်းဆုံမှာ ဆိုင်သုံးဆိုင်ရှိတယ်"

"ဘာဆိုင်တွေလဲ"

"တစ်ဆိုင်က စားသောက်ဆိုင်၊ တစ်ဆိုင်က လက်ဖက်ရည်ဆိုင်၊ တစ်ဆိုင်က မြင်းတွေရောင်းတဲ့ဆိုင်၊ ကျွန်တော်တို့ အဲဒီလမ်းဆုံအရောက် ခရီးပြင်းနှင်ပြီးရင်တော့ စားသောက်ဖို့ အဆင်ပြေပါပြီ"

ကျင်းကို့သည် ဝမ်းသာအားရ ပြောလေ၏။

"ဟား … ညီလေးချောင်လိန်လုံး စောစောက ပြောရောပေါ့၊ ဒီလိုမှန်းသိရင် ဒီတောအုပ်ထဲ ဝင်မနားဘူး၊ အချိန်တောင် အတော်ကုန်သွားတယ်၊ မနားဘဲ ဆက်ပြီးခရီးနှင်လိုက်ရင် လမ်းခွဲကို ရောက်ချင်တောင် ရောက်နေတော့မယ်"

ကျင်းကို့သည် ပြောပြောဆိုဆို တရပ်လိုက်လေ၏။

"သိဖူးလေဗျာ၊ ကျွန်တော့်စိတ်ထင် အစ်ကိုကျင်းလည်း အဲဒီခရီးလမ်းကို သွားဖူးတယ်လို့ ထင်တာကိုးဗျ"

"ကဲ … လာ … လာ … ခရီးနှင့်ကြစို့"

နစ်ယောက်သည် ကိုယ်ဖော့ပညာသုံး၍ တောအုပ်ထဲမှ ပြေးထွက်ကြတော့၏။



ကျင်းကို့သည် ပြေးလွှားနေကြရင်း ချောင်လိန်လုံးကို မေးမြန်းစုံစမ်းသည်။

"ညီလေးချောင်လိန်လုံး တိုက်ယင်မြို့ကို သွားမယ်ဆိုရင် ဘယ်လောက်ကြာဦးမလဲ"

ချောင်လိန်လုံးက ရယ်မောလိုက်၏။

"ခရီးဘယ်လောက် ဝေးမယ်လို့ မမေးနဲ့၊ ကျွန်တော်တို့ ကိုယ်ဖော့ပညာသုံးပြီး ခရီးနှင်ရင် အချိန်ဘယ်လောက်ကုန်မလဲလို့ မေး"

ကျင်းကို့က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပြီ … အချိန်ဘယ်လောက်ကုန်မလဲ၊ ညီလေး ပြောစမ်းပါ"

ကျင်းကို့က ပြန်ပြင်မေးလေ၏။

"ချောင်လိန်လုံးက …

"ကျွန်တော်တို့ ကိုယ့်ကိုယ်ကို မညှာဘဲ ခရီးပြင်းနှင်ရင် မနက်ဖြန် နေဝင်ချိန်လောက်မှာ ထိုက်ယင်မြို့တွင်းကို ဝင်နိုင်မယ်"

"ဒီည မအိပ်ဘဲနဲ့ မနားတမ်း ခရီးပြင်းနှင်ရင်ကော"

"ဒီလိုဆိုရင် မနက်ဖြန် မနက်စောစောမှာ ရောက်နိုင်တယ်၊ ခရီးနှင်ရမှာကတော့ ပြင်းပြင်းထန်ထန်ပဲနော်"

ကျင်းကို့က စဉ်းစားနေလိုက်၏။

ချောင်လိန်လုံးက …

"ဒါနဲ့ အစ်ကိုကျင်းက ထိုက်ယင်မြို့ကို ဘာသွားလုပ်မလို့လဲ"

"အင်း … ညီလေးကိုတော့ ဖွင့်ပြောရမယ်၊ လွန်ခဲ့တဲ့ ဆယ့်ငါးရက်လောက်က သတင်းတစ်ခု ကြားခဲ့ပါတယ်၊ ပြည်ပြေးဘုရင် ထန်မင်းလီလင့်စီးရဲ့ အကြံပေးမင်းဆရာ ကျူးထောက်ချိရဲ့သားဟာ ထိုက်ယင်မြို့မှာ ဓာတ်မြှုပ်နေတယ်လို့ ကြားခဲ့တယ်"

"အစ်ကိုကျင်းကလဲဗျာ၊ ဒီလိုပဲ အကြောင်းမသင့်လို့ ဓာတ်မြှုပ်နေတဲ့လူတွေ တစ်ပုံကြီးပေါ့၊ ကျူးထောက်ချိရဲ့ သား ဓာတ်မြှုပ်နေတာဟာ အစ်ကိုကျင်းနဲ့ ဘာဆိုင်လို့လဲ"

"ညီလေးချောင်လိန်လုံးက ဒါပဲသိတာကိုး၊ တကယ့် လေးနက်တဲ့အကြောင်းတွေ နောက်ကွယ်မှာရှိနေတယ်"

"ဘာများလဲ အစ်ကိုကျင်းရဲ့"

"ကျူးထောက်ချိဟာ ထန်ပြည်ကြီး ပျက်စီးမှာကို ကြိုတင်ပြီး မြင်ဟန်တူပါတယ်၊ ဒါကြောင့် သူဟာ မင်းဘဏ္ဍာတွေအားလုံးကို လျှို့ဝှက်ဂူတစ်ခုမှာ သိုဝှက်ထားခဲ့တယ်၊ သူဟာ သစ္စာတော်ခံတစ်ယောက်ဖြစ်တယ်၊ ကျူချွမ်းချုံးဟာ ထန်မင်းနန်းဆက်ကို တိုက်ခိုက်ဖျက်ဆီးတော့ သူဟာ သူ့ကိုယ်သူ သတ်သေလိုတယ်၊ ဒါပေမယ့် ရတနာသိုက်ရဲ့ လျှို့ဝှက်ချက်ကိုတော့ သူ့သားကြီး ကျူးထင်းကြီးကို ပေးခဲ့တယ်လို့ ဆိုကြတယ်၊ သူတတ်မြောက်ထားတဲ့ ပညာရပ်အားလုံးကိုလည်း သားကို သင်ပေးခဲ့တယ်လို့ ဆိုတယ်"

"ကျူးထင်ကြီးဟာ အခုဆိုရင် အသက်ဘယ်လောက် ရှိနေပြီလို့ ခန့်မှန်းသလဲ အစ်ကိုကျင်း"

"အင်း ... လေးဆယ်လောက် ရှိပြီပေါ့"

"အင်း ... အရွယ်ကောင်းပဲ"

"သူ့အဖေဆီက ပညာရပ်တွေ အကုန်ရလိုက်တော့ ဉာဏ်ရည်လည်း ကောင်းတယ်၊ တွေးခေါ်မြော်မြင်မှုလည်း ကောင်းတယ်လို့ ဆိုကြတယ်"

"အစ်ကိုကျင်းက သူ့ရတနာသိုက်ကို လိုချင်လို့လား"

ချောင်လိန်လုံးက ကျင်းကို၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၍ မေးလိုက်၏။



ကျင်းကိုက ...

"ကျုပ်အတွက် မဟုတ်ပါဘူး"

"ဘယ်သူ့အတွက်လဲ အစ်ကိုကျင်း"

"ဘယ်သူရှိရမှာလဲ၊ ကျောက်ကွမ်းယင်အတွက်ပေါ့၊ ကျောက်ကွမ်းယင်မှာ ပညာရှိလဲလိုတယ်၊ ငွေကြေးလည်း အများကြီး လိုနေတယ် မဟုတ်လား"

"အစ်ကိုကျင်းက ရတနာသိုက်ပါ မကဘူး၊ လူကိုပါ လိုချင်နေပြန်တာပေါ့"

"ဆိုပါတော့လေ"

ကျင်းကိုသည် ကျောက်ကွမ်းယင်အတွက် သူကိုယ်တိုင်တော့ ဝင်မပါပေ။

သို့ရာတွင် လိုအပ်သော ကိစ္စအဝဝအတွက် သေးမှ ဖြည့်ဆည်းကူညီရန် စဉ်းစားနေလေသည်တကား။

သူတို့သည် မရပ်မနား ပြေးခဲ့ကြလေ၏။ မကြာမီ လမ်းလေးခွဆုံသို့ ရောက်ရှိကြသည်။

"ဟာ ... ဘယ်လိုလဲဟ၊ ဟိုဆိုင်ကို ကြည့်ပါဦး၊ လူတွေပြည့်နေတာပဲ၊ စည်ကားလိုက်တာ"

ကျင်းကိုက ညွှန်ပြလိုက်၏။ လက်ဖက်ရည်ဆိုင်တွင် လူများပြည့်ကျပ်နေသည်။

လမ်းဆုံလမ်းခွဖြစ်နေ၍ ဤသို့ လူများသည်လားတော့ မဆိုနိုင်ပေ။

လက်ဖက်ရည်ဆိုင် ဆိုသော်လည်း ခမ်းခမ်းနားနား ဆိုင်ကြီးတော့ မဟုတ်ပေ။ တဲကြီးတစ်လုံးထိုး၍ လေးဖက်ပြင် ရောင်းချနေသည့် ဆိုင်ကြီးသာဖြစ်သည်။

ထိုလက်ဖက်ရည်ဆိုင်တွင် လူများ စည်ကားနေသည်။ အများအားဖြင့် သိုင်းလောကသား အသွင်အပြင်ရှိသူများ လက်ဖက်ရည်သောက်နေကြသည်။

ထိုအထဲတွင် ကုန်သည်ပွဲစားဟန်ပန် ရှိသူများကိုလည်း တွေ့ရသည်။

ချောင်လိန်လုံးသည် လက်ဖက်ရည်ဆိုင်ကို လှမ်းကြည့်ရင်း ကျင်းကို့အား အမှတ်မထင် မေးမြန်းလိုက်၏။

"အစ်ကိုကျင်း ... ကျောက်ကွမ်းယင်ဟာ အစ်ကိုကျင်းနဲ့ တွေ့တာ သိပ်မကြာသေးပါဘူး၊ ဒါပေမယ့် ကျောက်ကွမ်းယင်ကို အစ်ကိုကျင်းဟာ အင်တိုက်အားတိုက် အကူအညီပေးနေတယ်၊ အစ်ကိုကျင်းအတွက် ဘာအကျိုးများ မျှော်ကိုးပြီး အစ်ကိုကျင်းက အကျိုးဆောင်ပေးနေတာလဲ"

ကျင်းကို့က ရယ်မောလိုက်သည်။ ထို့နောက် ဦးခေါင်းတယမ်းယမ်း လုပ်နေလေ၏။

အတန်ကြာမှ ...

"ကျောက်ကွမ်းယင်ကို ကျုပ်ကူညီတာဟာ ကျောက်ကွမ်းယင်ဟာ လူတော်လူကောင်းတစ်ယောက် ဖြစ်နေလို့ပါပဲ"

ထိုအခါ ချောင်လိန်လုံးက ဦးခေါင်းတညိတ်ညိတ် လုပ်ရတော့သည်။ ကျင်းကို့က ချောင်လိန်လုံးကို ကြည့်ပြီး ပြောလိုက်၏။

"ညီလေး ချောင်လိန်လုံး ကျုပ်ကို ဝေဖန်စမ်းပါ"

ချောင်လိန်လုံးသည် ကျင်းကို့အား ကြည့်သည်။

"အစ်ကိုကျင်း စိတ်မဆိုးရဘူးနော်"

"ဟာ ... ကျုပ်က ဝေဖန်ခိုင်းတာပဲ၊ ဘာစိတ်ဆိုးစရာရှိသလဲ၊ ဝေဖန်ပါ၊ ပြောပါ"



"အစ်ကိုကျင်းဟာ သနားကြင်နာတတ်တယ်၊ သူတစ်ပါးကို ကူညီတတ်တယ်၊ ကိုယ်ကျိုးကိုမကြည့်ဘူး၊ သူတစ်ပါးအတွင်းရေးကို မကြည့်တတ်ဘူး၊ ဒါတွေဟာ အစ်ကိုကျင်းအပေါ် ကျွန်တော်မြင်တဲ့ အမြင်တွေပါပဲ"

"ဟား ... ဟား ... ဟား ... စိတ်မဆိုးရဘူးဆိုလို့ မကောင်းတာတွေများ ပြောမလားမှတ်တယ်၊ အကောင်းချည်း ပြောနေတာကိုး"

"ကျွန်တော့်အမြင် ပြောတာလေ"

"ကျုပ်မှာ ဘယ်ဘက်လက်မသန်တဲ့ အဖြစ်ဆိုး ရှိပါတယ်၊ အဲဒီ ဘယ်ဘက်လက်မသန်တာဟာ ကျုပ်စိတ်ကို ငယ်ငယ်ကတည်းက စိတ်အနှောင့်အယှက် ပေးနေခဲ့တယ်"

"အခု လူကောင်းတွေ လုပ်နိုင်သမျှ အစ်ကိုကျင်း လုပ်နိုင်တယ်၊ လူကောင်းတွေ မလုပ်နိုင်ခဲ့တာတွေလည်း အစ်ကိုကျင်း လုပ်နိုင်ခဲ့တာပဲ"

"ဒါက နောက်ပိုင်းမှပါ၊ ကျုပ်ဟာ ငယ်ငယ်ကတည်းက သိုင်းပညာကို ကြိုးစားသင်ခဲ့တယ်၊ ရက်သတ္တတစ်ပတ်လုံး မအိပ်ဘဲနဲ့ သိုင်းပညာ လေ့ကျင့်တဲ့လူ ရှိခဲ့ဖူးသလား၊ ကျုပ် လေ့ကျင့်ခဲ့တယ်၊ အဲဒါ ဘာဖြစ်လို့လည်းဆိုတော့ ကျုပ်ဟာ လက်တစ်ဖက်တည်းရှိပေမယ့် လက်နှစ်ဖက်ရှိနေတဲ့ လူအားလုံးကို ကူညီနိုင်တယ်ဆိုတဲ့ ဂုဏ်ပုဒ်တွေကို လိုချင်လို့ပဲ၊ ကျုပ် သိုင်းပညာတတ်တဲ့အခါမှာတော့ ကျုပ်ဟာ လူတိုင်းကို ကူညီနိုင်ခဲ့ပါတယ်၊ ကျုပ်ဟာ လျှို့လျှို့ဝှက်ဝှက် ကူညီခဲ့ပါတယ်၊ လောကမှာ ပြီးပြည့်စုံတဲ့ လူဆိုတာ မရှိဘူးဆိုတဲ့ စကားဟာ မှန်တယ်၊ ကျုပ်လည်း လက်တစ်ဖက်မပြည့်မစုံ ဖြစ်ခဲ့ရတယ်"

ကျင်းကို့က ဆက်ပြောလေ၏။

"ကျုပ်ဟာ ဒေသအနှံ့ လျှောက်သွားတယ်၊ ကျုပ် တတ်မြောက်ထားတဲ့ သိုင်းပညာနဲ့ လူထုကို ကူညီတယ်၊ ကျုပ် စိတ်ထဲမှာ လူတစ်ဖက်သားကို ကူညီဖို့ပဲ စဉ်းစားတယ်၊ ကဲ ... ကျောက်ကွမ်းယင်ကို ကူညီတဲ့အတွက် ကျုပ် ဘာမှမမျှော်ကိုးဘူးဆိုတာ သိလောက်ရောပေါ့"

အတန်ကြာ တိတ်ဆိတ်သွားသည်။ သူတို့သည် အတန်ကြာ စကားမပြောဘဲ ရှိလေ၏။

အတော်ကြီးကြာမှ ...

"ကျုပ် ကျောက်ကွမ်းယင်ကို အတတ်နိုင်ဆုံး အကူအညီပေးတယ်၊ အင်း ... အကြောင်းတစ်ရပ်တော့ ရှိတာပေါ့လေ"

ကျင်းကို့သည် အကြောင်းတစ်ရပ်ကို ဖွင့်မပြောချေ။

ချောင်လိန်လုံးသည် ရုတ်တရက် မေးလိုက်၏။

"အစ်ကိုကျင်း ... အစ်ကိုကျင်းဟာ ဖြေရှင်းသူ သိုင်းသမားပဲ မဟုတ်လား"

ကျင်းကို့သည် သက်ပြင်းချလိုက်၏။

"အဲဒါလည်း သူတစ်ပါးကို လျှို့ဝှက်ကူညီတာပဲပေါ့"

ပြီးမှ ...

"ကဲ ... ကဲ ... ကျုပ်တို့ ထမင်းစားကြမယ်၊ ထမင်းစားပြီးမှ လက်ဖက်ရည် သောက်ကြမယ်၊ အေးအေးဆေးဆေး စားကြသောက်ကြတာပေါ့၊ ကျုပ်တို့မှာ ပြေးလွှားနေချိန်က များနေတယ်"

ချောင်လိန်လုံးက ...

"အစ်ကိုကျင်း ထိုက်ယင်မြို့ကိုသွားဖို့ ရှိသေးတယ်မဟုတ်လား၊ အလကား အချိန်ဖြုန်းသလို ဖြစ်နေတယ်"

ကျင်းကို့က ခေါင်းယမ်းလိုက်သည်။



"မဟုတ်ဘူး ... အချိန်ဖြုန်းချင်လို့ မဟုတ်ပါဘူး၊ အကြောင်းရှိလို့ပါ၊ ကဲ ... လာ ... လာ ... ထမင်းဆိုင်ထဲ ဝင်ရအောင်"

သူတို့သည် ထမင်းဆိုင်ထဲသို့ ဝင်ခဲ့ကြသည်။ လက်ဖက်ရည်ဆိုင်တွင်သာ လူပြည့်နေသည်မဟုတ်၊ ထမင်းဆိုင်တွင်လည်း လူပြည့်နေသည်။

ကျင်းကို့သည် စိတ်ပျက်သွား၏။ စိတ်ပျက်သည်ပေါ့၊ ထိုင်စရာမှ မရှိပေဘဲ။

ချောင်လိန်လုံးမှာလည်း စိတ်ပျက်သွားသည်။ သူသည် ဆာကလည်း ဆာလောင်နေသဖြင့် စိတ်တိုသလို ဖြစ်နေသည်။

ကျင်းကို့က ချောင်လိန်လုံး စိတ်ပျက် လက်ပျက်နှင့် ပြောသည်။

"စားပွဲခုံလွတ်လည်း မရှိဘူး၊ ဘယ်လိုစားမလဲ၊ သူတောင်းစားလို ဝင်စားရမလိုဖြစ်နေပြီ"

ချောင်လိန်လုံးသည် စားပွဲထိုးတစ်ဦးအား ခေါ်လိုက်၏။ စားပွဲထိုး ရောက်လာသောအခါ ချောင်လိန်လုံးက ပြောသည်။

"ဘယ်လိုလဲ ... လူတွေပြည့်နေတာပဲ၊ ကျုပ်တို့ ဘယ်လိုစားမလဲ၊ ကျုပ်တို့အတွက် တစ်နေရာရာ ရအောင် စီစဉ်ပေးပါဦး"

စားပွဲထိုးကလေးက ပခုံးတွန့်လိုက်ပြီး ...

"မြင်တဲ့အတိုင်းပဲ ဆရာလေးတို့၊ ခဏလောက်တော့ ရပ်စောင့်ကြည့်ပါနော်၊ မကြာခင် နေရာလွတ်တွေ ရှိလာမှာပါ၊ ခဏလေးပါ၊ လွတ်ရင် ကျွန်တော် ဆရာလေးကို လှမ်းခေါ်လိုက်ပါ့မယ်"

"စားပွဲ တစ်လုံးလောက် ယူခင်းပေးပါလား၊ ကျွန်တော်တို့ ဆာလည်း ဆာတယ်ဗျ"

ချောင်လိန်လုံးက ပြောလိုက်၏။

စားပွဲထိုးကလေးသည် ခေါင်းကုတ်လိုက်လေ၏။

"ကျွန်တော်တို့မှာ စားပွဲလည်း မပိုမရှိပါဘူး၊ ထိုင်ခုံလည်း အပိုမရှိပါဘူးဗျာ"

ထိုစဉ် ...

"ဟော ... အဲဒီလူနှစ်ယောက်ကို ဒီစားပွဲကို ခေါ်ခဲ့ပါ၊ ဒီမှာ လူနှစ်ယောက် လစ်လပ်သွားပြီ"

အဘိုးအိုတစ်ဦးက လှမ်းခေါ်လေ၏။

ကျင်းကို လှမ်းကြည့်လိုက်ရာ အဘိုးအိုတစ်ဦး ထိုင်နေသော စားပွဲခုံတွင် လူနှစ်ယောက်စာ လစ်လပ်နေသည်ကို တွေ့ရလေ၏။

ကျင်းကိုသည် စားပွဲထိုးကလေးအား ထမင်းနှင့် ဟင်းမှာကြားပြီးနောက် ထိုအဘိုးအို၏ စားပွဲသို့ သွားကာ လစ်လပ်နေသာ ခုံနေရာ၌ ထိုင်ချလိုက်၏။

"ခုလို နေရာခေါ်ပေးတာကို ကျေးဇူးတင်ပါတယ်"

ကျင်းကိုသည် အဘိုးအိုအား ကျေးဇူးတင်စကား ပြောလိုက်သည်။

အဘိုးအိုမှာ အသက် ခြောက်ဆယ်ကျော်ခန့်ရှိပြီး ဆံပင်၊ မုတ်ဆိတ်၊ ကျင်စွယ်များ ဆွတ်ဆွတ်ဖြူနေလေပြီ။ သို့သော်လည်း အဘိုးအို၏ အသားအရေများမှာ ပြည့်ပြည့်ဝဝရှိနေသည်။ ကျန်းမာရေးကောင်းပုံ လက္ခဏာရှိသည်။

အဘိုးအိုသည် ရယ်မောလေ၏။

"ကျုပ်စားပွဲက လူတွေ ထသွားလို့ လှမ်းခေါ်လိုက်တာပါ၊ ကျုပ်ကို အထူးကျေးဇူးတင်စရာ မရှိပါဘူး၊ အစားအသောက်တွေကို မှာပြီးကြပြီလား တူမောင်တို့"

"ဟုတ်ကဲ့ ... မှာပြီးပါပြီ အဘ၊ ဒါနဲ့ အဘနာမည် ဘယ်လို



ခေါ်သလဲ၊ ကျွန်တော်ဟာ သူတစ်ပါးကို မစပ်စုတတ်ပါဘူး၊ အဘနဲ့ မိတ်ဖြစ်ဆွေဖြစ်ပေါ့"

ကျင်းကိုက ပြုံး၍ပြောလိုက်၏။

အဘိုးအိုက ခေါင်းညိတ်၏။

"ကျုပ်နာမည် ကောင်းဟိုပါ၊ တူမောင်တို့ နှစ်ယောက်က ကျင်းနဲ့ ချောင် မဟုတ်လား"

ကျင်းကိုနှင့် ချောင်လိန်လုံးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြလေ၏။ သူတို့ အံ့အားသင့်သွားကြသည်။ သူတို့မသိသော အဘိုးအိုတစ်ယောက်က သူတို့အား သိနေသည် မဟုတ်ပါလော။ အဘိုးအိုသည် သူတို့နှစ်ယောက်၏ အမည်ကို အဘယ်သို့ သိရှိနေပါသနည်း။

ကျင်းကိုသည် လက်ဖမိုးအစုံယှက်၍ အဘိုးအိုအား ဦးညွှတ် ဂါရဝပြုလိုက်၏။

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော့်နာမည် ကျင်းကိုပါ၊ ဟောဒီက ညီလေးကတော့ ချောင်လိန်လုံးပါ"

အဘိုးအိုသည် အေးဆေးစွာ ပြောလေ၏။

"တူတော်မောင်တို့ နှစ်ယောက်ရဲ့ ဇစ်မြစ်ကို ကျုပ် အားလုံး သိပါတယ်"

သူသည် ကျင်းကိုနှင့် ချောင်လိန်လုံးတို့အား တစ်ယောက်စီ ကြည့်ပြီး ပြောလေ၏။

"တူမောင်တို့ရဲ့ ဆရာသမားတွေကိုပါ ကျုပ် ကောင်းကောင်း ရင်းနှီးပါတယ်၊ အင်း ... ကျုပ်ရဲ့ သိုင်းပညာကတော့ တူမောင်တို့ အဆင့်လောက် မရှိဘူးပေါ့ကွယ်၊ ဒါပေမယ့် တူမောင်တို့ဟာ သိုင်းလောကကို ခြေချခဲ့တာဟာ သိပ်မကြာသေးဘူး မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဟောဒီက ညီလေး ချောင်လိန်လုံးကတော့ ကျွန်တော့်ထက် ကြာပါတယ်၊ ကျွန်တော်ကတော့ တစ်နှစ်လောက်ပဲ ရှိပါသေးတယ်"

"အေး... ဒါကြောင့် သိုင်းလောက အတွေ့အကြုံနဲ့ ဗဟုသုတဘက်မှာတော့ ကျုပ်က တူမောင်တို့ထက် အများကြီးသာတယ်လို့ ပြောခဲ့တယ်၊ သိုင်းလောကရဲ့ ဗဟုသုတ ဟင်းလေးအိုးကြီးလို့ ခေါ်ချင်ရင် ခေါ်နိုင်ပါတယ်"

"ဟုတ်ကဲ့... ကျွန်တော် ယုံကြည်ပါတယ် ခင်ဗျာ"

ကျင်းကို့က ဖြေလိုက်သည်။

ချောင်လိန်လုံးကတော့ ငြိမ်သက်နေသည်။ သူသည် အဘိုးအို၏ မျက်နှာကို အံ့သြစွာ ငေးမောကြည့်နေမိလေ၏။

ကျင်းကို့က ...

"ဒါနဲ့ မေးပါရစေ အဘကောင်းဟို၊ ခုတလော သိုင်းလောကမှာ ဘာများ သတင်းထူး ကြားပါသလဲ အဘကောင်းဟို"

အဘိုးအို ကောင်းဟိုက ရယ်မောလိုက်လေ၏။

"မင်းတို့ ငါ့ကို ပညာစမ်းတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး အဘကောင်းဟို၊ ကျွန်တော် သိချင်လို့ မေးတာပါ"

ကျင်းကို့က ပျာပျာသလဲ ဖြေသည်။

အဘိုးအို၏ မျက်နှာသည် တည်ကြည် လေးနက်သွားလေ၏။ ထို့နောက် ဖြည်းဖြည်းမှန်မှန် ပြောပြလေတော့၏။

"အခု သိုင်းလောကကြီးကတော့ ဂိုဏ်းကြီး ငါးဂိုဏ်းရဲ့ လှုပ်ရှားမှုကြောင့် ရှုပ်ရှုပ်ထွေးထွေး အထိတ်တလန့် ဖြစ်ရမယ့် အခြေအနေပါ၊ ဂိုဏ်းကြီး ငါးဂိုဏ်းဆိုတာကတော့ လျှန်းဂိုဏ်း၊



ထန်ဂိုဏ်း၊ ကျင့်ဂိုဏ်း၊ ဟန့်ဂိုဏ်းနဲ့ ယနေ့ မင်းဧကရာဇ်ကို ထောက်ခံနေတဲ့ တန်းကျင့်ဂိုဏ်းတွေပဲ"

"ဟုတ်ကဲ့... ဆက်ပြောပါဦး ခင်ဗျာ"

ကျင်းကို့က ထောက်ပေးလိုက်၏။

အဘိုးအို ကောင်းဟိုက ...

"သိရတဲ့အတိုင်းဆိုရင်တော့ တန်းကျင့်ဂိုဏ်း တစ်ဂိုဏ်းက လွဲရင် ကျန်လေးဂိုဏ်းရဲ့ ဩဇာအာဏာတွေဟာ သူတို့ရဲ့ လက်ဦးဆရာကြီးတွေရဲ့ လက်ထဲမှာ တည်ရှိနေတယ်၊ ချုံ့ပြီးပြောရရင်တော့ ဒီဂိုဏ်းတွေရဲ့ အင်အားချဲ့ထွင်မှုတွေကြောင့် သိုင်းလောကကြီး တစ်ခုလုံး ဆူပူသွေးချောင်းစီး တိုက်ပွဲတွေ ဖြစ်လာတော့မယ်"

"ဒါနဲ့ အဘ တစ်ခုလောက် မေးပါရစေ ခင်ဗျာ"

ကျင်းကို့က ကြားဖြတ်ပြီး ပြောလိုက်သည်။

"မေးပါ ... ဘာမေးချင်လို့လဲ"

"ထိုက်ယင်မြို့မှာ ဓာတ်မြှုပ်နေတဲ့ လူတစ်ယောက်ရှိတယ်၊ အဲဒီပုဂ္ဂိုလ်ကို အဘများ သိလေသလားပဲ"

"ဓာတ်မြှုပ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ငါးဦးလောက်ရှိတယ်၊ မင်း ဘယ်သူ့ကို ပြောနေတာလဲ"

အဘိုးအို ကောင်းဟို၏ မျက်ခုံးဖြူများသည် ရှုံ့တွသွားပြီး ကျင်းကို့အား ပြန်လည်မေးခွန်းထုတ်လိုက်လေ၏။ ယခု သိရသလောက်တော့ အဘိုးအိုကောင်းဟိုသည် သိုင်းလောက၏ ဗဟုသုတ ဟင်းလေးအိုးကြီးဖြစ်ကြောင်း ယုံမှားသံသယရှိရန် မလိုပါ။ ယခုပင်လျှင် ဓာတ်မြှုပ်နေသူ ငါးဦးလောက်ရှိသည်ဟု ပြောနေသည် မဟုတ်ပါလော။ သူသည် ကျင်းကို့ မေးမည့်သူကို သိနေမည်မှာ သေချာနေပါတော့သည်။

ကျင်းကိုသည် သူသိလိုသူကို ထုတ်ဖော်ပြောဆို၍ မေးမြန်းလိုက်လေ၏။

○ ○ ○

# အခန်း(၂)

## လူရာပုံတော်

အဘိုးအိုကောင်းဟိုက ပြန်လည်မေးမြန်းလိုက်၏။

"ပြောမှာသာပြောပါကွာ၊ သိုင်းလောကမှာ ကျုပ်မသိတဲ့ အကြောင်းအရာ မရှိသလောက်ပါပဲကွာ"

"ဟုတ်ကဲ့ ... ကျူးထင်းကြီးဆိုတဲ့ ပုဂ္ဂိုလ်ပါ"

"ဟား ... ဟား ... ဟား၊ သိသပေါ့၊ သိပ်သိပေကို ရှိတယ်၊ ခဲဒီလူရှိပါတယ်၊ အခု သူဟာ သူ့အမျိုးအနွယ် ပြောင်းလဲပစ်လိုက်ပြီ"

"ဘယ်လိုများ ပြောင်းလိုက်တာလဲခင်ဗျာ"

"သူ့အမျိုးအနွယ်ကို ကျန်းအမျိုးအနွယ်လို့ ပြောင်းလိုက်တယ်"

"ဘာဖြစ်လို့ ကျန်းလို့ပြောင်းလဲလိုက်တာလဲ၊ လူသူပိုမသိစေချင်လို့လား"

"ဒါပေါ့၊ အန္တရာယ်ကြီးကျရောက်ဖို့ အကြောင်းရှိနေတယ် ဟုတ်လား၊ ဒါကြောင့် သူ့အမည်ကို ပြောင်းလဲလိုက်တာပါ"

"အန္တရာယ်ကတော့ ကျဖို့ အမြဲရှိနေတာပဲ၊ အတိတ်က

အကြောင်းအရာက အန္တရာယ်ရှိဖို့ ဖန်တီးနေတာကိုး၊ တူမောင်ကြားဖူးမှာပေါ့၊ နဂါးသုံးကောင်ဆိုတဲ့ နာမည်ကို"

ချောင်လိန်လုံးသည် တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသည်။

အဘိုးအို ကောင်းဟိုက နဂါးသုံးကောင် အကြောင်းပြောသောအခါမှ ဝင်ပြောသည်။ သူလည်း သိုင်းလောကအကြောင်း အတော်အတန် သိသူပေပဲ။

"ကျွန်တော် ကြားဖူးပါတယ် အဘ"

"တူမောင် ကြားဖူးပါတယ်ဆိုရင် ဘယ်လိုကြားထားတာလဲဆိုတာ ကျုပ်သိချင်တယ်၊ ပြောပြစမ်းပါဦး"

"ကျွန်တော် သူတို့အကြောင်း စေ့စေ့စပ်စပ် သိတယ်လို့ မဆိုလိုပါဘူး၊ သူတို့အကြောင်း ကြားဖူးတယ်လို့ ဆိုလိုတာပါ၊ သူတို့နာမည် သိရုံလောက်ပါ၊ အဲဒီနဂါးသုံးကောင်က ကျူးထင်းကြီးကို အန္တရာယ်ပေးဖို့ ကြံစည်နေသလား အဘ ဟင် ..."

အဘိုးအိုကောင်းဟိုက ...

"တူမောင်တို့၊ မင်းတို့ဟာ နဂါးသုံးကောင်အကြောင်း သေသေချာချာ မသိတော့ နဂါးသုံးကောင်ရဲ့ ပညာအဆင့်ကိုလည်း သိကြမယ် မဟုတ်ပါဘူး"

ကျင်းတို့နှင့် ချောင်လိန်လုံးတို့ ငြိမ်နေလိုက်ကြသည်။

အဘိုးအိုက ဆက်ပြောသည်။

"နဂါးသုံးကောင်ဟာ ဉာဏ်ရည် ဉာဏ်သွေးကောင်းကြကယ်၊ သိုင်းပညာ အဆင့်မြင့်ကြတယ်၊ ထိပ်တန်းအဆင့်မှာ ရှိတယ်လို့ ပြောလောက်ပါတယ်"

ကျင်းတို့သည် နဂါးသုံးကောင်အကြောင်း စဉ်းစားနေ၏။



အဘိုးအိုသည် ကျယ်လောင်ကျယ်လောင် ပြောနေရာမှ အသံကို နှိမ့်၍ ပြောလိုက်၏။

"လျှန်းဂိုဏ်းက ကျူးထင်းကြီးကို လျှံသုံးထောင် ထုတ်ပြီး ကျူးထင်းကြီးကို စည်းရုံးတယ်၊ ဒီလိုပဲ ကျင့်ဂိုဏ်းကလဲ ရတနာသုံးထောင်ဖိုးထုတ်ပြီး ကျူးထင်းကြီးကို သူ့တို့ဂိုဏ်းထဲပါဝင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့တယ်၊ ဟန့်ဂိုဏ်းကလဲ အလားတူပဲ ဖိတ်ခေါ်ခဲ့တယ်၊ အဲဒီဂိုဏ်းတွေဟာ ကျူးထင်းကြီးကို သိမ်းလိုချင်နေကြတယ်"

ကျင်းကို့က ...

"ကျူးထင်းကြီးဟာ ဘယ်ဂိုဏ်းကိုမှ သဘောမကျဘူး၊ ဘယ်ဂိုဏ်းထဲမှ မဝင်ဘူး မဟုတ်လား"

အဘိုးအိုက ခေါင်းညိတ်၏။

"ဘယ်ဂိုဏ်းကိုမှ သဘောမကျဘူး၊ ဘယ်ဂိုဏ်းကိုမှ မဝင်ဘူး၊ ကျူးထင်းကြီးဟာ သူ့ဘေးအန္တရာယ်ကိုမြင်လို့ ပိုပြီးတတ်မြှုပ်နေခဲ့တယ်၊ ဟော ... အခုတော့ အခြေအနေက တစ်မျိုးပြောင်းသွားပြန်ပြီ"

"ဘယ်လို တစ်မျိုးပြောင်းသွားတာလဲ"

ကျင်းကို့က မေးလိုက်၏။

"ဂိုဏ်းကြီးသုံးဂိုဏ်းဟာ ကျူးထင်းကြီးရဲ့အသက်ကို လုပ်ကြံဖို့ ဆုငွေထုတ်ထားပြီးပြီ၊ သူတို့ဂိုဏ်းထဲ မဝင်ရကောင်းလားဆိုပြီး ဒေါသ အမျက်ပွားနေကြတာလေ"

အဘိုးအိုသည် စကားကို ခေတ္တရပ်တန့်ပြီး ဆိုင်ထဲသို့ တစ်ချက် လှမ်းကြည့်လိုက်၏။ ဆိုင်ထဲတွင် သိုင်းသမားများ ရှိသော်လည်း သူတို့သည် ကိုယ့်အစားအစာကိုသာ ငုံ့လွေးနေကြသည်။ ဆိုင်ထဲရှိ အခြားသူများကို မည်သူမျှ စိတ်မဝင်စားကြချေ။ အဘိုးအိုသည် သက်ပြင်းချလိုက်၏။

"ကျုပ်စောစောက နဂါးသုံးကောင်အကြောင်း ပြောခဲ့တယ် မဟုတ်လား၊ အဲဒီနဂါးသုံးကောင်ဆိုတာ လျှန်းဂိုဏ်း၊ ကျင့်ဂိုဏ်းနဲ့ ဟန့်ဂိုဏ်းက တာဝန်ပေးပြီး ကျူးထင်းကြီးကို သတ်ဖို့ စေလွှတ်လိုက်တဲ့ ကြေးစားတွေလေ၊ လူသတ်သမားတွေ ထိပ်တန်းကြေးစား လူသတ်သမားတွေပါ၊ ဒီလူသုံးယောက်လက်ထဲက ကျူးထင်းကြီးဟာ ဘယ်လိုနည်းနဲ့မှ မလွတ်ပါဘူး၊ နဂါးသုံးကောင်ဟာ တိတိကျကျ လုပ်တတ်တယ်၊ အလုပ်နဲ့ ပတ်သတ်တဲ့ အတားအဆီး မှန်သမျှကို ကျော်လွှားပြီး လုပ်ဆောင်တတ်တယ်၊ ပြောချင်တာကတော့ သူတို့ဟာ ကြံရည်ဖန်ရည်ရှိတယ် ဆိုပါပဲ"

ကျင်းကို့သည် သိုင်းလောကသို့ ရောက်သည်မှာ မကြာသေးချေ။

ထို့ကြောင့် နဂါးသုံးကောင်အကြောင်း မကြားဖူးသေးချေ။

သူသည် အခြားနာမည်ကြီး သိုင်းသမားအချို့ကိုလည်း မသိသေးချေ။

"နဂါးသုံးကောင်ရဲ့ အဆင်အပြင်က ဘယ်လိုရှိသလဲ အဘကောင်းဟို"

ကျင်းကို့က မေးမြန်းလိုက်၏။

အဘိုးအိုကောင်းဟိုက ...

"လွယ်ပါတယ်၊ သူတို့ကို ခွဲခြားမှတ်သားဖို့ကတော့ တကယ်လွယ်တယ်၊ နဂါးတစ်ယောက်ဟာ ဝတ်စုံဝါကိုအမြဲဝတ်တယ်၊ အဲဒီနဂါးရဲ့နာမည်ကတော့ "ခုတ်နဂါး"တဲ့၊ သူဟာ ဓားကို အသုံးပြု တိုက်ခိုက်တတ်တယ်၊ သူဟာ တစ်ဖက်ရန်သူကို ခုတ်ဖြတ်တိုက်ခိုက်တတ်လို့ သူ့ကို ခုတ်နဂါးလို့ ခေါ်တာပဲ"

"တစ်ယောက်က ဝတ်စုံနက်ကို အမြဲဝတ်တယ်၊ နဂါးလက်သည်း လက်နက်ကို အသုံးပြု တိုက်ခိုက်တတ်တော့ သူ့ကို "ကုတ်နဂါး"လို့ ခေါ်တယ်၊ သူ့နဂါးလက်သည်း လက်နက်ရဲ့ အဓိကသော့ချက်က ကုတ်ဆွဲတာပဲ မဟုတ်လား"



"တတိယ လူကတော့ ဝတ်စုံဖြူကို ဝတ်ဆင်တယ်၊ သူ့တစ်သက်လုံး ဝတ်စုံဖြူဝတ်ဆင်တာပါပဲ၊ သူ့ကိုတော့ "အုပ်နဂါး" လို့ ခေါ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက နဂါးပိုက်ကွန်လို့ ခေါ်တဲ့ ပိုက်ကွန်နဲ့အုပ်ပြီး တိုက်ခိုက်တတ်လို့ပဲ၊ သူတို့အရွယ်တွေကတော့ အရွယ်ကောင်းတွေပါ၊ အားလုံး အသက်သုံးဆယ်လောက်စီပဲ ရှိကြသေးတယ်"

"သူတို့ဟာ နဂါးသုံးကောင်လို့ခေါ်ပေမယ့် တစ်ဖွဲ့တည်းသားတွေ မဟုတ်ကြဘူး၊ အများအမြင်မှာတော့ နဂါးသုံးကောင်ဆိုတော့ တစ်ဖွဲ့တည်းသားတွေလို့ ထင်မှတ်စရာ ရှိတယ်၊ အဲ ... တကယ့်တကယ်ကျတော့ သူတို့ သုံးယောက်လောက် ဆန့်ကျင်ဘက်လုပ်တဲ့ လူဆိုတာ မရှိပါဘူး၊ တွေ့တာနဲ့ တိုက်ခိုက်ကြတာပဲ၊ မျက်နှာချင်းဆိုင်မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ လက်နက်ထုတ်ကြတော့တာပဲ"

ကျင်းကို့က ပြောလိုက်သည်။

"အဲဒီနဂါးတွေနဲ့ ကျွန်တော်တွေ့ချင်စမ်းပါတယ်"

အဘိုးအိုက ခေါင်းညိတ်လိုက်ပြီး ...

"သူတို့နဲ့ တွေ့ချင်တယ်ဆိုရင်တော့ ကျူးထင်းကြီးကို အရင်တွေ့အောင်ရှာဖွေရလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ နဂါးသုံးကောင်ကလဲ ကျူးထင်းကြီးကို ရှာဖွေနေတာ မဟုတ်လား၊ ကျူးထင်းကြီးကို တွေ့ထားရင် နဂါးသုံးကောင်လဲ ရောက်လာကြမှာပဲ၊ အဲဒီတော့ နဂါးသုံးကောင်ကို တူမောင် တွေ့ရော မဟုတ်လား"

"ဟို ဂိုဏ်းသုံးဂိုဏ်းဟာ ကျူးထင်းကြီးကို ဘာကြောင့်များ

သတ်ချင်ကြတာလဲမသိဘူး၊ ကျူးထင်းကြီးဟာ အားလုံးကို ကြောက်လို့ ပုန်းလျှိုးနေရတဲ့သူ မဟုတ်လား"

"ဟား ... သတ်ဖို့ကြံကြတာပေါ့၊ ကျူးထင်းကြီးကို မသတ်လို့ မဖြစ်ဘူး၊ ကျူးထင်းကြီးသာ တစ်ဖက်ဖက် ပါသွားရင် ရတနာသိုက်ကို သူတို့မရတော့ဘူးပေါ့၊ မရတဲ့အပြင် ကျူးထင်းကြီးကိုရသွားတဲ့ ဂိုဏ်းဟာရတနာတွေ အလွယ်အပယ် ရရှိသွားမှာ မဟုတ်လား နောက်တစ်ခု ပြောရဦးမှယ်"

အဘိုးအိုကောင်းဟို၏ အသံမှာနိမ့်သွားသည်။

"ကျူးထင်းကြီးကို ရှာဖွေနေကြတဲ့ သိုင်းလောကသားတွေဟာ လူတစ်ရာကျော် ရှိတယ်ဆိုပဲ"

"ဒီတစ်ရာကျော်ဟာ ကျူးထင်းကြီးကို ကူညီမယ့် သူတွေမဟုတ်ဘူး၊ ကျူးထင်းကြီးသိထားတဲ့ ရတနာသိုက်လျှို့ဝှက်ချက်ကို သိချင်ကြလို့ပဲ"

ချောင်လိန်လုံးက ဝင်ပြောလိုက်သည်။

အဘိုးအိုက ခေါင်းတဆတ်ဆတ် ညိတ်ပြီး ...

"သိတယ်လေ ... ကျူးထင်းကြီးက ဒါတွေ သိတာပေါ့၊ ဒါကြောင့် ကျူးထင်းကြီးဟာ အသေအလဲ ပုန်းနေရတာပေါ့"

ကျင်းကို့က မေးလိုက်၏။

"ကျူးထင်းကြီးဟာ သိုင်းပညာ မတတ်ဘူးလား"

အဘိုးအိုကောင်းဟိုက ဖြေသည်။

"တတ်ပါတယ်၊ သူဟာ အဆင့်မြင့်သိုင်းသမားတစ်ယောက်ပါပဲ၊ သူ့အဖေဟာ စဉ်းစားဉာဏ် ပြည့်ဝရုံတင် မကဘူး၊ သိုင်းပညာလဲတတ်ကျွမ်းတယ်၊ သူ့သားကို သိုင်းပညာနဲ့တွေးခေါ်ဆင်ခြင်စဉ်းစားတဲ့ဉာဏ်ပညာကိုပါ အမွေပေးခဲ့တယ်၊ ကျူးထင်းကြီးဟာ



အဆင့်မြင့် သိုင်းသမားဆိုပြီး ဘယ်မှာပေါ်ပေါ်ထင်ထင်နေဝံ့ပါ့မလဲ၊ တစ်ယောက်ပြီးတစ်ယောက် သူ့ကို လာတိုက်ခိုက်နေမှာပေါ့၊ သူဘယ်လောက်ခုခံနိုင်မှာလဲ၊ နောက်ဆုံးသူ့ထက်တော်တဲ့ သိုင်းသမားနဲ့ တွေ့ရင် သူသေသွားမှာပေါ့"

"မှန်တယ်၊ ရှောင်နေတာမှန်တာပေါ့"

ကျင်းကို့က ပြောလိုက်၏။

"ဒါပေမယ့် ... သူ့ကိုကူညီစောင့်ရှောက်နေတဲ့လူတစ်စုကလဲ အတူရှိနေတယ်ဆိုပဲ၊ ဒီလူတွေထဲမှာ ဉာဏ်ပညာကြီးကျယ်တဲ့ လူတွေ၊ အဆင့်မြင့်တဲ့ သိုင်းသမားတွေ ပါနေတယ်၊ ဒါကြောင့်လဲ ကျူးထင်းကြီးဟာ အသက်ဘေး မတွေ့သေးတာဘဲ"

"ဟာ ... ဒီလို အပေါင်းအသင်းတွေ ရှိသေးတယ် ဆိုတော့ အားရကျေနပ်စရာပေါ့"

ကျင်းကို့ က ပြောသည်။

"အသိဉာဏ်ပညာကြီးကျယ်တဲ့ လူတွေက ရန်ကိုဘယ်လိုရှောင်ရင်ကောင်းမယ်၊ ဘယ်လို ရုပ်ဖျက်ရင် ကောင်းမယ်စသည်ဖြင့် အကြံဉာဏ်ပေးကြတယ်၊ အဆင့်မြင့်သိုင်းသမားတွေက ဝိုင်းလာတဲ့ဘေးရန်ကို ကာကွယ်ကြတယ်၊ အဲဒီတော့ ... ကျူးထင်းကြီးဟာ အသက်ဘေးက လွတ်နေတော့တာပေါ့"

အဘိုးအိုကောင်းဟိုက ဆက်လက်ရှင်းပြသည်။

ထိုစဉ် ကျင်းကို့ မှာကြားထားသော ထမင်းဟင်းများ ရောက်ရှိလာသည်။

ချောင်လိန်လုံးက စားပွဲထိုးကလေးအား ...

"ငါတို့ တရုတ်ပြည် တစ်ပြည်လုံးအကြောင်း ပြောနေတာ အခု အကုန် ကုန်သွားပြီ၊ မင်းတို့ ထမင်းဟင်းက အခုမှရောက်လာ

တယ်၊ ဘာဖြစ်လို့ အခုမှ လာပို့နေရတာလဲ၊ ညစာနဲ့ တစ်ပါတည်း ပေါင်းစားရအောင် ညကျမှ လာပို့ပါတော့လား"

စားပွဲထိုးကလေးက ...

"ဆရာလေးတို့ထက် အရင်မှာထားတဲ့ လူတွေကို အရင်ဆုံး ထည့်ပေးနေလို့ပါ ခင်ဗျာ၊ အရင်ရောက်တဲ့လူကို အရင်ပေးရတာပေါ့၊ အရင်ရောက်တဲ့လူကို နောက်ကျမှ ပေးလို့ရှိရင် ပြဿနာတွေ ဖြစ်ကုန်မှာပေါ့၊ သည်းခံပါခင်ဗျာ"

"ဆင်ခြေဆင်လက် တော်တော်များတယ် သွားကွာ၊ သွား ... သွား ... "

ချောင်လိန်လုံးသည် စားပွဲထိုးကလေးကို နှင်ထုတ်လိုက်၏။

ကျင်းကို့နှင့် ချောင်လိန်လုံးတို့သည် ဆာဆာလောင်လောင်နှင့် စားသောက်ကြသည်။ မြန်မြန် ဆန်ဆန်စားသဖြင့် မကြာမီ စားသောက်ပြီးစီးလေသည်။

အဘိုးအို ကောင်းဟိုသည် စားသောက်ပြီးစီးပြီ ဖြစ်သော်လည်း ကျင်းကို့တို့နှစ်ယောက် စားသောက်သည်ကို ထိုင်ကြည့်နေသည်။

ကျင်းကို့တို့သည် စားသောက် ပြီးစီးသောအခါ အဘိုးအို ကောင်းဟိုနှင့် ပြန်လည် စကားပြောဆိုလေ၏။ ထိုအခါတွင် ဆိုင်ထဲမှ လူတစ်ဝက်ခန့် ထွက်သွားပြီဖြစ်ရာ ဆိုင်မှာချောင်ချိ သွားလေပြီ။

"အဘကောင်းဟို ... ကျွန်တော်တို့ ထိုက်ယင်မြို့ကို သွားပြီး ကျူးထင်းကြီးကို ရှာမယ်ဆိုရင် ဘယ်လို ရှာမရလဲ ခင်ဗျာ"

အဘိုးအို ကောင်းဟိုက ရယ်မောလိုက်၏။

"တူမောင်တို့က တကယ် ရယ်စရာ ပြောတတ်သကိုး၊ ကျူး



ထင်းကြီး ကို သတ်မယ့်လူတွေကို ကျုပ်က သတိပေးမိရင် မခက်ပေဘူးလား"

ကျင်းကို့က ရယ်မောလိုက်၏။

"ကျွန်တော်တို့ ဘယ်လို လူတွေလဲဆိုတာကို အဘ ကောင်းဟို သိပါတယ်ဗျာ၊ ကျွန်တော်တို့ ဘယ်လို အာမခံချက်မျိုးမှ ပေးဖို့ မလိုအပ်ပါဘူး"

အဘိုးအို ကောင်းဟိုက ခေါင်းညိတ်လေ၏။

"မင်းတို့ ဇစ်မြစ်နဲ့ မင်းတို့ ဆရာသမားတွေကို ရင်းရင်းနှီးနှီး သိထားလေတော့ ငါပြောပြလိုက်ပါမယ်၊ ထိုက်ယင်မြို့ကို ရောက်ရင် မြောင်အင်း ဆိုတဲ့ လူငယ်ကို ရှာပါ၊ မြောင်အင်းရဲ့ နောက်နာမည် တစ်ခုကတော့ 'မြေပုံကြီး' ဆိုတာပဲ၊ သူဟာ အသက်နှစ်ဆယ်လောက်ပဲ ရှိသေးတယ်၊ ဒါပေမယ့် သူ့ကို အထင်မသေးနဲ့ သူဟာ သုံးနှစ်သား အရွယ်လောက်ကစပြီး သိုင်းလောကထဲ ကျင်လည်လာခဲ့တဲ့ လူ၊ သူဟာ ပညာစုံတတ်တယ်၊ အထူးသဖြင့် အနယ်နယ် အရပ်ရပ်ကို လှည့်လာခဲ့တဲ့ လူဖြစ်လို့ ပထဝီမြေပြင် အနေအထားတွေကို မှတ်မိတယ်၊ ကျွမ်းကျင်တယ်၊ ဒါကြောင့် သူ့ကို မြေပုံကြီးလို့ ခေါ်ကြတာပဲ၊ သူ့ကိုတွေ့ရင် ကျူးထင်းကြီးကို ရှာတွေ့ဖို့ အတော့်ကို နီးစပ်ပြီလို့သာ မှတ်ပေတော့"

အဘိုးအို ကောင်းဟိုက ရှင်းပြလိုက်သည်။

ကျင်းကို့သည် ခေါင်းတညိတ်ညိတ် နားထောင်နေလေ၏။

❂ ❂ ❂

# အခန်း(၃)

## လေပွေငါးဖော်

"မြေပုံကြီး မြောင်အင်းဟာ လူထူးလူဆန်း တစ်ယောက်ပဲ" ကျင်းကို့က ပြောသည်။

အဘိုးအိုက ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ မြောင်အင်းရဲ့ အကျင့်စရိုက်ကို ငါ သိတယ်၊ သူဟာ ဘယ်သူ့ ဩဇာကိုမှ မခံဘူး၊ သူထင်ရာ မြင်ရာကို လွှပ်ရှားဆောင်ရွက်တတ်တယ်၊ တူမောင်က သူ့ကိုချဉ်းကပ် မိတ်ဆွေဖွဲ့မယ်ဆိုရင်လဲ တူမောင့်ကို သူက အကောင်းထင်ချင်မှ ထင်မယ်၊ အဲဒီတော့ သူ့ကို ချဉ်းကပ်တဲ့အခါမှာ အတော်ကို သတိထားရမယ်၊ သူ့သဘောမကျရင် စကားကို မပြောတော့ဘူး"

"လူ့ခွစာလို့ ပြောရမှာပေါ့"

"လူ့ခွစာလဲ မဟုတ်ဘူးကွ၊ အရာရာကို ကန့်လန့်တိုက်ပြီး လျှောက်လုပ်နေတဲ့ လူလဲ မဟုတ်ဘူး၊ လူတစ်မျိုးလို့ ဆိုရမှာပေါ့ကွာ"

"အင်း ... သူ့အခြေအနေကို ကြည့်ပြီး ချဉ်းကပ်ရမှာပဲ"

"အခြေအနေကိုကြည့်ပြီး ချဉ်းကပ်မှလဲ သူ့ကို ပေါင်းလို့ရမှာ"



"မြောင်အင်းရဲ့ ထူးခြားတဲ့ သွင်ပြင်ကို သိချင်ပါတယ်"

"မြောင်အင်းမှာ ထူးခြားတဲ့ အင်္ဂါအစိတ်အပိုင်းတွေ ရှိပါတယ်၊ အထူးသဖြင့် သူ့ရဲ့ မျက်လုံး အစုံပဲ၊ သူ့မျက်လုံးအစုံက ကြောင်မျက်လုံးတွေရဲ့ အတိုင်းပဲ၊ ကျဉ်းလို့ ကျယ်လို့လဲရတယ်၊ ကြောင်မျက်လုံးနဲ့ လူကို တွေ့ရင် အဲဒီလူဟာ မြောင်အင်းသာ မှတ်လိုက်ပေတော့"

အဘိုးအို ကောင်းဟိုသည် အနည်းငယ် စဉ်းစားပြီး ဆက်ပြောလေသည်၊

"မြောင်အင်းဟာ တခြား သိုင်းသမားတွေလို ပိန်ပိန်သေးသေး မဟုတ်ဘူး၊ ကိုယ်ဟန်က ခပ်ဝဝရှိတယ်၊ ဒါကြောင့် အရပ်ပုသလို ထင်ရတယ်၊ စကားပြောရင် သူ့မျက်နှာဟာ အမြဲပြုံးရွှင်နေတာပဲ၊ အခုဆိုရင် ထိုက်ယင်မြို့မှာ ရှိတယ်"

"ခုလို ပြောပြတာ ကျေးဇူးတင်ပါတယ် အဘကောင်းဟို"

ကျင်းကို့သည် အဘိုးအိုအား ကျေးဇူးတင်စကား ပြောလိုက်လေ၏။

ထို့နောက် နှုတ်ဆက်ကြပြီး တစ်ယောက် တစ်လမ်းစီ ခွဲထွက်ခဲ့ကြသည်။

အဘိုးအို ကောင်းဟိုသည် စိုက်စိုက် စိုက်စိုက်နှင့် ထွက်သွားသည်။

ကျင်းကို့နှင့် ချောင်လိန်လုံးတို့သည် အဘိုးအိုနှင့် ဆန့်ကျင်ဘက်သို့ ထွက်လာရာ လက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်ရှိလာလေ၏။

ချောင်လိန်လုံးက ...

"အစ်ကိုကျင်း ... ကျွန်တော်တို့ လက်ဖက်ရည် ဝင်သောက်ရအောင်"

ကျင်းကို့က ခေါင်းညိတ်၏။ သူပြောထားသည် မဟုတ်ပါလား။ ထမင်းစားပြီး လက်ဖက်ရည် ဝင်သောက်ကြမည်ဟု။

သူတို့သည် လက်ဖက်ရည်ဆိုင် အတွင်းသို့ ဝင်လာကြလေ၏။ ကျင်းကို့သည် လက်ဖက်ရည်ဆိုင်အတွင်း မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ရာ သူ့မျက်ခုံးများ မြင့်တက်သွားရသည်။

သူသည် ချောင်လိန်လုံး လက်မောင်းကို လှမ်းဆွဲလိုက်ပြီး တီးတိုးလေ၏။

"ညီလေး ချောင်လိန်လုံး ဟိုလူ့ကို တွေ့ပြီ၊ ရေကန်အသင့်ကြာအသင့် တွေ့ရတာပဲ"

"ဘယ်သူလဲ ... ကျူးထင်ကြီးကိုလား"

"မဟုတ်ပါဘူး၊ မြေပုံကြီး မြောင်အင်းပါ၊ သူပဲ ဖြစ်လိမ့်မယ်လို့ ထင်တာပဲ"

"သေချာရဲ့လား"

"သေသေချာချာတော့ မသိဘူးလေ၊ ညီလေး မသိမသာကြည့်၊ ဆိုင်ညာဘက်ထောင့် စားပွဲတစ်လုံးမှာ ထိုင်နေတယ်၊ သူ့မျက်လုံးတွေက ကျုပ်တို့ နှစ်ယောက်ကို စူးစမ်းတဲ့ အကြည့်နဲ့ ကြည့်နေတယ်၊ သူ့မျက်လုံးတွေက ထူးခြားတယ်၊ ကြောင်မျက်လုံးတွေနဲ့ တူလှတယ်"

ချောင်လိန်လုံးသည် လက်ဖက်ရည် ဆိုင်ထဲသို့ မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်၏။ ကျင်းကို့ ပြသည့်လူကို မြင်သည်။ သူ့မျက်လုံးများက အမှန်ပင် ထူးခြားလှသည်။

ချောင်လိန်လုံးက ဣန္ဒြေမပျက် ပြောလိုက်၏။

"လူတွေက များလိုက်တာ၊ နေရာလွတ်လဲ မရှိဘူး၊ မထိုင်ပါနဲ့တော့၊ ခရီးထွက်ကြမယ်"



"အို ... ညီလေးကလဲ လက်ဖက်ရည် သောက်ပြီးမှ သွားကြတာပေါ့၊ ကဲ ... လာဆိုင်ထဲကို"

သူတို့သည် ဆိုင်ထဲသို့ ဝင်ခဲ့ကြတော့သည်။ သူတို့နှစ်ယောက်သည် မြေပုံကြီး မြောင်အင်းဟု ထင်ရသူ ဘေးခြံရှိသော စားပွဲခုံ၌ပင် ဝင်ထိုင်ကြသည်။

ကျင်းကို့သည် ထိုလူ၏ အသက်ကို ခန့်မှန်းလိုက်၏။ အသက်နှစ်ဆယ့်ငါးနှစ်ခန့် ရှိပြီဟု ထင်ရသည်။ အဘိုးအို ကောင်းဟို ပြောသည့် အသက်နှင့်ကတော့ ငါးနှစ်ခန့် ကွာနေသည်။ သို့သော် ကြောင်မျက်လုံးနှင့် တူသော မျက်လုံးများကြောင့် မြောင်အင်း ဖြစ်မည်ဟု ယူဆရသည်။

သူတို့နှစ်ယောက်သည် မြောင်အင်းကို မသိသလို ဟန်ဆောင်နေသည်။

အဘိုးအို ကောင်းဟို ပြောသည့် အသက်နှစ်ဆယ်ခန့် ဆိုသည့် အချက်မှလွဲ၍ အစစ ကိုက်ညီနေသည်။ ဝနေသဖြင့် ပုသည်ဟု ထင်ရသည့် ကိုယ်လုံး ကိုယ်ထည်ရှိပြီး မျက်လုံးကြီးမှာ ကြောင်မျက်လုံးနှယ် ရှိနေလေ၏။

ကျင်းကို့နှင့် ချောင်လိန်လုံးတို့သည် မြောင်အင်းဟု ယူဆရသူကို လုံးဝမကြည့်တော့ချေ။ ကျင်းကို့တို့သည် အခြားသူများကိုသာ လိုက်လံ ကြည့်ရှုနေသည်။ ထိုအခါ ထူးခြားသည့် လူအချို့ကို တွေ့ရှိရလေတော့၏။

ထိုလူအချို့သည် အခြားသူများကို မကြည့်ချေ။ မြောင်အင်းဟု ယူဆရသူကိုသာ သတိထားစောင့်ကြည့် နေကြသည်ကို ကျင်းကို့ တွေ့ရှိရလေ၏။

လက်ဖက်ရည်နှင့် မုန့်ပဲသွားရည်စာများ လာပို့သောအခါ

ချောင်လိန်လုံးက ကျင်းကို့အား ပြောလေ၏။ သူသည် အသံကို နှိမ့်၍ ပြောလိုက်ခြင်း ဖြစ်သည်။

"ကျွန်တော်တို့ မြန်မြန် စားသောက်ပြီးရင် ဆိုင်ပြင်ကို ထွက်နေရအောင်လား၊ ဒီမှာက လူရှုပ်တယ်၊ ကျွန်တော်တို့ စောင့်ကြည့်ရင် အပြင်က စောင့်ကြည့်နေတာပဲ ကောင်းမယ်"

ကျင်းကို့က ခေါင်းယမ်းပြသည်။

"မထွက်နဲ့ … ဒီနေရာကပဲ အသာ ထိုင်စောင့်နေရမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဟိုလူ့ကို လူတချို့က စောင့်ကြည့်နေကြလို့ပဲ"

"ဘယ်သူတွေ စောင့်ကြည့်နေသလဲ"

"ညီလေး … ဟို စားပွဲဝိုင်းက လူတွေကိုကြည့် မြောင်အင်းလို့ ထင်ရတဲ့လူကို ကြည့်နေကြတယ်"

ချောင်လိန်လုံးသည် အလွန်ပါးနပ်ပေသည်။

"ဘယ်သူတွေလဲ … ဘယ်ခုံမှာ ထိုင်တဲ့ လူတွေလဲ"

ချောင်လိန်လုံး ပြန်မေးလိုက်၏။

ထိုအခါ …

ကျင်းကို့သည် မြောင်အင်းကြားအောင် တမင် အသံကျယ်ကျယ်ဖြင့် ပြောလေတော့၏။

"အနီးကပ်ဆုံး နေရာမှာရှိတဲ့ လူတစ်ယောက်ပဲ၊ တို့စားပွဲဘေးက မိတ်ဆွေရဲ့ ဘယ်ဘက် စားပွဲခုံ သုံးခုံကျော် နေရာမှာ ထိုင်နေတယ်၊ အဲဒီ အဘိုးကြီးဟာ ဒီဘက် မျက်နှာမူပြီး ဆေးတံကို မီးညှိနေတယ်၊ ဒါပေမယ့် သူ့မျက်လုံးတွေကတော့ တို့စားပွဲဘေးက ခုံမှာ ထိုင်နေတဲ့ မိတ်ဆွေကိုပဲ စောင့်ကြည့်နေတယ်"

ထိုအခါကျမှ မြောင်အင်းဟု ထင်ရသူသည် အထိတ်အလန့်ဖြစ်သွားကာ ဆေးတံရှည် သောက်နေသော အဘိုးအိုကို လှမ်းကြည့်လေ၏။ သူ့မျက်လုံးများမှာ ကြောင်မျက်လုံးကဲ့သို့ ပြူးကျယ်နေသည်။



ဆေးတံရှည် သောက်နေသော အဘိုးအိုသည် သူ့အား မြောင်အင်းက လှမ်းကြည့်နေမှန်း သိသောအခါ မျက်လွှာချ၍ မျက်နှာတစ်ဖက်သို့ လွှဲသွားသည်ကို တွေ့ရလေ၏။

ထိုအခါ …

မြောင်အင်းဟု ထင်ရသူ၏ မျက်နှာအသွင်အပြင်မှာ အလွန်စိုးရိမ် ထိတ်လန့်ဟန် ပေါ်လွင်နေသည်။ သူသည် သူ့စားပွဲမှ လက်ဖက်ရည်အိုးနှင့် ပန်းကန်လုံးကိုယူ၍ ကျင်းကို့တို့ စားပွဲကို ကူးလာလေ၏။ သူသည် ခုံလွတ်၌ဝင်၍ ထိုင်ချလိုက်သည်။

"မိတ်ဆွေ … ကျုပ်ကို ဒီမှာ ထိုင်ခွင့်ပေးပါနော်"

သူသည် ကျင်းကို့အား ခွင့်တောင်းလိုက်လေ၏။ ကျင်းကို့သည် ဒီယုန်မြင်၍ ဒီချုံထွင်လိုက်ခြင်း ဖြစ်သည်။ သူသည် ပြုံး၍ ခေါင်းညိတ်ပြလိုက်လေ၏။

"ထိုင်ပါ မိတ်ဆွေ၊ မိတ်ဆွေက ထိုက်ယင်မြို့ကနေ ခရီးထွက်ခဲ့တယ်ထင်ပါ့"

ထိုလူက ခေါင်းညိတ်ပြလေသည်။

ထိုလူက ကျေးဇူးတင်စွာ ပြောသည်။

"မိတ်ဆွေ သတိပေးမှပဲ ကျုပ်လဲ ဟို အဘိုးကြီးကို မြင်တော့တယ်၊ ဒီအဘိုးကြီး ကျုပ်ကို အကဲခတ်နေတာ ကြာပြီပဲ၊ ကျုပ်လုံးဝ သတိမထားမိဘူး၊ ကျုပ်ဟာ မျက်လုံးပြူးသလောက် ကန်းတာပဲ"

ကျင်းကို့က ရယ်မောလိုက်၏။

"မိတ်ဆွေက မျက်လုံးပြူးသလောက် ကန်းတာ မဟုတ်ပါဘူး၊ ကျုပ်တို့ နှစ်ယောက်ကို မိတ်ဆွေက စူးစူးစိုက်စိုက် အကဲခတ်နေလေတော့ ကိုယ့်ရန်သူ ကိုယ်မမြင်ဘဲ ဖြစ်သွားတာပေါ့"

ထိုလူသည် ရှက်ကိုးရှက်ကန်း ဖြစ်သွားလေ၏။

"ဟုတ်တယ်၊ ကျုပ်က ခင်ဗျားကို ကြည့်နေတာ ခင်ဗျားရဲ့ ဘယ်ဘက်က"

ထိုလူသည် စကားကို ဆက်မပြောချေ။

ကျင်းကို့က ရယ်မောလိုက်၏။

"ကျုပ်စိတ်ထဲမှာ ဘယ်လိုမှ မခံစားရ တော့ပါဘူးဗျာ၊ ငယ်ငယ်တုန်းကတော့ ဒီဘယ်လက်အကြောင်း ပါလာရင် ကျုပ် စိတ်ထိခိုက်ရတယ်၊ အခု ကြီးလာမှတော့ ဘယ်လိုမှ မနေတော့ပါဘူး၊ ဟုတ်ပါတယ်၊ ကျုပ် ဘယ်လက်က မသန်ပါဘူး"

"အဲဒါကြောင့် ကျုပ်က ကြည့်နေမိတာပါ"

ကျင်းကို့က ...

"မိတ်ဆွေ စိတ်မဆိုးဘူးဆိုရင် ကျွန်တော် တစ်ခု မေးပါရစေ"

"မေးပါ ... မေးပါ၊ ဘာမေး မလို့လဲ"

"မိတ်ဆွေဟာ မြောင်အင်း မဟုတ်လား ခင်ဗျာ"

ကျင်းကို့၏ ဖြောင်မေးချက်ကြောင့် မြောင်အင်း အံ့အားသင့်သွားသည်။

"ခင် ... ခင်ဗျားတို့"

"ကျွန်တော်က ရိုးရိုးသားသား သိုင်းလောကသားတွေပါဗျာ၊ နောင်ကြီး မြောင်အင်းကို ကြိုသိနေလို့ အပြစ်ရှိမယ် မထင်ပါဘူး"

"အပြစ်မရှိပါဘူးဗျာ၊ ရုတ်တရက် ဆိုတော့ ကျွန်တော် အံ့သြသွားလို့ပါ"



"ကျွန်တော်ကလဲ ပွင့်ပွင့်လင်းလင်း မပြောတတ်တဲ့ လူဆိုတော့ ဖြောင်မေးလိုက်တာ မှားသွားပါတယ်ဗျာ"

"ကိစ္စမရှိပါဘူးလေ၊ နောင်ကြီး နာမည်ကော မသိရဘူးလား"

"သိရပါတယ် ... သိရပါတယ်၊ ကျွန်တော့်နာမည်က ကျင်းကို့လို့ ခေါ်ပါတယ်၊ သိုင်းလောကမှာ ကျွန်တော် ခြေချတာ မကြာသေးပါဘူး၊ ဒါကြောင့် မိတ်ဆွေအနေနဲ့ ကျွန်တော့်အမည် ကြားဖူးမှာ မဟုတ်ပါဘူး၊ ကျွန်တော်တို့က ရိုးရိုးသားသား သိုင်းသမားတွေပါ၊ ဟောဒီက မိတ်ဆွေက ချောင်လီနိလုံးပါ"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်လဲ ရိုးရိုးသားသား သိုင်းသမားပါပဲ"

"ဟုတ်ကဲ့ ... ကျွန်တော်တို့ နှစ်ယောက်လည်း နောင်ကြီး မြောင်အင်းနဲ့ သိကျွမ်းရတာကို ဝမ်းသာပါတယ်ဗျာ"

ကျင်းကို့က လက်ဖမိုးအစုံယှက်၍ ဂါရဝပြု ပြောကြားရာ မြောင်အင်းကလည်း ပြန်လည်၍ လက်ဖမိုး အစုံယှက်၍ ဂါရဝပြုလေ၏။

"ဒါနဲ့ တစ်ခုလောက် မေးပါရစေ နောင်ကြီးကျင်းကို့"

"ဟုတ်ကဲ့ မေးပါ"

"ဟို အဘိုးကြီး ကျွန်တော့်ကို စောင့်ကြည့်တယ် ဆိုတာကို နောင်ကြီးကျင်းကို့ ဘယ်လိုလုပ် သိပါသလဲ"

"မခက်ပါဘူး၊ အဲဒီ အဘိုးကြီးဟာ ဆေးတံသောက်ချင်ဟန်ဆောင်ပြီး နောင်ကြီး မြောင်အင်းကိုပဲ ကြည့်ကြည့်နေတယ်၊ အဲဒါနဲ့ ထူးပါကယ်ဆိုပြီး ကျွန်တော်က သူ့ကို ကြည့်နေမိတာ"

ကျင်းကို့က ဆက်ပြော၏။

"ပိုသတိထား မိတာကတော့ သူတို့ဝိုင်းဟာ အဘိုးကြီး ငါး

ယောက်ဝိုင်း ဖြစ်နေတာပဲ၊ အဲဒီ အဘိုးကြီးတွေဟာလဲ နောင်ကြီး မြောင်အင်းကို မသိမသာ ကြည့်ကြည့်နေကြတော့ ထူးပါတယ်ဆိုပြီး ကျွန်တော် သတိထားမိတာပါ"

"သူတို့ ငါးယောက် ဟုတ်လား"

"ဟုတ်တယ် ငါးယောက်စလုံး အဘိုးကြီးတွေပဲ"

"ဒီလိုဆိုရင် လေပွေသိုင်းသမားကြီး ငါးဖော်များ ဖြစ်နေမလား မသိဘူး"

ထိုသို့ ပြောလိုက်သူမှာ ချောင်လိန်လုံး ဖြစ်သည်။

မြောင်အင်းသည် ချောင်လိန်လုံးကို ကြည့်လိုက်၏။

ချောင်လိန်လုံးသည် အဘိုးအိုငါးဦးကို မသိမသာ အကဲခတ် နေသည်

မြောင်အင်းက ...

"လေပွေသိုင်းသမားကြီး ငါးဖော် ဟုတ်လား၊ သူတို့ ဖြစ်နိုင် တယ်"

မြောင်အင်းသည် ချောင်လိန်လုံး၏ မျက်နှာကို ကြည့်လိုက် ပြီး အသံနှိမ့်၍ မေးလိုက်လေ၏။

"ညီလေးက လေပွေသိုင်းသမားကြီးတွေ အကြောင်းကြားဖူး သလား၊ ကြားဖူးရင် ပြောပြပါလား"

ကျင်းကိုသည် ချောင်လိန်လုံး သိမည်ဟု ယုံကြည်သည်။

ထို့ကြောင့် ချောင်လိန်လုံးပြောမည့် စကားများကို နားစွင့်နေ မိသည်။

ချောင်လိန်လုံးက ...

"သိပါတယ် နောင်ကြီး မြောင်အင်း၊ လေပွေသိုင်းသမား ငါးဖော်ဟာ သိုင်းလောကမှာ ကျင်လည်နေခဲ့တာ ကြာပါပြီ"



"အင်း ... ဟုတ်မယ်၊ သူတို့ဟာ အဘိုးကြီးတွေပဲ၊ သိုင်း လောကမှာ ဘယ်လို ရောင်တိမ်းရမယ် ဆိုတာလဲ နားလည်နေမယ့် ပုံပဲ"

ကျင်းကို့က ပြောခြင်း ဖြစ်သည်။

ချောင်လိန်လုံးက ...

"သူတို့ဟာ အောက်လမ်းသိုင်းသမားတွေ ဖြစ်ပါတယ်၊ သူတို့ ဟာ အသက်ကြီးသလောက် ဆိုးသွမ်းကြတယ်၊ နောက်ပြီး သူတို့ဟာ အောက်လမ်း သိုင်းသမားတွေ ဖြစ်ပေမယ့် သိုင်းပညာမှာတော့ အဆင့် မြင့်ပါတယ်"

မြောင်အင်းသည် ခေါင်းယမ်းပြီး သက်ပြင်းချသည်။

"အင်း ... အခု ညီလေး ပြောတဲ့အတိုင်းဆိုရင် သူတို့ဟာ လေပွေ သိုင်းသမားကြီး ငါးဖော်ပေါ့၊ ဒီလိုဆိုရင် ကျုပ်ဟာ သူတို့ လက်က လွတ်နိုင်တော့မယ် မဟုတ်ဘူး၊ နောင်ကြီး ကျင်းကို့၊ ကျွန်တော် သူတို့လက်က လွတ်အောင် ဘယ်လို ပြေးရမလဲဗျာ"

ကျင်းကို့သည် ခေါင်းကုတ်လေ၏။

အတန်ကြာအောင် ခေါင်းကုတ်ပြီးမှ မြောင်အင်းအား မေး လေ၏။

"မေးပါရစေ နောင်ကြီး မြောင်အင်း၊ အခုအတိုင်းဆိုရင် နောင်ကြီး မြောင်အင်းနဲ့ လေပွေငါးဖော်ဟာ ရန်ငြိုးရန်စ ရှိနေကြပုံ ရတယ်၊ ဘယ်လိုများ အငြိုးပွားလာကြပါသလဲ"

မြောင်အင်းက ခေါင်းယမ်းလေ၏။

"ဘာအရန်ငြိုးမှ မရှိပါဘူးဗျာ၊ ဖြစ်ပုံကို စပြောမယ်၊ လွန်ခဲ့တဲ့ ငါးရက်လောက်က စာတစ်စောင် ရောက်လာပါတယ်၊ အဲဒီစာကို ဘယ်သူတွေက ပို့တယ်မှတ်သလဲ၊ အဲဒီ အဘိုးကြီး ငါးယောက်ပေါ့"

"သူတို့က ဘာစာပို့တာလဲ"

"ပို့တဲ့စာလဲ ကြည့်ပါဦး၊ သူတို့ကို လာတွေ့ပါတဲ့၊ ပုန်းနေတဲ့ လူတစ်ယောက်ကို ပြောရမယ်တဲ့"

"စာထဲမှာ လေပွေသိုင်းသမား ငါးဖော်လို့ လက်မှတ်ထိုး မထားဘူးလား"

"မထိုးဘူး၊ ဘာမှ ရေးမထားဘူး၊ ကျွန်တော်ကလဲ သူတို့နဲ့ ရင်မဆိုင်ချင်တာနဲ့ ထိုက်ယင်မြို့ထဲက ထွက်လာခဲ့တာပဲ၊ ခု သူတို့က ကျွန်တော့် နောက်ကို အရိပ်လို လိုက်လာကြတာပါပဲ"

"ဒါက ဘာမှ မဆန်းပါဘူး၊ နောင်ကြီး မြောင်အင်းကို စာပေးပြီးတဲ့နောက် သူတို့ဟာ နောင်ကြီးကို စောင်းကြည့်နေကြမှာပေါ့၊ နောင်ကြီး ထိုက်ယင်မြို့ထဲက ထွက်လာရော သူတို့လဲ လိုက်လာကြရော"

"ဟုတ်မယ်၊ သူတို့ဟာ ကျွန်တော့်ကို စောင့်ကြည့် နေပုံရတယ်"

"တစ်ခု ရှိပါတယ်၊ နောင်ကြီး မြောင်အင်း သူတို့ကို ရှောင်ပုန်းဖို့ မလိုတဲ့နည်း တစ်နည်း ရှိပါတယ်"

"ဘာနည်းလဲ"

"သူတို့ သိချင်တဲ့လူ ပုန်းနေတဲ့ နေရာကို ပြောပြလိုက်ရင် ပြီးတာပဲ မဟုတ်လား၊ နောင်ကြီး မြောင်အင်းအား အသက်ဘေးရန်က ကင်းသွားတာပေါ့"

"ဒါတော့ နောင်ကြီးပြောမှလားဗျာ၊ ကျွန်တော်က ဘာဖြစ်လို့ သူတို့ကို သွားသံတော်ဦး တင်ရမှာလဲ၊ သူတို့ အစွမ်းရှိရင် သူတို့ သွားရှာကြပါလား၊ ခုတော့ ကျုပ်က သူတို့ကို သံတော်ဦးတင်ရမတဲ့"



"အစ်ကို မြောင်အင်း ... အခု ဘယ်လိုလုပ်မလဲ၊ သူတို့လက်က လွတ်အောင် ဘယ်လိုပြေးမလဲ"

ကျင်းကို့သည် မြောင်အင်းအား မေးလိုက်၏။

မြောင်အင်းက မဲ့ရွဲ့လိုက်၏။

"ကျုပ် ဒီက အမြန်ဆုံး ထွက်သွားတော့မယ်၊ အစွမ်းရှိသရွေ့ ကိုယ်ဖော့ပညာသုံးပြီး ရှောင်ပြေးရုံရှိတော့တာပေါ့"

ထိုအခါ ကျင်းကို့က ...

"လေပွေ သိုင်းသမားကြီး ငါးဖော်ရဲ့ ကိုယ်ဖော့ပညာအဆင့်က နောင်ကြီး မြောင်အင်းထက် နိမ့်မကျဘူးဆိုတာ ထည့်တွက်ပါဦး၊ သူတို့ နောင်ကြီး မြောင်အင်းကို လိုက်မိသွားမှာပဲ"

မြောင်အင်းသည် စိတ်ကွက်သွားသဖြင့် ကျင်းကို့တို့အား ကျွန်တော်ဟု သုံးနှုန်းနေရာမှ ကျုပ်ဟု သုံးနှုန်းသည်အထိ ဖြစ်သွားသည်။ သို့သော် နောက်ပိုင်း၌ စိတ်လျှော့လိုက်သည်။

ခေါင်းငိုက်စိုက်ချပြီး စဉ်းစားသည်။ သက်ပြင်းချပြီး ကျင်းကို့ မျက်နှာကို ကြည့်လေ၏။

"နောင်ကြီး ကျင်းကို့တို့ ဘယ်ကို သွားကြမှာလဲ"

ကျင်းကို့က ...

"ကျွန်တော်တို့ ထိုက်ယင်မြို့ကို သွားကြမလို့ပါ"

"ဒီလိုဆိုရင် ကျုပ်လည်း ထိုက်ယင်မြို့ကိုပဲ ပြန်မယ်"

"ဒီလိုဆို ကောင်းသားပဲ၊ အတူတူ ပြန်ကြတာပေါ့"

"နောင်ကြီး ကျင်းကို့ကို ကျုပ် အကူအညီ တောင်းချင်ပါတယ်"

"ဘာများလဲ"

"လေပွေသိုင်းသမား ငါးဖော်ဟာ ကျုပ်ကို ဝိုင်းတိုက်ကြမယ်

လို့ ကျုပ် ယုံတယ်၊ တကယ်လို့ သူတို့ ဝိုင်းတိုက်ရင် မိတ်ဆွေတို့ နှစ်ယောက် ဝိုင်းတိုက်ပေးကြမလား"

ကျင်းကို့က ခေါင်းညိတ်သည်။

"အကူအညီပေးပါမယ်၊ ကျွန်တော်တို့ နှစ်ယောက်အစွမ်းကုန် ဝိုင်းတိုက်ပေးပါမယ်၊ ကျွန်တော် တစ်ခု အကြံပေးချင်ပါတယ်"

"ဘာများလဲ"

"နောင်ကြီး မြောင်အင်း ... အခု ထွက်သွားပါ၊ ကျွန်တော်တို့နှစ်ယောက်က နောင်ကြီး မြောင်အင်း နောက်က ခွာပြီး လိုက်ခဲ့ပါမယ်၊ တကယ်လို့ လေပွေသိုင်းသမား ငါးယောက်နောက်က လိုက်လာရင် ကျွန်တော်တို့ တားထားမယ်၊ သူတို့ နောင်ကြီး မြောင်အင်းနောက်ကို မလိုက်နိုင်အောင်ပေါ့၊ အဲဒီအခါ နောင်ကြီး မြောင်အင်း လွတ်အောင်ပြေးပေါ့"

မြောင်အင်းသည် ကျင်းကို့တို့အား သံသယ မျက်လုံးဖြင့် ကြည့်သည်။ ဤလက်တစ်ဖက်မသန်သော သူနှင့် ဤလူငယ်ကလေးသည် ဝါရင့်သိုင်းသမားကြီးများ ဖြစ်ကြသော လေပွေ ငါးဖော်အား တားဆီးနိုင်ပါမည်လားဟု တွေးနေလေ၏။

"ခင်ဗျားတို့နှစ်ယောက် သူတို့ငါးယောက်ကို တားဆီးနိုင်ပါ့မလားဟင်"

ကျင်းကို့ က ရယ်မောလိုက်သည်။

"တားဆီးနိုင်အောင် ကြိုးစားရမှာပေါ့၊ ကျွန်တော်တို့မှာ ဒါရှိပါတယ်"

ကျင်းကို့က သူ့ဦးခေါင်းကို လက်ညှိုးနှင့် ခေါက်ပြ၏။ ထို့နောက် ရယ်ရယ်မောမော ဆက်ပြောသည်။

"သူတို့ငါးယောက်ကို ကျွန်တော်တို့ နှစ်ယောက် မတားနိုင်



တော့တဲ့ အခါကျတော့လဲ ထွက်ပြေးကြတာပေါ့၊ အဲဒီအခါ ကျမှ နောင်ကြီး မြောင်အင်း ကျွန်တော်တို့ ဘယ်လောက် အပြေးမြန်သလဲဆိုတာ သိယမယ်"

ကျင်းကို့၏ စကားကို မြောင်အင်းသည် နားထောင်နေ၏။ ကျင်းကို့ပြောသည့် စကားများမှာ ဖြစ်နိုင်သည်ဟု သူယုံကြည်သွားလေ၏။

# အခန်း(၄)

## လက်နက်ပုန်း

ကျင်းကို့က ဆက်ပြောပြန်သည်။

"နောင်ကြီး မြောင်အင်းသာ သူတို့ကို မျက်ခြည်ပြတ်အောင် ပြေးနိုင်ဖို့လိုပါတယ်၊ သူတို့က ကျွန်တော်တို့နောက်ကို လုက်ကြမှာ မဟုတ်ပါဘူး၊ အစ်ကို မြောင်အင်း နောက်ကိုသာ လိုက်ကြမှာပါ၊ ကျွန်တော်တို့က သူတို့ကို အနှောင့်အယှက် ပြုရုံတင်ပြုရမှာပါ"

မြောင်အင်းသည် ထိုင်နေရာမှ ထလေ၏။

"ကောင်းပြီ ဒီလိုဆိုရင် အခုပဲ ဆိုင်ထဲက ကျုပ်ထွက်သွားတော့မယ်၊ ခင်ဗျားတို့ သဘောတူသလား"

"ဟုတ်ပြီ ... သွားပါတော့၊ ဒါပေမယ့် နောင်ကြီး မြောင်အင်း လက်ဖက်ရည်ဖိုး ထုတ်ရှင်းမနေပါနဲ့၊ ထုတ်ရှင်းနေရင် အချိန်ကြာသွားလိမ့်မယ်၊ ကျွန်တော်တို့ပဲ ရှင်းလိုက်ပါမယ်"

"ကောင်းပါလေရဲ့ဗျာ၊ ခင်ဗျားတို့ပဲ ရှင်းလိုက်ကြပေတော့ ကျုပ်တော့ သွားပြီ"

မြောင်အင်းသည် ထိုသို့ ပြောပြီးသည်နှင့် ဆိုင်အပြင်သို့ ထွက်သွား၏။ ဆိုင်မှာ လေးဖက်လေးတန် ဟာလာဟင်းလင်းကြီး



ဖြစ်နေသဖြင့် သူထွက်သွားသည်ကို လေမွေငါးဖော် ကောင်းစွာ မြင်နေရသည်။

မြောင်အင်းသည် ဆိုင်ပြင်ရောက်သည်နှင့် ကိုယ်ဖော့ပညာသုံးကာ ပြေးထွက်သွားတော့သည်။

ကျင်းကို့တို့ နှစ်ယောက်လည်း လက်ဖက်ရည်ဖိုးများ ရှင်းကာ ဆိုင်ပြင်သို့ ထွက်လာကြလေ၏။

"ကဲ ... ညီလေး ချောင်လိန်လုံးရေ ... မြောင်အင်းနောက်ကို လိုက်ကြစို့ရဲ့"

ချောင်လိန်လုံးက ရယ်လိုက်ပြီး ...

"ကျွန်တော်တို့ သူ့ကို လိုက်ရှာရင် တွေ့ချင်မှ တွေ့မှာဗျ၊ အခုကော့ တစ်ခါတည်း ပျားစွဲသော မုတ်ဆိတ်ဖြစ်တော့တာပါပဲ၊ ကဲ ... ပြေးကြစို့"

သူတို့သည် မြောင်အင်း ပြေးရာနောက်သို့ ခပ်မှန်မှန်ပြေးလိုက်လေ၏။

မြောင်အင်းသည် ကိုယ်ဖော့ပညာသုံးကာ အလွန် လျင်မြန်စွာ ပြေးသွားသဖြင့် အချိန်အနည်းငယ် အတွင်း စုပ်စမြုပ်စ ပျောက်ကွယ်သွားလေ၏။

ကျင်းကို့သည် နောက်လှည့်ကြည့်သည်။

လေမွေငါးဖော်ဟု ယူဆရသော အဘိုးအို ငါးယောက်တို့သည် ကျင်းကို့တို့ နောက်မှ လိုက်လာကြသည်။ မကြာမီ ကျင်းကို့တို့ကို မီလာသည်။ ကျင်းကို့တို့ကို ဖြတ်ကျော်မည်ပြုရာ အရှေ့မှပိတ်ဆို့ ပြေးနေသဖြင့် ကျင်းကို့တို့ကို မကျော်နိုင်တော့ချေ။ လေမွေ ငါးဖော်တို့သည် ဒေါသ ထွက်လာကြလေ၏။

"ဟေ့ ကောင်လေးတွေ ... လမ်းဖယ်ကြစမ်း"

ဆိုင်ထဲတွင် ဆေးတံရှည်သောက်သည့် အဘိုးအိုက လှမ်းအော်သည်။

"ခင်ဗျားတို့ ကျော်တက်သွားကြပါလား"

"ဘာ ... မင်းတို့က လမ်းကို ပိတ်ဆို့ထားနေတာ ငါတို့ ဘယ်လိုလုပ် ကျော်တက်ရမှာလဲ၊ ခွေးကောင်လေးတွေ"

"ကျွန်တော်တို့ နှစ်ယောက်တည်းပဲ၊ ခင်ဗျားတို့က ငါးယောက် ကြီးများတောင်၊ ကြိုက်သလို ကျော်တက်ကြပေါ့ဗျာ"

"ဟေ့ကောင်တွေ ... ရပ်စမ်း၊ မင်းတို့နဲ့ ဖြေရှင်းစရာရှိတယ်"

ဆေးတံရှင်သောက်သူ အဘိုးအိုက အော်ဟစ် အမိန့်ပေးသည်။

ကျင်းကို့သည် သဘောကျသွား၏။ အဘယ့်ကြောင့်ဆိုသော် ဤနေရာ၌ အချိန်ကြာကြာ ဖြေရှင်းနေလေ မြောင်အင်းအဖို့ ပိုမို၍ လွတ်မြောက်အောင် ပြေးနိုင်လေလေ မဟုတ်ပါလား၊ ထို့ကြောင့် ကျင်းကို့သည် ချောင်လိန်ဂုံးကို အချက်ပြပြီး ရပ်တန့်လိုက်ကြလေ၏။

"ဘာဖြေရှင်းမလို့လဲဗျ"

ကျင်းကို့က မေးသည်။

"ပြောစမ်း ... မြေပုံကြီးနဲ့မင်းတို့ဟာ တစ်ဖွဲ့တည်း မဟုတ်လား၊ မှန်မှန် ပြောစမ်း"

ဆေးတံရှည်သောက်သူ အဘိုးအိုကပင် ဒိုင်ခံစကားပြောသည်။ ကျင်းကို့က ခေါင်းညိတ်သည်။

"ကျွန်တော်တို့ နှစ်ယောက်နဲ့ မြောင်အင်းဟာ မိတ်ဆွေ အပေါင်းအသင်းတွေပါ၊ မိတ်ဆွေအပေါင်းအသင်းဆိုတာ တစ်ဦး အခက်အခဲရှိရင် တစ်ဦးက ကူညီရပါတယ်"

ဆေးတံရှည်သောက်သူ အဘိုးအိုက ...



"ငါထင်သားပဲ၊ မင်းတို့ လက်ဖက်ရည်ဆိုင်ထဲမှာ ခေါင်းချင်းရိုက်ကတည်းက ဒီကောင်တွေက အပေါင်းအသင်းဖြစ်မယ်လို့ ငါထင်လိုက်တာ မှန်နေတာပဲ"

အဘိုးကြီးသည် အထင်မှန်ကြောင်း ထုတ်ဖော်ကြွားဝါနေသေးသည်"

အဘိုးကြီးက ...

"ငါ့နာမည် ကျန်းအိရှင်းပဲ၊ ကဲ ... မင်းတို့လဲ ပြောကြပါဦး၊ မြောင်အင်း ဘယ်လိုပြေးတယ်ဆိုတာ"

ကျင်းကို့က ရယ်သည်။

ကျန်းအိရှင် ... ဘယ်သူလဲ ကျန်းအိရှင်းဆိုတာ"

ဆေးတံရှည်သောက်သူ အဘိုးအိုသည် ဒေါသနှင့် အော်လိုက်၏။

"ငါကွ ... ကျန်းအိရှင်း၊ လေမွေတစ် ကျန်းအိရှင်းဆိုတာ ငါပဲ၊ မင်း လေမွေ ငါးဖော်ကို မကြားဖူးဘူးလား"

"သြော် ... လေမွေငါးဖော်ဆိုတာ ခင်ဗျားတို့ကိုး၊ ခင်ဗျားတို့ မွေချင်တဲ့ နေရာ မွေပါ၊ မြောင်အင်း နောက်ကိုတော့ မလိုက်ပါနဲ့၊ သူက ထိုက်ယင်မြို့ကို ပြန်ပြေးတာခင်ဗျ၊ ခင်ဗျားတို့ လိုက်လဲ မမီပါဘူး၊ သူဘယ်နေရာကို သွားမယ်ဆိုတာကိုလဲ ကျွန်တော်တို့ကို ပြောမသွားပါဘူး၊ ကျွန်တော်တို့ကလဲ မသိပါဘူး ခင်ဗျာ"

လေမွေကျန်းအိရှင်းက ပြောလေ၏။ သူ့လေသံမှာ ချော့သံပါလာသည်။

"ဒီမှာညီလေး ... တို့ကို အမှန်အတိုင်း ပြောပါ၊ မင်းတို့ရဲ့ မြောင်အင်းကို ငါတို့က အန္တရာယ်ပေးမှာ မဟုတ်ပါဘူး၊ မင်းတို့ သူ့နောက်ကို လိုက်မလို့ ဟုတ်လား"

"မလိုက်ပါဘူးဗျာ"

"မညာပါနဲ့၊ မင်းတို့ထိုက်ယင်မြို့ထဲမှာ ဆုံကြမှာပါ၊ ဘယ်နေရာမှာ ဆုံကြမှာလဲပြော ..."

လေမွေကျွန်းအိရှင်းသည် ချိုချိုသာသာ မေးမြန်းနေလေ၏။ ကျင်းကို့က ခေါင်းယမ်းပြသည်။

"ကျွန်တော်တို့ အခု ထိုင်ယင်မြို့ကိုသွားမှာ ဖြစ်ပေမယ့် သူနဲ့ဆုံဖို့ ချိန်းမထားပါဘူး၊ ကျွန်တော်တို့ လက်ဖက်ရည် ဆိုင်ထဲမှာ စကားပြောတာဟာလဲ အာလာပသလ္လာပပြောကြတာပါ၊ အချိန်းအချက်လုပ်တာ မဟုတ်ပါဘူး၊ ဒါကြောင့် သူဘယ်သွားနေတယ်ဆိုတာ ကျွန်တော်တို့ တကယ်မသိပါဘူး"

လေမွေကျွန်းအိရှင်းက ...

"မြောင်အင်းဟာ ထိုက်ယင်မြို့မှာ အမျိုးသမီး တစ်ယောက်ရှိထားတယ်ကွ၊ အဲဒီအမျိုးသမီးဆီမှာ မြောင်အင်း ရှိမယ်၊ အဲဒီအမျိုးသမီး ဘယ်မှာနေသလဲကွ"

ကျင်းကို့က ရယ်မောလိုက်၏။

"ကျွန်တော်တို့ မသိပါဘူးဗျာ၊ အဲ ... သိရင်လဲ ခင်ဗျားတို့ကို မပြောပါဘူး"

လေမွေကျွန်းအိရှင်းက အေးစက်စက် ရယ်လိုက်လေ၏။

"ဟင်း ... ဟင်း ... ဟင်း ... ကျုပ်က မင်းကို မသတ်ချင်ဘူး၊ မသတ်ချင်လို့ ဒီလောက် ရှည်ရှည်ဝေးဝေးစကား ပြောနေတာ၊ ဒါပေမယ့် ကျုပ်ဒေါသထွက်လာရင်တော့ မင်းတို့ မလွယ်ဘူး"

ကျင်းကို့က ...

"ဒီမှာ ကျန်းအိရှင်း ... ခင်ဗျားမှာလည်း လက်နှစ်ဖက်ပါတယ်၊ ကျုပ်မှာလဲ လက်နှစ်ဖက်ပါတယ်၊ ခင်ဗျားက ကျုပ်ကိုသတ်



ဖို့ ကြိုးစားရင် ကျုပ်ကလဲ ခင်ဗျားကို သတ်ဖို့ကြိုးစားနိုင်တာပဲ၊ ခင်ဗျားတို့လဲ သေနိုင်တာပဲ"

"နို့နဲ့မစင်တဲ့ကောင်ကများ သတ်ဖြတ်တဲ့ စကားပြောလို့ ... ကဲ ... ရှောင်ပေတော့"

ပြောပြောဆိုဆို ကျန်းအိရှင်းက လက်ကိုဝှေ့ယမ်းတွန်းထုတ်လိုက်၏။

ဟူးခနဲ လေတိုးသံ ထွက်ပေါ်လာတော့သည်။ ထိုလက်ဝါးတွန်းချက်သည် ကျင်းကို့အား ထိသွားလေ၏။

သို့သော် ကျင်းကို့သည် မယမ်းမယိုင် ကျောက်စာတိုင်ကြီးကဲ့သို့ သူ့နေရာ၌ပင် မားမားမတ်မတ် ရပ်နေလေ၏။ တော်ရုံတန်ရုံ သိုင်းသမားဆိုလျှင် နောက်သို့သာ ပက်လက်လန်လဲကျသွားမည် ဖြစ်ပေသည်။

လေမွေကျွန်းအိရှင်းသည် ထိတ်လန့်အံ့ဩသွားလေ၏။ ဤသူငယ်သည် သိုင်းပညာအဆင့်မြင့်သူဖြစ်ကြောင်း၊ တစ်ဦးတည်း တိုက်လျှင် အကြိတ်အနယ် တိုက်ရမည်ဖြစ်ကြောင်း ရိပ်စားမိသွား၏။ ထို့ကြောင့် လေမွေကျွန်းအိရှင်းသည် အော်လိုက်တော့သည်။

"ဝိုင်းတိုက်ကြ ..."

ကျန်းအိရှင်းသည် လူအင်အားနှင့်ဖိတိုက်ပြီး အနိုင်ယူရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ကျန်လေမွေလေးဖော်ကို အမိန့်ပေးခြင်း ဖြစ်သည်။

လေမွေလေးဖော်တို့သည် ကျင်းကို့အား ဝိုင်းတိုက်ကြ၏။ သူတို့ဓားများကို ဆွဲထုတ်လိုက်ကြသည်။

"ရွှမ်း ... ရွှမ်း ..."

"ရွှမ်း ... ရွှမ်း ..."

ကျင်းကို့သည် လေမွေသိုင်းသမားကြီး ငါးယောက်၏ ခေါင်းပေါ်မှ ခုန်ကျော်သွားလေသည်။ သူသည်မြေပြင်သို့ကျရောက်သွား၏။

"ကျုပ်က ခင်ဗျားတို့ ငါးယောက်ရှိတယ်လို့တောင် မထင်ပါဘူး၊ ခင်ဗျားတို့ ငါးယောက်ကို ကျုပ်တစ်ချက်တည်းနဲ့ လဲကျအောင် လုပ်ပစ်နိုင်တယ်၊ ခင်ဗျားတို့ ယုံရဲ့လား ..."

လေမွေသိုင်းသမားကြီး ငါးယောက်သည် ကျင်းကို့၏ စကားကို ကြားသောအခါ လွန်စွာ ဒေါသထွက်သွားကြ၏။ သူတို့သည် ဓားများကို ဇေ့ယမ်းပြီး ကျင်းကို့ရှိရာသို့ ပြေးဝင် လာကြလေတော့သည်။

"ကဲ ... ဒီလောက်ဖြစ်လှတာ ... လက်နက်ပုန်းနဲ့ပဘ်လိုက်မယ်၊ ကန်းကြစမ်း"

လေမွေသိုင်းသမားများ၏ မျက်နှာဆီသို့ ဖွဲနှင့်ဆုတ်ပက်သကဲ့သို့ မည်းမည်းမှုန့်မှုန့်အရာလေးများ ပြေးဝင်သွားသည်။

"အား ..."

"အီး ..."

"စပ်တယ် ... စပ်တယ် ..."

လေမွေသိုင်းသမားများမှာ မည်းမည်းမှုန်မှုန်များ မျက်လုံးထဲဝင်သွားသဖြင့် အော်ကြဟစ်ကြကာ သူတို့မျက်လုံးများကို ပွတ်သပ်နေကြတော့၏။ သူတို့သည် ကျင်းကို့ကိုလည်းကောင်း၊ ချောင်လိန်လုံကိုလည်းကောင်း မတိုက်ခိုက်ကြတော့ပေ။

သူတို့၏ ဓားများကိုလည်း မကိုင်နိုင်တော့ချေ။ ကျင်းကို့သာ သူတို့ကို သတ်ချင်လျှင် အခုအခါ အလွယ်တကူ သတ်နိုင်ပေပြီ သို့သော် ... ကျင်းကို့က မသတ်ချေ။

ကဲ ... လာ ... တို့သွားကြစို့ ..."



"အစ်ကိုကျင်း ... ဒီလေမွေ သိုင်းသမားကြီးတွေကို ဒီအတိုင်းထားခဲ့တော့မလား"

"ဒီအတိုင်းမထားရင် သတ်ပစ်ခဲ့ရုံပဲ ရှိတော့တာပေါ့၊ ကျုပ်ကလည်း လူမသတ်ချင်ဘူးဆိုတော့ ဒီအတိုင်း ထားခဲ့ရုံပဲ ရှိတော့တာပေါ့၊ ကဲ ... ကဲ ... သွားကြမယ်"

ချောင်လိန်လုံးသည် ခုန်ပေါက်အော်ဟစ်နေသော လေမွေသိုင်းသမားကြီးများကို အံ့သြတကြီး ရပ်ကြည့်နေမိသည်။

"ကဲ ... ညီလေး ချောင်လိန်လုံး၊ သွားကြစို့"

ကျင်းကို့သည် ခေါ်ပြီး ပြေးထွက်သွားလေ၏။ ထိုအခါကျမှ ချောင်လိန်လုံးလည်း ပြေးလိုက်သွားတော့သည်။

လေမွေသိုင်းသမား ငါးဖော်မှာ ကျင်းကို့တို့နောက်သို့ လိုက်နိုင်ဖို့နေနေသာသာ မျက်လုံးများကိုသာ တွင်တွင်ပွတ်နေရတော့သည်။ သိုင်းလောက၌ ဝါရင့်လှသော အောက်လမ်းသိုင်းသမားကြီးများသည် ဓားလည်း မကိုင်နိုင်၊ အခြား လက်နက်များလည်း မထုတ်နိုင်ပဲ လမ်းဘေး၌ ခေါင်းချင်းဆိုင်၍ မျက်လုံးများကိုသာ အုပ်ကိုင်နေကြရသည်။

○ ○ ○

# အခန်း(၅)

## ခေါင်းပေါင်းနီဂိုဏ်း

သူတို့သည် ထိုက်ယင်မြို့ဆီသို့ ရေးရှုပြေးကြလေ၏။ ပြေးနေစဉ် ချောင်လိန်လုံးက မေးလေ၏။

"အစ်ကိုကျင်း ... သူတို့ကို ဘာနဲ့ ပေါက်လိုက်တာလဲ၊ သူတို့ မျက်လုံးတွေ ကန်းကုန်ပြီ"

"မကန်းပါဘူး"

"အစ်ကိုကျင်းကသာ မကန်းဘူးဆိုနေတယ်၊ သူတို့ ဟိုမှာ မျက်လုံးတွေ အုပ်ပြီး အော်နေပြီ"

ကျင်းကို ရယ်မောလိုက်ပြီး ...

"ကျုပ် သူတို့ကို ကန်းအောင် မလုပ်ပါဘူး၊ သူတို့ကို ပထဝီမှုန့်နဲ့ ပစ်လိုက်တာပါ"

"ဟာ ... ပထဝီမှုန့် ... ဆေးတစ်မျိုးလား"

ချောင်လိန်လုံး အံ့အားသင့်ပြီး မေးလိုက်၏။

ကျင်းကိုက ရယ်ပြီး ...

"ကျုပ် ... သူတို့ကို မြေကြီးမှုန့်နဲ့ ပက်လိုက်တာပါ၊ အဆန်းတကျယ် လက်နက်ပုန်းလဲ မဟုတ်ပါဘူး၊ ဆေးတစ်မျိုးလဲ မဟုတ်



ပါဘူး၊ သူတို့ မြေကြီးမှုန့်တွေ မျက်လုံးထဲဝင်ပြီး မွတ်သပ်နေကြတာပါ"

ထိုအခါတွင်မှ ချောင်လိန်လုံး သဘောကျပြီး ရယ်လေတော့၏။

ထိုစဉ် ...

"နောင်ကြီး ကျင်းကို ... နောင်ကြီး ကျင်းကို"

အော်သံ ဟစ်သံ သူတို့နောက်မှ ထွက်ပေါ်လာသဖြင့် ကျင်းကိုနှင့် ချောင်လိန်လုံး လှည့်ကြည့်လိုက်ကြသည်။ သူတို့ နှစ်ယောက်စလုံး ဟာခနဲ ဖြစ်သွား၏။ မြောင်အင်းသည် ရှေ့၌ မရောက်ဘဲ နောက်မှ ပြေးလိုက်လာနေသည် တကား။

"ဟင် ... နောင်ကြီး မြောင်အင်း"

ကျင်းကိုသည် အာမေဋိတ်သံဖြင့် ရေရွတ်လိုက်မိသည်။

ကျင်းကိုက ...

နောင်ကြီး မြောင်အင်း ရှေ့က ပြေးသွားတာ မဟုတ်ဘူးလား၊ အခု ဘယ့်နှယ်နောက်ကို ရောက်နေရတာလဲ"

ကျင်းကိုက ပြောလိုက်သည်။ သူထင်သည်မှ မြောင်အင်းသည် ကြောက်ကြောက် လန့်လန့်နှင့် ထိုက်ယင်မြို့ အရောက်ပြေးလေပြီဟု ထင်မှတ်မိသည်။

ယခုတော့ မြောင်အင်းသည် ထိုက်ယင်မြို့သို့ မရောက်ပေ၊ သူတို့၏ နောက်တွင် ရောက်နေ၏။

မြောင်အင်းက ရယ်မောပြီး ပြောလေ၏။

"ကျုပ် နောက်ကြောင်း ပြန်လှည့်လာတာဗျ"

"ဘာဖြစ်လို့ လှည့်လာရတာလဲ၊ ထိုက်ယင်မြို့ကို အရောက်ပြေးပေါ့"

"ဘယ်ပြေးမလဲ နောင်ကြီး ကျင်းကို့နဲ့ လေမွေအဘိုးကြီးတို့ တစ်တွေ တိုက်ခိုက်တာကို ကျုပ် ချောင်းကြည့်နေတာပေါ့"

"ခင်ဗျား ချောင်းကြည့်နေတယ်"

"ဟုတ်တယ်၊ ကျုပ် ချုံကွယ်တစ်ခုက ချောင်းကြည့်နေတာပါ၊ လိုအပ်ရင် ကျုပ်လဲ ဝင်ကူရအောင်ပေါ့၊ ကျုပ်အတွက်နဲ့ နောင်ကြီး ကျင်းကို့တို့ ဖြစ်ရတာ မဟုတ်လား၊ ကာယကံရှင်က ကိုယ်လွတ် လက်လွတ် ထွက်ပြေးလို့ ဘယ်တရားပါ့မလဲ"

ကျင်းကို့သည် မြောင်အင်း၏ စိတ်နေသဘောထားကို သဘော ကျသွားသည်။

မြောင်အင်းသည် တစ်ကိုယ်ကောင်းဆန်သူမဟုတ်ပေ။

မြောင်အင်းက ဆက်ပြောနေလေ၏။

"ဟား ... ဟား ... ဟား ... နောင်ကြီး ကျင်းကို့က သိပ်မြန် တာပဲ၊ ဘယ်အချိန်က မြေကြီးမှုန့်တွေ ကောက်ဆုပ်ယားတယ် မသိပါဘူး၊ လက်နက်ပုန်း သဘောနဲ့ ပစ်ထည့်လိုက်တာ အဘိုးကြီး တွေ ခုန်ပေါက်အော်ဟစ်ပြီး ကျန်ရစ်ခဲ့တာပဲ"

ကျင်းကို့က ...

"ကဲ ... ကဲ ... ကျွန်တော်တို့လဲ ထိုက်ယင်မြို့ကို ခရီးဆက် ကြရအောင်"

ထိုအခါ ...

သုံးယောက်သား ခရီးဆက်ကြလေတော့၏။ ထိုက်ယင်မြို့ သည် အတော်ဝေးသေးသဖြင့် သူတို့သည် အားစိုက်၍ ပြေးလွှား ကြလေ၏။

ထိုက်ယင်မြို့သို့ မရောက်မီ လမ်းခရီးတွင် တောမြို့ကလေး တစ်မြို့ရှိသည်။ ထိုတောမြို့ကလေးမှာ အိမ်ခြေ တစ်ရာခန့်သာ



ရှိသဖြင့် မြို့မကျ တောမကျ မြို့လေး ဖြစ်သည်။ ထိုမြို့ကလေးတွင် ထမင်းဆိုင် နှစ်ဆိုင်၊ လက်ဖက်ရည်ဆိုင် နှစ်ဆိုင် ရှိသည်။

ကျင်းကို့တို့သည် ထိုက်ယင်မြို့သို့ မရောက်သေးသဖြင့် ထို တောမြို့ကလေးရှိ ထမင်းဆိုင် အတွင်းသို့ ဝင်လိုက်ကြသည်။

"ဆိုင်တွေ့တုန်း စားထားရတာ၊ ဆိုင်မရှိရင် စားစရာလဲ မရှိတော့ဘူး"

ချောင်လိန်လုံးက ပြောလိုက်၏။ သူတို့သည် ထမင်းဝင်စား ကြသည်။

မြောင်အင်းက ပြောပြ၏။

"ဒီခရီးအကြားမှာ မြို့လေးတွေ ရှိပါသေးတယ်၊ အစား အသောက်အတွက် ဘာမှ ပူစရာ မရှိပါဘူး"

ကျင်းကို့က ...

"ဒါပေမယ့် ထိုက်ယင်မြို့ကို သွားနေတဲ့ ခရီးသည်တွေတော့ ရှိဦးမှာပဲနော်"

"ဟာ ... ရှိတာပေါ့၊ အဲဒီလို ခရီးသည်တွေကတော့ မပြတ် မလပ် ရှိတာပေါ့"

သူတို့သည် ထမင်းစားသောက် ပြီးသည်နှင့် ထိုတောမြို့ ကလေးမှ ထွက်ကြသည်။ ဤခရီးမှာ အလောတကြီးသွားရန် မလို သဖြင့် ကျင်းကို့သည် အေးအေး ဆေးဆေးပင် ခရီးသွားနေသည်။

သူတို့ခရီး နှင်နေစဉ် သူတို့နောက်မှ လူတစ်စု ကိုယ်ဖော့၍ ခရီးနှင်လာသည်ကို တွေ့မြင်ရလေ၏။ သိုင်းလောကသားများ ဖြစ် သည်ကို ကျင်းကို့ သိရှိလေသည်။

"ကဲ ... ကျုပ်တို့ အပြေးကို လျှော့လိုက်ရအောင် ဒါမှ နောက် ကလူတွေ ကျုပ်တို့ကို ကျော်တက်သွားနိုင်မယ်"

ကျင်းကိုက မြောင်အင်းနှင့် ချောင်လိန်လုံးတို့အား ပြောလိုက်၏။

မြောင်အင်းက ...

"ကျုပ်တို့က အရေးမှ မကြီးတာဘဲ သူတို့က အရေးတကြီးကိစ္စ ရှိချင်ရှိနေမယ်၊ အရှိန်လျှော့လိုက်တာ ကောင်းပါတယ်"

ဤသို့ဖြင့် သူတို့အားလုံး ပြေးရှိန်ကို လျှော့ချလိုက်ကြ၏။ နောက်မှ ပြေးလာကြသော သိုင်းသမား တစ်စုသည် သူတို့အား ပြေးရင်း ကျော်တက်သွားကြတော့သည်။

• "ခုလို လမ်းပေးတာကို ကျေးဇူးတင်ပါတယ် တူမောင်တို့၊ ကျုပ်တို့က ခရီးပြင်းနှင်နေကြတာပါ"

ထိုအခါ ...

နှုတ်ပေါ့သော ချောင်လိန်လုံးက စပ်စုလိုက်၏။

"အဘတို့ ဘယ်ကို သွားမလို့လဲ ခင်ဗျာ"

အဘိုးအိုက ကောင်းမွန်စွာ ဖြေသည်။

"ဒီလမ်းအတိုင်း သွားမှတော့ ထိုက်ယင်မြို့ တစ်မြို့တည်းကိုပဲ ရောက်မှာပေါ့ တူမောင်၊ ဒီလမ်းက ထိုက်ယင်မြို့ကို သွားတဲ့လမ်းပဲ"

"ဩော် ... ဟုတ်လား"

"တူမောင်တို့ရော ... ထိုက်ယင်မြို့ထဲကိုပဲလား"

"ဟုတ်ကဲ့ ... ထိုက်ယင်မြို့ကိုပါပဲ"

"ဟာ ... ဒီလိုဆိုရင် တူမောင်တို့နဲ့ ကျုပ်တို့ ခရီးသွားဖော်တွေ ဖြစ်တာပေါ့၊ ထိုက်ယင်မြို့ကို အတူတူ သွားကြတာပေါ့"

မြောင်အင်းမှာ လေပွေငါးဖော်၏ ရန်ကို မစိုးရိမ်တော့သဖြင့် စိတ်လက် ပေါ့ပါးနေသည်။



သူသည် အဘိုးအိုနှင့် ပခုံးချင်းယှဉ်၍ ပြေးရင်း စကားပြောသည်။

"အဘ ... အဘဟာ လီလျန်းအသင်းက စုတော့ဖိုက် မဟုတ်လား"

အဘိုးအိုသည် မြောင်အင်းအား တစ်ချက်ကြည့်လိုက်ပြီး ...

"တူမောင်က ကျုပ်ကို တွေ့ဖူးသလား၊ ကျုပ်ကို ဘယ်မှာ တွေ့ဖူးတာလဲ"

မြောင်အင်းက ...

"ကျွန်တော် အဘကို ချန်အန်းမှာ တွေ့မြင်ဖူးပါတယ်"

"တူမောင့် နာမည်က ..."

"တိန့်စန့်ချောင်ပါ"

မြောင်အင်း မုသား ပြောလိုက်ခြင်း မဟုတ်ပါ။ တန့်စန့်ချောင်ဆိုသော အက္ခရာသုံးလုံး ပေါင်းလိုက်သောအခါ မြောင်ဟူသော မျိုးနွယ်အမည်ကို ရရှိပါသည်။

အဘိုးအိုက ရယ်မောလိုက်ပြီး ...

"တူမောင်တို့ ဒီလမ်းအတိုင်း လာကြသလား"

မြောင်အင်းသည် လေပွေငါးဖော်ကို သတိရလိုက်၏။ ဤအဘိုးအို စုပ်စုသည် လမ်းခရီး၌ လေပွေငါးဖော်ကို တွေ့ချင်လည်း တွေ့ခဲ့ကြလိမ့်မည်။

"ဟုတ်ကဲ့ ... ဘာဖြစ်လို့လဲ ခင်ဗျာ၊ အဘတို့လမ်းမှာ ဘာများ ထူးထူးခြားခြား တွေ့ခဲ့လို့လဲ"

"တူမောင်တို့လဲ တွေ့ခဲ့ကြပြီ ထင်ပါရဲ့"

"ကျွန်တော်တို့ ဘာမှ မတွေ့ခဲ့ပါဘူးဗျာ"

"ဟာ … ဒါဖြင့် ပြောရတာပေါ့၊ ကျုပ်တို့ ဘယ်သူ့ကို တွေ့ခဲ့တယ် ထင်သလဲ၊ လမ်းမှာ သိုင်းလောက ထိပ်သီးလူဆိုးကြီး ငါးယောက်ကို တွေ့ခဲ့တာကွ"

"လူဆိုးကြီး ငါးယောက်ကို တွေ့ခဲ့တာ ဘာများ ဆန်းလို့လဲဗျာ"

"ဆန်းတာပေါ့၊ အဲဒီ လူဆိုးကြီး ငါးယောက်ဟာ ပုံပျက်ပန်းပျက် ဖြစ်နေကြတယ်၊ မျက်စိလုံးဝ မဖွင့်နိုင်ကြဘူး လမ်းမှာ အကန်းတွေလိုပဲ စမ်းပြီး လျှောက်နေရတယ်၊ အဲဒါ ဘယ်သူတွေမှတ်သလဲ လေမွေ သိုင်းသမားကြီး ငါးဖော်ပေါ့၊ အံ့သြစရာပဲကွာ၊ သူတို့ကို ဘယ်သူကများ တိုက်ခိုက်သွားတယ် မဆိုနိုင်ဘူး"

ကျင်းကို့၊ ချောင်လိန်လုံးနှင့် မြောင်အင်းတို့ ကျိတ်၍ ပြုံးမိလိုက်ကြလေ၏။

အဘိုးအိုက သက်ပြင်းချပြီး ဆက်ပြောသည်။

"လေမွေငါးဖော်ကို တိုက်ခိုက်သွားတဲ့ လူကလည်း တစ်ခါတည်း အသေသတ်သွားတာ မဟုတ်ဘူး"

"မသတ်ချင်လို့ပေါ့ အဘရယ်၊ သတ်ရင် ဒီအဘိုးကြီး ငါးယောက် သေရမှာပေါ့"

"ခုလို ထားခဲ့တော့ အဆိပ်ပင် ရေလောင်းသလို ဖြစ်တာပေါ့၊ သူတို့က တစ်နေ့ကျရင် ကလဲ့စား ပြန်ချေမှာပေါ့၊ ဒါကို ဒီလူစဉ်းစားဖို့ ကောင်းတယ်"

"ဒီလူက စဉ်းစားမိမှာပါ အဘရယ်၊ သူက ဒီအဘိုးအိုငါးဦးထက် သိုင်းပညာ အရမ်းသာနေလို့ ဖြစ်မှာပေါ့"

မြောင်အင်းသည် အဘိုးအို နောက်မှ ပြေးလိုက်နေကြသော လူစုလူဝေးကြီးကို မေးငေါ့ရင်း မေးလိုက်လေ၏။



"ဒါနဲ့ အဘနဲ့ ပါလာတဲ့ လူတွေက အားလုံး အဘတို့ အသင်းက အသင်းသားတွေလား"

အဘိုးအိုက ခေါင်းယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ ငါ့အသင်းသားတွေချည်း မဟုတ်ပါဘူး၊ ဒါပေမယ့် စိတ်တူ၊ သဘောတူ၊ လမ်းစဉ်တူ ပူးပေါင်းလှုပ်ရှားနေကြတဲ့ သိုင်းလောက မိတ်ဆွေတွေ ချည်းပါ"

အဘိုးအိုသည် ပြေးရင်း ဆက်ပြောသည်။

"အခု ငါ့နောက် လိုက်လာကြတဲ့ သိုင်းလောကသားတွေဟာ စန်းစီးနယ်က သိုင်းသမားတွေပါ၊ သူတို့ အန္တရာယ်တစ်ခု တွေ့ကြုံနေရတယ်၊ အဲဒီ အန္တရာယ်ကြောင့် စန်းစီး သိုင်းလောကသားတွေဟာ တစ်ကွဲတစ်ပြား မနေဝံ့ကြဘူး၊ အားလုံး စုစုစည်းစည်း နေကြရတယ်"

"ဘယ်လို အန္တရာယ်များ ကြုံတွေ့နေရလို့လဲ ခင်ဗျာ"

"တူမောင်တို့ မကြားကြဘူးနဲ့ တူတယ်၊ စန်းစီးနယ်မှာ အောက်လမ်း ဒုစရိုက်ဂိုဏ်း တစ်ဂိုဏ်း ပေါ်ပေါက်နေတယ်လေ"

"ဟုတ်လား … ဘာဂိုဏ်းလဲ"

"အဲဒီဂိုဏ်း ပေါ်ပေါက်တာ သုံးလေးလလောက် ရှိနေပြီ၊ အဲဒီ ဂိုဏ်းသားတွေဟာ သူတို့ကိုယ် သူတို့ 'ခေါင်းပေါင်းနီ' ဂိုဏ်းလို့ ကင်ပွန်းတပ်ကြတယ်၊ စန်းစီးနယ်မှာတော့ နာမည်ကျော် ဂိုဏ်းပေါ့၊ နာမည်ကျော်လာတာ မကြာသေးဘူး"

"ဘယ်လို နာမည်ကျော်တာလဲ အဘ"

"ဒုစရိုက်ဂိုဏ်း ဆိုမှတော့ ဘယ်လို နာမည်ကျော်မှာလဲကွယ်၊ မဟုတ်တာတွေနဲ့ နာမည်ကျော်တာပေါ့ကွယ်၊ သူတို့ဟာ စန်းစီးနယ်က သိုင်းလောကသားတွေကို မထီမဲ့မြင် ပြုလုပ်ကြတယ်၊ နယ်သူ

နယ်သားတွေဆီက ငွေတွေ လိုက်တောင်းတယ်၊ စန်းစီးနယ်က ချမ်းသာတဲ့ လူတွေအားလုံး လိုလို မနေရဲကြတော့ဘူး၊ ထွက်ပြေးကုန်ကြပြီ၊ မိန်းမပျို မိန်းမလှတွေကို သူတို့ဆီ ပို့ဖို့ တောင်းဆိုကြတယ်၊ သူတို့ စော်ကားတာတွေ များလာတော့ စန်းစီးနယ်က သိုင်းသမားတွေဟာ ခေါင်းငုံ့မခံနိုင်တော့ဘူး၊ အဲဒီတော့ သိုင်းသမားတွေအားလုံး စုစည်းပြီး သူတို့ကို သွားတိုက်တာ သေကျေရှုံးနိမ့်ပြီး ပြန်ပြေးခဲ့ကြရတယ်"

"ဒါဖြင့် သူတို့က အဘကို ခေါ်ပြီး အဲဒီ 'ခေါင်းပေါင်းနီ' ဂိုဏ်းကို သွားတိုက်ခိုက်ကြမလို့လား"

အဘိုးအိုက ခေါင်းယမ်းလိုက်သည်။

"ကျုပ် ဘယ်လိုမှ မတိုက်နိုင်ပါဘူး၊ ကျုပ်တို့ လီလျန်းအသင်းကလဲ 'ခေါင်းပေါင်းနီ' ဂိုဏ်းကို မယှဉ်သာပါဘူး"

"အဲဒီတော့ အဘက ဘယ်လို ဆောင်ရွက်မှာလဲ"

"ကျုပ်တို့ရဲ့ အသင်းခေါင်းဆောင်ကြီး ရှိတယ်၊ သူ့တာဝန်ပေးချက်နဲ့ ကျုပ်ဟာ သိုင်းလောက အပြင်ကို ထွက်ပြီး အထက်လမ်း သိုင်းလောကသားတွေကို အကူအညီ တောင်းခဲ့ရတာပဲ၊ လူအကူအညီ၊ အကြံဉာဏ် အကူအညီပေါ့၊ အထက်လမ်း သိုင်းသမားကြီးတွေကလဲ 'ခေါင်းပေါင်းနီဂိုဏ်း'ကို ဘယ်လိုဖြိုခွင်း သင့်တယ်ဆိုတာ အကြံဉာဏ်ပေးခဲ့ကြပါတယ်"

"သြော် ... ဒါကြောင့် အဘနဲ့အတူ သိုင်းလောကသားတွေ အများအပြား ပါလာကြတာကိုး၊ သိုင်းလောကသား ဖြစ်လာပြီဆိုရင် သိပ်အံ့သြစရာ ကောင်းတာပဲ၊ ကိုယ့်အသက်ကို ဖက်ရွက်တစ်ရွက်လောက်တောင် တန်ဖိုးမထား ကတော့ဘူးနော်၊ ဘာမဆို တိုက်ခိုက်ဖို့ပဲ စိတ်ကူးတော့တာပဲ"



"သူတို့တင် မကဘူး၊ ရှေ့က သွားနှင့်တဲ့ လူတွေလဲ ရှိသေးတယ်၊ အဲဒါတွေလဲ သိုင်းလောက မိတ်ဆွေတွေပဲ၊ စန်းစီးနယ်မှာရှိတဲ့ သိုင်းလောက သားတွေကတော့ အထူးစည်းလုံးကြပါတယ်၊ အခုလဲ တစ်ခါ ထပ်စည်းရုံးကြပြန်ပြီ၊ သူတို့ဟာ ခေါင်းပေါင်းနီဂိုဏ်းကို ယှဉ်စန်းတောင် ဒေသက မောင်းနှင်ထုတ်ဖို့ အခုချီတက်လာကြတာပဲ"

ထိုသို့ ...

စကားပြောနေစဉ် ရှေ့ဆီမှ အော်ဟစ် ဆူညံသံများ လွင့်ပျံပေါ်ထွက်လာသည်ကို ကြားကြရလေ၏။

သူတို့ ခရီးနှင်နေသည့် လမ်းဘေးတွင် တောင်ကုန်းတစ်လုံးရှိနေလေ၏။ ထိုတောင်ကုန်း၏ အခြားတစ်ဖက်ဆီမှ ဆူဆူညံညံ အသံများ ထွက်လာခြင်း ဖြစ်သည်။

ထိုစဉ် ...

တောင်ကုန်းပေါ်မှ လူတစ်ယောက် ပြေးဆင်းလာသည်ကို တွေ့မြင်ရသည်။ ထိုလူသည် အလွန်လျင်မြန်စွာ ပြေးဆင်းလာရာ ချက်ချင်းလိုလိုပင် ထိုလူသည် ကျင်းကို့တို့ လူသိုက်နှင့် နီးကပ်လာလေ၏။

အဘိုးအိုသည် လူလုံးသဲကွဲစွာ မြင်ရသောအခါ အလိုလို မျက်မှောင်ကုတ်သွားမိသည်။

အဘိုးအိုသည် ရှေ့သို့ ပြေးသွား၏။

ထို့နောက် ...

ပြေးလာသူကို ဆီးကြိုမေးလိုက်သည်။

"စုံကျီချွမ်း ... ဘာဖြစ်လာတာလဲ"

ပြေးလာသူမှာ လူငယ်တစ်ယောက် ဖြစ်သည်။ တစ်ကိုယ်လုံး

ချွေးစီးများ ထွက်နေသည်။ သူ၏ အင်္ကျီမှာ တစ်ထည်လုံး စိုရွှဲနေသည်။

သူသည် လွန်စွာ မောဟိုက်နေသဖြင့် နွားတစ်ကောင်ကဲ့သို့ ပြင်းထန်စွာ အသက်ရှူနေရသည်။ အသက်ကို အလုအယက် ရှူရှိုက်နေရသဖြင့် အဘိုးအို၏ အမေးစကားကို မဖြေနိုင်ပေ။

သူသည် သူပြေးဆင်းလာသော တောင်ကုန်းဆီသို့သာ လက်ညှိုးထိုး၍ ပြနေသည်။

အဘိုးအိုမှာ သိချင်ဇောဖြင့် လူငယ်ကိုသာ ဖိ၍ မေးမြန်းနေသည်။

"ဘယ်လိုလဲ ... မင်း ဘယ်လို ဖြစ်နေတာလဲ၊ ခုထက်ထိ မဖြေနိုင်သေးဘူးလား"

လူငယ်မှာ စကား ပြောရတော့၏။ သူသည် စကား တစ်လုံးနှင့်တစ်လုံး ဆက်မိအောင် ဗနည်းကြိုးစား၍ ပြောဆိုနေရသည်။

"ကျွန် ... ကျွန် ... ကျွန်တော်တို့ အား ... အားလုံး ... သေ ... သေကုန်ပြီ ... ဧရပ် ... ဧရပ်ထဲမှာ ... "

"ဟေ့ကောင် ... မင်း ဘာပြောတာလဲ၊ ရှေ့က အဖွဲ့သားတွေ ဘာဖြစ်ကုန်သလဲ"

"သေ ... သေကုန်ပါပြီ"

"ဘာပြောတယ်၊ ရှေ့က အဖွဲ့သားတွေ သေကုန်ပြီ ဟုတ်လား၊ ဘယ်လို ဖြစ်တာလဲ၊ ဘယ်ရန်သူက သတ်တာလဲ ပြောစမ်း မြန်မြန် ပြောစမ်း"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကျွန်တော် ... ကျွန်တော် တစ်ယောက်တည်း ... လွတ် ... လွတ်လာတာပါ၊ သူ ... သူတို့ ... သုံးဆယ့်ခုနစ်ဦးလုံး ... ဧရပ်ထဲမှာ ... သေ ... သေကုန်ကြပါပြီ"



"ဘာ ... သုံးဆယ့်ခုနစ်ဦးစလုံး သေကုန်ပြီ ဟုတ်လား" အဘိုးအိုသည် မျက်လုံးပြူးပြူးဖြင့် မေးလိုက်လေ၏။

❂ ❂ ❂

# အခန်း(၆)

## အသက်ကယ်သူ

အဘိုးအို၏ မျက်နှာ၌ ထိတ်လန့် တုန်လှုပ်ဟန် ပေါ်နေသည်။

သူသည် ကျင်းကို့ကို လက်ဖမိုးအစုံ ယှက်ပြီး ဦးညွှတ်ဂါရဝ ပြုလိုက်၏။

"အခြေအနေကတော့ မကောင်းပါဘူး၊ မိတ်ဆွေတို့ အားလုံး လိုက်ကြည့်ချင် ကြည့်ကြပါလား၊ ကျုပ်ရှေ့က ပြေးသွားကြည့်ပါမယ်"

"လိုက်ခဲ့ပါ့မယ်"

ကျင်းကို့က ဝန်ခံလိုက်၏။

အဘိုးအိုသည် ပျံလွှားငှက်တစ်ကောင် အလား ပြေးထွက်သွားလေတော့၏။

တောင်ကုန်းသည် လမ်းခရီး ကြမ်းတမ်းခြင်း မရှိချေ။ သို့သော် တကယ်တက်သည့်အခါတွင်မူ တောင်ကုန်းသည် အတော်အတန် မြင့်မားကြောင်း တွေ့ရှိရသည်။

တောင်ကုန်းထိပ်သို့ ရောက်သောအခါ မည်သည့် ထူးခြားချက်မျှ မတွေ့ရချေ။ ကျင်းကို့က စုကျိုချွမ်ဆိုသူကို လှည့်ကြည့်သည်။



စုကျိုချွမ်က တစ်ဖက်တောင်ဆင်း လမ်းကလေးကို လက်ညှိုး ထိုးပြလေသည်။ ဤသို့ဖြင့် သူတို့သည် ထိုလမ်းအတိုင်း ဆက်လက် ပြေးကြလေတော့၏။

မကြာမီ ...

ဇရပ်တစ်ဆောင်ကို သူတို့ လှမ်းမြင်ကြရတော့သည်။ ဇရပ်ဆိုသည်မှာ လူသူလေးပါး တည်းခိုနားနေရာ အဆောင်ဖြစ်သည်။ ကုန်သည်များ၊ ဈေးရောင်း ခေါင်းရွက် အထမ်းသမားများ ဝင်ရောက်နားခိုကြသည်ကို အများအားဖြင့် တွေ့မြင်နိုင်ပေသည်။

သို့သော် ...

ယခု ဇရပ်ထဲတွင်တော့ ထိုသို့သော ခရီးသွားများကို တစ်ယောက်မျှပင် မတွေ့ရချေ။

ဇရပ်ထဲတွင် ရှိနေသည်ကတော့ လီလျန်း အဖွဲ့မှ အဖွဲ့သားများ၏ အလောင်းများပင် တွေ့ရတော့သည်။

အလောင်းများ အလယ်တွင် တွေ့ရသူမှာ ကျင်းကို့တို့ဆီမှ ပြေးထွက်သွားသူ အဘိုးအိုပင် ဖြစ်လေ၏။

ကျင်းကို့တို့နှင့်အတူ လီလျန်း အဖွဲ့ဝင်များ၊ သိုင်းလောကသားများ လိုက်လာကြရာ လီလျန်းအဖွဲ့မှ ခေါင်းဆောင်အဆင့်ရှိသူ တစ်ယောက် အော်ဟစ် မေးမြန်းလိုက်သည်။

"အစ်ကိုကြီး ... ကျွန်တော်တို့ အဖွဲ့သားတွေကို ဘယ်သူ သတ်ဖြတ်လိုက်တာလဲ"

သူ့အသံ၌ ဝမ်းနည်းကြေကွဲသံများ ပါနေသည်။ ထိုအဖွဲ့ထဲ၌ ကြီးပေါင်းများ၊ ငယ်ပေါင်းများ ရောင်းရင်းများ ပါရှိနေလေရာ ယခု သေဆုံးသွားသူ သုံးဆယ့်ခုနစ်ဦးထဲ၌ သူ့ငယ်ပေါင်း ရောင်းရင်း မည်မျှပါမည်ကို မပြောနိုင်ချေ။

အဘိုးအိုက ...

"ရန်သူဟာ လက်နက်နဲ့ ထိုးခုတ်သတ်ဖြတ်ခဲ့တာ မဟုတ်ဘူး"

မှန်ပေသည်။ ဇရပ်ထဲတွင် လဲကျသေဆုံး နေသော လူအများမှာ မျက်နှာများ ညိုရောင်သမ်းနေကြသည်။

စောစောက အဘိုးအိုအား မေးမြန်းသောလူသည် ဇရပ်ပေါ်သို့ ခုန်လွှားတက်ရောက် သွားပြီး အလောင်းများကို လိုက်လံစစ်ဆေးလေတော့၏။ သူသည် လူအားလုံး၏ ရင်ဘတ်များကို စမ်းကြည့်သည်။ မျက်လုံးများကို ဖြဲကြည့်သည်။ သူသည် ကြေကွဲဝမ်းနည်းစွာ ခေါင်းယမ်းလေ၏။

"အားလုံး အသက်မရှိ ကြတော့ဘူး အစ်ကိုကြီး ဒေ့ကုန်ပြီ၊ ဘယ်ကောင်တွေ သတ်သွားတာလဲ၊ ဘယ်ကောင်တွေ သဟ်သွားတာလဲကွ ... ဟေ"

သူသည် ဒေါသတကြီး အော်ဟစ်လိုက်သည်။

မြောင်အင်းသည် အလောင်းတစ်လောင်း ဘေးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး ထိုအလောင်းကို ကြည့်ရှုစစ်ဆေး လေ၏။ မြောင်အင်းသည် ထိုအလောင်းကို သေချာစွာ ကြည့်နေသဖြင့် အဘိုးအိုသည် မြောင်အင်းအနား လာရပ်ပြီး မေးမြန်းလေ၏။

"တူမောင် ... မင်း ... သူ့ကို သိသလားဟင်"

မြောင်အင်းမှာ မျက်နှာမကောင်းဘဲ ရှိလေ၏။ ထို့နောက် ထိုင်ရာမှထ၍ ဖြည်းညင်းစွာ ပြောသည်။

"ကျွန်တော် သူ့ကို သိတာပေါ့၊ သိပ်သိတာပေါ့၊ ကျွန်တော်ရဲ့ ဝမ်းကွဲညီ တော်စပ်တဲ့ လျှူကျင်းကွေ့ပဲ"

"ဩော် ... ဟုတ်လား၊ သူက တို့အဖွဲ့သားတော့ မဟုတ်ပါဘူး၊' လုံမင်း' အသင်းကပဲ၊ သူတို့အားလုံး သေဆုံးရတာ ထိခိုက်



ရှလို့ မဟုတ်ပါဘူး၊ အဆိပ်သင့်ပြီး သေကြတာပါ၊ သူတို့သင့်တဲ့ အဆိပ်က အဆိပ်ပြင်း ထူးခြားတဲ့ အဆိပ်မျိုး"

"အင်း ... တော်တော် ထူးခြားတဲ့ အဆိပ်မျိုးပဲ၊ သူတို့ဟာ ချက်ချင်းလဲကျ သေဆုံးသွားတာနဲ့ တူတယ်၊ ဘယ်ရန်သူကိုမှ ခုခံနိုင်စွမ်း ရှိကြဟန် မတူဘူး"

မြောင်အင်းသည် ပြောပြီး သက်ပြင်းချလေ၏။ သူတို့ ဤမှာဘက်တွင် ပြောဆိုနေသော အချိန်၌ တစ်ဖက်တွင် ကျင်းကို့သည် အလောင်းတစ်လောင်းကို စစ်ဆေးနေလေသည်။ သူသည် အလောင်းများ၏ ရင်ဘတ်များသို့ နားနှင့်ကပ်၍ နားထောင်နေသည်။ ပြီးမှ မတ်တတ်ထရပ်လေ၏။

"နောင်ကြီး မြောင်အင်း ... ဒီလူတွေ အားလုံး အသက်မထွက်ကြသေးပါဘူး၊ သူတို့ကို အမြန်ဆုံး ကယ်တင်လို့ ရပါသေးတယ်"

"ဟာ ... "

ကြားရသူများမှာ အားလုံး ဝမ်းသာအားရ ဖြစ်သွားကြ၏။

အဘိုးအိုက ...

"ဒီလိုဆိုရင် ဒီလူအားလုံးရဲ့ အသက်ကို ကယ်ပေးပါလို့ ကျုပ်ကပဲ တောင်းပန်ပါတယ်၊ ကယ်တင် ပေးပါနော်"

အဘိုးအိုသည် ကျင်းကို့အား လက်ဖမိုးအစုံယှက်၍ ဂါရဝပြုပြောကြားလေ၏။

ကျင်းကို့သည် သူ့ရင်ဖုံး အင်္ကျီအိတ်ထဲမှ ကြွေအိုးကလေးတစ်လုံးကို ထုတ်ယူပြီး အဖုံးဖွင့်သည်။

"ကဲ ... ညီလေး ချောင်လိန်လုံးနဲ့ နောင်ကြီး မြောင်အင်းတို့ လာ လက်ဖြန့်ခဲ့ကြ"

ချောင်လိန်လုံးနှင့် မြောင်အင်းတို့သည် လက်ဖြန့်ခဲ့ကြ၏။

ကျင်းကို့သည် သူတို့၏ လက်ဝါးပေါ်သို့ ဆေးလုံးကလေးများ သွ ချပေးလေ၏။

ဆေးလုံးများမှာ ရွှေရောင်တောက်ပနေသည်။

"ဒီဆေးဟာ သာမညဆေး မဟုတ်ပါဘူး၊ အဆိပ်ပေါင်း သင့်တာကို ဖြေနိုင်တဲ့ဆေးပါ၊ 'ကျင်းစုထွေ့ထု' ဆေးတော်ကြီးလ ခေါ်ပါတယ်၊ အခု ဒီလူတွေ အားလုံးဟာ အဆိပ်သင့်ပြီး သေနေ သလို ရှိပေမယ့် အမှန်တော့ မသေကြသေးပါဘူး"

လူအားလုံးသည် စိတ်ဝင်စားစွာ နားထောင်နေကြသည်။

ကျင်းကို့က ...

"သူတို့ နှလုံးတွေ ခုန်ပါသေးကယ်၊ သူတို့ရင်ဘတ်ကို သေ သေ ချာချာ နားထောင်ကြည့်ရင် နှလုံးခုန်သံ ကြားရမှာ ဖြစ်ပါတယ် ဟိုနောင်ကြီး ရင်ဘတ်ကို ကပ်ပြီး နားထောင်တာ သေသေ ချာချ နားထောင်တာ ဖြစ်ပေမယ့် အလွန်ဂရုမပြုပြီး နားထောင်မှသာ ရင်ခု သံကို သဲ့သဲ့သာ ကြားနိုင်ပါတယ်၊ ဒီတော့ ချောင်လိန်လုံး၊ မြောင်အင် တို့ဟာ အဆိတ်သင့်နေတဲ့ သူတွေရဲ့ ပါးစပ်ထဲကို ကျွန်တော်ပေးတဲ ဆေးတစ်လုံးစီ ခွံ့ပေးကြပါ၊ ကျွန်တော်ကလဲ ဒီဘက်က အဆိပ်သင သူတွေကို ဆေးလိုက်ခွံ့ပါ့မယ်၊ သူတို့ရဲ့ ပါးစပ်ထဲကိုခွံ့ပါ၊ နောက်ပြ လည်ပင်းကို ပွတ်ပြင်ပေးပါ။ ဒါမှ ဆေးဝမ်းထဲ ရောက်မယ်၊ ကျွန်တေ ဆေးအစွမ်း ပြမပြ ဆိုတာတော့ သူတို့ ကုသိုလ်ကံလဲ ပါပါတယ် တစ်ဝက်လောက် အသက်နဲ့ ပြန်ရရင် အမြတ်ပါပဲ"

ဤသို့ဖြင့် ...

ကျင်းကို့၊ ချောင်လိန်လုံးနှင့် မြောင်အင်းတို့သည် အဆိပ်သ နေသူများ၏ ပါးစပ်အတွင်းသို့ ရွှေရောင် ဆေးလုံးကလေးများက တစ်လုံးစီ ခွံ့ကျွေးကြလေ၏။



ကျင်းကို့က ပြောသည်။

"အဲ ... တစ်ခုတော့ သတိထားကြနော်၊ တစ်ယောက်ကို ဆေး တစ်လုံးစီပဲ ခွံ့ကြနော်၊ ဆေးနှစ်လုံးစီ ခွံ့မိရင်တော့ အဲဒီလူရဲ့ အသက်ကို ဘယ်လိုမှ ကယ်နိုင်မှာ မဟုတ်ဘူး"

ချောင်လိန်လုံးနှင့် မြောင်အင်းတို့သည် ဆေးခွံ့ပြီးသူများကို ထပ်မခွံ့မိစေရန်တစ်ဖက်သို့ ဆွဲယူပြီး တန်းစီထားကြလေ၏။

ကျင်းကို့က ...

"ကျွန်တော်တို့ အချိန်နည်းနည်း စောင့်ကြည့် ရဦးမှာဖြစ်ပါ တယ်၊ သူတို့မျက်နှာတွေမှာ စွန်းထင်းနေတဲ့ အညိုရောင်တွေ ပြောင်း ပြီး နဂိုအသားအရောင် ပြန်ဖြစ်သွားရင် သူတို့မှာ သင့်နေတဲ့ အဆိပ် တွေ ကျသွားပြီးလို့ ဆိုနိုင်ပါတယ်၊ အဲဒီ အဆိပ်တွေ ကျသွားရင် ကျွန်တော်က နောက်ဆေးတစ်မျိုး တိုက်ကျွေးရဦးမှာ ဖြစ်ပါတယ်၊ အဲဒီဆေးကို နောက်ဆုံး ခွံ့ပေးပြီးရင် သူတို့သတိရ လှုပ်ရှားလာကြ မှာပါ"

ကျင်းကို့သည် ရွှေရောင်ဆေးလုံး ကလေးများပါသော ကြွေအိုး ကလေးကို သူ့ရင်ဖုံးအင်္ကျီ အိတ်ထဲသို့ သေချာစွာ ပြန်ထည့်လေ၏။ ထို့နောက် သူတို့အားလုံးသည် အဆိပ်သင့်သူ အားလုံးကို အခြေ အနေ စောင့်ကြည့်နေကြလေ၏။

ဤသို့ စောင့်ကြည့် နေချိန်အတွင်း အဘိုးအိုသည် ကျင်းကို့ နှင့် စကားစမြည် ပြောဆိုနေတော့သည်။

"ဒါနဲ့ တူမောင် ကျင်းကို့ ... သူတို့ ထိသွားတဲ့ အဆိပ်က ဘယ်လို အဆိပ်များလဲကွယ်၊ ကြည့်ပါဦး၊ အားလုံး ခြေတွေလက် တွေ တောင့်တင်းပြီး အသေကောင်လို ဖြစ်နေကြတယ်၊ တူမောင်သာ အသေအချာ မစစ်ဆေးခဲ့မိရင် သူတို့အားလုံး သေပြီလို့ ကျုပ်တို့

ယူဆမိမှာပဲ၊ သူတို့ပုံစံကလဲ သေနေတဲ့ ပုံစံတွေကိုး၊ ကျုပ်က တွင်းတောင် တူးခိုင်းတော့မလို့"

ကျင်းကိုက ...

"ရန်သူဟာ အဘ လူတွေကို တခြားလက်နက်ပုန်းနဲ့ ပစ်ခတ်တာ မဟုတ်ပါဘူး၊ အဆိပ်ဆူးကလေးတွေနဲ့ ပစ်ခတ်လိုက်တာပါပဲ၊ သူတို့မျက်နှာတွေပေါ်မှာ သူတို့ လည်ပင်းတွေပေါ်မှာ အလွန်သေးငယ်တဲ့ အပေါက်ကလေးတွေကို သေသေချာချာ ကြည့်ရင်တွေ့နိုင်ပါတယ်၊ အဲဒီ ဒဏ်ရာပေါက် ကလေးတွေဟာ သေသေချာချာကြည့်မှ မြင်နိုင်ပါတယ်၊ အခု အဘတို့ ဒီကိစ္စကို ကြုံတွေ့သွားပြီ၊ ဒီလိုလူမျိုးတွေမှသာ ဒီဒဏ်ရာမျိုးကို သိနိုင်ပါတယ်၊ နို့မို့လို့ကတော့ ဘယ်လိုမှ မသိနိုင်ပါဘူး၊ အဆိပ်ဒဏ် သင့်တာတယ်လို့ပဲ သိနိုင်ပါတယ်။ သူတို့ဟာ အဲဒီ အဆိပ်ဆူးတွေ စူးမိပါတယ်၊ သူတို့ဟာ ဆစ်ခနဲ ဖြစ်သွားတော့ ခြင်ကိုက်တာလိုလို ပုရွက်ဆိတ် ကိုက်တာလိုလို ခံစားလိုက်ရတော့ အဲဒီနေရာကို လက်နဲ့ပွတ်သပ် မိပါလိမ့်မယ်၊ အဲဒအခါမှာ အဆိပ်ဆူး ကလေးတွေ ပြုတ်ကျသွားလိမ့်မယ်၊ ဒါကြောင့် အသားထဲမှာ အဆိပ်ဆူးတွေ နစ်ဝင်နေတာကို မတွေ့ကြရတာပဲ ဖြစ်ပါတယ်၊ ကြမ်းပြင်ပေါ်မှာ သေသေချာချာ ရှာခိုင်းပါ၊ သူတို့ကိုယ်ပေါ်က လွင့်စဉ်သွားတဲ့ အဆိပ်ဆူးကလေးတွေကို တွေ့နိုင်ပါလိမ့်မယ်၊ ဒါပေမယ့် တစ်ခုတော့ သတိပြုကြ အဲဒီ အဆိပ်ဆူးတွေကို မစူးမိကြပါစေနဲ့"

ထိုအခါ ...

သိုင်းသမား အများအပြားသည် အဆိပ်ဆူး ကလေးများကို ရှာဖွေကြလေတော့၏။

"ဟော ... ဒီမှာတွေ့ပြီ၊ ဒီဟာလေးပဲ ဖြစ်မယ်ထင်တယ်၊



ဆူးကလေးတွေက အပ်လို သေးသေးမျှင်မျှင် ကလေးတွေပဲ၊ ဒါပေမယ့် ဆူးတွေက အမည်းရောင်ဗျ၊ အဆိပ်ရှိမှန်း သိသာတယ်"

သိုင်းသမား တစ်ယောက်က ပြောသည်။

ကျင်းကိုက ...

"ခင်ဗျားက ဒီအကြောင်းအရာတွေ သိသွားရင် ဘယ်ဟာ အဆိပ်ရှိတယ်လို့ သိတာပါ၊ တကယ်လို့ ဒီက အကြောင်းအရာတွေ မသိပဲ ဒီအဆိပ်ဆူးကို တွေ့ရင် ဘယ်လိုလုပ် အဆိပ်ဆူးမှန်း သိမှာလဲ"

"ဟုတ်ပါတယ်၊ ကျုပ် မသိနိုင်ပါဘူး"

သိုင်းသမားက ဝန်ခံလေ၏။

အဘိုးအိုသည် အဆိပ်ဆူးကလေးကို မျက်မှောင်ကြုတ်၍ သေချာစွာ ကြည့်လေ၏။

"ဆူးကလေးတွေက အပ်ကလေးတွေထက်တောင် သေးမျှင်နေပါကလား၊ ဒါ ... ဘယ်လို ဆူးမျိုးပါလိမ့်"

အဘိုးအိုသည် လူအများ မြင်သာအောင် ဆူးကလေးကို ထောင်ပြလေ၏။

ကျင်းကိုက ရှင်းပြသည်။

"တရုတ်ပြည်တောင်ပိုင်း နယ်စပ်မှာ ကြီးမားတဲ့ တောအုပ်ကြီးတွေ ရှိတယ်၊ အဲဒီ တောအုပ်ကြီးထဲမှာ အဆိပ်ရှိတဲ့ သစ်ပင်ကြီးငယ်တွေ အများအပြား ရှိတယ်၊ အခု ဒီအဆိပ်ဆူးတွေကတော့ မြောင်တို့ဒေသမှာ ပေါက်ပါတယ်"

"တော်တော် ဝေးဝေး လံလံမှာ ပေါက်တဲ့ အဆိပ်ဆူးတွေပါ၊ ဒါတွေကို သူတို့မို့ ပြည်မရောက်အောင် ယူလာတယ်"

အဘိုးအိုက ဝေဖန်ချက်ပေးလိုက်၏။

ကျင်းကိုက ဆက်လက် ရှင်းပြ၏။

"အဲဒီအပင်က အဆိပ်နဂါးမြွေ အပင်လို့ ခေါ်တယ်၊ အဲဒီအပင်ရဲ့ အသွင်သဏ္ဍာန်က နဂါးတစ်ကောင်နဲ့ တူတယ်၊ အရွက်မရှိဘူး၊ အစိမ်းရောင်တောက်နေတဲ့ ဆူးတွေပဲ ရှိတယ်၊ ဒါပေမယ့် အဲဒီဆူးကလေးတွေကို ချိုးပြီး နေလှန်းလိုက်တဲ့ အခါမှာ အမည်းရောင် ပျံ့သွားတာပဲ၊ အဲဒီ အမည်းရောင်တွေက ပြင်းထန်တဲ့ အဆိပ်တွေပဲ"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"နဂါး အမွေးအမျှင် အဆိပ်ဆူးတဲ့၊ တယ်လဲ အဆိပ်ပြင်းလှပါကလား"

"အဆိပ်ပြင်းတာတော့ မပြောနဲ့ မြောင်တွေဟာ အဲဒီ အဆိပ်ဆူးကို အဆိပ်ဆူးအတိုင်း သုံးရုံမကဘူး၊ အဲဒီဆူးက အဆိပ်တွေကို ထုတ်ပြီးလဲ အသုံးပြုကြသေးတယ်"

"အင်း ... တခြား လက်နက်ပုန်းတွေထဲမှာလဲ သုံးမှာပေါ့"

အဘိုးအိုက ပြောသည်။

ကျင်းကို့က ...

"ကျွန်တော့်မှာပါတဲ့ အဆိပ်ဖြေဆေးဟာ သိုင်းလောကမှာ ရှားပါးလှပါတယ်၊ အဘတို့ အနေနဲ့ ကံဆုံလို့ ဒီဆေးကို မြင်ဖူးကြတာပါ၊ 'ကျင်းစုတွေ့ထု'ဆိုတဲ့ နာမည်ဟာ သိုင်းလောကမှာ တကယ်ကျော်ကြားပါတယ်၊ ဒါပေမယ့် ဆေးကို မြင်ဖူးတဲ့လူ မရှိသလောက်ပါပဲ၊ ကျွန်တော်ဟာ ဒီဆေးကို အလွန်ပဲ မြိုးခြံခဲ့ပါတယ်၊ ခုတော့ လူတွေအစုလိုက် အပြုံလိုက် သေမလို ဖြစ်နေတော့ ကျွန်တော် မမြိုးခြံနိုင်တော့ပါဘူး၊ ကျွန်တော့်ဆေးကို မြိုးခြံလိုက်လို့ အစုလိုက် အပြုံလိုက် သေသွားတာကို ကျွန်တော် မကြည့်ရက်ပါဘူး၊ ဒီတော့ ထုတ်သုံးရတာပေါ့"



"သူတစ်ပါး အသက်ကို ကယ်တယ်ဆိုတာ ကုသိုလ်ရပါတယ် မောင်ရယ်"

အဘိုးအိုက ကျေးဇူးတင်စွာ ပြောလေ၏။ ထို့နောက် ဆက်လက်ပြီး ...

"ဒီလူတွေ အားလုံးရဲ့ကိုယ်စား ကျုပ်ကပဲ ကျေးဇူးတင်စကား ပြောပါရစေ၊ ဒီလူတွေအားလုံး အဆိပ်ဖြေပြီး ပြန်ထလာနိုင်ရင်လဲ မောင်ရင်ကို အသက်သခင် ကျေးဇူးရှင်ဆိုပြီး အားလုံးကပဲ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြမှာပါ"

ကျင်းကို့သည် အဘိုးအို၏ စကားကြောင့် ရင်တွင်း၌ လှိုက်လှိုက်လှဲလှဲ ခံစားရ၏။ သူကယ်တင်ခဲ့သည့် လူပေါင်းမှာ သုံးဆယ့်ခုနစ်ယောက်တိတိ ရှိလေ၏။

သို့သော် မည်သူ့မှ မည်မျှ အသက်ရှင်မည်ဟု တပ်အပ်သေချာ မပြောနိုင်ပါပေ။

ဤသို့ရှိနေစဉ် ...

ကျင်းကို့၏ မျက်လုံးအစုံသည် ဇရပ်နောက်ဘက်ရှိ မြေနေရာပေါ်သို့ ရောက်ရှိသွား၏။ ဇရပ် အနောက်ဘက်တွင် ဖရဲသီးများ ပြန့်ကျဲနေသည်။ ကျင်းကို့က ဖရဲသီးများကို လက်ညှိုးထိုးညွှန်ပြလေ၏။

"ရန်သူဟာ သူတို့ကို အေးအေး ဆေးဆေး လုပ်ကြသွားတာပဲ၊ သူတို့ဟာ ရန်သူတွေဆီက ဖရဲသီး ဝယ်စားကြသေးတယ်၊ ရန်သူဟာ ဖရဲသီးရောင်းတဲ့ လူဟန်ဆောင်ပြီး လိမ္မာကျွမ်းကျင်စွာနဲ့ နဂါးအမွေးအမျှင် အဆိပ်ဆူးတွေနဲ့ ပစ်ခတ်လိုက်တာပါပဲ၊ အဲဒီဆူးတွေနဲ့ပစ်ပြီး ထွက်ပြေးကြတယ်လို့ ယူဆရတယ်၊ ဒါကြောင့် သူတို့ဟာ ဘယ်ရန်သူ တစ်ယောက်ကိုမှ မဖမ်းလိုက်နိုင်ဘူး"

အဘိုးအိုသည် သက်ပြင်းချရင်း အတုံးအရုံး လဲကျနေသူများကို ကြည့်လိုက်သည်။

"အင်း ... သိုင်းလောကမှာ လှုပ်ရှားရတာက အစစအရာရာ သတိရှိနိုင်မှ တော်ကာကျတာပဲ၊ သတိတစ်ချက် ကင်းလွတ်သွားခဲ့တာနဲ့ ရန်သူ့လက်ချက် မိသွားတာပဲ"

ကျင်းကို့က ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ သိုင်းလောကဟာ အင်မတန် ရှုပ်ထွေးတယ်၊ မျက်စိလဲလျင်၊ နားလဲလျင်မှ တန်ရာကျတယ်၊ တစ်ချက်ကလေး သတိလစ်တာနဲ့ အသက်ပျောက်ရတာပဲ"

လီလျန်အသင်းမှ သိုင်းသမားက အဘိုးအိုအား လှမ်းပြောသည်။

"အစ်ကိုကြီး ... သူတို့တစ်တွေ လှုပ်ရှားလာကြပြီ၊ အားလုံးပဲ မျက်နှာတွေကလဲ နဂိုအသားရောင် ဖြစ်သွားပြီ၊ ဒါပေမယ့် မျက်လုံးတွေကတော့ မဖွင့်နိုင်ဘူး၊ သူတို့နာမည် ခေါ်ကြည့်တော့ ထူးတယ်၊ ဒါပေမယ့် မထနိုင်ကြဘူး"

"ဟုတ်လား ... တူမောင်၊ အဆိပ်သင့် လူနာတွေကို ကြည့်ပေးပါဦး"

အဘိုးအိုက ကျင်းကို့အား ပြောလိုက်သည်။

ကျင်းကို့သည် အဆိပ်သင့်သူ လူတစ်ယောက်အား သွားရောက် မွေ့ထုကြည့်ပြီး ကြည့်ရှုစစ်ဆေးသည်။

"ကဲ ... ဒီလို စောင့်နေကြရင် အချိန်ကုန်လှပါတယ်၊ ကျွန်တော်တို့ လူနာတွေကို တစ်ယောက်စီ ထမ်းပိုးသွားရင် ကောင်းမယ်၊ အဘမှာလဲ လူအင်အား ကောင်းတာပဲ၊ ဒီလူအင်အားနဲ့ တစ်ယောက်စီ ထမ်းသွားရင် နိုင်ပါတယ်၊ ခရီးနှစ်လီလောက် ရောက်ရင်



သူတို့ ကောင်းကောင်း သတိရကြပါလိမ့်မယ်၊ အဲဒီတော့ ကျွန်တော် သူတို့ကို ဆေးတစ်မျိုးစီ ခွဲပေါ့မယ်၊ အဲဒီအခါကျရင် သူတို့လူကောင်းတွေ ဖြစ်ပါပြီ"

အဘိုးအိုက ...

"သူတို့ ကံကောင်းတယ်၊ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်လာကြတယ်၊ ကျုပ်က တချို့တစ်ဝက် ဖိတ်စင်မယ်လို့ ထင်ခဲ့မိတယ်"

"ဟုတ်တယ် အားလုံး ကံကောင်းတာပါပဲ၊ ကဲ ... ကျွန်တော်တို့ တစ်ယောက်စီ ထမ်းကြရအောင်"

ဤသို့ဖြင့် သူတို့သည် အဆိပ်သင့် လူနာများကို တစ်ယောက်စီ ပခုံးပေါ် ထမ်းလိုက်၏။

အဘိုးအိုက ...

"ကဲ ... ထိုက်ယင်မြို့ကို သွားကြစို့"

သူတို့သည် ကိုယ်စီ ကိုယ်စီ လူနာများကို ထမ်းပြီး ခရီးဆက်ကြလေတော့၏။

သူသည် တောင်ကုန်းကို ပြန်တက်ခဲ့ကြရပြီး မူလ လမ်းမပေါ်ရောက်အောင် လျှောက်ခဲ့ကြရသည်။ မကြာမီ မူလ လမ်းကြီးပေါ် ပြန်လည်ရောက် ရှိခဲ့ကြလေ၏။

သူသည် အဆိပ်သင့် လူနာများကို ထမ်းပြီး လျှောက်ခဲ့ကြသည်။ အတော်အတန် လျှောက်မိကြသောအခါ လက်ဝဲဘက် သစ်တောအုပ်ထဲမှ တစ်ချွမ်ချွမ်မြည်သံကို ကြားလိုက်ရတော့၏။ သံသံချင်း ထိခတ်သည့် အသံပင်။ ရှင်းရှင်းပြောရလျှင် ဓားဓားချင်း ခုတ်သည့် အသံမျိုးသာ ဖြစ်တော့သည်။

အဘိုးအိုက မျက်မှောင်ကြုတ်လိုက်၏။

"ဒါ ဓားချင်းခုတ် တိုက်ခိုက်နေတဲ့ အသံတွေ"

သူတို့သည် ခေတ္တရပ်ပြီး စားချင်းခုတ်သည့် အသံများကို နားထောင်နေကြသည်။ စားချင်းခုတ်သည့် အသံများမှာ ပေတစ်ရာ ငါးဆယ်ခန့်အကွာ လက်ဝဲဘက် တောအုပ်ထဲမှ ထွက်ပေါ်နေခြင်း ဖြစ်သည်။

မြောင်အင်းက ...

"ဒါ လူနှစ်ယောက်တည်း ယှဉ်ပြိုင်ခုတ်နေတာ မဟုတ်ဘူး၊ အသံထွက်ပုံက အမျိုးမျိုးပဲ၊ လူတော်တော် များများ တိုက်ခိုက်နေတဲ့ အသံပဲ"

မြောင်အင်း ခန့်မှန်းပြီး ပြောလိုက်သည်ကို ကျင်းကို့က အတိအကျ ဖြည့်စွက်ပြီး ပြောလိုက်လေ၏။

"လူရှစ်ယောက် တိုက်ခိုက်ခုတ်ထစ်နေကြတာပဲ"

အဘိုးအိုနှင့် သိုင်းသမားများသည် ကျင်းကို့အား ချီးကျူးသော အကြည့်ဖြင့် ကြည့်လိုက်ကြလေ၏။

## အခန်း(၇)

## စိတ်မကျေပွဲ တွေ့ဆုံနွှဲ

"ကဲ... လူနာတွေကို အောက်ချကြရအောင်၊ ကျွန်တော် လူနာတွေကို စစ်ဆေးကြည့်ရှုရဦးမယ်"

အဘိုးအိုနှင့် သိုင်းသမားများသည် လူနာများကို အောက်သို့ ချလိုက်ကြ၏။

ကျင်းကို့သည် လူနှစ်ယောက်မျက်နှာကို မျက်ခွံဖြဲပြီး စစ်ဆေးလေ၏။

ထို့နောက် ကျေနပ်စွာ ခေါင်းညိတ်သည်။

ထို့နောက် သူ့ရင်ဖုံး အင်္ကျီအိတ်ထဲမှ ဘူးကလေး တစ်ဘူးကို ထုတ်ယူပြီး အဖုံးဖွင့်သည်။ မြောင်အင်းနှင့် ချောင်လိန်လုံးအား ဆေးလုံးများ ပေးသည်။

"စောစောက ရွှေရောင်ဆေးလုံး၊ အခုတော့ ငွေရောင်ဆေးလုံး၊ ကဲ ... လူတွေကို တစ်လုံးစီ ခွံ့လိုက်ပါ၊ စောစောက အတိုင်းပဲပေါ့"

မြောင်အင်းနှင့် ချောင်လိန်လုံးက ဆေးများကို လက်ခံယူပြီး တစ်ယောက် တစ်လုံးစီ လိုက်လံ ခွံ့ကျွေးတော့သည်။ ပြီးလျှင် နှိပ်နယ် ပြုစုကြ၏။ ထို့နောက် လူနာများကို ခါယမ်းလှုပ်ကိုင်ကြ

သည်။ လူနာများသည် ပါးစပ်မှ ညည်းညူသံများ ပြုလုပ်ကြပြီး မျက်လုံးများ ပွင့်လာကြလေ၏။

သူတို့သည် ကျီးကြည့် ကြောင်ကြည့် ကြည့်ကြသည်။ ထို့နောက် ထထိုင်ကြတော့သည်။ လူနာများ ကောင်းစွာ သတိရရှိကြလေပြီ။

"ကျုပ်တို့ ဘယ်ကို ရောက်နေကြသလဲ"

လူနာတစ်ဦးက မေးလေ၏။

ထိုအခါ အဘိုးအိုက ရယ်ပြီး ...

"မင်းတို့ ဘယ်ကိုမှ မရောက်ဘူး၊ ထိုက်ယင်မြို့ကို သွားတဲ့ လမ်းမပေါ် ရောက်နေတာ"

လူနာ သုံးဆယ့်ခုနစ်ဦးစလုံး ဝေဒနာ ပျောက်ကင်းသွားကြပြီး အဆိပ်ဒဏ် ကင်းဝေးသွားကြသည်။ ထို့ကြောင့် အဘိုးအိုနှင့် သိုင်းသမားတို့မှာ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြရသည်။

"ကျွန်တော်တို့ကို ဘယ်သူကယ်တာလဲ"

အဆိပ်သင့် လူနာတစ်ဦးက မေး၏။

အဘိုးအိုက ရှင်းလင်း ပြောပြလိုက်သည်။

အဆိပ်သင့်လူနာ သုံးဆယ်ခုနစ်ဦး စလုံးသည် ကျင်းကို့က အဆိပ်ဖြေဆေးကျွေး၍ ကယ်ဆယ်ခဲ့ရကြောင်း သိခဲ့ရသဖြင့် ကျင်းကို့အား ရှိခိုးကန်တော့ကြလေ၏။ အချို့သူများသည် အကြိမ်ကြိမ် ဦးညွှတ်ဂါရဝ ပြုကြသည်။ ကျေးဇူးစကားလည်း အထပ်ထပ် ပြောကြသည်။

မြောင်အင်းက သူ့ညီဝမ်းကွဲ လျူကျင်းကွေ့၏ လက်ကိုဆွဲ၍ ပြောလေ၏။

"ဒီကနေ့ မင်းကံကောင်းတယ်၊ နောင်ကြီးကျင်းကို့ ငါနဲ့အတူ



ပါလာခဲ့လို့ပေါ့၊ နို့မဟုတ်ရင် သိုင်းသမား သုံးဆယ့်ခုနစ်ဦးစလုံး အသက်ဆုံးရှုံးကုန်ကြတော့မယ်"

လျူကျင်းကွေ့သည် ကျင်းကို့ကို အထပ်ထပ် ဂါရဝပြုလေ၏။

"နောင်ကြီး ကျင်းကို့ ပေးတဲ့ အသက်ပဲ ရှိပါတော့တယ်၊ အမေ အဖေ ပေးတဲ့အသက် မရှိတော့ပါဘူး၊ နောင်ကြီး ကျင်းကို့ကို ကျေးဇူးအထပ်ထပ် တင်ပါတယ်ဗျာ"

ကျင်းကို့က ပြုံးရယ်လိုက်ပြီး ...

"ကံဆုံကြတာပေါ့ကွာ၊ ကယ်နိုင်တဲ့ ဆေးလုံးတွေ ပါလာတာကို ကျေးဇူးတင်ကြ၊ ကဲ ... အဘ ... ဓားခုတ်သံတွေ ကြားနေရတဲ့ဆီ သွားကြည့်ကြရအောင်၊ သိုင်းသမားတွေလဲ အားလုံးအကောင်းပကတိ ဖြစ်သွားကြပြီပဲ၊ ဘာဖြစ်လို့ ဓားချင်းယှဉ်ခုတ် နေတာလဲဆိုတာ သိရအောင် သွားကြည့်ကြစို့"

"အင်း ... သွားကြတာပေါ့"

အဘိုးအိုက ပြောလိုက်သည်။

အဘိုးအို၊ ကျင်းကို့၊ ချောင်လိန်လုံးနှင့် မြောင်အင်းတို့ လူအုပ်ကြီးရှေ့မှ သွားကြသည်။

ထိုအခါ ...

လူအုပ်ကြီးထဲမှ လူငယ်တစ်ဦးသည် ပြေးထွက်လာလေ၏။ သူသည် အဘိုးအိုဆီသို့ ပြေးလာခြင်း ဖြစ်သည်။ သူသည် အဘိုးအို၏ လီလျန်းဂိုဏ်းမှ ဖြစ်သည်။

"အစ်ကိုကြီး ... အစ်ကိုကြီးကို ဇရပ်ထဲမှာ ဘယ်လိုအဆိပ်မိခဲ့တယ်ဆိုတာ မပြောပြရသေးဘူး"

အဘိုးအိုက ...

"ဟုတ်တယ် ... ပြောစမ်းပါဦးကွာ"

"ဒီလို အစ်ကိုကြီးရ၊ ကျွန်တော်တို့ အုပ်စုနဲ့အတူ ဇရပ်ထဲမှာ ဝင်နားနိုကြတာက ဖရဲသီးသည် တစ်စုပါ၊ ကျွန်တော်တို့ အုပ်စုလဲ ဝမ်းသာအားရ ဖရဲသီး ဝယ်စားကြတယ်၊ ကျွန်တော်တို့ ဖရဲသီးစားနေတုန်း ဖရဲသီး ရောင်းတဲ့လူက လက်ကိုဝှေ့ယမ်း လိုက်တာနဲ့ ကျွန်တော်တို့ မျက်နှာတွေ၊ လည်ပင်းတွေ ရှုံ့ခနဲ ဖြစ်သွားတယ်၊ အဲဒီလို ဖြစ်သွားတာနဲ့ မျက်လုံးတွေပြာပြီး လဲကျကုန်တာပဲ၊ ကျွန်တော်တို့ လဲအကျမှာ လူလေးဦး ဇရပ်ပေါ် ခုန်တက်လာကြတယ်၊ 'ခေါင်းပေါင်းနီဂိုဏ်း' သားတွေပဲ"

အဘိုးအိုက တက်ခေါက်လိုက်၏။

"ဩော် … ခေါင်းပေါင်းနီ ဂိုဏ်းသားတွေဟာ သူ၊ ဒို့ကို သိုင်းလောကသားတွေ မှုးပေါင်းတိုက်ခိုက်ကြတော့မယ်ဆိုတာ သတင်းရသွားလို့ အခုလို လမ်းခရီးမှာ ကြိုစောင့်ပြီး လုပ်ကြံကြတာကိုး၊ ဒီလိုဆိုရင် ခေါင်းပေါင်းနီ ဂိုဏ်းသားတွေဟာ တို့အုပ်စုတွေကို အဖျက်အဆီးလုပ်တော့မှာပေါ့၊ အဲဒီလိုဆိုရင် တို့အားလုံး သတိထားရလိမ့်မယ်၊ ရန်သူဟာ အချိန်မရွေး ထွက်လာပြီး တို့ကို တိုက်ခိုက်နိုင်တယ်"

အဘိုးအိုက ပြောလိုက်သည်။

ဇရပ်ထဲမှ အဖြစ်အပျက်ကို ရှင်းပြသော လူငယ်က …

"ကျွန်တော် ခု အားလုံးကိုလိုက်ပြီး သတိပေးလိုက်ပါမယ်"

"ကောင်းတယ် … ငါတို့အဖွဲ့က သိုင်းသမားတွေရော တခြားသိုင်းသမားတွေရော အားလုံးကို သတိပေးလိုက်ပါ၊ ခေါင်းပေါင်းနီဂိုဏ်းသားတွေရဲ့ အန္တရာယ်ဟာ အနီးကပ် ရှိနေတယ်လို့"

ထိုသိုင်းသမားလူငယ်သည် နောက်မှ အုပ်စုများဆီသို့ ပြန်ပြေးသွားကြလေတော့၏။



"ကဲ … ကျုပ်တို့ရှေ့ဘက်က စားခုတ်သံကြားတဲ့ ဘက်ဆီကို သွားကြစို့"

အဘိုးအိုက ပြောလိုက်ပြီး တောအုပ်ဆီသို့ ထွက်ခွာလေတော့၏။ သူတို့လျှောက်လာ ကြသောအခါ ထိုဓားခုတ်သံများသည် တိတ်ဆိတ်သွားလေ၏။

ကျင်းကို့က …

"အဘ … တိုက်ပွဲ ပြီးသွားပြီ၊ တစ်ဖက်ဖက်က အနိုင်ရသွားတဲ့ ပုံပဲ၊ ဒါကြောင့် တိုက်ခိုက်သံတွေ ငြိမ်သွားတာ"

အဘိုးအိုသည် ရှေ့ဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။

"ဟိုရှေ့မှာ ချောင်းကလေး တစ်ချောင်း ရှိနေပါကလား၊ တိုက်သံ ခိုက်သံတွေဟာ အဲဒီဘေးက ထွက်ပေါ်နေတာ မဟုတ်လား၊ အဲဒီချောင်းဘေးကို အရောက်သွားမှ တိုက်သူတွေကို တွေ့ရမှာ အဲဒီ ချောင်းဘေးကို အရောက်သွားကြစို့"

သူတို့သည် ခပ်သွက်သွက် သွားကြလေ၏။

ချောင်းဘေးသို့ အရောက်သွားကြသည်။

ချောင်းကမ်းပါးတွင် လူသုံးယောက် ရပ်နေကြသည်ကို တွေ့ရှိရလေ၏။

ထိုသူသုံးယောက်သည် လူရွယ်များ ဖြစ်ကြပြီး တစ်ယောက်က ဝတ်စုံဝါကို ဝတ်ဆင်ထားသည်။ တစ်ယောက်က ဝတ်စုံဖြူကို ဝတ်ဆင်ထားသည်။ ကျန်တစ်ယောက်က ဝတ်စုံနက်ကို ဝတ်ဆင်ထား၏။

"ဟာ … လက်စသတ်တော့ သူတို့ သုံးယောက်ပါလား"

မြောင်အင်းက ရုတ်တရက် ပြောလိုက်မိသည်။

ဝတ်စုံဝါ ဝတ်ထားသည့် လူသည် မျက်ခုံးကောင်းပြီး ချောမော

သော ရုပ်သွင်ရှိလေ၏။ မျက်လုံးအစုံမှာ ကြည်လည်တောက်ပနေသည်။ ခင်မင်နှစ်လိုဖွယ် ကောင်းသော ရုပ်ဆင်းသဏ္ဌာန် ရှိလေသည်။

ဝတ်စုံနက်နှင့် လူရွယ်မှာလည်း သက်လတ်ပိုင်း အရွယ်ပင် ဖြစ်သည်။ အသက်သုံးဆယ်ခန့် ရှိသည့် လူရွယ်တစ်ဦး ဖြစ်သော်လည်း မျက်နှာပြင်ကား ကြမ်းတမ်းခက်ထန် နေသည်။

ဝတ်စုံဖြူနှင့် လူရွယ်ကား မျက်နှာနီနီနှင့် ဖြစ်သည်။ သူ့မျက်နှာသည် တည်သည်။ အရယ်အပြုံး နည်းမည့် ပုံစံမျိုး ဖြစ်သည်။

"ဒီလူတွေ ဘယ်သူတွေပါလိမ့်"

ကျင်းကို့ နှုတ်မှ လွှတ်ခနဲ ထွက်သွားသည်။

မြောင်အင်းသည် သူ့အိတ်ထဲမှ မျက်နှာဖုံး တစ်ခု ကို အလျင်အမြန် ထုတ်ပြီး မျက်နှာကို စွပ်လိုက်၏။ သူသည် ရုပ်ဖျက်လိုက်ခြင်း ဖြစ်သည်။

"ဘယ်သူတွေ ဖြစ်ရမှာလဲ နောင်ကြီး ကျင်းကို့ ... နဂါးသုံးကောင်ကို နောင်ကြီး မကြားဖူးဘူးလား၊ အဲဒီ နဂါးသုံးကောင်ပဲပေါ့"

"သြော် ... သိပြီ၊ သိပြီ၊ ကျုပ်ကို ပြောထားတာပဲ"

"ဝတ်စုံဝါ ဝတ်ထားတဲ့ လူက ကျင့်ထင်းကျွီတဲ့၊ သူက အဝါရောင် နဂါးပဲ"

"သူ့မျက်နှာက တယ်ကြည့်ကောင်းပါလား"

"လူကသာ ကြည့်ကောင်းတာပါ၊ အကျင့်ကတော့ မကောင်းဘူး၊ လူသတ်ဖို့ပဲ စိတ်ကူးနေတာပဲ"

"ဒါကတော့ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းကိုး၊ အလကား နေရင်းတော့ လူတွေ လိုက်သတ်နေမယ် မထင်ပါဘူး"

"ဝတ်စုံဖြူ ဝတ်ထားတဲ့ နဂါးက ကျိုးဖေးလုံတဲ့၊ သူလဲ ဒီပုတ်ထဲက ဒီပဲပါပဲ"



"နောင်ကြီး မြောင်အင်းက သူတို့နဲ့ မတည့်တာနဲ့ သူတို့ မကောင်းကြောင်း ပြောနေသလား"

"မတည့်လို့ မဟုတ်ပါဘူးဗျာ၊ နဂါးသုံးကောင်အကြောင်း သိုင်းလောကသားတိုင်း သိတာပဲ၊ ဟိုအနက်ရောင် နဂါးကတော့ ကုကျင့်တောက်တဲ့ ဒီနဂါးသုံးကောင်ဟာ ကျုပ်ကို လိုက်ရှာကြဖူးတယ်၊ ကျုပ်နဲ့ တိုက်ခိုက်ခဲ့ဖူးတယ်၊ ကျုပ်က သူတို့ကို မနိုင်ပါဘူး၊ သူတို့ကလဲ ကျုပ်ကို မသတ်ပါဘူး"

"ဟား ... ဟား ... ဟား ... နောင်ကြီး မြောင်အင်းကို ဘာကြောင့် မသတ်တာ ကျွန်တော် သိပြီ၊ သူတို့က မေးတယ် မဟုတ်လား၊ ကျူးထင်းကြီး ဘယ်မှာ ရှိသလဲလို့"

"ဟုတ်ပါတယ်ဗျာ"

မြောင်အင်းသည် ကျင်းကို့ကို အံ့အားသင့်စွာ ကြည့်လေ၏။

"နောင်ကြီး ကျင်းကို့ ... ဘယ်လိုလုပ် သိသလဲ"

သူသည် ဆက်မေးလိုက်လေ၏။

ကျင်းကို့က ရယ်မောလိုက်သည်။

"မဆန်းပါဘူးဗျာ၊ ကျွန်တော်ကလဲ အဲဒီ မေးခွန်းကိုပဲ နောင်ကြီးကို မေးချင်နေတာကိုး၊ ဒါပေမယ့် စိတ်ချပါ၊ ကျွန်တော်က တခြားလူတွေလို ခင်ဗျားအပေါ်မှာ အကြမ်းပတမ်း မလုပ်ပါဘူး၊ ကျွန်တော်က မေးရုံတင် မေးမှာပါ၊ ဖြေတာ မဖြေတာကတော့ ခင်ဗျား သဘောပါပဲ"

သူတို့သည် ချောင်းနံဘေးသို့ ရောက်အောင် မသွားကြတော့ပေ။ နဂါးသုံးကောင်နှင့် အနီးကပ်ဆုံး တွေ့ရလျှင် ရှောင်လွှဲရခက်မည်စိုး၍ ဖြစ်သည်။ သူတို့သည် အဝေး၌ပင် ရပ်လိုက်၏။

"နဂါးသုံးကောင်ဟာ 'ခေါင်းပေါင်းနီ' ဂိုဏ်းသားတွေနဲ့

ပူးပေါင်းတိုက်ခိုက်ခဲ့တာပဲ၊ အခု သူတို့သုံးယောက် တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်ကြတော့မယ်"

သူတို့ သုံးယောက် တိုက်ခိုက်တော့မည့် အခြေအနေကို ကျင်းကို့ သိသည်။ ကျင်းကို့၏ သိုင်းပညာမှာ အလွန်အဆင့် မြင့်လှသဖြင့် လူများ၏ အနေအထားကို ကြိုတင်သိရှိလေ့ ရှိသည်။

အဘိုးအိုက မျက်မှောင်ကြုတ်၍ ပြောလိုက်၏။

"ရန်သူကို သူတို့သုံးယောက်ပူးပေါင်းပြီး တိုက်ခိုက်တယ်၊ အခု သူတို့အချင်းချင်း တိုက်မယ်၊ ဘယ်လိုပါလိမ့်"

ကျင်းကို့က သူကြားသိထားသမျှကို ရှင်းပြလိုက်သည်။

"နဂါးသုံးကောင်ဟာ သုံးယောက်ကွဲ ချစ်ချစ်ခင်ခင် နေကြတဲ့ လူတွေမဟုတ်ပါဘူး၊ တစ်သီးတစ်ခြားစီ လှုပ်ရှားကြတဲ့ တစ်ကိုယ်တော် သိုင်းသမားတွေပါ၊ တိုက်တိုက်ဆိုင်ဆိုင် နဂါးတွေဖြစ်သွားကြတာတော့ ကံကြမ္မာရဲ့ ဖန်တီးမှုပါ၊ သူတို့သုံးယောက်ဟာ အားပယောဂ ရှိရင်တော့ အားပယောဂကို အရင်တိုက်ကြတယ်"

ကျင်းကို့သည် ရှင်းပြပြီး နဂါးသုံးကောင်ဆီသို့ လှမ်းကြည့်လေ၏။

ထို့နောက် ...

ကျင်းကို့က ပြောလေ၏။

"သူတို့ တိုက်ကြတော့မယ်၊ ဒီလူတွေကတော့ ဘယ်သူ့ဂရုမစိုက်တဲ့လူတွေပဲ၊ ကျွန်တော်တို့ လူအုပ်ကြီးလာတာကို သူတို့ မမြင်တာမဟုတ်ပါဘူး၊ မြင်ရက်သားနဲ့ သူတို့ဂရုမစိုက်ကြတာ သူတို့အချင်းချင်း တိုက်ခိုက်ဖို့ပဲ ပြင်ဆင်နေတယ်၊ ကျွန်တော်တို့ လူစုကို ရှိတယ်လို့တောင်မထင်ဘူး"

အဘိုးအိုက ...



"ဒီလိုဆိုရင် ကျုပ်တို့ သူတို့ကို စောင့်နေကြရုံပဲ၊ သူတို့ တိုက်ခိုက်ပြီးမှ ချောင်းကို ဖြတ်ကူးနိုင်ကြတော့မှာ"

ကျင်းကို့က ခေါင်းယမ်းလိုက်၏။

သူတို့ တိုက်ပွဲပြီးစီးအောင် စောင့်နေကြလို့မဖြစ်ဘူး၊ သူတို့ တိုက်ပွဲက ဘယ်အချိန်လောက်ကြာမယ်မှန်း မသိတာ၊ မိုးချုပ်သန်းခေါင်အထိ ယှဉ်ပြိုင်နေကြရင် မခက်ဘူးလား၊ ကျွန်တော်တို့ အချိန်ကုန်ခံပြီး စောင်မနေနိုင်ဘူး"

မြောင်အင်းက ...

"ခုနေ ... သူတို့အားက ကျုပ်တို့ဖြတ်သန်းသွားပြန်ရင်လဲ သူတို့သုံးယောက်က ကျုပ်တို့အုပ်စုကို ရန်ပြုမှာ စိုးရသေးတယ်ဗျ"

နောက်အုပ်စုထဲမှ သိုင်းသမားအချို့က ပြောသည်။

"ရန်ပြုတော့လဲ တိုက်ကြရုံပေါ့ဗျာ၊ ကျုပ်တို့က လူများတာပဲ၊ ဒီလူတွေကုန်အောင်တော့ သူတို့ မသတ်နိုင်ဘူး၊ ဒီလူတွေမကုန်ခင် သူတို့သေမှာပဲ"

ကျင်းကို့က ရယ်မောလေ၏။

"ဟုတ်တယ်၊ သူပြောတာမှန်တယ်၊ သူတို့သုံးယောက်တည်းနဲ့ ဒီလူခုနှစ်ဆယ်ကျော်ကို ဘယ်လိုလုပ် တိုက်ခိုက်ဝံ့မှာလဲ၊ စည်းလုံးခြင်းသည် အင်အားတဲ့၊ ကျုပ်တို့ လူခုနှစ်ဆယ်ကျော် တကယ်စည်းလုံးရင် သူတို့ကြောက်သွားရမှာပဲ"

မြောင်အင်းက ခေါင်းယမ်းလိုက်သည်။

"ဒီကောင်တွေမှာ ဘာမှ အသိဉာဏ်ရှိတာ မဟုတ်ဘူး၊ တိုက်ချင်စိတ်ပေါ်ရင် တိုက်မှာပဲ၊ ဒီအရူးတွေနဲ့ ကျုပ်တို့ ရန်မဖြစ်တာ အကောင်းဆုံးပဲပေါ့"

ကျင်းကို့သည် အတန်ကြာစဉ်းစားနေလိုက်၏။

ခဏကြာမှ ...

"ကျွန်တော် အကြံအစည်တစ်ခုကို စဉ်းစားမိတယ်၊ နဂါးသုံးကောင်ဟာ ကျွန်တော်တို့ကို ရန်မရှာစေတဲ့နည်းပေါ့"

"ဘယ်လိုနည်းမျိုးလဲ"

"ကျွန်တော် တိုးတိုးပြောမယ်၊ ခင်ဗျား ကျွန်တော့်ပါးစပ်နားလာပြီး ကပ်နားထောင်ပါ၊ ကျွန်တော် ခင်ဗျားကို နည်းလမ်းတစ်ခု သင်ပေးလိုက်မယ်၊ ကျွန်တော့်နည်းက နောင်ကို နဂါးတွေကိုယ်တိုင် ခင်ဗျားကို အနှောင့်အယှက် မပေးရအောင် နည်းပဲ"

မြောင်အင်းသည် ကျင်းကို့ တိုးတိုးပြောသည့် စကားများကို နားထောင်လေ၏။

နားထောင်ပြီးသောအခါ ...

"ဒီလူတွေက ယုံပါ့မလား"

ကျင်းကို့က ...

"ယုံပါလိမ့်မယ်၊ ကဲ ... ခင်ဗျား မြန်မြန်သွား၊ ဟိုမှာ တိုက်ခိုက်ကြတော့မယ်၊ ခင်ဗျား မျက်နှာဖုံးကြီးလဲ ချွတ်သွားဦး၊ သူတို့ ခင်ဗျားကို မြောင်အင်း ဖြစ်ကြောင်း သိပါစေ၊ စိတ်ချ လက်ချ သွားစမ်းပါ၊ ခင်ဗျားကို တိုက်ရင် ကျုပ် ဝင်ကူမယ်"

ထိုအချိန်တွင် ...

နဂါးသုံးကောင်သည် စတင်တိုက်ခိုက်ကြပါတော့သည်။

"ချွမ် ... ချွမ်း ... ချွမ်"

"ဝှီး ... ဝှစ် ... ဝှစ် ... "

သူတို့သုံးယောက်သည် ငြိုးသူရန်ဘက်အလား ပြင်းပြင်းထန်ထန် သဲသဲမဲမဲ တိုက်ခိုက်ကြလေ၏။ သူတို့အပြင်းအထန် တိုက်နေစဉ် သူတို့ရှိရာသို့ လူတစ်ယောက် လျှောက်လာကြောင်း တွေ့



လေ၏။ ထို့ကြောင့် သူတို့သုံးဦးသည် လက်နက်များကို ရုပ်သိမ်းပြီး ခန်ဆုတ်လိုက်ကြလေ၏။

သူတို့ အံ့အားသင့်သွားသည်။

လာနေသူမှာ မြေပုံကြီး မြောင်အင်း ဖြစ်နေသောကြောင့်ပေကည်း။ မြောင်အင်းသည် သူတို့ကို ရှောင်ရှားရမည့်သူ ဖြစ်သည်။ ယခု သူတို့ရှိရာ ဆိုက်ဆိုက် မြို့က်မြို့က် လာနေသည်။ အဘယ်ကြောင့် မြောင်အင်း သူတို့ရှိရာသို့ လာနေသည်ကို သူတို့မစဉ်းစားတတ်ချေ။

သူတို့သည် မြောင်အင်းကိုအဆန်းတကြယ်သတ္တဝါတစ်ကောင်အလား ဝိုင်းကြည့်နေကြတော့၏။

✿ ✿ ✿

# အခန်း(၈)

## လျှို့ဝှက်ချက်ကို မြေမြှုပ်ခြင်း

နဂါးဝါက လှမ်းပြောလေ၏။

"မြေပုံကြီး ခင်ဗျား လာဝှံသေးသကိုး ..."

မြောင်အင်းက ဟက်ဟက် ပက်ပက် ရယ်မောလိုက်လေသည်။

"ဟုတ်ကဲ့ ... ကျုပ်လာခဲ့ပါတယ်"

"ခင်ဗျား သတ္တိကိုတော့ ကျုပ် ချီးကျူးတယ်"

"မချီးကျူးပါနဲ့၊ ကျုပ်ဆုံးဖြတ်ချက် တစ်ခု ချပြီးလို့ လာတာပါ၊ နို့မို့ရင် မလာရဲပါဘူး"

နဂါးနက်က ...

"ဘာဆုံးဖြတ်ချက်များ ချလိုက်လို့လဲ"

နဂါးနက်သည် စကားကို တစ်လုံးချင်းပြောတတ်သည်။

ထို့ပြင် ...

သူ့လေသံသည် အေးစက်မာကျောနေသဖြင့် တော်ရုံ၊ တန်ရုံလူသည် လန့်ဖျပ်သွားပေမည်။

မြောင်အင်းက ...



"မိတ်ဆွေသုံးယောက်သိချင်တဲ့ မေးခွန်းတစ်ခုရှိတယ်၊ မဟုတ်လား"

နဂါးဝါက ...

"ဟုတ်တယ် ကျူးထင်းကြီး ဘယ်မှာရှိတယ်ဆိုတဲ့ မေးခွန်းပဲ"

"အခု ကျုပ်ဆုံးဖြတ်ချက် ချလိုက်ပါပြီ၊ မိတ်ဆွေတို့က ကျုပ်အပေါ် ရန်သူလို ဆက်ဆံတာကိုလည်း မခံယူတော့ပါဘူး"

"ဖွင့်ပြောမယ်ဆိုပါတော့"

နဂါးနက်က အေးစက်စက်ပြောသည်။

"ဟုတ်တယ်၊ ကျုပ်ဖွင့်ပြောပါတော့မယ်"

နဂါးဖြူက မြောင်အင်းကို လှမ်းငေါက်သည်။

"ခင်ဗျား မပြောနဲ့ဦး၊ ကျူးထင်းကြီး ဘယ်မှာရှိတယ်ဆိုတာ ကျုပ် တစ်ယောက်တည်းကိုပဲ ပြောရမယ်၊ သူတို့ ရှေ့မှာ မပြောရဘူး"

နဂါးဝါကလည်း အရေးတကြီး ပြောသည်။

"မြေပုံကြီး မြောင်အင်း၊ ခင်ဗျား ကျုပ်ကိုပဲ ပြောရမယ်၊ သူတို့ကို လုံးဝမပြောရဘူး"

နဂါးနက်ကလည်း ...

"ခင်ဗျား သူတို့ကို ပြောရဲပြောကြည့်၊ ခေါင်းနဲ့ကိုယ် အိုးစားကွဲပြီလို့သာ မှတ်ပေတော့"

မြောင်အင်း ခေါင်းကုပ်သည်။

"ကျုပ် ဘယ်သူ့ကိုမှ မပြောရဲတော့ပါဘူးဗျား၊ ခင်ဗျားတို့အားလုံးက ခြိမ်းခြောက်နေတာပဲ၊ တစ်ယောက်ကို ပြောရင် တစ်ယောက်က သတ်မယ် ပြောနေတော့ ကျုပ်ဘယ်သူ့ကို ဖွင့်ပြောရမှာလဲ၊ ခက်တာပဲဗျာ"

ထိုစဉ် ...

နဂါးဖြူက နဂါးဝါအား လှမ်းဝေါက်လိုက်သည်။

"ခင်ဗျား နောက်ဆုတ်လိုက်ပါ ကျွင့်ထင်းကျို၊ ရှေ့မတိုးပါနဲ့"

ကျင့်ထင်းကျိုသည် ဓားကို ဆွဲထုတ်လိုက်၏။

"ရှုမ် ..."

နဂါးဝါက နဂါးဖြူအား တိုက်ခိုက်ရန်ဟန်ပြင်သည်။

နဂါးဖြူ ကျိုးဖေးလုံသည် နဂါးနက်ကိုပါ လက်ညှိုးထိုး၍ ပြောလေ၏။

"ခင်ဗျားလဲ နောက်ဆုတ်ပါ၊ ကျုပ်တစ်ယောက်တည်း ဒီကိစ္စကို သိခွင့်ရှိတယ်"

မြောင်အင်းသည် စိတ်ထဲ၌ ကျိတ်၍ ဝမ်းသာနေ၏။

ကျင်းကို့သည် ရန်သူများ ဤသို့ ဖြစ်လိမ့်မည်ကို ကြိုတင်သိ၏။

"တော်လဲ တော်တဲ့လူပဲ ... တကယ်ကို ဒီလိုဖြစ်လိမ့်မယ်ဆိုတာကို သူမို့လို့ ကြိုတင်သိနေတယ်"

မြောင်အင်းသည် ကျင်းကို့ကို ကျိတ်၍ ချီးကျူးနေ၏။

ယခုအခါ ...

နဂါးသုံးကောင်သည် တစ်ဦးကိုတစ်ဦး တိုက်ခိုက်ကြပေတော့မည်။

မြောင်အင်းက ...

"ဒီမှာ မိတ်ဆွေတို့ ခင်ဗျားတို့ တိုက်ခိုက်နေကြရင် ဘယ်လောက် ကြာမယ်ဆိုတာ ဘယ်သူမှ ခန့်မှန်းနိုင်တာမဟုတ်၊ နောက်ပြီး ကျုပ်ကြားရသလောက် ခင်ဗျားတို့ဟာ စွမ်းရည်ချင်း တူနေကြတယ်



သို့ ကြားတယ်၊ တစ်နေ့လား၊ တစ်ညလား၊ နှစ်ညလား ဘယ်လောက်ကြာမယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး၊ ခင်ဗျားတို့ အရှုံးအနိုင်ပေါ်အောင် ကျုပ် မစောင့်နိုင်ဘူး၊ ကျုပ်မှာ ကိစ္စရှိသေးတယ်"

နဂါးဝါက ...

"ခင်ဗျားစောင့်ရမှာပေါ့၊ ကျုပ်တို့က ဒီမှာ အကြိတ်အနယ်ပွဲရမှာ"

မြောင်အင်းက ...

"မစောင့်နိုင်ဘူးဗျာ၊ ကျုပ်မှာ ကိစ္စ ရှိနေတယ်ဗျ"

"ဒါဖြင့် ခင်ဗျား ဘယ်လို လုပ်မှာလဲ"

နဂါးဝါက ဝင်ပြောသည်။

မြောင်အင်းက ...

"ကျုပ်အရေးကြီးတဲ့ ကိစ္စနဲ့အမြန်ဆုံး သွားရမှာဗျ၊ ဒီတော့ ဒီလိုလုပ်မယ်၊ ကျုပ်က ကျူးထင်းကြီး ဘယ်မှာ ရှိတယ်ဆိုတာကို ကျောက်တုံး တစ်တုံးပေါ်မှာ ရေးပါမယ်၊ အဲဒီကျောက်တုံးကို မိတ်ဆွေတို့ ရှေ့မှာပဲ မြေကြီးထဲ မြှုပ်ထားလိုက်ပါမယ်၊ အဲဒီနေရာကို မိတ်ဆွေတို့ ကြည့်ထားပေါ့"

နဂါးသုံးကောင်က ခေါင်းညိတ်သည်။

မြောင်အင်းက ဆက်ပြောလေ၏။

"မိတ်ဆွေတို့လဲ တစ်ယောက်ကို တစ်ယောက် နိုင်အောင်တိုက်ကြ၊ ကြိုက်သလောက်အချိန်ယူနိုင်တယ်၊ နိုင်တဲ့လူက ကျောက်တုံးကိုဖော်ပြီး ကြည့်ပေါ့၊ ကျုပ်လဲ ကျောက်တုံးမြှုပ်ပြီးရင် သွားချင်ရာ သွားနိုင်ပြီပေါ့"

နဂါးနက်က အေးစက်စွာ ပြောလေ၏။

"ခင်ဗျား ကျုပ်တို့ကို လှည့်ဖြားမယ်မကြံနဲ့၊ ဒီတစ်ခါ၊ လှည့်

ဖြားခဲ့ရင် သူတို့နှစ်ယောက်က မသတ်ပေမယ့် ကျုပ်ကတော့ ခင်ဗျားကို ကျိန်းသေ လိုက်သတ်မှာပဲ"

မြောင်အင်းက လေသံ ပျော့ပျော့ဖြင့် ပြောလိုက်၏။

"ကျုပ် မလှည့်ဖြားပါဘူးဗျာ၊ အခု ကျုပ် မိတ်ဆွေတို့ကို ကိုယ့်သဘောနဲ့ကို လာရှာတာကိုပဲ ကြည့်ပါ၊ ကျုပ်သာ လာမရှာရင် မိတ်ဆွေတို့ ကျုပ်ကို ဘယ်လိုမှ ရှာတွေ့နိုင်မှာ မဟုတ်ပါဘူး"

နဂါးဝါက ...

"ဒါတော့ ဟုတ်တယ်"

ကျန်နဂါးနှစ်ကောင်ကလည်း ခေါင်းညိတ်လက်ခံကြသည်။

နဂါးဝါက ...

"ကောင်းပြီ၊ ခင်ဗျား အလုပ်စနိုင်ပြီ"

"ကျုပ် ကျောက်တုံးပေါ်မှာ စာရေးမယ်"

"ရေးပါ၊ ကျုပ်တို့အားလုံး မြင်ရမယ့်နေရာမှာ မြှုပ်ပါ"

မြောင်အင်းသည် နဂါးဝါပြောသည်ကို ခေါင်းညိတ်လိုက်၏။ လက်သီးဆုပ်သုံးလုံးခန့်ရှိသော ကျောက်တုံးတစ်တုံးကို ရှာဖွေကောက်ယူကာ စာလုံးရေးခြစ်သည်။ ပြီးလျှင်အများမြင်သာသည့်နေရာတွင် မြေမြှုပ်လေ၏။

"ကဲ ... ကျောက်တုံးကို မြှုပ်ပြီးပါပြီ၊ ကျောက်တုံးမြှုပ်ထားတဲ့နေရာကို သစ်ကိုင်းလေးတစ်ကိုင်း မှတ်မိအောင်ထိုးစိုက် အမှတ်အသားပြုထားတယ်၊ ခင်ဗျားတို့ သူနိုင် ကိုယ်နိုင် တိုက်ခိုက်နိုင်ပါပြီ၊ နိုင်လို့ တစ်ယောက်တည်းကျန်တဲ့လူက ကျောက်တုံးကို ဖော်ကြည့်ပေတော့"

မြောင်အင်းသည် ကျိတ်ပြုံး၍ သူ့လူစုရှိရာသို့ ပြန်လျှောက်လာလေ၏။



နဂါးသုံးကောင်သည် ချက်ချင်းဆိုသလို တစ်ယောက်နှင့်တစ်ယောက် အနိုင်မခံ အရှုံးမပေးဘဲ တိုက်ခိုက်ကြတော့သည်။ သူတို့သည် ကျင်းကို့တို့ လူစုကို ဂရုမစိုက်နိုင်ပေ။ တစ်ယောက်ကိုတစ်ယောက် အနိုင်ရရန်သာ ဦးတည်တိုက်ခိုက်နေကြလေ၏။

သူတို့ အပြင်းအထန် တိုက်ခိုက်နေစဉ် မြောင်အင်းသည် ကျင်းကို့တို့ ရှိရာသို့ ပြန်လာလေ၏။

ကျင်းကို့ ရှေ့သို့ရောက်သောအခါ ...

"ကဲ ... ပြီးသွားပြီ၊ ဘာဆက်လုပ်ရမလဲ"

ကျင်းကို့က

"အဘတို့ အုပ်စုက အရင်သွားနှင့်ကြပါ၊ ကျွန်တော် နဂါးသုံးကောင်တိုက်ခိုက်ပုံကို ခဏစောင့်ကြည့်လိုက်ဦးမယ်၊ နောက်ပြီးမှ ကျွန်တော် လိုက်ခဲ့မယ်"

"တူမောင် နဂါးသုံးကောင်ရဲ့ တိုက်ပွဲကို ကြည့်မလို့ဆိုရင် သူတို့ ဓားကွက်တွေကို မှတ်မလို့နဲ့ တူတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် သူတို့ရဲ့ ဓားကွက်တွေကို ခဏလောက်အချိန်ယူပြီး အကဲခတ်ကြည့်ချင်လို့ပါ"

အဘိုးအိုသည် အဆိပ်သင့်ရာမှ ပြန်ကောင်းနေသူများနှင့်ယခင်ပါလာသည့် လူများကို ပြောလိုက်သည်။

"ကဲ ... ကိုယ့်လူတွေ အားလုံးသွားကြစို့"

အဘိုးအိုသည် သူ့လူအားလုံးကို ခေါ်ကာထွက်သွားသည်။

မြောင်အင်းသည် အဘိုးအိုနှင့်အတူ လိုက်သွားသည်။

"နောင်ကြီး ကျင်းကို့၊ ကျုပ် မနေခဲ့တော့ဘူး၊ တော်ကြာ နဂါးသုံးကောင် မြင်သွားရင် ကျုပ်ကို အထင်လွဲနေမယ်"

"လိုက်သွားပါ၊ ကျွန်တော်တို့ ထိုက်ယင်မြို့မှာ ဆုံကြတာပေါ့"

အဘိုးအို၊ မြောင်အင်းနှင့် သိုင်းသမားများသည် ထွက်ခွာသွားကြလေ၏။

ကျင်းကို့အနီးတွင် ချောင်လိန်လုံး တစ်ယောက်သာ ကျန်ရစ်ခဲ့လေ၏။ ဤသို့ ကျန်ရစ်ခဲ့ခြင်းမှာ ကျင်းကို့က ချန်နေရစ်ရန် ပြောကြားထား၍ ဖြစ်ပေသည်။

အဘိုးအို၊ မြောင်အင်းနှင့် သိုင်းသမားများသည် ချောင်းကို ဖြတ်သန်းသွားကြလေ၏။

ထိုလူစု တစ်ဖက်ကမ်းသို့ ရောက်သွားမှ ချောင်လိန်လုံးက ကျင်းကို့အား မေးသည်။

"အစ်ကိုကျင်း ... ကျွန်တော်တို့ ဒီကပဲ စောင့်ကြည့်ရမယ် မဟုတ်လား"

ကျင်းကို့က ခေါင်းညိတ်ပြသည်။

"ဒီကပဲ စောင့်ကြည့်ပါ၊ ကဲ ... ကျုပ်သွားမယ်"

ကျင်းကို့ ထွက်သွားသည်။ သူသွားသည်မှာ အခြားနေရာသို့ မဟုတ်ပေ။ နဂါးသုံးကောင်တိုက်ခိုက်သည့်နေရာသို့ ဖြစ်လေသည်။ နဂါးသုံးကောင်နှင့် မလှမ်းမကမ်း၌ရပ်ပြီး အော်ပြောသည်။

"နဂါးသုံးကောင်ရဲ့ ဓားသိုင်းဟာ တကယ် ကောင်းတယ်လို့ သိုင်းလောကမှာ သတင်းကြားရတယ်၊ ခုကြည့်တော့လဲ ဘာမှ မဟုတ်ပါလား"

နဂါးသုံးကောင်၏ တိုက်ခိုက်မှုသည် တန့်ခနဲ ရပ်သွားကြလေ၏။ နဂါးသုံးကောင်သည် ကျင်းကို့ကို ကြည့်သည်။ သူတို့အား လာရောက် ဝေဖန်နေသော သူကို သူတို့သုံးယောက်စလုံး ဒေါသထွက်သွားလေ၏။

"မင်း ဘယ်သူလဲ"



ကျင်းကို့ ရယ်နေလေ၏။

"တို့တိုက်ခိုက်နေတာကို လာကြည့်ပြီး ဝေဖန်ရအောင် မင်းက ဘာမို့လို့လဲ"

နဂါးဝါက မေးလိုက်လေ၏။

ကျင်းကို့သည် လက်ဖမိုးအစုံ ယှက်ကာ ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ကျွန်တော့်နာမည် ကျင်းကို့လို့ ခေါ်ပါတယ်၊ သိုင်းလောကထဲ ဝင်လာတာ မကြာသေးပါဘူး၊ နောင်ကြီးတို့နဲ့စာရင် ကျွန်တော်ဟာ အကင်းလောက် ရှိပါသေးတယ်၊ နောင်ကြီးတို့ ကျွန်တော့်နာမည်ကို ကြားဖူးကြမယ် မထင်ပါဘူး"

နဂါးနက်က ...

"သိုင်းလောကထဲ ဝင်လာတာ မကြာသေးတဲ့လူက ခုန ဝေဖန်တဲ့ စကားမျိုးကို ပြောရသလား"

"ဒါကတော့ ကျွန်တော့်အမြင်ကို ပြောတာပါ"

နဂါးဝါသည် စိတ်ရှုပ်ထွေးသွားဟန်ဖြင့် ...

"ကျုပ်တို့ ဒီမှာ တစ်ယောက်ကို တစ်ယောက် အနိုင်ရအောင် ယှဉ်ပြိုင် တိုက်ခိုက်နေတယ်၊ ခင်ဗျားနဲ့ အာလာပသလ္လာပ စကားပြောဖို့ အချိန်မရှိဘူး၊ အခု ခင်ဗျား သွားစရာရှိတယ် မဟုတ်လား၊ ကျုပ်တို့ကို ဘာမှ ဝေဖန်မနေတဲ့၊ ကိုယ့်လမ်း ကိုယ်သွားပါ"

နဂါးဖြူက ပြောလိုက်၏။

"ကဲ ... အလကား ဘာမဟုတ်တဲ့ လူနဲ့ ဆက်ပြီး စကားပြောမနေစမ်းပါနဲ့၊ အချိန်ကုန်တယ်၊ ကျုပ်တို့ ပြန်တိုက်ကြမယ်"

နဂါးသုံးကောင်သည် ကျင်းကို့အား မကြည့်ကြတော့ချေ။ သူတို့သုံးယောက် မျက်နှာချင်း ပြန်ဆိုင်လိုက်ကြသည်။

ကျင်းကို့က အော်ဟစ်တားမြစ်လေ၏။

"နေကြပါဦးခင်ဗျာ၊ ကျွန်တော်က စေတနာနဲ့လာပြီး သတိပေးတာပါ၊ ခင်ဗျားကို့ တိုက်နေတာ ပြီးသွားရင် တိုက်မောကြီးဖြစ်မှာစိုးလို့ပါ"

နဂါးသုံးကောင်တို့သည် ကျင်းကို့၏ စကားကြောင့် သို့လော သို့လော ဖြစ်သွားကြသည်။ သူတို့သည် တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။ သူတို့သည် ကျင်းကို့ဘက်သို့ မျက်နှာ လှည့်လာကြလေ၏။

ကျင်းကို့က ဆက်ပြောလေ၏။

"ခင်ဗျားတို့ ဆက်မတိုက်ကြပါနဲ့၊ ကျွန်တော်ပြော စကားကို ဆုံးအောင် နားထောင်ကြပါ၊ ကျွန်တော့်စကား နားထောင်ပြီးမှ ခင်ဗျားတို့ ဆက်တိုက်ချင် ဆက်တိုက်ကြပါ"

နဂါးနက်က စိတ်မရှည်စွာ ပြောလေ၏။

"ခင်ဗျားပြောမယ့် စကားကို ပြောလိုက်ရင် ပြီးနေပြီ၊ ခင်ဗျားဟာ အလကား လေရှည်နေတယ်၊ အချီးနှီးဒါန်းတွေ ပြောနေတယ်၊ လိုရင်းစကားကို မပြောဘူး"

ကျင်းကို့သည် နဂါးသုံးကောင်စိတ်မရှည်အောင် အချိန်ဆွဲ၍ စကားပြောနေခြင်းဖြစ်သည်။ နဂါးသုံးကောင် သူပြောမည့်စကားကို သိချင်လေလေဖြစ်မှ ဖွင့်ပြောမည်ဟု ဆုံးဖြတ်ထားသည်။ ယခု သူပြောမည့် စကားကို နဂါးသုံးကောင် သိချင်နေလေပြီ။

✪ ✪ ✪

# အခန်း(၉)

## ရှင်းလင်းချက်

ကျင်းကို့က ပြောလိုက်သည်။

"ခင်ဗျားတို့ တိုက်နေတာကို ကျွန်တော် သိပါတယ်၊ ခင်ဗျားတို့ဟာ မြေမြှုပ်ထားတဲ့ ကျောက်တုံးအတွက် ခုလိုတိုက်နေကြတာ မဟုတ်လား၊ ကျွန်တော် ပြောလိုက်မယ်၊ အဲဒီကျောက်တုံးမှာ ကျူးထင်းကြီး ဂယ်မှာ ရှိတယ်ဆိုတာ မရေးခြစ်ထားဘူးဗျ"

နဂါးဖြူသည် ဒေါသထွက်သွားလေ၏။

"ဟင် ... ဟုတ်လား၊ ဒီလိုဆိုရင် မြေပုံကြီး မြောင်အင်းကျုပ်ဘို့ကို လှည့်ဖြားသွားပြန်ပြီပေါ့"

နဂါးသုံးကောင်သည် တောက်တစ်ခေါက်ခေါက်နှင့် ဖြစ်ကုန်သည်။

သူတို့အားလုံးပင် မြောင်အင်းကို ဒေါသ ဖြစ်သွားကြလေ၏။

နဂါးဝါက ကျန်နဂါးနှစ်ကောင်ကို မေးလိုက်သည်။

"ကဲ ... ကျုပ် အဲဒီကျောက်တုံးကို မြေကြီးထဲက သွားဖော်မယ်၊ ခင်ဗျားတို့ နှစ်ယောက် သဘောတူသလား"

နဂါးနက်က အကြံပေးသည်။

"ကဲပါ ... မထူးပါဘူးဗျာ၊ သုံးယောက်စလုံး အတူတူ သွားပြီး ဖော်ကြည့်ကြတာပေါ့"

ဤသို့ဖြင့် ...

နဂါးသုံးကောင်တို့သည် ကျောက်တုံး မြှုပ်နှံထားသည့်နေရာသို့ အတူလျှောက်သွားကြလေ၏။ ထိုနေရာတွင် သစ်ကိုင်းကလေး တစ်ကိုင်း စိုက်ထားသည်။ နဂါးနက်က မြေကြီးကို တူးဖော်ပြီး ကျောက်တုံးကို ယူလိုက်၏။

ကျောက်တုံးပေါ်တွင် စာများရှိသည်။ အတွင်းအားသုံးပြီး သံစူးဖြင့် ရေးခြစ်ထားသော စာများရှိသည်။ နဂါးသုံးကောင်သည် ခေါင်းချင်းဆိုင်၍ စာကို ဖတ်ရှုလေ၏။

"မိတ်ဆွေသုံးဦး သိစေရန်မှာ ...

မိတ်ဆွေတို့သည် ကျူးထင်ကြီး ရှိသည့်နေရာကို အလွန် သိချင်နေကြသည်။ ကျူးထင်ကြီးရှိသည့် နေရာကို သိရှိမှလည်း မိတ်ဆွေတို့သည် လျှို့ဝှက်ရတနာသိုက် တည်ရှိရာကို သိရှိနိုင်မည် မဟုတ်ပါလော။ ယခု–ကျူးထင်ကြီးသည် "မြေရှင်းသူ" သိုင်းသမား၏ လက်တွင်းသို့ ကျရောက်သွားခဲ့လေပြီ၊ ထို "မြေရှင်းသူ" သိုင်းသမားကို မိတ်ဆွေတို့ သိချင်လည်း သိမည်၊ မသိဘဲလည်း ရှိချင်ရှိမည်။ ကျုပ်ပြောလိုသည်မှာ ... ထို မြေရှင်းသူ သိုင်းသမား ဆိုသူသည် လျန်းဂိုဏ်းသား အတော်များများကို သတ်ခဲ့သူ၊ ရှင်းလင်းခဲ့သူ ဖြစ်နေခြင်းပင်တည်း။ မိတ်ဆွေတို့သည် ကျူးထင်ကြီးအား တွေ့လို ခဲ့သော် ထိုမြေရှင်းသူ သိုင်းသမားကို တွေ့အောင်ရှာပါလော့၊ ကျုပ်သည် မြေရှင်းသူ သိုင်းသမား မည်သည့်နေရာမှာ ရှိသည်ကို တော့ မပြောတတ်ပါ၊ သူ့ကို လိုက်ရှာခြင်းမှာ လေကို လက်ဖြင့် ဖမ်းခြင်းသာ ဖြစ်သည်ဟု သိုင်းသမား တစ်ဦးက ပြောဖူးပါသည်၊



**မိတ်ဆွေတို့ ...**

**မိတ်ဆွေတို့သည် မြေရှင်းသူ သိုင်းသမားကို တွေ့လျှင် ကျူးထင်ကြီးကိုတွေ့ပြီဟု မှတ်ပါလေတော့၊ ယခု မိတ်ဆွေတို့အား ကျုပ် လာတွေ့ပြီး ပြောခြင်းမှာ ကျူးထင်ကြီးကို "မြေရှင်းသူ" သိုင်းသမား ခေါ်ဆောင်သွား၍ ဖြစ်ကြောင်း ပြောရှင်းရန် မလိုတော့ပါ။**

**မြေပုံကြီး မြောင်အင်း**

နဂါးသုံးကောင်သည် ကျောက်တုံးပေါ်၌ ရေးခြစ်ထားသော သေးသေး မွှားမွှားစာကို ဆုံးအောင် ဖတ်ပြီးသောအခါ ကျင်းကို ရုပ်စောင့်နေသည့် နေရာသို့ ပြန်လျှောက်ခဲ့လေ၏။

"အင်း ... ခင်ဗျားကို ကျေးဇူးတင်ရမှာပဲ၊ ဒီအကြောင်းကို မသိဘဲ ကျုပ်တို့ ဆက်တိုက်နေရင် တစ်ယောက်ယောက်ကတော့ နာမှာပဲ၊ အခုတော့ မနာတော့ဘူးပေါ့ဗျာ၊ မြောင်အင်းကတော့ ကျုပ် တို့ကို လှည့်ဖြားသွားပြန်ပြီ"

နဂါးဝါက ပြောလိုက်လေ၏။

ကျင်းကို့က ခေါင်းကိုခါယမ်းလိုက်၏။

"မြောင်အင်းက ခင်ဗျားတို့ကို လှည့်ဖြားသွားတာ မဟုတ် ပါဘူး"

နဂါးနက်က ...

"လှည့်ဖြားသွားတာပေါ့၊ အခု ကျုပ်တို့က မြေရှင်းသူ သိုင်း သမားကို လိုက်ရှာရမလို ဖြစ်နေပြီ။ မြေရှင်းသူ သိုင်းသမားကို ဖမ်းရတာ လေကို ဖမ်းရခက်သလို ဖမ်းရ ခက်တယ်လို့ သူကပြော သွားသေးတယ်၊ ကဲ ... ဘယ်မှာလဲ ကျူးထင်ကြီး"

ကျင်းကို့က ပြောလိုက်သည်။

"အမှန်အတိုင်းပြောရရင် ကျွန်တော်လဲ မြေရှင်းသူ သိုင်းသမား

ကို လိုက်ရှာနေတဲ့သူပါ၊ ဖမ်းရတော့ခက်တယ်၊ ဒါပေမယ့် သူ့ကို မိတော့ မိရမှာပေါ့ဗျာ"

နဂါးသုံးကောင်သည် ကျင်းကို့အား ပြိုင်တူပင် မေးလိုက်သည်။

"မိတ်ဆွေ ... ခင်ဗျားဟာ ဖြေရှင်းသူ သိုင်းသမားကို မြင်တွေ့ဖူးသလား"

ကျင်းကို့က ...

"မတွေ့ဖူးပါဘူး၊ အခု ကျွန်တော် ထိုက်ယင်မြို့ကို သွားမလို့ပါ၊ အကြောင်းကတော့ အဲဒီ ဖြေရှင်းသူ သိုင်းသမားကို သွားရှာမလို့ပါ"

နဂါးဝါက ကျင်းကို့ရဲ့ မျက်နှာကို စူးစိုက်ကြည့်ပြီး ...

"ခင်ဗျား သူ့ကို ခြေရာခံထားသလား"

ကျင်းကို့က ခေါင်းညိတ်ပြလေ၏။

"ကျွန်တော် သတင်း ရထားတာကတော့ ဖြေရှင်းသူ သိုင်းသမားဟာ ကျူးထင်းကြီးနဲ့ မကြာခဏ တွေ့ဆုံကြသတဲ့၊ သူတို့ နှစ်ယောက်ဟာ သဘောကွဲလွဲနေတယ်လို့ ကြားတယ်၊ ဘာကြောင့် သဘောကွဲလွဲတာလဲ ဆိုတာတော့ ကျွန်တော် မသိဘူး"

နဂါးဝါက သူကြားသိထားသည့် သတင်းကို ဖလှယ်သည်။

"ကျူးထင်းကြီးဟာ တစ်ယောက်တည်း ရှိနေတာ မဟုတ်ဘူးဆိုပဲ၊ သူ့ဘေးမှာ အဆင့်မြင့်သိုင်းသမားတွေ ဝိုင်းဝိုင်းလည်နေတယ်လို့ သတင်းကြားတယ်၊ ခင်ဗျားကော အဲဒီ သတင်းကြားသလား"

ကျင်းကို့က ခေါင်းညိတ်သည်။

"အဲဒီသတင်းကတော့ အမှန်ပါပဲ၊ ကျွန်တော် ထိုက်ယင်မြို့ကို သွားတဲ့ ရည်ရွယ်ချက်က ဖြေရှင်းသူ သိုင်းသမားနဲ့ တွေ့လိုတွေ့ငြား



ဆိုပါတော့၊ ဒါမှမဟုတ် ကျူးထင်းကြီးကို စောင့်ရှောက်နေတဲ့ သိုင်းသမားတွေနဲ့ တွေ့လိုတွေ့ငြားဆိုပါတော့"

နဂါးဝါက မေးသည်။

"မိတ်ဆွေက ကျူးထင်းကြီးနေတဲ့အိမ်ကို သွားစုံးစမ်းမလို့လား၊ ကျုပ်တော့ ခင်ဗျား တွေ့ရလိမ့်မယ် မထင်ဘူး"

ကျင်းကို့က ...

"ဟုတ်ကဲ့၊ ကျွန်တော် သတင်းကြားရတဲ့အိမ်ကို သွားစုံစမ်းရမှာပါပဲ၊ တွေ့မတွေ့တော့ မပြောတတ်ဘူးပေါ့ဗျာ၊ ကျွန်တော် မိတ်ဆွေတို့ကို တစ်ခုလောက် မေတ္တာရပ်ခံချင်ပါတယ်၊ မိတ်ဆွေတို့လဲ အဲဒီအိမ်ကို သွားစုံစမ်းချင် သွားစုံစမ်းကြမှာပါ၊ အဲဒီအခါမှာ အဲဒီအိမ်ထဲက လူတွေရဲ့ အသက်ကို အန္တရာယ်မပြုကြပါနဲ့ခင်ဗျာ"

နဂါးသုံးကောင်သည် ကျင်းကို့အား မည်သို့မျှ ပြန်မဖြေချေ။

ကျင်းကို့သည် နဂါးသုံးကောင်အား စောင့်ကြည့်လိုက်၏။ နဂါးသုံးကောင်သည် ကျင်းကို့အားမည်သည့်စကားမှ ပြန်မပြောလိုကြောင်း တွေ့သောအခါမှ လက်ဖမိုးအစုံယှက်ပြီး ဦးညွှတ်ဂါရဝပြုလိုက်လေ၏။

"ကဲ ... ကျွန်တော့်ကို ခွင့်ပြုကြပါ၊ ကျွန်တော့်မိတ်ဆွေတွေ ရှေ့မှာ စောင့်နေကြပါတယ်"

နဂါးဖြူက ...

"မိတ်ဆွေ ခင်ဗျားနဲ့ ကျုပ်ကို ကျူးထင်းကြီးရဲ့ဂေဟာမှာ ဆုံကြဦးမယ်လို့ ထင်ပါတယ်"

ကျင်းကို့က ပြေပြစ်စွာပြောသည်။

"အဲဒီလိုဆုံခဲ့ရင်ဂဲ ကျွန်တော်နဲ့ မိတ်ဆွေတို့ ပဋိပက္ခ မဖြစ်စေရဘူးလို့ ပြောလိုပါတယ် ခင်ဗျာ"

နဂါးသုံးကောင်တို့သည် ကျင်းကို၏စကားကို ကျေနပ်ဟန်ဖြင့် ခေါင်းတစ်ဆတ်ဆတ် ညိတ်လေ၏။

ကျင်းကို တစ်ခု သိလိုက်သည်။ နဂါးသုံးကောင်သည် မည်သည့်ချို့ယွင်းချက်များ ရှိသည်ဖြစ်စေ၊ အလကား လူတွေ လျှောက်သတ်နေသော သိုင်းသမားမျိုး မဟုတ်ကြောင်း သိလိုက်လေသည်။ သူတို့သည် သူတို့အား အလုပ်လာအပ်သည့်လူ ညွှန်ပြသည့် ပုဂ္ဂိုလ်ကိုသာ သတ်ဖြတ်ရန် ကြိုးစားကြသည်။ ထိုစည်းကမ်းကို တိတိကျကျ လိုက်နာသော ကြေးစားသမားများ ဖြစ်ကြပေသည်။ နဂါးသုံးကောင် မျက်နှာချင်း ဆိုင်မိကြလျှင် အပြင်းအထန် သတ်ပုတ်ကြသောအကျင့် ရှိခြင်းပေတည်း။

ဤသည်မှာလည်း အခြားသူများကို မထိခိုက်သဖြင့် ခွင့်လွှတ်နိုင်ပေသည်။

ကျင်းကိုသည် နဂါးသုံးကောင်အကြောင်း တွေ့ရင်း ချောင်လိန်လုံး ရှိရာသို့ ပြန်လာခဲ့လေ၏။

"အစ်ကိုကျင်း ... အဆင်ပြေရဲ့လား"

"ဟား ... ဟား ... အဆင်ပြေတာပေါ့၊ မြောင်အင်း စထားခဲ့တဲ့ ဓာတ်လမ်းကို ကျုပ်က အဆုံးသတ် ပေးလိုက်တာလေ"

ကျင်းကိုသည် ဓာတ်လမ်း အစအဆုံးအား ပြောပြလိုက်သည်။

"ဟာ ... အစ်ကိုကျင်း ပြောလိုက်တာ အဆင်ပြေသွားတာပေါ့၊ နောက်ဆိုရင် နောင်ကြီး မြောင်အင်းကို သူတို့ လိုက်မရှာကြတော့ဘူးပေါ့"

"အင်း ... ကျုပ်က ဒီလိုရည်ရွယ်ချက်နဲ့ ပြောလိုက်တာပါ၊ နို့မဟုတ်ရင် နောင်ကြီး မြောင်အင်း တပြေးတည်း ပြေးနေရမှာ"

"ကောင်းတယ်၊ အစ်ကိုကျင်းရဲ့ အကြံက သိပ်ပိုင်တာပဲ"



"ကဲ ... တို့လဲ ရှေ့ဆက်ကြစို့၊ ရှေ့ကပြေးနေတဲ့ လူတွေကို အမြန်ဆုံးမီအောင် လိုက်ကြရမယ်"

ကျင်းကိုနှင့် ချောင်လိန်လုံးတို့ နှစ်ယောက်သည် ခရီးကို ဖြတ်ကူးကြသည်။ သူတို့သည် ကိုယ်ဖော့ပညာသုံး၍ ပြေးကြလေ၏။ လီနှစ်ဆယ်ခန့် ရောက်သောအခါ တောင်ကုန်းတစ်ခုပေါ်၌ လူတစ်ယောက် ရပ်နေကြောင်း တွေ့ရလေ၏။

ထိုလူကား မြောင်အင်းပေတည်း။

မြောင်အင်းသည် ကျင်းကိုတို့ကို စောင့်နေခြင်း ဖြစ်ပေသည်။ သူသည် ကျင်းကိုနှင့် ချောင်လိန်လုံးလာသည်ကို မြင်သောအခါ တောင်ကုန်းပေါ်မှ ဆင်းသက်လာလေ၏။

ကျင်းကိုသည် မြောင်အင်း တစ်ယောက်တည်းကို မြင်တွေ့ရသဖြင့် စိတ်ထဲ၌ တစ်မျိုးတစ်မည် ဖြစ်သွားသည်။ သိုင်းသမားအုပ်စုကြီးကို မတွေ့မမြင်ရဘဲ ရှိသည် မဟုတ်ပါလော။

ကျင်းကိုက မြောင်အင်းအား မေးလိုက်၏။

"ဘာဘတို့ လူစုကော ..."

"လမ်းခွဲသွားကြပြီလေ"

"သူတို့က ထိုက်ယင်မြို့ကို သွားမလို့ပဲ၊ တိုလီလျန်း အသင်းသားတွေနဲ့ တွေ့သွားတာ ရည်ရွယ်ချက်ပြောင်းသွားတယ်၊ အဆိပ်သင့်တဲ့လူတွေကို ပြောတာပါ"

"သူတို့ လူသူ စုဆောင်းမလို့နဲ့ တူတယ်"

"ဟုတ်တယ်၊ အခု ခုနစ်ဆယ်ကျော်လောက် ရှိပါတယ်၊ သူတို့ ထပ်စုဆောင်းမလို့ဆိုပြီး ကျုပ်ကို နှုတ်ဆက် ထွက်ခွာသွားတယ်"

ကျင်းကိုက ခေါင်းညိတ်လိုက်သည်။

ချောင်လိန်လုံးက ကျင်းကို့အား မေးလိုက်၏။

"ကျူးထင်းကြီးဟာ သူ့အိမ်ဂေဟာမှာ ရှိပါ့မလား အစ်ကို ကျင်း"

ထိုအခါ မြောင်အင်းက ဝင်ဖြေသည်။

"သူ ဟူယင်စန်းတောင်ပေါ်က ကွေဟူတုံဆိုတဲ့ ကျောက်ဂူကြီးတစ်ခုထဲမှာ နေတယ်၊ အဲဒီ ကျောက်ဂူကြီးက လူသူ အရောက်အပေါက်နည်းတာကိုး၊ သူဟာ အဲဒီဂူမှာ ရိက္ခာခြောက်တွေ စီစဉ်ထားတယ်၊ တစ်ခါတစ်ရံ ကျတော့လဲ တန်းစီးကု ချိုင့်ဝှမ်းထဲမှာ နေတယ်၊ သူဟာ တစ်နေရာတည်းမှာ ကြာကြာ မနေတတ်ဘူး၊ မကြာမကြာ ရွှေ့ပြောင်းနေတတ်တယ်"

"ဒါဖြင့်ရင် ကျုပ်တို့ ဟူယင်စန်းတောင်ကို လိုက်ရမှာပေါ့"

"ဒါပေါ့"

"ဟူယင်စန်းတောင်ကို သွားရင် ထိုက်ယင်မြို့ကို ဝင်ရသေးတယ် မဟုတ်လား"

မြောင်အင်းက ရယ်သည်။

"ဟူယင်စန်းတောင်ကို သွားချင်ရင် ထိုက်ယင်မြို့ကို အရင်သွားရတယ်၊ အဲဒီကမှ လမ်းပေါက်တာပါ၊ ကျုပ်တို့ အဲဒီမြို့ကို သွားကြမယ်"

ကျင်းကို့ ချောင်လိန်လုံးနှင့် မြောင်အင်းတို့ သုံးယောက်သည် ထိုင်ယင်မြို့သို့ ခရီးနှင်ကြလေ၏။

မြောင်အင်းက ...

"နောင်ကြီးကျင်းကို့ ... နဂါးသုံးကောင်နဲ့ အဆင်ပြေခဲ့ရဲ့လား"

ကျင်းကို့က ဖြေသည်။



"နောင်ကြီး မြောင်အင်း စိတ်ချရပါပြီ၊ နောင်ကြီးမြောင်အင်းကို သူတို့ ဒုက္ခမပေးတော့ပါဘူး၊ စာထဲမှာ ရေးထားတဲ့ ဖြေရှင်းသူ သိုင်းသမားကိုပဲ သူတို့ရှာကြတော့မယ်"

"ကောင်းပါလေရဲ့ဗျာ၊ ကျုပ်လဲ စိတ်အေးသွားရတာပေါ့"

သူတို့ တစ်လီခန့် ခရီးနှင်မိကြသောအခါ မြင်းတစ်စီးနှင့် လူတစ်ယောက် သူတို့နှင့် မျက်နှာချင်းဆိုင်ရာ အရပ်မှ အပြင်းနှင်လာကြောင်း တွေ့ရှိကြရသည်။ ဝေးစဉ်က မည်သူမှန်း မသိသော်လည်း နီးလာသောအခါ မိန်းကလေးတစ်ဦး ဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

ကျင်းကို့နှင့် ချောင်လိန်လုံးမှာ သာမန် ခရီးသွားဖြစ်မည်ဟု ယူဆပြီး မည်သို့မျှ ထူးထူးခြားခြား မဖြစ်မိကြချေ။

သို့ရာတွင် ...

မိန်းကလေးကို မြင်သောအခါ မြောင်အင်းသည် လှုပ်လှုပ်ရှရှ ဖြစ်သွားလေ၏။

ကျင်းကို့သည် မြောင်အင်းအား မသိမသာ စူးစမ်းမိလေ၏။

မိန်းကလေး နီးလာသောအခါ မြောင်အင်းသည် လမ်းရှေ့သို့ ထွက်ကာ မိန်းကလေးအား လက်နှစ်ဖက်ဖြင့် တားလိုက်သည်။

မိန်းကလေးသည် ကျင်းကို့တို့ သုံးယောက်အား သေချာစွာ မကြည့်ဘဲ ဖြတ်ကျော် သွားရန်သာ စဉ်းစားထားရာ မြောင်အင်းက လက်နှစ်ဖက်ဖြင့် တားလိုက်သောအခါ မြင်းကို ဇက်သတ် ပဒပ်ရပ်လိုက်ရလေ၏။

"ရှင် ... ဘယ်လို လုပ်တာလဲ"

သူမက စူးစူးဝါးဝါး အော်လိုက်သည်။

"ယီကြည် ... မင်း ဘယ်သွားမလို့လဲ"

မြောင်အင်းက လက်တားပြီး မေးမြန်းလိုက်ရာ မိန်းကလေးသည် မြောင်အင်းအား သေချာစွာကြည့်ပြီး ကြက်သေသေ သွားလေတော့၏။

● ● ●

# အခန်း(၁၀)

## မိုးတိမ်ဒေဝီ

သူမသည် မြင်းပေါ်မှခုန်ဆင်းပြီး မြောင်အင်း၏ ပခုံးနှစ်ဖက်အား ကိုင်လှုပ်ပါလေတော့၏။

"ရှင်... ရှင်... မသေဘူးနော်"

"ဟ... ငါက ဘာဖြစ်လို့ သေရမှာလဲ"

"ရှင် သေပြီလို့ ကြားနေရတယ်၊ ရှင့်ကို နဂါးသုံးကောင်က သက်လိုက်ပြီလို့ ကျွန်မ သတင်းကြားရတယ်၊ ရှင့်အတွက် လက်စားချေရအောင် ကျွန်မ ထွက်လာတာရှင့်၊ နဂါးသုံးကောင်ကို ကျွန်မ ဖြန်းသတ်မလို့ ထွက်လာတာ၊ ရှင်မသေဘဲ တွေ့ရတော့ ဝမ်းသာလိုက်တာ... ကျွန်မ ဝမ်းသာလိုက်တာရှင်"

သူမသည် မြောင်အင်း၏ ပခုံးနှစ်ဖက်ကို အားရဝမ်းသာ ကိုင်လှုပ်လေ၏။

မြောင်အင်းမှာ တစ်ကိုယ်လုံး သွက်သွက်လက်လက် ခါယမ်းနေသည်။

"လွှတ်ပါတော့... မင်းလုပ်တာ ခေါင်းတောင်မူးလာပြီ၊ မလုပ်ပါနဲ့ကွာ၊ လွှတ်ပါတော့"

မိန်းကလေးသည် မြောင်အင်းအား ကိုင်လှုပ်နေရာမှ လွှတ်လိုက်သည်။

"ငါ့မှာ မိတ်ဆွေနှစ်ယောက် ပါလာတယ်၊ တကယ် ခင်မင်စရာကောင်းတဲ့ မိတ်ဆွေတွေပါ၊ မင်းနဲ့ မိတ်ဆက် ပေးရဦးမယ်"

မိန်းကလေးသည် ကျင်းကို့နှင့် ချောင်လိန်လုံးအား ကြည့်လေ၏။

မြောင်အင်းက ထိုမိန်းကလေး၏ လက်ကိုဆွဲ၍ ခေါ်လာ၏။ မိန်းကလေးသည် ချောမောလှ၏။ ကိုယ်နေဟန်ထားလည်း လှပသည်။ သူမသည် မြောင်အင်း ဆွဲခေါ်လာသဖြင့် ကျင်းကို့တို့ရှေ့ ရောက်လာ၏။

မြောင်အင်းသည် မိန်းကလေးအား ကျင်းကို့၊ ချောင်လိန်လုံးတို့နှင့် မိတ်ဆက်ပေးလေ၏။

"နောင်ကြီး ကျင်းကို့... ညီလေး ချောင်လိန်လုံး... သူက ကျုပ်ဇနီး ယိကြည်ပါ"

ကျင်းကို့နှင့် ချောင်လိန်လုံးတို့သည် အံ့အားသင့်သွားကြလေ၏။ သူတို့သည် ဤမိန်းကလေးကို မြောင်အင်းဇနီးဟု လုံးဝမထင်ခဲ့ကြပေ။

မြောင်အင်းသည် ကြောင်မျက်လုံးနှင့် အတော်ပင်အရုပ်ဆိုးသည်။ သို့သော် စိတ်သဘောကတော့ ကောင်းသည်။ ဤကဲ့သို့သော ဇနီးချောမျိုးတော့ ရှိသင့်ပါသည်။

မြောင်အင်း၏ ဇနီး ယိကြည်သည် လက်ဖမိုးအစုံယှက်ပြီး ဦးညွှတ် ဂါရဝပြုလေ၏။

"အစ်ကိုကြီးနာမည် ဘယ်လိုခေါ်ပါသလဲရှင်... ဟောဒီက အစ်ကိုလေး နာမည်ကကော..."



ယိကြည်သည် ကျင်းကို့အား ကြည့်လိုက်သည်။ မည်သို့မျှ မဖြစ်ချေ။ သို့သော် ချောင်လိန်လုံးအား ကြည့်လိုက်သောအခါတွင်မူ သူသည် ရုတ်တရက်အံ့သြသွားလေ၏။ သူမသည် ချောင်လိန်လုံးအား ကြည့်ပြီး ယောကျ်ားလေးတစ်ယောက် မဟုတ်မှန်း သိသွားလေ၏။

သူမတို့သည် မိန်းမချင်းဖြစ်၍ လျှို့ဝှက်ချက်အား ချက်ချင်းသိလေ၏။

မြောင်အင်းက ဝင်၍ မိတ်ဆက်ပေးလေ၏။

"ယိကြည်... ဟောဒီက နောင်ကြီးရဲ့အမည်က ကျင်းကို့တဲ့၊ ဟောဒီက မိတ်ဆွေကလေးရဲ့ နာမည်ကတော့ ချောင်လိန်လုံးတဲ့၊ သူတို့နှစ်ယောက်ဟာ ငါနဲ့ သေအတူ ရှင်အတူ မိတ်ဆွေရင်းတွေဖြစ်နေကြပြီ၊ မင်းလဲ သူတို့နှစ်ယောက်ကို ရင်းရင်းနှီးနှီး ယုံယုံကြည်ကြည် ဆက်ဆံပါနော်"

ယိကြည်သည် အမြင်စူးရှသူ ဖြစ်သည်။ သူမသည် ချောင်လိန်လုံး၏ ဟန်ဆောင်မှုကို မသိချင်ဟန် ဆောင်လိုက်၏။ သူမ၏ ဟန်ဆောင်မှုသည် သူ့ကို မည်သို့မျှ မထိခိုက်စေဘဲ သူမသည် ပြုံးရယ်၍ ပြောလေ၏။

"အစ်ကိုလေးက သိပ်ချောတာပဲ၊ ကျွန်မ အစ်ကိုလေးကို တစ်နေရာရာမှာ တွေ့မြင်ခဲ့ဖူးပါတယ်၊ ဘယ်မှာလဲ မသိဘူး"

ချောင်လိန်လုံးက ခေါင်းညိတ်၏။

"ချန်အန်းမြို့မှာလေ... ချန်အင်းမြို့မှာ မြင်ဖူးကြတာပေါ့၊ စားသောက်ဆိုင်ထဲမှာ တစ်စားပွဲတည်း ဆုံမိကြတော့ မှတ်မိနေကြတာပေါ့၊ အဲဒီတုန်းက အစ်မလေးက အိမ်ထောင်ရှိမှန်း မသိဘူး၊ အစ်မလေးက တကယ်လှတာပဲ"

သူတို့သည် ချန်အန်းမြို့၌ တွေ့ဖူး ဆုံဖူးကြလေသည်။

ယိကြည်က ပြုံးရယ်၍ မေးလေ၏။

"အဲဒီတုန်းက ဟိုအစ်ကိုလေးတစ်ယောက်ကို တွေ့လိုက်ပါသေးတယ်၊ အရုပ်ပုပု အစ်ကိုလေး... လေ"

ချောင်လိန်လုံးက...

"သူ နိုင်ဖုံးမြို့ကို သွားတယ်၊ ဒီလိုပဲ ကျွန်တော်တို့ ညီအစ်ကိုဟာ ဟိုမြို့ရောက် ဒီမြို့ရောက်ပဲ"

ယိကြည်သည် ကျင်းကိုအား ပြုံး၍နှုတ်ဆက်ပြီး သူမ၏ခင်ပွန်း မြောင်အင်းအား လှည့်၍ ပြောသည်။

"အစ်ကိုမြောင်... ခုတစ်လော အနောက် မြောက်နယ်မှာ အမျိုးသမီး သိုင်းသမားတစ်ယောက် ပေါ်နေတယ်"

မြောင်အင်းမှာ အံ့အားသင့်သွား၏။

"ငါလဲ မကြားမိပါလား"

"အစ်ကိုမြောင် ဘယ်ကြားမလဲ၊ အစ်ကိုမြောင် လျှောက်ပြေးနေရတာကိုး"

"အင်း... ဟုက်ပါရဲ့၊ ကဲ... ပြောစမ်းပါဦး၊ အဲဒီအမျိုးသမီး သိုင်းသမားက ဘယ်လိုထူးသလဲ"

"ထူးတယ်၊ သူ့ကို 'မိုးတိမ်ဒေဝီ' လို့ ခေါ်ကြတယ်"

"နာမည်ကတော့ အပျံစားပါလား"

"နာမည်က ထူးသလို အဲဒီအမျိုးသမီး လုပ်ရပ်တွေကလဲ ကြောက်စရာကောင်းတယ်၊ အထက်လမ်း အောက်လမ်း ဘာသော ညာသော ရွေးမနေဘူး၊ သူ့စိတ်ထဲက မနှစ်မြို့ဘူးဆိုရင် ရက်ရက်စက်စက် သတ်ပစ်တာပဲ"

"ဟာ... ဘယ်လိုလဲဟ၊ လုပ်လှချည်လား"



"ဟုတ်တယ်... ရက်စက်တယ်... သူဟာ မိုးတိမ်ဒေဝီလို့ဆိုတဲ့ အတိုင်း မိုးတိမ်လိုပဲ အပြောင်းအလဲများတယ်"

"ဘယ်လို အပြောင်းအလဲ များတာလဲ"

"သူဟာ ရုပ်ပြောင်း ရုပ်လွှဲကောင်းတယ်... အသွင်အမျိုးမျိုးနဲ့ သိုင်းလောကထဲမှာ ထွက်ပေါ်နေတယ်၊ သူ့ရုပ်သွင်ဟာ တစ်ခါတစ်ရံ အဘွားအိုကြီးလို ထွက်ပေါ်လှုပ်ရှားပြီး တစ်ခါတစ်ရံ ရသေ့မလို ထွက်ပေါ် လှုပ်ရှားတတ်သတဲ့၊ တစ်ခါတစ်ရံကျတော့ သိပ်လှတဲ့ မိန်းကလေး ဖြစ်သွားပြန်ရောတဲ့"

"ဟင်... သူ့ကို ဘယ်လိုမှ မယှဉ်နိုင်ဘဲနဲ့ သူ့အသတ်ခံရတော့ မလို ဖြစ်နေပါလား၊ ဒီလောက် ရုပ်ပြောင်း ရုပ်လွှဲ ကောင်းနေမှတော့ မျက်နှာတစ်ထောင် သိုင်းသမားရဲ့ တပည့်မများ ဖြစ်နေမလား"

"မပြောတတ်ဘူး၊ ဖြစ်ချင်ဖြစ်နေမယ်၊ မျက်နှာတစ်ထောင်ကို ခုထိ လူတွေဟာ သူ့ရုပ်သွင် မမြင်ဖူးကြသေးဘူး မဟုတ်လား"

"ဟုတ်တယ်"

"အခု မိုးတိမ်ဒေဝီဟာလဲ ဒီလိုပဲ၊ ခုထက်ထိ သူ့မူလရုပ်သွင်ကို မြင်ဖူးသေးတဲ့လူ မရှိဘူး၊ သူ့အသက်အရွယ် ဘယ်လောက်ရှိပြီဆိုတာလဲ ဘယ်သူမှ မသိကြဘူး"

"သူ့သိုင်းပညာစွမ်းက ဘယ်လိုလဲ၊ မိုးတိမ်ဒေဝီရဲ့ သိုင်းပညာက အတော့်ကို မြင့်မားထက်မြက်သလား"

မြောင်အင်းက ထိုမေးခွန်းကို အလေးအနက်ထား မေးလေ၏။ ကျင်းကိုနှင့် ချောင်လိန်လုံးတို့မှာ ယိကြည်ပြောသည့် စကားများကို စိတ်ဝင်စားစွာ နားထောင်နေကြ၏။ ယိကြည်ပြောသည်မှာ အတော်ပြည့်စုံပြီး မြောင်အင်း မေးလိုက်သည့် အချက်များမှာလည်း မေးသင့်

မေးထိုက်သော အချက်များ ဖြစ်နေသဖြင့် ကျင်းကို့သည် ထပ်မမေးတော့ပေ။ ချောင်လိန်လုံးကတော့ ယိကြည်ကို ငေးမောကြည့်၏။

ယိကြည်က ...

"မိုးတိမ်ဒေဝီရဲ့ သိုင်းပညာဟာ မြင့်မားတယ်၊ ထက်မြက်တယ်၊ ဘာဖြစ်လို့ မြင့်မား ထက်မြက်တယ် ဆိုတာကို သိရသလဲဆိုတော့ ဖင်းနန်းနယ် ဓားသမားဟာ မိုးတိမ်ဒေဝီကို မနိုင်ခဲ့လို့ပဲ၊ ဖင်းနန်းနယ် ဓားသမားဟာ မိုးတိမ်ဒေဝီ လက်ချက်နဲ့ သေဆုံးသွားခဲ့ပါတယ်"

မြောင်အင်းမှာ အံ့အားသင့်သွား၏။

"ဟာ ... ဖင်းနန်းနယ် ဓားသမား သေသွားတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဖင်းနန်းဓားသမားရဲ့ သိုင်းပညာအဆင့်ဟာ အတော့်ကို မြင့်မားထက်မြက်တယ်၊ ဖင်းနန်းဓားသမား သေသွားတယ်ဆိုတော့ မိုးတိမ်ဒေဝီရဲ့ အဆင့်ကို မမှန်းဆနိုင်တော့ဘူး"

မြောင်အင်းသည် ညည်းညည်း ညူညူ ပြောလိုက်၏။

ယိကြည်သည် ခေါင်းညိတ်လိုက်၏၊

"သူသေသွားခဲ့ပြီး မိုးတိမ်ဒေဝီဟာ သိုင်းသမား တော်တော်များများကို သတ်ပစ်ခဲ့ပြီးပြီ၊ ဖင်းနန်းဓားသမားဟာ သူသတ်ခဲ့တဲ့ သိုင်းသမားတွေထဲမှာ အဆင့်အမြင့်ဆုံးပဲ"

မြောင်အင်းသည် မျက်မှောင်ကြုတ်လျက် စဉ်းစားငိုင်တွေနေသည်။

"ကဲ ... ယိကြည်လဲ ကျုပ်တို့နဲ့ ပြန်လိုက်မယ် မဟုတ်လား၊ ပြန်လိုက်ရင် လမ်းမှာ စကားပြောသွားကြတာပေါ့၊ ကျုပ်တို့ ခရီးဆက်ကြရအောင်လား"



ကျင်းကို့က ပြောလိုက်၏။

ထိုအခါမှ မြောင်အင်း သတိရတော့သည်။

"ဩော် ... ဟုတ်သားပဲ၊ ငါတို့ စကားကောင်းနေလိုက်ကြတာ နောင်ကြီး ကျင်းကို့တို့ကို မေ့နေလိုက်တာ"

"ကိစ္စ မရှိပါဘူးဗျာ၊ ကျုပ်တို့ကလဲ ယိကြည်ပြောတဲ့စကားတွေကို စိတ်ဝင်စားပါတယ်၊ ခရီးဆက်ရအောင် ပြောရတာကတော့ မကြန့်ကြာရအောင်ပါ၊ လမ်းသွားရင်း စကားပြောသွား ကြတာပေါ့"

ကျင်းကို့က ပြောလိုက်ပါသည်။

ဤသို့ပြောရင်း လေးယောက်သား ထိုက်ယင်မြို့သို့ ခရီးဆက်ကြလေသည်။

"ရှေ့နှစ်လီလောက် ခရီးရောက်ရင် ကျင်းချင်မြို့ကို ရောက်ပြီ၊ အဲဒီမြို့မှာ နားကြရင် ကောင်းမယ်"

ယိကြည်က ပြောသည်။

"အဲဒီမြို့မှာ ထမင်းစားကြမယ်လေ၊ ဒီညအမီ စို့ယန်းမြို့ကို ညအိပ်ခရီး ဆက်နှင်ရမယ်"

မြောင်အင်းက ပြောလိုက်ခြင်း ဖြစ်သည်။

ထိုမြို့များကို ကျင်းကို့ အကျွမ်းမဝင်ပါ၊ လမ်းတွင် မည်သည့်မြို့များ ရှိသည်ကို မသိပါ။ ယခု မြောင်အင်း ပြောသည့် အစီအစဉ်မှာ မဆိုးပါ။

စို့ယန်းမြို့တွင် ညအိပ်နိုင်လျှင် အားလုံးအတွက် ကောင်းမည်ဖြစ်ပါသည်။

ကျင်းကို့က ...

"နောင်ကြီး မြောင်အင်း စို့ယန်းမြို့မှာ ညအိပ်နိုင်အောင် ခရီးပြင်းနှင်ကြစို့"

သူတို့လေးဦးသည် ခပ်သွက်သွက် ခရီးနှင်လာကြလေ၏။ နှစ်လီဆိုသော ခရီးသည် သာမန် အရပ်သူ အရပ်သားများအတွက် ဝေးသော်လည်း သိုင်းသမားများ အတွက်ကား ဝေးလှသည် မဟုတ်ပါချေ။

သူတို့သည် မြို့နှင့်နီးလာသောအခါ လမ်းများပေါ်၌ လူသွားလူလာများကို တွေ့မြင်ရလေ၏။ မြို့သည် စည်စည်ကားကား ရှိသည်ကို အဝေးကကြည့်ရုံနှင့် သိသာသည်။

ဤသို့ဖြင့် သူတို့သည် ကျင်းချင်မြို့သို့ ရောက်ရှိလာလေ၏။ မြို့တွင်း၌ လူသွားလူလာ များပြားသည်။ ဆိုင်များလည်း များစွာရှိသည်။ သူတို့သည် စားသောက်ဆိုင် တစ်ဆိုင်သို့ ဝင်ြ ကလေ၏။

စားပွဲထိုး တစ်ယောက်သည် သူတို့လေးယောက်အ ား စားပွဲဝိုင်းတစ်ခုတွင် နေရာချထား ပေးလေ၏။ သူတို့အား ချထားပေးသောနေရာမှာ ပြတင်းပေါက်ဘေး ဖြစ်သဖြင့် ဆိုင်ရှေ့လမ်းမကို ဆီးမြင်ရလေသည်။

ကျင်းကိုတို့ လေးယောက် စားပွဲတွင် ထိုင်မိကြသောအခါ ထမင်းနှင့် စားလိုရာ ဟင်းများကို မှာကြားကြသည်။ စားပွဲထိုးသည် သူတို့မှာကြားသည့် ဟင်းအမည်များကို မှာကြားပြီး ထွက်သွားလေ၏။

သူတို့သည် စားပွဲများတွင် သက်သောင့်သက်သာ ထိုင်မိကြသောအခါမှ ကြီးတပ်တူရိယာ တီးခတ်သံကို သတိပြုမိ ကြတော့၏။ လက်သံမှာ ကောင်းသည်။ သာယာ နာပျော်ဖွယ် ရှိသဖြင့် ကျင်းကိုတို့ လေးယောက် နားစိုက်ထောင်မိကြသည်။

ကျင်းကိုတို့သည် အသံကြားရာသို့ လိုက်ကြည့်မိသောအခါ အမျိုးသမီးတစ်ယောက် ဆိုင်ထဲသို့ဝင်ပြီး ဗျပ်စောင်းတီးခတ်နေ



သည်ကို တွေ့လိုက်ရသည်။ ထိုအမျိုးသမီးသည် သူတို့ဆိုင်ထဲသို့ ဝင်စဉ်က မတီးခတ်၊ ထိုင်ပြီးကြသောအခါမှ ဗျပ်စောင်းကို တီးခတ်သည်ကို သိရှိကြရသည်။ အမျိုးသား ငါးဦးသည် ထိုဗျပ်စောင်း တီးခတ်သည့် အမျိုးသမီးကို ဝိုင်းကြည့်နေကြသည်။

တီးခတ်မှု ပြီးစီးသွားသောအခါ အမျိုးသမီးသည် သာယာကြည်လင်သော အသံဖြင့် တေးသီချင်း တစ်ပုဒ်ကို သီဆိုလေ၏။ အသံမှာ အေးမြလှသဖြင့် ကြားသူအပေါင်း ဘဝင်ငြိမ့်ညောင်းသွားကြရသည်။

ချောင်လိန်လုံးက အမျိုးသမီးကို လှမ်းကြည့်ပြီး ပြောသည်။

"သီချင်းသည် အမျိုးသမီးဟာ ချောလဲ ချောတယ်၊ အရွယ်လဲ ကောင်းတယ်။ ဘာဖြစ်လို့များ ဒီလို သီချင်းဆိုပြီး တောင်းစားနေရတာလဲ မသိဘူး"

ယိကြည်က ...

"တောင်းစားချင်လို့ တောင်းစားနေတာ ဟုတ်မယ်မထင်ဘူး၊ အကြောင်းရှိလို့ တောင်းစားနေတာနဲ့ တူတယ်"

ချောင်လိန်လုံးက ...

"အကြောင်းရှိလို့ ဖြစ်ချင်ဖြစ်၊ မဖြစ်ရင် ဒီလို အရွယ်ကောင်း မိန်းကလေး တစ်ယောက်တည်း လှည့်လည်သွားလာပြီး သီချင်းဆိုစားနေတာဟာ တကယ်အန္တရာယ် ရှိတယ်"

ယိကြည်က ရှင်းပြလိုက်သည်

"ကျွန်မ အကဲခတ် ကြည့်ရသလောက်တော့ ဒီအမျိုးသမီးဟာ သိုင်းပညာ တတ်လိမ့်မယ်၊ ကိုယ်ခံပညာ မတတ်ဘဲနဲ့တော့ ခုလို တစ်ယောက်တည်း သွားလာဝံ့မှာ မဟုတ်ဘူး၊ ကြည့်ပါလား၊ သူ့မှာ ဗျပ်စောင်း တစ်လက်ပဲ ပါတယ်၊ သူ့ကို ယောကျ်ားတွေက ဝိုင်းပြီး

ဗလက္ကာရ လုပ်ပြီဆိုပါတော့၊ သူဘယ်လို ခုခံမလဲ သူ့မှာ ကစ်ခု ကောင်း ရှိလို့သာ ဒီလို ရဲရဲတင်းတင်း သွားလာဝံ့တာပေါ့"

ကျင်းကိုက ယိကြည့်၏ စကားကို ထောက်ခံလိုက်၏။

"ယိကြည့် ပြောတာမှန်ပါတယ်၊ ကျုပ်အထင်က ဒီအမျိုးသမီး ကိုယ်ခံပညာ အဆင့်မြင့်မြင့် တတ်ကျွမ်းမယ်လို့ ယူဆပါတယ်၊ အရွယ်ကလဲ အရွယ်ကောင်း၊ အသံကောင်း၊ ရုပ်ချော၊ ယောကျ်ား တွေရဲ့ အနိုင်ကျင့်မှုကို ခံရနိုင်တယ်ဆိုတာ သူမသိတာမှ မဟုတ်ဘူး၊ သူသိမှာပဲ၊ သူ့မှာ ကိုယ်ခံပညာ ရှိနေလို့သာ စုလို တစ်ယောက်တည်း သွားလာ လုပ်ကိုင်နေဝံ့တာပဲ"

သူသည် စကားပြောရင်း မသိမသာ မေးထိုးပြလိုက်သည်။

"ဟိုမှာ ကြည့်ပါလား၊ ဟိုမှာ လူငါးယောက်ဟာ အာသာ ရမ္မက် ငမ်းငမ်းတက်တဲ့ မျက်လုံးတွေနဲ့ သူ့ကို ဝိုင်းနေကြတယ်၊ ပုံစံတွေက စားတော့ ဝါးတော့မယ့် အတိုင်းပဲ၊ ဒါပေမယ့် သူကတော့ ဘယ်သူ့ကိုမှ ကြောက်ရွံ့စိတ် မရှိဘူး၊ ခပ်ရဲရဲပဲ"

ကျင်းကို့ ဝေဖန်ပြောဆိုနေစဉ် သီချင်းသံသည် ပြီးဆုံးသွား၏။ သီဆိုတီးခတ်မှု ပြီးစီးသွားလေပြီ။

"ဟား ... ဟား ... ဟား ... သိပ်ကောင်း သိပ်သာယာတဲ့ အသံ လေးပါပဲ၊ နားထဲကို စွဲသွားတာပဲ၊ ကျုပ်ရဲ့ ဘဝင်နှလုံးကို ဆွဲကျုံး သိမ်းယူသွားတဲ့ ဂီတသံလေးပါပဲဗျာ၊ ရော့ ... ရော့ ... မင်းကို ချီးမြှင့်တဲ့ငွေ"

အမျိုးသား တစ်ယောက်က ငွေတုံးတစ်တုံးကို ချီးမြှင့်ပေး အပ်လေ၏။ ဖျပ်စောင်း ပိုက်ထားသော အမျိုးသမီးသည် ပေးသော ငွေတုံးကို လှမ်းယူကာ ခါးတွင် ချိတ်ထားသော အိတ်ကလေးထဲတွင် ထည့်ကာ သိမ်းဆည်းလိုက်၏၊



အမျိုးသမီးက ထိုစားပွဲတွင်ရှိသော ယောကျ်ားငါးဦးအား အရိုအသေပေးလိုက်၏။

"ကျွန်မကို ချီးမြှင့်တာ အထူးကျေးဇူး တင်ပါတယ် ရှင်၊ ကျွန်မကို ခွင့်ပြုပါဦးနော်၊ တခြား စားပွဲမှာ သွားဖြေဖျော်ရပါဦးမယ်"

ထိုအခါ ...

အမျိုးသမီးကို မျက်လုံး ကျွတ်မတတ် ကြည့်နေသော လူက အမျိုးသမီးအား အရက်မူးသံကြီးနှင့် ပြောလိုက်သည်။

"ဒီမှာ ... ညီမ နေပါဦး၊ မသွားပါနဲ့ဦး၊ မင်းအိမ်က ဘယ်မှာ လဲ၊ မင်း ဘယ်မှာ နေသလဲဟင်"

အမျိုးသမီးက လေအေးအေးနှင့် ပြောပြ၏။

"ကျွန်မ ဒီမြို့က မဟုတ်ပါဘူးရှင်၊ ဒီကနေ့မှ ဒီမြို့ကို ရောက် လာတာပါ၊ ဘယ်မှာ တည်းခိုရမလဲတောင် မသိသေးပါဘူးရှင်"

ထိုအခါ ထိုလူစုသည် တဟီးဟီး တဟားဟားဖြင့် ရယ်မောနေ ကြလေတော့၏။

သူတို့သည် အလွန်အူမြူးသွားသည့် အသံဖြင့် ရယ်ကြခြင်း ဖြစ်သည်။ မိန်းကလေးသည် တည်းခိုစရာပင် မရှာရသေးဟု သိသွားကြသဖြင့် သူတို့သည် ဤသို့ အော်ဟစ်မြူးထူးသွားခြင်း ဖြစ်သည်။

ကိုယ်ခံပညာ တတ်ထားသည်ဟု ယူဆရသော မိန်းကလေး နှင့်တကွ ရမ္မက် ငမ်းငမ်း တက်နေသော ယောကျ်ားတစ်စု တွေ့ရှိ ကြပေပြီ။ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ခြင်းပင်တည်း။

၀ ၀ ၀

# အခန်း(၁၁)

## အဆိပ်လက်သည်း

မှုးရှုးနေသော ယောက်ျားတစ်သိုက်ထဲ၌ ငွေတုံးထုတ်ပေးသော ယောက်ျားတစ်ယောက်သာ ပုံပျက်ပန်းပျက် ဖြစ်နေသည်။

သူသည် မိန်းကလေးအား လှမ်းဆွဲမလို လုပ်နေသည်။

"ညီမလေး အခန်းမငှားရသေးဘူး ဟုတ်လား၊ ကျုပ်တို့လဲ အခန်းမငှား ရသေးပါဘူး၊ ညီမ ကျုပ်တို့နဲ့သာ လိုက်ခဲ့ပါ၊ ကျုပ်တို့ ညီမအတွက်လဲ အခန်းငှားပေးမယ်၊ ဒီလိုသီချင်းလဲ လိုက်မဆိုပါနဲ့တော့ ပင်ပန်းပါတယ်၊ ကျုပ် ညီမကို ငွေအများကြီး ပေးပါ့မယ်"

ထိုလူသည် ပြောပြောဆိုဆို ရင်ဖုံးအင်္ကျီအိတ်ထဲမှ ငွေတုံးကြီး တစ်တုံးကို ထုတ်ယူပြီး အမျိုးသမီးကို ကမ်းပေးလိုက်၏။

အမျိုးသမီးက ငွေတုံးကြီးကို လှမ်းယူလိုက်၏။ လုံးဝစဉ်းစားဟန် မပြုဘဲ ယူလိုက်ခြင်း ဖြစ်သည်။

ထိုငွေတုံးကို ယူ၍ သူမ၏ ခါးမှ အိတ်ကလေးထဲ ထည့်သွင်းသိမ်းဆည်းလိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မကို ခွင့်ပြုပါဦး"

အမျိုးသမီးသည်        ထ၍ ထွက်ခွာသွားလေတော့၏။



"ဟော့ ... ဟော့ ... နေပါဦး၊ မင်းကို အခုငွေပေးတာ အလကားပေးတာ မဟုတ်ပါဘူး၊ မင်း ... တို့နဲ့လိုက် ... လိုက်"

သူသည် နေရာမှ ဝုန်းခနဲ ထထိုင်ကာ အော်လိုက်သည်။ သို့သော် သူသည် စကားဆုံးအောင် မပြောနိုင်ဘဲ သူ့လက်ဝါးကို ပြန်ကြည့်ပြီး အံ့အား သင့်သွားလေ၏။

"ဟာ ... ဒီအမျိုးသမီးဟာ ..."

ထိုလူ၏နှုတ်မှ ထိုသို့ ရေရွတ်လိုက်သည်။ သူသည် လက်ဝါးကိုကြည့်ပြီး အံ့သြနေရာမှ ထိတ်လန့်သော အမူအရာသို့ တဖြည်းဖြည်း ပြောင်းလဲသွားလေ၏။ သူသည် ပြောလက်စ စကားကိုပင် ဆုံးအောင် မပြောနိုင်တော့ဘဲ မတ်တတ်မှ ပစ်လဲသွားလေတော့၏။

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား လောင်ယူ တစ်ယောက်ကတော့ဗျာ ကိုယ့်ကိုယ်ကိုတောင် မထိန်းနိုင်တော့ဘူး၊ အမျိုးသမီးကို ခေါ်ချင်နေသေးတယ်၊ ဟား ... ဟား"

"အေး ... ဟုတ်ပါရဲ့ ကိုယ့်ကိုယ်ကိုတောင် မနိုင်ဘဲနဲ့ အလေလိုက်တဲ့ ကိစ္စကို စဉ်းစားချင်သေးတယ်၊ အခုတော့ လဲပြီ မဟုတ်လား၊ ဘယ်လိုလုပ် အမျိုးသမီးကို ခေါ်မလဲ"

သူ၏ အပေါင်းအဖော်များသည် တစ်ယောက် တစ်ပေါက် ပြောကြလေ၏။

ထို့နောက် ...

"ကဲ ... ကဲ သူ့ကို ကူညီလိုက်ပါဦးကွာ၊ ကူပြီးခုံပေါ် ထိုင်ခိုင်းလိုက်ပါဦး"

သူ့အပေါင်းအသင်းများသည် ရယ်ရယ် မောမောနှင့် ပြောကြလေ၏။

အမျိုးသမီးကား မရှိတော့ပေ၊ ဆိုင်ထဲမှ ထွက်သွားပေပြီ။ ထိုလူ လဲကျသွားသဖြင့် ထိုလူ့အား ဂရုစိုက်နေရာက အမျိုးသမီး ထွက်သွားသည်ကို မည်သူမျှ ကြည့်မနေကြတော့ပေ။

ကြမ်းပြင်ပေါ်သို့ လဲကျသွားသူအား သူ့အပေါင်းအဖော် နှစ်ယောက် ဆွဲထူပြီး ထိုင်ခုံတွင် ထိုင်ပေးကြ၏။ ထိုလူမှာ ခေါင်း ငိုက်စိုက် ကျနေသည်။ မျက်လုံးလည်း မဖွင့်နိုင်ဘဲ ရှိနေသည်။ ထို့ကြောင့် သူ့အပေါင်းအသင်းများက ထိုလူ့အား စားပွဲတွင် မျက်နှာ မှောက်ချထားလေ၏။

"လောင်ယူ ... ခင်ဗျား ငွေပေးလိုက်တဲ့ အမျိုးသမီးက ခင်ဗျား ကို လာစောင့်နေတယ်၊ ထလိုက်သွားပါဦး၊ ဒီလိုချည်း အိပ်မနေနဲ့ လေ၊ ဟား ... ဟား ... ဟား"

အပေါင်းအသင်း တစ်ယောက်က ပြောသည်။

"လောင်ယူ အသောက်လွန်သွားတယ် ထင်တယ်၊ သူတစ်ခါမှ ဒီလို မမူးဖူးပါဘူး"

ထိုအခါ ...

တစ်ယောက်က အလန့်တကြား ပြောလေ၏။

"ဟာ ... ဒီလိုဆိုရင် သေသေချာချာ ကြည့်ကြပါဦး၊ အမူး လွန်ရင် သေသွားတတ်တယ်နော်၊ ပြုစုသင့်ရင် ပြုစုလိုက်ကြရအောင် တော်ကြာ တစ်စုံတစ်ခု ဖြစ်သွားရင် မကောင်းဘူး"

ထိုအခါမှ ...

အားလုံး ပျာပျာသလဲ ဖြစ်သွားကြသည်။

"ဟုတ်တယ်၊ ဒီလိုဆိုရင် ကြည့်ကြဦး ..."

လူအများ ဝိုင်းလာပြီး လောင်ယူအား ကြည့်ကြသည်။ တစ် ယောက်က မှောက်အိပ်နေသော လောင်ယူအား ဆွဲထူလိုက်သည်၊



"ထစမ်းပါဦး၊ ကျုပ်တို့ ကြည့်စမ်းမယ်"

လောင်ယူ၏ ပါးစပ်မှ သွေးများ ယိုစီးကျနေသည်ကို အားလုံး ပင် တွေ့လိုက်ကြရ၏။ အားလုံး ထိတ်လန့်သွားကြသည်။ သေချာစွာ ကြည့်လိုက်မှ မျက်လုံးနှင့် နှာခေါင်းပေါက်များမှလည်း သွေးများ ယိုစီးကျနေသည်ကို တွေ့ကြရလေ၏။

"ဟာ ... လောင်ယူ ဘယ်လိုဖြစ်တာလဲ၊ မျက်လုံးတွေကရော၊ နှာခေါင်းတွေကရော သွေးတွေထွက်နေပါလား၊ ကြည့်ကြပါဦး၊ လောင်ယူကို ကြည့်ကြပါဦး"

လောင်ယူအား ထူလိုက်သူသည် အလန့်တကြား အော်လိုက် တော့၏။

"နေပါဦး ခင်ဗျား အရမ်း မအော်ပါနဲ့၊ ကျုပ် စမ်းသပ် ကြည့်လိုက်ဦးမယ်"

လောင်ယူ၏ အပေါင်းအသင်း တစ်ယောက်သည် လောင်ယူ အား သေချာစွာ စစ်ဆေးကြည့်၏။ သူသည် လူနာများနှင့် ပတ်သက် ပြီး အတော်ကလေး နားလည်ပုံရသည်။ သူသည် လောင်ယူ၏ ရင်ဘတ်သို့ နားဖြင့် ကပ်နားထောင် လိုက်ပြီးသောအခါ အလန့် တကြား အော်လိုက်သည်။

"ဟာ ... လောင်ယူ အသက်မရှိတော့ဘူး သေပြီ"

လူအားလုံး ထိတ်လန့်တကြား ဖြစ်ကုန်ကြသည်။

ဟိုလူများ၏ ဖြစ်ပျက်နေပုံကို ကျင်းကိုတို့ မြောင်အင်းတို့ လှမ်းသည် အကုန်အစင် တွေ့မြင်ကြရလေ၏။

ယိကြည်သည် မြောင်အင်းအား ကြည့်၍ ပြောလိုက်၏။

"အစ်ကိုမြောင် ... သွားကြည့်လိုက်စမ်းပါဦး"

"ဟာ ... ဘာဖြစ်လို့ သွားကြည့်ရမှာလဲ၊ ကိုယ်နဲ့မှ မဆိုင်တာ"

မြောင်အင်းက သူ့ဇနီးအား မျက်စောင်းထိုးလေ၏။

ယိကြည်က ...

"မဟုတ်ပါဘူး၊ သေသွားတဲ့ လောင်ယှုရဲ့ ညာဘက်လက်ဖဝါးမှာ ဒဏ်ရာက အပေါက်ကလေး ရှိနေသလားဆိုတာ သိချင်လို့ပါ၊ အစ်ကိုမြောင်က ယောကျ်ား မဟုတ်လား၊ စပ်စုလို့ ကောင်းတယ်၊ ကျွန်မကတော့ မိန်းမသား ဖြစ်နေတော့ စပ်စုလို့ မကောင်းဘူး၊ ဒါကြောင့်မို့ပါ"

မြောင်အင်းက ...

"သူ့လက်ဖဝါးမှာ ဒဏ်ရာရှိတော့ကော ဘာဖြစ်သလဲ"

ယိကြည်က ရယ်ရယ်မောမော ပြောသည်။

"သြော် ... အစ်ကိုမြောင်ကလည်း အစ်ကိုမြောင်လည်း တွေ့သားပဲ၊ လောင်ယှု ဒုတိယအကြိမ် ငွေတုံးပေးလိုက်တော့ ဟိုအမျိုးသမီးက ညာလက်နဲ့ လှမ်းယူလိုက်တယ် မဟုတ်လား"

"အဲဒါ ဘာဖြစ်သလဲ"

"အဲဒီလူက စကားကောင်း ပြောပြီး ငွေချီးမြှင့်တာ မဟုတ်ဘူး၊ အမျိုးသမီးကို စော်ကားတဲ့စကား ပြောပြီး ငွေပေးတာ၊ အမျိုးသမီးက ငွေကိုလှမ်းယူရင်း သူ့ လက်သည်းနဲ့ လောင်ယှုရဲ့ လက်ဖဝါးကို ထိုးသွားလိမ့်မယ်၊ အဲဒီလူရဲ့ လက်ဖဝါးမှာ ဒဏ်ရာအပေါက်ကလေး တစ်ပေါက်သာ ရှိမယ်ဆိုရင် အဲဒီအမျိုးသမီးဟာ တခြားသူ မဟုတ်ဘူး၊ 'မိုးတိမ်ဒေဝီ'ပဲ ဖြစ်ရမယ်၊ ကျွန်မထင်တာ မှန်ဖို့များပါတယ်၊ 'မိုးတိမ်ဒေဝီ'က သူ့ကို စော်ကားတဲ့လူကို အဆိပ်လက်သည်းနဲ့ ထိုးသတ်သွားတာပဲ"

ထိုအခါမှ ...



ကြောင်မျက်လုံးနှင့်တူသည့် သူ့မျက်လုံးများသည် ပြူးကျယ်သွားသည်။ သူသည် ခုန်ထလိုက်၏။

"ဒါဆိုရင် ငါသွားကြည့်မယ်"

"စောစောကတည်းက သွားပါလို့ ဆိုနေတာ"

မြောင်အင်းသည် လောင်ယှု၏ အလောင်းအနီးသို့ ချဉ်းကပ်သွားလေ၏။

ထိုစားပွဲဝိုင်းတွင် ရုတ်ရုတ်သဲသဲ ဖြစ်နေဆဲပင်။

"ခင်ဗျားတို့ ဘေးဖယ်ကြစမ်း၊ ခင်ဗျားတို့ လူကို ကျုပ်စစ်ဆေးပေးမယ်"

"ဟာ ... လုပ်ပါ ... လုပ်ပါ ... ကြည့်စမ်းပါဦး၊ တကယ်သေပြီ၊ မသေပြီကို မသိသေးပါဘူး"

လူအများသည် ပြောပြောဆိုဆို ဘေးဖယ်ပေးကြလေ၏။

မြောင်အင်းသည် သေဆုံးသူ၏ ညာဘက်လက်ဖဝါးအား အသေအချာ ငုံ့ကြည့်သည်။ မှန်သည်။ ညိုမဲသော အပေါက်ကလေး တစ်ပေါက်အား တွေ့ရသည်။ သူသည် ထိုစားပွဲဝိုင်းမှ ကျင်းကို့တို့ စားပွဲဝိုင်းဆီသို့ လှမ်းအော် ပြောလေ၏။

"ဟုတ်တယ်ဟေ့၊ စောစောက သီချင်းသည် အမျိုးသမီးဟာ တခြားသူ မဟုတ်ဘူး၊ 'မိုးတိမ်ဒေဝီ'ပဲ"

မြောင်အင်း၏ အော်သံကြောင့် ထိုလူများမှာ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်ကုန်သည်။

"စောစောက သီချင်းသည် အမျိုးသမီးဟာ 'မိုးတိမ်ဒေဝီ' ဟုတ်လား"

လူတစ်ယောက်က အထိတ်တလန့် မေးလိုက်လေ၏။

မြောင်အင်းက ခေါင်းညိတ်သည်။

"ဟုတ်တယ်ဗျ၊ မိုးတိမ်ဒေဝီပဲ၊ ခင်ဗျားတို့လူက သူ့ကို စော်စော်ကားကား သွားပြောလိုက်တာကိုး၊ ကျုပ်တို့လဲ မြင်နေတာပဲ၊ ခင်ဗျားတို့အားလုံး မျက်လုံးတွေမှာ တဏှာခိုးတွေ ဝေနေတာ အားလုံး သိတယ်၊ လောင်ယူကတော့ ပါးစပ်နဲ့သွားပြီး နှုတ်ဆော့လိုက်တော့ သေတဲ့ဘဝ ရောက်သွားတာပဲ၊ သူက အဆိပ်လက်သည်းနဲ့ ထိုးသတ်သွားတာဗျ"

ထိုလူများမှာ မျက်နှာငယ်ကလေးများ ဖြစ်ကုန်သည်။ မျက်နှာများမှာ ဆီးရွတ်ခန့်လောက်သာ ရှိတော့သည်။ ထိုလူများသည် မတောက်တစ်ခေါက် သိုင်းပညာတတ်သူများ ဖြစ်ပုံရသည်။ ထို့ကြောင့် ဤစားသောက်ဆိုင်ထဲတွင် ရုတ်ရုတ်သဲသဲ လုပ်ဝံ့နေခြင်း ဖြစ်သည်။

ကျင်းကို့သည် ယိကြည်ကို မေးလိုက်၏။

"မိုးတိမ်ဒေဝီဟာ ဒီလို နည်းမျိုးနဲ့ လူသတ်သလားဟင်"

ယိကြည်က ခေါင်းညိတ်လိုက်၏။

"တိုက်ခိုက်ပြီးတော့လဲ သတ်တယ်၊ ဒီလိုပုံစံမျိုးနဲ့လဲ သတ်တယ်၊ ဖင်းနန်း ဓားသမားကိုတော့ တိုက်ခိုက်ပြီးမှ သတ်သွားတာပေါ့၊ အခုပုံစံအရလဲ လူသတ်တယ်၊ ထွက်သွားပြီးတော့မှ သူသတ်သွားမှန်း သိကြရတာပဲ"

ယိကြည်၏ စကားကို ဆုံးအောင် နားထောင်ပြီး ကျင်းကို့သည် စဉ်းစားနေလေ၏။ ထို့နောက် နေရာမှ ထသွားပြီး သေဆုံးသွားသူ လောင်ယူကို သေချာစွာ စစ်ဆေးကြည့်လေ၏။ သို့သော် သူသည် မည်သည့် ဝေဖန်ချက်မျှ မပေးပေ။ သူသည် မူလနေရာသို့ ပြန်လာပြီး ထိုင်သည်။

မြောင်အင်းလည်း ကျင်းကို့နောက်မှ လိုက်လာသည်။



စားပွဲထိုးသည် သူတို့မှာထားသည့် ဟင်းလျာများကို ချပေးသည်။

"ကဲ ... စားကြ ... စားကြ ... စားပြီးရင် ခရီးဆက်ကြမယ်"

သူတို့သည် အစားအသောက်များကို လျင်မြန်စွာ စားသောက်လိုက်ကြ၏။ စားသောက်ပြီးသောအခါ စားပွဲထိုးကိုခေါ်၍ ငွေရှင်းသည်။

ကျင်းကို့က ...

"ကဲ ... ဒီက ထွက်ကြစို့"

သူတို့သည် ဆိုင်ပြင်သို့ ထွက်လာကြလေ၏။ မြောင်အင်းသည် ကျင်းကို့အား ထပ်၍မေးသည်။

"နောင်ကြီး ကျင်းကို့ ... ဘာထူးခြားချက် မြင်သလဲ"

ကျင်းကို့က ...

"ဒီည ကျွန်တော်တို့ စို့ယန်းမြို့ကို အရောက်နှင်ကြမယ်၊ လမ်းမှာ ဖြစ်ဖြစ်၊ စို့ယန်းမြို့မှာ ဖြစ်ဖြစ်၊ စေစောက သီချင်းသည် အမျိုးသမီးကို တွေ့ချင်တွေ့လိမ့်မယ်"

လေးယောက်သား စို့ယန်းမြို့သို့ ခရီးဆက်ကြလေတော့၏။ သူတို့သည် သာမန် လူများကဲ့သို့ ခရီးမနှင်ဘဲ ကိုယ်ဖော့ပညာသုံး၍ အပြေးခရီး နှင်ကြ၏။ လေးယောက်စလုံး ကိုယ်ဖော့ပညာ သုံး၍ ခရီးနှင်ကြလေ၏။

လမ်းခရီးတစ်လျှောက် လီနစ်ဆယ်ခန့် ခရီးပေါက်ခဲ့၏။ သို့သော် သီချင်းသည် အမျိုးသမီးကို မတွေ့ရချေ။

ချောင်လိန်လုံး၊ မြောင်အင်းနှင့် ယိကြည်တို့သည် ထိုသီချင်းသည် အမျိုးသမီးအား မျက်ကလဲဆန်ပြာ ရှာဖွေကြ၏။ ခရီးစဉ်တစ်လျှောက်လုံး သူတို့ မတွေ့ခဲ့ကြရချေ။

မြောင်အင်းက …

"ဒီအမျိုးသမီး ဒီလမ်းက မသွားဘူးထင်တယ်"

ဤသို့ပြောနေစဉ်အတွင်း သူတို့နောက်မှ လူတစ်ယောက် ပြေး၍ လိုက်လာသည်ကို တွေ့ရ၏။

သူတို့နောက်ကို ပြေးလိုက် လာသည်လား၊ သူ့ခရီးသူသွားသည်လား မသိနိုင်သဖြင့် ကျင်းကို့သည် အသာစောင့်ကြည့်နေလေ၏။

အတော်နီးလာသောအခါမှ သူတို့နောက်သို့ လိုက်လာသူ အဘိုးအိုတစ်ဦး ဖြစ်ကြောင်း သိရသည်။

"တူမောင် ကျင်းကို့ … တူမောင် ကျင်းကို့ … ကျုပ်ကို စောင့်ပါဦး၊ ကျုပ်ကို ခဏစောင့်ပါဦး"

ကျင်းကို့သည် ထိုအဘိုးအိုကို ကြည့်လေ၏။

"ဟာ … အဘ ကောင်းဟိုပါလား"

ထိုအဘိုးအိုကား အခြားသူ မဟုတ်ပေ၊ လက်ဖက်ရည်ဆိုင်တွင် စကားလက်ဆုံ ကျခဲ့ရသော အဘကောင်းဟိုပေတည်း။

"အဘ ကောင်းဟို ဘယ်သွားမလို့လဲ"

ကျင်းကို့က မေးလိုက်၏။

အဘိုးအိုက …

"ကျုပ် တူမောင်နောက်ကို လိုက်လာခဲ့တာလေ"

"ဟုတ်လား … အထူးအရေးကြီးတဲ့ သတင်းများ ပြောစရာရှိလို့လား"

"ရှိတာပေါ့၊ တူမောင် ကျူးထင်းကြီးကို သွားရှာမလို့ ဟုတ်လား၊ တူမောင်က ကျူးထင်းကြီးကို စုံစမ်းနေတော့ လိုက်ရှာမလို့ဘဲလို့ ကျုပ်ထင်တယ်"



"အဘ ကောင်းဟို ဘယ်လို သိသလဲ"

"ကျုပ် ပြောခဲ့ပြီပဲ၊ ထင်တာပါလို့၊ ကဲ … လာ သွားကြစို့၊ ခရီးအပြင်းနှင်ရင်း စကားစမြည် ပြောသွားကြတာပေါ့"

အဘိုးအို ကောင်းဟို တိုးလာသဖြင့် သူတို့လူစုသည် ငါးယောက် ဖြစ်သွားလေ၏။ သူတို့ ငါးယောက်သည် စကားတပြောပြောနှင့် အပြေးကလေး ခရီးနှင်ကြလေ၏။

"အဘ ကောင်းဟိုက အခုမှ ဘယ်လို ဖြစ်လာတာလဲ"

"မဟုတ်ဘူးကွ၊ ဟိုမှာ အန္တရာယ် ဖြစ်မှာစိုးလို့"

"ဘာအန္တရာယ် ဖြစ်မှာလဲ အဘ ကောင်းဟို"

"ကျုပ်မှာ သွေးသောက်ညီအစ်ကို တစ်ယောက်ရှိတယ်၊ အခု သူဟာ ကျူးထင်းကြီး အပါးမှာ ရှိနေတယ်၊ သူဟာ ကျူးထင်းကြီးကို စောင့်ရှောက်နေတဲ့ လူတွေထဲက တစ်ယောက်ပေါ့"

"ဩော် .. ဟုတ်လား"

"အေး … တူမောင် ကျူးထင်းကြီးကို သွားရှာရင် ကျုပ်ညီနဲ့ တူမောင် တိုက်ခိုက်ကြမှာကို ကျုပ် စိုးရိမ်တယ်"

"အဘ ကောင်းဟို ကျွန်တော်တို့နဲ့ လိုက်လာရင် ကျွန်တော်တို့ ဟိုက်ခိုက်စရာ အကြောင်းမရှိတော့ဘူးပေါ့"

အဘိုးအို ကောင်းဟိုက ခေါင်းယမ်း၏။

"ကျုပ် သွားလို့မဖြစ်ပါဘူး၊ ကျုပ်တူမောင်ကို မေတ္တာရပ်ခံချင်တာက တကယ်လို့ ရသေ့ကြီး စင်းချောင်နဲ့ တွေ့ကြုံမိရင် အသက်အန္တရာယ် ဖြစ်အောင် မတိုက်ခိုက်ပါနဲ့လို့ မှာချင်ပါတယ်"

"ကျွန်တော် အခုသွားမှာက ဘယ်သူ့ကိုမှ အန္တရာယ်ပြုဖို့ မဟုတ်ပါဘူး၊ ကျူးထင်းကြီးကို တွေ့ဖို့ ကျွန်တော် ရှာနေတာကလဲ ကျွန်တော့် အကျိုးအတွက် မဟုတ်ပါဘူး၊ လူတစ်ယောက်ရဲ့ အကျိုး

အတွက်ပါ၊ အဲဒီလူကလဲ သူ့ကိုယ်ကျိုးအတွက် မဟုတ်ပါဘူး၊ တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်နေတာ ဖြစ်ပါတယ်"

အဘိုးအိုက သက်ပြင်း ချလိုက်၏။

"တူမောင် သွားရင်တော့ တိုက်ပွဲဖြစ်မှာ အမှန်ပါပဲ၊ ကျူးထင်းကြီးကို စောင့်ရှောက် နေကြတဲ့ သိုင်းသမားတွေက တူမောင့်ကို အသာတကြည် လက်ခံမှာ မဟုတ်ပါဘူး"

"အဘ ကောင်းဟိုကို ကျွန်တော်က ကတိတစ်ခု ပေးပါတယ်၊ တိုက်ခိုက်မှု မဖြစ်ရအောင် ကျွန်တော် ရှောင်မယ် ဆိုတာပါပဲ"

ကျင်းကိုက ကတိပေးလိုက်၏။

"ဒီလိုဆိုရင် ကောင်းပါလေရဲ့ကွယ်"

အဘ ကောင်းဟိုသည် ခေါင်းတညိတ်ညိတ်နှင့် ပြောလိုက်လေသည်။

✿ ✿ ✿

# အခန်း(၁၂)

## ကန္တာရတစ္ဆေမ

ကျင်းကိုက မေးလိုက်၏။

"အဘကို တစ်ခု မေးပါရစေ၊ လမ်းမှ အဘ ကောင်းဟို ဘာသတင်းများ ကြားခဲ့သေးသလဲ"

"ဘာသတင်းများလဲကွယ်"

"ခု ဘင်္ဂလား သိုင်းလောကမှာ 'မိုးတိမ်ဒေဝီ' ဆိုတဲ့ အမျိုးသမီး တစ်ယောက် ပေါ်နေတယ်ဆိုပဲ၊ အဲဒါ ..."

"ဩော် ... ဒါလား၊ ကျုပ် ကြားဖူးပါတယ်၊ ခုတလောမှ မဟုတ်ပါဘူး၊ မိုးတိမ်ဒေဝီ ပေါ်နေတာ အတော်ကြာနေပြီပဲ"

"ဟုတ်လား"

"ဟုတ်တယ်၊ ဒီ အမျိုးသမီးက ပျောက်သွားလိုက်၊ အသွင်တစ်မျိုးနဲ့ ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ နောက်ထပ် အသွင်တစ်မျိုးနဲ့ပြန်ပေါ်လာလိုက်နဲ့ ဖြစ်နေတယ်၊ ဒီ အမျိုးသမီးရဲ့ မျက်နှာအသွင်အပြင် အစစ်အမှန်ကို တွေ့မြင်ရတဲ့လူ မရှိသလောက်ဘဲ၊ သူသတ်လိုက်ရင်လဲ ဘယ်လိုနည်းနဲ့ သတ်မှန်းတောင် မသိနိုင်အောင် ဆန်းပြားတဲ့ နည်းတွေကိုသုံးပြီး သတ်တယ်ဆိုပဲ သူဟာ တစ်ခါတစ်ရံမှာတော့ ဓားချင်း ယှဉ်တိုက်သတ်သတဲ့"

ကျင်းကိုက ရယ်မောလိုက်သည်။

"ဆန်းပြားတယ်လို့ လူတွေက ပြောကြတာပါ ခင်ဗျာ၊ အမှန်ကတော့ သူသတ်တဲ့ နည်းတွေဟာ မဆန်းလှပါဘူး"

"တုမောင်က သူ့ပညာကို သိလို့လား"

"သိတာပေါ့ ခင်ဗျာ၊ အဆိပ်လက်သည်းနဲ့ သတ်ဖြတ်ခဲ့တာကို ကျန်ခဲ့တဲ့ မြို့ကလေးက စားသောက်ဆိုင်မှာ တွေ့ခဲ့တာပဲ၊ သေတာကလဲ သိုင်းလောကသား တစ်ယောက်ပါ၊ ဒါပေမယ့် ထိပ်တန်းသိုင်းသမားတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ အဲဒီ စားသောက်ဆိုင်ဝင်တုန်းက တိုးတာပဲ၊ အဲဒီ အမျိုးသမီးဟာ သီချင်းသည့်တစ်ယောက်လို အသွင်ပြောင်းထားတယ်၊ ရုပ်ချောတယ်၊ အသံ‌ကောင်းတယ်၊ ဒါတွေကတော့ အကြောင်း မဟုတ်ပါဘူး၊ သူ့ကို ကျွန်တော်တို့က 'မိုးတိမ်ဒေဝီ'လို့ ယူဆ နေကြပါတယ်"

အဘိုးအိုက စဉ်းစားပြီး အတန်ကြာမှ ခပ်ဖြည်းဖြည်း ပြောသည်။

"သိုင်းလောကမှာ အဆိပ် လက်သည်းနဲ့ တိုက်ခိုက်တဲ့ အမျိုးသမီး သိုင်းသမား ပေါ်ထွန်းခဲ့ဖူးတယ်"

ကျင်းကိုက ...

"အဲဒီ အမျိုးသမီးဟာ ဘယ်သူလဲ"

"ကန္တာရ တစ္ဆေမတဲ့"

"သူ ဖြစ်နိုင်တာပေါ့"

"မဖြစ်နိုင်ဘူး၊ သူဟာ သိုင်းလောကက တိမ်မြုပ်ပျောက်ကွယ်နေတာ နှစ်အတော်ကြာနေပြီ၊ အခု အသက်ရှင် နေဦးမယ်ဆိုရင် အသက်ကိုးဆယ်လောက် ရှိနေပြီ"



"ဟင်း ... ဒါဆိုရင် အခုတွေ့ရတဲ့ မိုးတိမ်ဒေဝီဟာ 'ကန္တာရတစ္ဆေမ' မဖြစ်နိုင်တော့ဘူး"

"အေး ... အဲဒါကို ပြောတာပေါ့"

"အခု ... ကျွန်တော်တို့ တွေ့ခဲ့တဲ့ အမျိုးသမီးဟာ ရုပ်ပြောင်းရုပ်လွှဲ လုပ်ထားတာတော့ သေချာတယ်၊ ဒါပေမယ့် 'ကန္တာရတစ္ဆေမ' တော့ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အသက်ကိုးဆယ်အရွယ်လောက်ရှိတဲ့ အဘွားအိုကြီးက အသက်နှစ်ဆယ့် ငါးနှစ်လောက် အရွယ် အမျိုးသမီးငယ် တစ်ယောက်လို ဘယ်လိုမှ ပြုပြင်လို့ရမှာ မဟုတ်ပါဘူး၊ အင်း ... တစ်ခုတော့ ရှိတယ်"

ငါတုက ဘယ်လိုများ တွေးမိလို့လဲ"

"ကျွန်တော် အနီးစပ်ဆုံး တွေးမိတာကတော့ အဲ့ဒီ အမျိုးသမီးဟာ 'ကန္တာရတစ္ဆေမ'ရဲ့ တပည့်တစ်ယောက် ဖြစ်လိမ့်မယ်"

အဘိုးအိုသည် ကျင်းကို့ ပြောသည်ကို နားထောင်ပြီး ခေါင်းယမ်းသည်။

"မဖြစ်နိုင်ပါဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"

"ကန္တာရတစ္ဆေမဟာ တပည့်မမွေးဘူးလို့ သတင်းကြားတယ်"

ကျင်းကိုက ...

"အဘ ကောင်းဟို၊ ကျူးထင်းကြီးဆီ မလိုက်ဘူးမဟုတ်လား"

"မလိုက်ဘူးကွာ"

"မလိုက်ရင် ကျွန်တော်တို့ လမ်းခွဲကြစို့၊ ကျွန်တော်တို့က သီချင်းသည် အမျိုးသမီးကို အမိလိုက်ကြရမှာ ဖြစ်ပါတယ်"

အဘိုးအိုက ရယ်မောပြီး ခေါင်းယမ်းသည်။

"မိုးတိမ်ဒေဝီသာ အမှန်ဖြစ်ခဲ့ရင် တုမောင် ဘယ်လိုမှ သူ့ကို

ရှာဖွေနိုင်မှာ မဟုတ်ပါဘူး၊ တစ်နေ့တာအတွင်းမှာ သူဟာ ရုပ်ပြောင်းရုပ်လွှဲပညာနဲ့ ရုပ်သုံးမျိုးလောက် ပြောင်းနိုင်တယ်၊ ခုလောက်ဆိုရင် အဲဒီ အမျိုးသမီးဟာ သီချင်းသည်မ အသွင်ရှိတော့မှာ မဟုတ်ဘူး၊ တခြား ရုပ်သွင်တစ်ခုကို ပြောင်းလဲသွားလောက်ပြီ၊ တူမောင် သူ့ကို ဘယ်လိုမှ မမှတ်မိနိုင်တော့ဘူး"

ကျင်းကိုသည် အဝေးသို့ လှမ်းကြည့်လိုက်သည်။ အဝေး၌ တိမ်တောင် တိမ်လိပ်များ ဖြစ်ထွန်းနေသည်။ ကျင်းကို ဖြည်းညင်းစွာ ပြောလိုက်သည်။

"ကျွန်တော် မှတ်မိအောင် ကြိုးစားရမှာပေါ့၊ ကဲ ... ကျွန်တော်တို့ကို သွားခွင့်ပြုပါ"

ကျင်းကိုတို့သည် အဘိုးအို ကောင်းဟိုနှင့် လမ်းခွဲကာ လေးယောက်သား ခရီးပြင်း နှင်ကြလေတော့၏။

မှောင်စပျိုးသောအခါ ထိုက်ယင်မြို့နှင့် မဝေးလှသော အရပ်သို့ ရောက်ရှိခဲ့ကြသည်။

ကျင်းကိုက မြောင်အင်းတို့ ဇနီးမောင်နှံအား ပြောသည်။

"နောင်ကြီး မြောင်အင်းတို့ လင်မယား မြို့ထဲကို အရင်ဝင်နှင့်ကြပါ၊ ကျွန်တော်တို့ နှစ်ယောက် နောက်မှ လိုက်ဝင်ခဲ့ပါမယ်"

မြောင်အင်းမှာ အံ့သြသွားသည်။

"ဟာ ... မဟုတ်တာ၊ နောင်ကြီး ကျင်းကိုတို့ ဘာလို့ချန်ရစ်ရမှာလဲ၊ မြို့ထဲရောက်ဖို့ မဝေးတော့ပါဘူး၊ ရှေ့မှာမြို့ကို မြင်နေရပြီ"

ကျင်းကိုက ...

"ဘာကြောင့်လဲဆိုတော့ မေးမနေပါနဲ့ နောင်ကြီး မြောင်အင်း၊ အကြောင်းရှိလို့ပဲ မှတ်လိုက်ပါ၊ နောင်ကြီးတို့ လင်မယားပဲ မြို့ထဲကို အရင်ဝင်ကြပါ"



ယိကြည်က ဝင်ပြောလေ၏။

"အစ်ကို မြောင်ဟာလေ စကားကို ရှည်တယ်၊ အစ်ကိုကျင်းက အကြောင်းရှိလို့ ပါလို့ဆိုနေမှ ဥစ္စာ"

မြောင်အင်းက ခေါင်းညိတ်ရတော့သည်။

"ကောင်းပြီလေ၊ ကျုပ်တို့နဲ့ ခင်ဗျားတို့ ဘယ်မှာဆုံကြမလဲ"

ကျင်းကို စဉ်းစားလိုက်သည်။

"တည်းခိုခန်း တစ်ခုခုမှာ ဆုံကြတာပေါ့၊ ဘယ်တည်းခိုခန်းမှာဆုံမလဲ၊ ခင်ဗျားက ထိုက်ယင်မြို့ကဆိုတော့ ဒီက တည်းခိုခန်းတွေကိုသိမယ်"

"ကောင်းပြီ၊ ဒီလိုဆိုရင် ကျုပ်တို့ လန်းစင်း တည်းခိုခန်းက စောင့်နေမယ်"

"ကောင်းပြီ ... ဒီလိုဆိုရင် ကျွန်တော်တို့ ရောက်အောင်လာခဲ့မယ်"

မြောင်အင်း၏ဇနီး ယိကြည်သည် ကျင်းကိုကို ဂါရဝ ပြု၏။ ထို့နောက် နှစ်ဦးသား ပြေးထွက်သွားကြလေတော့၏။ သူတို့သည် ရှေ့၌ မြင်နေရသော မြို့ဆီသို့ ပြေးသွားကြ၏။ လန်းစင်း တည်းခိုခန်း၌ စောင်းဆိုင်း နေကြပေတော့မည်။

ကျင်းကိုနှင့် ချောင်လိန်လုံးသည် မြောင်အင်းတို့ လင်မယားကို ကြည့်နေလေ၏။

ချောင်လိန်လုံးက ...

"အစ်ကိုကျင်း ဘာဖြစ်လို့ သူတို့နဲ့အတူတူ မြို့ထဲမဝင်တာလဲ"

ကျင်းကိုက အသံနှိမ့်၍ ပြောလိုက်၏။ သူတို့ ပတ်ဝန်းကျင်၌ လူတစ်ယောက်မျှ မရှိပေ။ သို့ရာတွင် ဤသို့ အသံနှိမ့်၍ ပြောခြင်းအားဖြင့် တစ်စုံတစ်ဦး ဘက် မကြားစေလိုခြင်းကြောင့် ဖြစ်ကြောင်း

ချောင်လိန်လုံး သိသည်။ သူသည် ပတ်ဝန်းကျင်ကို ထပ်မံမျက်စိကစားသည်။ မည်သူ့ကိုမျှ မတွေ့ပေ။

"တို့နောက်မှာ လူတစ်ယောက် နောင်ယောင်ခဲ့ လိုက်နေတယ်၊ ကျုပ်အထင်တော့ ဟိုသီချင်းသည် အမျိုးသမီးပဲ ဖြစ်လိမ့်မယ်"

"ကျွန်တော်တို့ နောက်ကို လိုက်တယ်ဆိုတာ သေချာရဲ့လား"

"သေချာတာပေါ့၊ ကျုပ် ဂရုစိုက်ကြည့်နေတာပဲ"

"လိုက်လာတော့ကော ... အစ်ကိုကျင်းရာ ... နောင်ကြီး မြောင်အင်းတို့ လင်မယားကို မြို့ထဲလွှတ်ဖို့ မလိုအပ်ဘူးနဲ့ ထင်တယ်"

"အုပ်စုခွဲလိုက်တာပါ၊ လေးယောက်စလုံး ပေါင်းနေတာထက် အုပ်စုနှစ်စုစီ ခွဲလိုက်တာ ပိုကောင်းတယ်၊ လေးယောက် တစ်စုတည်းဖြစ်နေတာက မကောင်းဘူး၊ နောက်ယောင်ခံ လိုက်တဲ့ လူအဖို့ပိုကောင်းတာပေါ့၊ လေးယောက်ဆိုတော့ လှုပ်ရှားရခက်နေတယ်၊ နှစ်ယောက်တည်းဆိုတော့ လှုပ်ရှားရလွယ်တယ်"

ချောင်လိန်လုံးသည် မသိမသာ နောက်လှည့် ကြည့်၏။ အမျိုးသမီးကြီး တစ်ဦးသည် သစ်ပင်တစ်ပင် နောက်ကွယ်သို့ ရိပ်ခနဲ တိုးကပ်သွား၏။ သီချင်းသည်မဟုတ်၊ အဘွားအိုကြီး ဖြစ်ကြောင်း တွေ့ရှိလိုက်ရသည်။

ချောင်လိန်လုံးသည် ကျင်းကို့က 'ဟိုသီချင်းသည် အမျိုးသမီး ဖြစ်လိမ့်မယ်' ဟု ပြောသဖြင့် နောက်တစ်ကြိမ် ထပ်မံကြည့်သည်၊ အဘွားအိုကြီးပင် ဖြစ်နေသည်။

ချောင်လိန်လုံးက ...

"အစ်ကိုကျင်း ... သေချာရဲ့လားဟင်"

"ဘာကို သေချာတာလဲ"

"နောက်က လိုက်လာတဲ့ အမျိုးသမီးဟာ သီချင်းသည် အမျိုး



သမီး မဖြစ်နိုင်ပါဘူး၊ အိုမင်းမစွမ်း ရှိလှပြီ၊ ကျွန်တော်တော့ မိုးတိမ်ဒေဝီလို့ မထင်ဘူး"

"မိုးတိမ်ဒေဝီ ဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဘကောင်းဟို ပြောတယ် မဟုတ်လား၊ သူဟာ ရုပ်ပြောင်း ရုပ်လွှဲကောင်းတယ်လို့၊ အ[illegible] သူဟာ ရုပ်ပြောင်းထားတာ ဖြစ်နိုင်တာပေါ့၊ ညီလေး ချောင်လိန်လုံ ကြည့်စမ်း၊ အဘွားအိုကြီးဟာ သာမန်အဘွားအိုကြီး မဟုတ်နိုင်ဘူး၊ သူလမ်းလျှောက်တာကိုပဲကြည့် သိပ်မြန်တာပဲ၊ သစ်ပင်တစ်ပင် နောက်ကသစ်ပင်တစ်ပင် နောက်ကိုကူးတာအင်မတန် လျင်မြန်တယ်၊ ကိုယ်ဖော့ပညာ သိပ်ကောင်းတယ်ဆိုတာ ပြသနေတယ်"

"ဒီအဘွားအိုဟာ အသက်ရှစ်ဆယ် ကိုးဆယ်လောက် ရှိတဲ့ အဘွားအိုကြီး ဖြစ်နေတယ် အစ်ကိုကျင်းရ"

ကျင်းကို့၏ လေသံမှာ မိုးတိမ်ဒေဝီ မဖြစ်နိုင်ဟု ငြင်းဆန်ပြောကြားသည့်အလား ရှိနေ၏။

ကျင်းကို့က ...

"တို့ စောစောကလို ပြေးဖို့ မလိုတော့ဘူး၊ ခပ်မှန်မှန်ပဲ လျှောက်ကြစို့၊ ဒီတော့မှ သူ့ကို အကဲခတ်နိုင်မယ်၊ သူလိုက်လာတာကို တို့ရိပ်မိပုံလဲ မပေါ်စေနဲ့ဦး၊ ဣန္ဒြေရရ လျှောက်"

ကျင်းကို့နှင့် ချောင်လိန်လုံးသည် ပတ်ဝန်းကျင်ကို လက်ညှိုးထိုးစကားပြော၍ ဟိုဟိုဒီဒီကြည့် လမ်းလျှောက်ကြလေ၏။ မြို့ထဲသို့ နီးလာသောအခါ အဘွားအိုကြီးသည် ပေါ်ပေါ်ထင်ထင် နောက်မှ လျှောက်လိုက်လာ၏။

မြို့ထဲဝင်ရန် နီးကပ်လာသဖြင့် သူမ လိုက်လာသည်ကို ကျင်းကို့တို့ သံသယမဖြစ်နိုင်ဟု ယူဆဟန်ရှိသည်။ အဘွားအိုသည်

ခြေလှမ်းသွက်သွက်ဖြင့် လျှောက်နေ၏။ အဘွားအိုတစ်ယောက်ကဲ့သို့ လျှောက်နေသည် မဟုတ်ပါ။ လူငယ်လူရွယ်ကဲ့သို့ သွက်လက်ဖျတ်လပ်စွာ လျှောက်နေခြင်း ဖြစ်ပါသည်။ ကျင်းကို့က မိုးတိမ်ဒေဝီ ဖြစ်နိုင်သည်ဟု ခန့်မှန်းခြင်းမှာ မဆိုးလှပါ။ အိုမင်းမစွမ်းတုန်တုန်ယင်ယင် ရှိသည့်ပုံကို မည်သူမဆို ပြောနိုင်ပါသည်။ လျင်မြန်သွက်လက်သည့် ပုံကိုတော့ တော်ရုံတန်ရုံလူ မဖမ်းနိုင်ပါ။ နဂိုကတည်းက လျင်မြန်သွက်လက်မှ ဖြစ်ပါမည်။

အဘွားအိုသည် ရှေ့မှသွားနေသည့် ကျင်းကို့နှင့် ချောင်လိန်လုံးတို့ကို ဂရုပြုနေသည် မဟုတ်ဘဲ သူမ၏ လက်ယာဘက်ရှိ ချုံပုတ်များဆီသို့ မကြာခဏ စောင့်ငဲ့ ကြည့်ရှုနေသည်ကို ချောင်လိန်လုံး သိရှိမိလေ၏။

အဘွားအို၏ လက်ယာဘက်တွင်လည်း ချုံပုတ်များချည်းသာ ရှိနေသည်။ ချောင်လိန်လုံးသည် ထိုချုံပုတ်များဆီသို့ အကဲခတ်သည်။ မည်သည့် မသင်္ကာစရာမျှ မတွေ့ချေ။

နောက်ဆုံးတွင် ချောင်လိန်လုံး မနေနိုင်တော့ချေ။ ကျင်းကို့အား ထုတ်ဖော်မေးရတော့၏။

"အစ်ကိုကျင်း... အဘွားကြီးဟာ ညာဘက်က သစ်ပင်ချုံပုတ်တွေကိုပဲ ကြည့်နေတယ်၊ ဘာဖြစ်လို့လဲ မသိဘူး၊ ကျွန်တော်တို့ကို သူအကဲမခတ်ဘူး ဆိုတာ သိအောင် ညာဘက်ကို ကြည့်ပြနေတာလား မသိဘူး"

ကျင်းကို့က ပြုံးရယ်လိုက်ပြီး...

"သူညာဘက်ကိုချည်း ကြည့်မှာပေါ့၊ လူတစ်ယောက်က ဒီသစ်ပင်ချုံပုတ်တွေကို အကာအကွယ်ယူပြီး သူ့နောက်ကို လိုက်နေတာကိုး"



ချောင်လိန်လုံး အံ့အားသင့်သွား၏။ သူသည် ညာဘက်ချုံပုတ်များကို အကဲခတ် ကြည့်ရှုပါသော်လည်း မည်သည့်လူကိုမျှ မတွေ့ခဲ့ချေ။

ကျင်းကို့၏ သိုင်းပညာလွန်စွာ အဆင့်မြင့်သည်ကို သူသည် သဘောပေါက်သည်ထက် ပေါက်လာလေ၏။

"အစ်ကိုကျင်း... လူတစ်ယောက် လိုက်နေတယ် ဟုတ်လား၊ ကျွန်တော်တော့ မမြင်မိပါဘူးဗျာ"

ကျင်းကို့က...

"ကျုပ်လဲ သေသေ ချာချာ မြင်တာ မဟုတ်ပါဘူး၊ လူရိပ်ပဲ တွေ့လိုက်ရတာပါ"

ထိုစဉ်...

ကျင်းကို့သည် ရုတ်တရက် ချောင်လိန်လုံး၏ လက်ကို ဖမ်းဆွဲလိုက်ရာ ချောင်လိန်လုံးသည် ဆတ်ခနဲ တုန်သွားပြီး လက်ကို ရုန်းထွက်လိုက်မိသည်။

ဤသို့ ရုန်းလိုက်ပြီးမှ သူမ မှားမှန်း သိလေ၏။ ထို့ကြောင့် ကျင်းကို့၏ စိတ်ထဲ သို့လော... သို့လော မတွေး မပေါ်မီ စကားတစ်ခွန်းကို အမြန်ဆုံး ပြောလိုက်ရလေ၏။

"မြို့ထဲကို ဝင်ခါနီးပြီ အစ်ကိုကျင်း လူတွေတောင် ဥဒဟို သွားနေကြပြီ"

ကျင်းကို့မှာ ချောင်လိန်လုံး၏ အပြုအမူကို သတိထားမိဟန် မတူချေ။ သူသည် ပုံမှန်အတိုင်းပင် ရှိနေသည်။ သူ ခေါင်းညိတ်သည်။

"မြို့ထဲမဝင်ခင် လက်ဝဲဘက် သစ်ပင်တွေဆီ ခဏဝင်ခိုကြမယ်"

"ဟာ... အစ်ကိုကျင်းကလဲ ကိုယ့်လမ်းကိုယ် သွားနေတာပဲ ဘာဖြစ်လို့ ဝင်ခိုရမှာလဲ"

"နောက်က အဘွားကြီးနဲ့ သူ့နောက်ကို နောက်ယောင်ခံလိုက်နေတဲ့လူ တိုက်ခိုက်ကြလိမ့်မယ်၊ မြို့ထဲမဝင်ခင် တိုက်ခိုက်ကြမှာပဲ၊ သူတို့ကို ချောင်းကြည့်ရမယ်"

ရှင်းရှင်းလင်းလင်း ပြောပြမှ ချောင်လိန်လုံး နားလည်သွားသည်။ ချောင်လိန်လုံးသည် ကျင်းကို့ နောက်မှ လိုက်သွားသည်။ ကျင်းကို့သည် လက်ဝဲဘက်ရှိ သစ်ပင်တန်းများဆီသို့ ဆင်းသွားပြီး ပင်စည်တစ်ပင်နောက်၌ ပုန်းကွယ်လိုက်သည်။ ချောင်လိန်လုံးလည်း ကျင်းကို့ကဲ့သို့ ပုန်းကွယ်ပြီး ချောင်းကြည့်လိုက်လေ၏။

အဘွားအိုသည် သူတို့ ပုန်းကွယ်နေသည့် သစ်ပင်ရှေ့သို့ ရောက်သောအခါ ရပ်တန့်လိုက်သည်။ ညာဘက် ချုံကွယ်တစ်ခုသို့ လှမ်းကြည့်လိုက်ပြီး အေးစက်စက် လေသံဖြင့် ခေါ်ထုတ်လိုက်လေ၏။

"ငါ့နောက်ကို ဘယ်သူ နောက်ယောင်ခံ လိုက်နေတာလဲ၊ မသိဘူးမှတ်လို့လား"

ထိုအခါ...

ချုံကွယ်မှ လူတစ်ယောက် ခုန်ထွက်လာလေ၏။ ကျင်းကို့ အသေအချာ ကြည့်လိုက်သောအခါ အဘိုးအို တစ်ဦးဖြစ်ကြောင်း တွေ့ရှိရလေ၏။ အဘိုးအိုသည် အသက်ခုနစ်ဆယ်ခန့် ရှိလေပြီ၊ အဘိုးအိုသည် အဘွားကို ရှေ့တွင် ခါးထောက်ရပ်လိုက်သည်။

"အဘွားကြီး... ဘယ်လိုလဲဗျ"

"ဘာ... ဘယ်လိုလဲ... လဲ""

"ခင်ဗျားက လျှို့ဝှက်ထားမလို့ဟုတ်လား"



"ဘာလျှို့ဝှက် ထားရမလဲ"

"ခင်ဗျားအကြောင်းကို ကျုပ်သိတယ်၊ ကျုပ်အကြောင်းကိုလဲ ခင်ဗျား သိတယ် မဟုတ်လား"

အဘွားအိုသည် အဘိုးအိုကို မျက်စောင်းထိုးပြီး...

"ရှင့်အကြောင်း သိပါတော်... သိလွန်းလို့ ခက်နေတယ်၊ သိုင်းလောကမှာ လူတကာက အော့နှလုံးနာ ရွံရှာစက်ဆုပ်နေကြတဲ့ တဏှာကောင်ကြီး ပိုင်ဟွာစင်း မဟုတ်လား"

အဘိုးအိုသည် တဟားဟားဖြင့် ရယ်သည်။

"ဟား... ဟား... ဟား... ကျုပ်ကို မနှာလို မရှုဆိတ်တဲ့ သိုင်းလောက သားတွေက နာမည်ဖျက်နေကြတာပါဗျာ၊ အမှန်တော့ ကျုပ်ဟာ ချစ်မေတ္တာ သိုင်းသမားကြီးရယ်ပါ"

"ဖွီ... ဘာချစ်မေတ္တာ သိုင်းသမားလဲ"

"ဩော်... ကျုပ်ရဲ့ ချစ်မေတ္တာ မိုးတွေ ရွာသွန်းဖြိုးပြီး အချစ်မေတ္တာ ရေလျှံတာကို ခင်ဗျားက မနှစ်သက်ဘူးလား"

"ထွီ... တဏှာရူးကြီးကများ အမျိုးသမီး ကလေးတွေကို လစ်ရင်လစ်သလို ဆွဲစော်ကား၊ မုဒိမ်းကျင့်နေတဲ့ ပန်းစားဘီလူး ပိုင်ဟွာစင်းဆိုတာ လူတိုင်းသိတယ်၊ ရှင့်မှာ ခေါင်းအပို ဘယ်နှစ်လုံး ပါလို့ ကျုပ်နောက်ကို လိုက်ချောင်းနေရတာလဲ"

ပိုင်ဟွာစင်းဆိုသော အဘိုးအိုက တဟားဟား ရယ်မောလေတော့၏။

"ကန္တာရတာဆွေမကြီး... ခင်ဗျားဟာ ရုပ်ပြောင်းရုပ်လွှဲ အတတ်ပညာမှာ အတော့်ကို စွမ်းပါတယ်၊ ခင်ဗျားဟာ ခုတလော 'မိုးတိမ်ဒေဝီ'ဆိုတဲ့ နာမည်နဲ့ သိုင်းလောသားတွေကို ညှို့ငင်ပြီး အချစ်စခန်း ဖွင့်နေတာ ကျုပ် မသိဘူး မှတ်လို့လား ဟား... ဟား... ဟား"

အဘွားအိုက…

"ပိုင်ဟွာစင်း… ကျုပ် 'မိုးတိမ်ဒေဝီ'အဖြစ်နဲ့ လှုပ်ရှားနေတယ်လို့ ရှင့်ကို ဘယ်သူပြောသလဲ ရှင်ကော တကယ်သိလို့လား၊ မိုးတိမ်ဒေဝီနဲ့ ကျုပ်ဟာ တခြားစီရှင့် တခြားစီ၊ ခုလို ပြေရှင်းနေတာဟာ ရှင့်ကို ကျုပ် ကြောက်လို့ မဟုတ်ဘူး"

"ဟား… ဟား… ဟား… မိုးတိမ်ဒေဝီ ဆိုရင်လဲ ဘာဖြစ်သလဲ၊ မိုးတိမ်ဒေဝီဟာ မိုးတိမ်ဒေဝီပေါ့…"

"ပိုင်ဟွာစင်း… ရှင်ဟာ ပြောလေ ကဲလေပါလား"

"ဟုတ်တယ်လေ… မင်းဟာ မကြာမီကပဲ လူတစ်ယောက်ကို အဆိပ်လက်သည်းနဲ့ ထိုးသတ်သွားတယ် မဟုတ်လား၊ ဟဲ… ဟဲ… ဟဲ… မင်း ကျုပ်ကို ညာလို့ မရပါဘူးကွာ"

"ပိုင်ဟွာစင်း… ရှင် ဘယ်လိုလူလဲ ကျုပ် ရှင်းပြနေတာကို ရှင် မကြားဘူးလား၊ ကျုပ်ဟာ ကန္တာရတစ္ဆေမ… ဟိုက မိုးတိမ်ဒေဝီ… တခြားစီရှင့်"

"ပြောမနေစမ်းပါနဲ့ကွာ၊ မင်းဟာ သိချင်းသည်မလေးယောင်ဆောင်ပြီး သိုင်းသမားတစ်ယောက်ကို အဆိပ်လက်သည်းနဲ့ ထိုးသတ်သွားတယ် မဟုတ်လား၊ အဲဒီ သိုင်းသမားဟာ ကျုပ် မိတ်ဆွေတစ်ယောက်ရဲ့ တပည့်ရင်းပဲ၊ ကျုပ် မင်းကို ကလဲ့စားချေရအောင် လိုက်လာခဲ့တာကွ၊ သိပြီလား…"

အဘွားအိုမှာ ဒေါသထွက်လွန်းသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။ သူမသည် ခြေဆောင့်၍ ပြောလိုက်၏။ သူမသည် အဘိုးအို ပိုင်ဟွာစင်းဆိုသူကို လက်ညှိုး ငေါက်ငေါက် ထိုး၍ ပြောလေ၏။

"ပိုင်ဟွာစင်း… ကျုပ်ကို ခုလို စွပ်စွပ် စွဲစွဲ လာမလုပ်နဲ့၊



ရှင့်မိတ်ဆွေဆိုတာလဲ မသိဘူး၊ ရှင့်မိတ်ဆွေရဲ့ တပည့်ဆိုတာကိုလဲ မသတ်ခဲ့ဘူး၊ ကျုပ် ပြောနေတာတွေဟာ ရှင့်ကို ကြောက်လို့ မဟုတ်ဘူး၊ ကျုပ် မသတ်လို့ မသတ်ဘူး ပြောနေတာ…"

"အဆိပ်လက်သည်းပညာ သုံးတဲ့လူဟာ မင်းတစ်ယောက်ပဲ ရှိတာကို ကျုပ် သိထားတာပဲ၊ မင်း ကျုပ်ကို လိမ်လို့ မရပါဘူး"

ဤတွင် အဘွားအိုသည် စဉ်းစားတွေဝေ သွားလေ၏။ အဘိုးအို၏ စကားကို ခွန်းတုံ့မပြန်မိတော့ပေ။ သူမသည် ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"အင်း… သူပဲ ဖြစ်ရမယ်"

သူမသည် တိုးတိုးရေရွတ် လိုက်လေ၏။ သူမသည် တစ်စုံတစ်ခုကို တွေးမိသွားလေပြီ။ ပိုင်ဟွာစင်း မိတ်ဆွေ ဆိုသူ၏ တပည့်ဆိုသူအား သတ်သူကို သူမတွေးမိ လိုက်ပုံရသည်။

အဘွားအိုသည် ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် ပိုင်ဟွာစင်းကို ရင်ဆိုင်လိုက်သည်။

"ကဲ… ဒီလူသတ်မှုကို ကျုပ် ခေါင်းပေါ် အကျခံတယ်၊ တဏှာကောင်ကြီး၊ ရှင် ကလဲ့စား ချေချင်တယ် ဆိုရင် အသင့်ပြင်ပြီး တက်တိုက်လှည့်၊ လာခဲ့…"

အဘိုးအို ပိုင်ဟွာစင်းသည် အသံကုန် အော်ဟစ်လေ၏။

"သတ်မယ် သတ်မယ်၊ တစ္ဆေမကြီးကို သတ်မယ်၊ ကျုပ် မိတ်ဆွေရဲ့ ကိုယ်စား ကျုပ်က မင်းကို သတ်ရမယ်၊ မင်းရဲ့အဆိပ်လက်သည်းတွေကို ကျုပ်က အသာကလေး ရှောင်နိုင်ပါတယ်၊ ယောဒီမှာကြည့်… တစ္ဆေမကြီးရဲ့ ဝိညာဉ်ကို နုတ်မယ့်လက်နက်…"

"ချွမ်း"

ပိုင်ဟွာစင်းသည် လှံ့လက်နက်ကို ဆွဲထုတ်လိုက်၏။

လွှားဓား...

လွှားဓားဆိုသည်မှာ ငါးမန်းစွယ်ကဲ့သို့ တစ်ဖက်က အစွယ်များပါသည်။ တစ်ဖက်က ဓားသွားအတိုင်း ဖြစ်သည်။ တကယ်တော့ နှစ်ဖက်သွား ဓားပင်။

ပိုင်ဟွာစင်းသည် လွှားဓားကို ဝှေ့ယမ်းပြီး အဘွားအိုကို တိုက်ခိုက်လေတော့၏။ လေထိုးသံက တစ်ဝှီးဝှီး မြည်ဟီးသွားလေတော့သည်။

✿ ✿ ✿

## အခန်း(၁၃)

## ရှမ့်ကောင်ကို သုတ်သင်ခြင်း

အဘွားအိုသည် မည်သည့်လက်နက်မျှ မပါပေ။ ကျင်းကိုတို့သည် အဘွားအို နောက်ယောက်ခံ လိုက်လာကတည်းက မည်သည့် လက်နက်မျှ မပါသည်ကို သိရှိကြသည်။ အဘွားအိုသည် သူ့ခြေလက်များကို လက်နက်အဖြစ် အားကိုးတော့မည်ဟု ကျင်းကို သိရှိလိုက်လေ၏။

ပိုင်ဟွာစင်းသည် လွှားဓားဖြင့် အဘွားအိုကို အဆက်မပြတ် တိုက်ခိုက်သည်။ အဘိုးအို၏ ဝှေ့ယမ်း တိုက်ခိုက်ပုံမှာ တစ်ချက်ထိလိုက်သည်နှင့် အဘွားအို သေရွာသို့ ရောက်ရှိသွားမည့်ပုံ ဖြစ်သည်။

အဘွားအိုသည် လက်နှစ်ဖက်ကို မြှောက်လိုက်၏။ လက်ချောင်းများကို စွန်ကုပ်သဏ္ဌာန်ပြုလုပ်၍ လွှားဓား၏ တိုက်ခိုက်ချက်များကို ရှောင်တိမ်း၏။ သူ့လက်ချောင်းများ၏ လှုပ်ရှားမှုကလည်း လျင်မြန်လှသည်။ ပိုင်ဟွာစင်း၏ ဦးခေါင်း မျက်နှာနှင့် ကိုယ်အထက်ပိုင်းကို မြွေဟောက် ပေါက်သကဲ့သို့ ပေါက်ခနဲ ပေါက်ခနဲ စိုက်ဝင်သွားသည်။ ပိုင်ဟွာစင်းမှာ တိုက်ခိုက်ရင်း ရှောင်တိမ်းနေရသည်။

သစ်ပင်အကွယ်မှ ချောင်းကြည့်နေကြသော ချောင်လိန်လုံးက ကျင်းကို့အား ပြောလိုက်သည်။

"အဘွားကြီးမှာ ဘာလက်နက်မှ မပါဘူး အစ်ကိုကျင်း၊ ဟိုလူကြီးက အကြမ်းပတမ်း ခုတ်ထစ်နေတယ်၊ သူတို့စကား နှစ်ရပ်ကို နှိုင်းယှဉ်ကြည့်လိုက်တော့ အဘွားကြီးဟာ အမှန်တရားဘက်က ရှိပုံပေါ်တယ်၊ ကျွန်တော်တော့ ဒီပွဲကို ဝင်ဖျက်လိုက်ချင်တယ်"

ကျင်းကို့သည် ချင့်ချိန်နေပုံရသည်။ ဤပွဲကို သူတို့ဝင်စွက်သင့် မစွက်သင့်၊ အနည်းငယ် စဉ်းစားပြီးနောက် ကျင်းကို့ ခေါင်းညိတ်လိုက်လေ၏။

"ညီလေး... ဒီပွဲကို ဖျက်ချင်ရင် ဖျက်လိုက်၊ လာ... လာ၊ ကျုပ်တို့ ပုန်းနေဖို့ မလိုတော့ပါဘူး"

သူတို့နှစ်ယောက်သည် သစ်ပင်အကွယ်မှ ထွက်လိုက်ကြသည်။ ကိုယ်ဖော့ပညာသုံးပြီး ခုန်ထွက်ကြခြင်းဖြစ်၍ အဘိုးအိုနှင့် အဘွားအို ခုတ်ထစ်နေသည့် တိုက်ပွဲစည်း အနီးသို့ ရောက်ရှိသွားလေ၏။

"လွှားသမားကြီး ရပ်လိုက်စမ်း..."

ချောင်လိန်လုံးက စူးရှစွာ အောက်လိုက်၏။

ပိုင်ဟွာစင်းသည် မရပ်ပေ၊ အဘွားအိုအား ဆက်လက်တိုက်ခိုက်နေသည်။ သူ့တိုက်ခိုက်မှုမှာ ပြင်းထန်လှ၏။ အဘွားအို၏ တန်ပြန်တိုက်ချက်သာ မရှိလျှင် ယခုထက်ပို၍ ပြင်းထန်နိုင်ပေသည်။

"အဘိုးကြီး... ကျုပ်ပြောနေတယ်၊ ရပ်ဆိုရပ်..."

ချောင်လိန်လုံးက အော်ဟစ်လိုက်၏။

အဘိုးကြီး ပိုင်ဟွာစင်းသည် တိုက်ခိုက်နေရင်းမှ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သောအခါ လူငယ်နှစ်ဦးကို လျှပ်တစ်ပြက် တွေ့မြင်လိုက်ရ၏။



"မင်းတို့က ဘာဖြစ်လို့ ဝင်ရှုပ်ရတာလဲ၊ မဆိုင်ရင် ဝင်မရှုပ်နဲ့ သေသွားမယ်"

"သေမှာက ခင်ဗျား၊ ကျုပ်တို့က ရပ်ဆိုရပ်မှ ကြိုက်တယ်၊ မရပ်ရင် ခင်ဗျား သေလူဖြစ်မယ်"

"ဟား... ဟား... ဟား... ဟောဒီက တစ္ဆေမကြီးကို အရင်သတ်ပြီးမှ မင်းတို့ကို သတ်မယ်၊ မင်းတို့ နေနှင့်ကြဦး"

ပိုင်ဟွာစင်းသည် အော်ဟစ်ပြောဆိုပြီး အဘွားအိုအား ဆက်တိုက်လေ၏။ သူ၏ လွှားကြီးသည် လေထဲတွင် တစ်ဝိုးဝိုး မြည်နေလေ၏။

အဘွားအိုသည် လွှားကို အသေအလဲ ရှောင်တိမ်းနေရ၏။

ထိုစဉ်...

"အား"

အဘိုးအိုသည် အော်ဟစ်ပြီး လဲကျသွား၏။ သူ့လက်ထဲမှ လွှားကြီးလည်း လွတ်ကျသွားပြီး သူ့လည်ပင်းကို သူဖမ်းကိုင်လိုက်သည်။ အဘယ်ကြောင့် သူ့လည်ပင်းကို ဖမ်းကိုင်ပါသနည်း။ သူ့လည်ပင်းတွင် ဓားပျံတစ်လက် စိုက်နစ် ဝင်နေသောကြောင့်ပါတည်း။

ပိုင်ဟွာစင်းသည် လည်ပင်းရှိ ဓားပျံကို ကိုင်ရင်း ဒူးထောက်လဲကျသွား၏။ သူ့မျက်လုံးများထဲ၌ မယုံကြည်သော အရိပ်အယောင်များပေါ်နေသည်။ သူ ဤသို့ သေရမည်ကို လုံးဝသူမယုံကြည်ပေ။ ဓားပျံသည် သူ့လည်ပင်း၌ စိုက်နစ် ဝင်နေပေပြီ။

သူသည် ဓားပျံလက်နက်ကို ဆွဲနုတ်လိုက်၏။ သွေးများ ပွက်ပွက် ကျလာသည်။ ပိုင်ဟွာစင်းသည် ခွေခေါက်လဲကျပြီး အသက်ထွက်သွားလေ၏။

အဘွားအိုမှာ မည်သည့် လက်နက်မျှ မရှိပေ။ သူသည်

လက်နက် မရှိသဖြင့် အဘိုးအိုကိုလည်း ပစ်မသတ်နိုင်ပေ။ ဘေး၌ ရောက်ရှိလာသော လူငယ်နှစ်ယောက်အနက်မှ တစ်ယောက်သာ ဤအဘိုးအိုကို သတ်ပေလိမ့်မည်။ သူမသည် သူမ မသိသော လူငယ်နှစ်ယောက်ကို အံ့အားသင့်စွာ ကြည့်လိုက်မိ၏။

အဆင့်မသင့်လျှင် သူမနှင့် တိုက်ခိုက်ရမည်ဟု သူမတွေးသည်။ ထို့ကြောင့် အဘွားအိုသည် အဆင်သင့် ပြင်ဆင်ထားလိုက်သည်။

"မင်းတို့ ဘယ်သူတွေလဲ"

အဘွားအိုက မေးခွန်း ထုတ်လိုက်၏။

ကျင်းကိုသည် လက်ဖမိုးအစုံ ယှက်ပြီး အဘွားအိုအား ဂါရဝပြုလိုက်၏။

"ကျွန်တော့်နာမည် ကျင်းကိုပါ ခင်ဗျာ၊ ဟောဒီက ကျွန်တော့်မိတ်ဆွေကတော့ ချောင်လိန်လုံးပါ"

အဘွားအို၏ မျက်လုံးများသည် သေနေသော အဘိုးအို ပိုင်ဟွာစင်း၏ အလောင်းပေါ်သို့ ရောက်သွား၏။

ထို့နောက် ခုခံရန် ပြင်ဆင်ထားသည်ကို မူလအနေအထားသို့ ပြင်ဆင်လိုက်သည်။

"အဘွား သူ့ကိုတိုက်ရင် တော်တော်ကြာဦးမှာပါ၊ အဘွားနဲ့ သူနဲ့က လက်ရည်တူဆိုတော့ ဘယ်သူနိုင်မယ်မှန်းလည်း အဘွားမသိပါဘူး၊ အခု တူမောင်တို့က ဝင်ကူတော့ သူသေသွားတာပေါ့၊ ဒီလူသေဖို့ သိုင်းလောကစည်းကမ်းတွေ ဘာတွေ မလိုပါဘူးကွယ်"

ကျင်းကိုက...

"အဘွားမှာ လက်နက်မပါဘူး၊ သူက လက်နက်နဲ့ တိုက်တယ်၊ အသေအကျေတိုက်ပွဲမှာ အဘွားလဲ လက်နက်ကိုင်သင့်တာပေါ့၊ အဲဒါတစ်ခုတည်းနဲ့ပဲ သိုင်းလောကစည်းကမ်း ပျက်ကွက်နေ



ပါပြီ၊ နောက်ပြီး ဒီလူဟာ လူကောင်းတစ်ယောက် မဟုတ်ဘူးဆိုတာကို ကြည့်တာနဲ့ သိပါတယ်"

သိုင်းလောက စည်းကမ်းပျက်ကွက်နေသော တိုက်ပွဲတွင် သူ [illegible]ဝင်ရောက်သတ်ဖြတ်သည့်အတွက် သိုင်းလောကစည်းကမ်း ဖောက်ဖျက်ရာ မကြောင်း ကျင်းကိုက ပြောပြလေ၏။

"အေးကွယ်... မင်းတို့ သိအောင် ငါပြောပြပါမယ်၊ သူဟာ တခြားသူမဟုတ်ဘူး၊ တဏှာဘီလူး ပိုင်ဟွာစင်းပဲ၊ သူ့ကြောင့် အမျိုးသမီးတွေ ဘယ်လောက် ပျက်စီးခဲ့ရပြီ မှတ်သလဲ၊ တကယ် ဆိုးသွမ်းတဲ့ အောက်လမ်း သိုင်းသမားကြီး တစ်ယောက်ပါ၊ ဒီလို လူမျိုး သိုင်းလောကထဲက ဘယ်နည်းနဲ့ထွက်ထွက် ကောင်းပါတယ်"

ကျင်းကိုသည် အဘွားအိုကို အသေအချာ ကြည့်လေ၏။ [illegible]ပ်ဖျက်ထားကြောင်း သူ သေသေချာချာ မသိပါချေ။

ထို့ကြောင့်...

"ဘွားဘွားကို ကျွန်တော် တစ်ခုမေးပါရစေ"

"မေးပါ... မေးပါ"

"ဘွားဘွားဟာ မိုးတိမ်ဒေဝီပါလား ခင်ဗျာ၊ သေသွားတဲ့ ပိုင်ဟွာစင်း မေးသံကို ကျွန်တော်တို့ ကြားလိုက်ပါတယ်"

ကျင်းကိုက မေးမြန်းလိုက်သည်။ အဘွားအို ခေါင်းကိုခါယမ်းသည်။

"အလကားပါကွာ၊ ဒီအဘိုးကြီး ဘာမှ မသိဘဲနဲ့ အဘွားကို စွပ်စွဲနေတာပါ၊ အဘွားဟာ ကန္တာရတာဒွေမပါ"

"ဟင်... ပိုင်ဟွာစင်း ဘာမှမသိဘဲနဲ့ စွပ်စွဲနေတာပေါ့"

"ဟုတ်တယ်၊ သူ ဘာမှ မသိဘူးကွယ်၊ ငါတို့တို့ အဖြစ်မှန်ကို သိရင် အံ့သြသွားမယ်ကွ"

"ဘာများပါလဲ ခင်ဗျာ"

"မှန်တာပြောရမယ်ဆိုရင် 'မိုးတိမ်ဒေဝီ'ဆိုတာ အဘွားရဲ့ သခင်မကွယ်၊ အခု အဘွား ထွက်လာတာကလဲ သူ့ကိုရှာဖို့ ထွက်လာတာပဲ၊ သူ့ကို ဒီအနီးအနားက မြို့တွေမှာ သတင်းရလို့ အဘွား ဒီမြို့တွေမှာ လိုက်ရှာနေတာ"

ကျင်းကို့ရော ချောင်လိန်လုံးပါ အံ့အားသင့်သွား ကြလေ၏။ ကျင်းကို့က မေးလိုက်သည်။

"ဘွားဘွားရဲ့ သခင်မဟာ ဘယ်လို အသွင်အပြင် ရှိပါသလဲ ခင်ဗျာ၊ ကျွန်တော်တို့ တွေ့တဲ့သူများ ဖြစ်နေမလားလို့ မေးတာပါ"

အဘွားအိုက ခေါင်းယမ်းပြလေ၏။

"သခင်မ အမှာစကား ရှိထားလို့ တူမောင်တို့ကို ဖွင့်မပြော နိုင်ပါဘူးကွယ်၊ အဲဒီအတွက် ဝမ်းနည်းပါတယ်"

"ဘွားဘွား မပြောနိုင်ရင်လဲ ရှိပါစေတော့၊ ကျွန်တော်တို့က ဘွားဘွားကို ကူညီမလို့ပါ"

"ကိစ္စမရှိပါဘူးကွယ်"

"ဘွားဘွားဟာ ကန္တာရတစ္ဆေမဆိုတာ အမှန်ပဲလား ခင်ဗျာ"

"ဟုတ်ပါတယ်၊ အဘွားဟာ ကန္တာရတစ္ဆေမပါ၊ ကန္တာရတစ္ဆေမဆိုတဲ့ နာမည်က ကြောက်စရာပါ၊ အောက်လမ်း သိုင်းသမားလို့လို့ ထင်ရတယ်၊ တူမောင်တို့လဲ မထင်ဘူးလား"

"ဟုတ်ကဲ့၊ ထင်ပါတယ် ခင်ဗျာ"

"အဘွားဟာ အောက်လမ်းသိုင်းသမား မဟုတ်ပါဘူး၊ အဘွား လိမ်မပြောတတ်ပါဘူးကွယ်၊ အဘွားဟာ သိုင်းလောကမှာ ပျံ့ရှား ခဲ့တုန်းက မတရားတာ တစ်ခုမှ မပြုလုပ်ခဲ့ပါဘူး၊ အဘွား လှုပ်ရှား ခဲ့တဲ့ နယ်မြေဟာ သဲကန္တာရ နယ်မြေပါ"



"ဒါကြောင့် ကန္တာရတစ္ဆေမလို့ အမည်တွင်တာလား ခင်ဗျာ"

"ဟုတ်ပါတယ်၊ အဲဒါကြောင့် ကန္တာရတစ္ဆေမလို့ နာမည် တွင်တာပါ၊ အဘွားဟာ သဲကန္တာရ ဓားပြတွေကိုသာ သတ်ဖြတ် ခဲ့တာပါ"

"ကောင်းပါတယ် ခင်ဗျာ၊ အထက်လမ်း ဂိုဏ်းသားတိုင်းရဲ့ တာဝန်ကတော့ အောက်လမ်း သိုင်းသမားတွေကို ရှင်းလင်းဖို့ပါပဲ ဓားပြတွေကို သတ်တာဟာ ပြည်သူတွေရဲ့ ရန်စွယ်ကို ဖယ်ရှားတာ ပါပဲ၊ ကဲ... ဘွားဘွား ကျွန်တော်တို့ နှစ်ယောက်ကို ခွင့်ပြုပါဦး၊ ကျွန်တော်တို့ သွားကြပါတော့မယ်"

ကျင်းကို့က ကန္တာရတစ္ဆေမကို လက်ဖမိုးအစုံ ယှက်၍ ဂါရဝ ပြုလိုက်၏။

အဘွားအိုက အရေးတကြီး လှမ်းတားလိုက်၏။

"တူမောင်... ခဏနေပါဦး၊ အဘွား မေးစရာ ရှိလို့ပါ"

ကျင်းကို့ ခေါင်းမော့ကြည့်သည်။

"ဘွားဘွား ဘာမေးချင်လို့ပါလဲ ခင်ဗျာ၊ မေးပါ"

အဘွားအိုသည် ခေတ္တမျှတွေဝေ စဉ်းစားနေသည်။ ပြီးမှ...

"တူမောင်က အဘွားရဲ့ သခင်မကို မေးတယ်နော်၊ သခင်မ ကို ဘာကြောင့် မေးတာလဲ"

"တွေ့ချင်လို့ပါ ခင်ဗျာ"

"ဘာကိစ္စ တွေ့ချင်ရတာလဲ"

"ဘွားဘွားဟာ ကန္တာရတစ္ဆေမလို့ နာမည်ကြီးပါတယ်၊ အောက်လမ်း သိုင်းသမား နာမည်မျိုးပါပဲ၊ ဒါပေမယ့် အထက်လမ်း ဂိုဏ်းသမားလို့ ထင်ရတဲ့လူတွေကို တစ်ယောက်မျှ မသတ်ခဲ့ဘူးလို့ ဆိုပါတယ်၊ အောက်လမ်း သိုင်းသမားကိုပဲ သတ်ခဲ့ပါတယ်။ 'မိုးတိမ်

ဒေဝီ'ကတော့ အထက်လမ်း သိုင်းသမားရဲ့ နာမည်မျိုးပါပဲ၊ ဒါပေမယ့် သူဟာ အထက်လမ်း သိုင်းသမားတွေရော၊ အောက်လမ်း သိုင်းသမားတွေကိုပါ သတ်ခဲ့တယ်လို့ သတင်းကြားရပါတယ်"

"သူ အထက်လမ်းသိုင်းသမားတွေကို မသတ်ခဲ့ပါဘူးကွယ်၊ အောက်လမ်းသိုင်းသမားနဲ့ ဒုစရိုက်ဂိုဏ်းသားချည်းတွေကိုသာ သတ်ခဲ့တာပါ"

"ကျွန်တော်ကြားတာတော့ အထက်လမ်း အောက်လမ်း မရွေး၊ သူ့ရဲ့စိတ်သဘောနဲ့ မနှစ်သက်ရင် သတ်ပစ်တယ်လို့ပဲ သတင်းကြားပါတယ်"

"ဒါကတော့ ငါ့တူ တကယ်တွေ့ သိတော့မှာပဲ၊ ငါ့တူကို အဘွားတစ်ခု သတိပေးချင်ပါတယ်"

"ဟုတ်ကဲ့ ... ဘွားဘွား ... ပြောပါ"

"မိုးတိမ်ဒေဝီနဲ့ ငါ့တူတွေ့ရင် အကောင်းဆုံးကတော့ သူ့ကို ရှောင်သွားတာ အကောင်းဆုံးပါပဲ၊ သူ့ရဲ့ သိုင်းပညာအဆင့်ဟာ အဘွားထက် အပုံကြီးမြင့်ပါတယ်၊ တူမောင်တို့ သူ့ကို ယှဉ်နိုင်မှာ မဟုတ်ပါဘူးကွယ်"

"ခုလို စေတနာနဲ့ သတိပေးတာကို ကျေးဇူးတင်ပါတယ် ဘွားဘွား"

ကျင်းကိုသည် အဘွားအိုအား ထပ်မံဂါရဝပြုလိုက်လေ၏။

"ကဲ ... ကဲ ... မင်းတို့ သွားကြပေတော့၊ ငါလဲ သွားမယ်"

ကျင်းကိုသည် ချောင်လိန်လုံးအား မျက်ရိပ်ပြကာ ထွက်ပြေးသွားကြတော့၏။

○ ○ ○

# အခန်း(၁၄)

## ဓားစာခံ

သူတို့နှစ်ယောက်သည် ကိုယ်ဖော့ပညာသုံးကာ ထိုက်ယင်မြို့သို့ ခရီးနှင်ခဲ့ကြလေတော့၏။

ချောင်လိန်တုံးက ...

"ဒီအဘွားကြီး မိုးတိမ်ဒေဝီ မဟုတ်ဘူးနော်"

ကျင့်ကိုက ခေါင်းညိတ်၏။

"မဟုတ်ဘူးကွ၊ သူပြောတာ ကျုပ်ယုံတယ်၊ ကန္တရတာစွဲမကြီးဟာ မိုးတိမ်ဒေဝီရဲ့ အစေအပါးအဆင့်လောက်ပဲ ရှိတာကိုး၊ ကျုပ်ထင်နေတာက ကန္တရတာစွဲမဟာ မိုးတိမ်ဒေဝီရဲ့ ဆရာဖြစ်မယ်လို့ ထင်နေတာ ..."

"အစ်ကိုကျင်း ... ပိုင်ဟွာစင်းကို အသေလုပ်လိုက်တာလဲ၊ ကျွန်တော်တောင် အံ့အားသင့်သွားတယ်"

"ကျုပ်အသေလုပ်လိုက် မဟုတ်ပါဘူး၊ တော်ရုံတန်ရုံ လူကို ကျုပ်အသေမလုပ်တတ်ပါဘူး၊ ကျုပ်တို့နှစ်ယောက် ရောက်နေတာကို လဲသိတယ်၊ ကျုပ်တို့နှစ်ယောက် ရန်ပြုမှာကိုလဲ သိနေရက်သားနဲ့ ကျုပ်ပစ်လိုက်တဲ့ ဓားကို ပိုင်ဟွာစင်း မရှောင်နိုင်တာကို ကျုပ်အံ့သြ တယ်၊ အဲဒီဓားပျံကို သူရှောင်နိုင်လိမ့်မယ်လို့ ကျုပ် ထင်ခဲ့မိတယ်"

ထို့နောက် ကျင်းကို့သည် တစ်ယောက်တည်း ညည်းညည်း ညူညူ ပြောလိုက်သည်။

"သြော် ... အသက်အရွယ် ကြီးတော့လည်း လှုပ်ရှားမှုတွေ နှေးကွေးခဲ့ပြီပဲ၊ ဒါတောင်မှ သိုင်းလောကသားကြီးတွေဟာ မာန်မလျှော့ချင်နိုင်ကြသေးဘူး၊ သူတို့ကိုယ်သူတို့ အရင်တုန်းကလိုပဲ အောက်မေ့နေကြတယ်၊ နောက်ပေါက်သိုင်းသမားတွေကို အထင်မကြီးကြဘူး၊ အဲဒီ ပျော့ညံ့ကွက်တွေကြောင့် သူတို့အသက်တွေ ဆုံးရှုံးနေရတာပဲ "

"အစ်ကိုကျင်း ... ပိုင်ဟွာစင်းကို အစ်ကိုကျင်းသတ်လိုက်ပြီ မဟုတ်လား၊ ပိုင်ဟွာစင်းရဲ့ မိတ်ဆွေတွေ ၊ တပည့်တွေက အစ်ကိုကျင်းကို ကလဲ့စားချေတော့မှာပဲ၊ အစ်ကိုကျင်းတော့ ရန်စ မီးတွေ မွှားခဲ့ပါပြီ"

ကျင်းကို့က ရယ်မောလိုက်၏။

"ညီလေး ... မစိုးရိမ်ပါနဲ့၊ ကန္တာရ တစ္ဆေမဟာ သိုင်းလောကသားတွေကို ဒီသတင်း လွှင့်မှာ မဟုတ်ပါဘူး၊ သူ့တပည့် သိုင်းသမားတွေကတော့ သူတို့ဆရာကိုသတ်တဲ့ လူကို ရှာကြမှာပေါ့၊ တစ်ခုတော့ ရှိတယ်၊ ကန္တာရ တစ္ဆေမဟာ သူ့သခင်မ မိုးတိမ်ဒေဝီကိုတော့ ပြောချင် ပြောလိမ့်မယ်"

ကျင်းကို့သည် အဝေးသို့ မျှော်ကြည့်ကာ ချောင်လိန်လုံးအား ပြောလိုက်သည်။

"ကျုပ်က မိုးတိမ်ဒေဝီကို တွေ့ချင်နေတာလဲ သူပြောပြလိမ့်မယ်ထင်တာပဲ၊ အဲဒါကတော့ ကောင်းပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိုးတိမ်ဒေဝီက ကျုပ်ကို ပြန်ရှာတော့ ကျုပ်က သူ့ကို ခက်ခက်ခဲခဲ ရှာမနေရတော့ဘူးပေါ့"



"အင်း ... ဟုတ်တယ်၊ ကန္တာရတစ္ဆေမကြီး အဲဒီလို ပြန်ပြောရင်လဲ ကောင်းတာပဲ၊ ဒါပေမယ့် သူက အစ်ကိုကျင်းကို ပြောသွားတာ တစ်ခုရှိတယ်နော်"

"ဘာလဲ"

"မိုးတိမ်ဒေဝီကို တွေ့ရင် ရှောင်သွားဖို့လေ ..."

"ဟား ... ဟား ... ဟား ... ကျုပ်ကတော့ မရှောင်ပါဘူး၊ သူ့သိုင်းပညာကို စမ်းသပ်ကြည့်ရဦးမှာပေါ့"

သူတို့သည် ပြောပြောဆိုဆိုဖြင့် ထိုင်ယင်မြို့သို့ဝင်ရောက်ခဲ့ကြလေ၏။

"ထိုက်ယင်မြို့ဟာ တော်တော်စည်သားပဲ"

"စည်တာပေါ့ အစ်ကိုကျင်း ... ထိုက်ယင်ဟာ မြို့ကြီးပဲ"

"ကဲ ... ကဲ ... မြောင်အင်း ပြောတဲ့ လန်းစင်းတည်းခိုခန်းကို ရှာရမယ်"

သူတို့သည် တည်းခိုခန်းများကို ရှာဖွေကြလေတော့၏။ ဈေးအနီးကိုရောက်သွားမှ တည်းခိုခန်းများစွာကို တွေ့ရသည်။ ထိုတည်းခိုခန်းများထဲတွင် လန်းစင်းတည်းခိုခန်းကိုလည်း တွေ့ရသည်။

သူတို့သည် စားပွဲတစ်လုံးနှင့် ထိုင်နေသော စာရေးကြီးထံသွားရောက် မေးမြန်းကြလေ၏။

"ဒီတည်းခိုခန်းမှာ ဓနီးမောင်နှံနှစ်ဦး အခန်းလာငှားကြပါသလား၊ သူ့ယောက်ျားကတော့ ရွက်ကြမ်းရေကျိုပဲ၊ မိန်းမကတော့ ခပ်ချောချောလေ ..."

ချောင်လိန်လုံးက မေးလိုက်လေ၏။

ထိုစာရေးကြီးက ချောင်လိန်လုံးအား မေးလေသည်။

"ဆရာလေးရဲ့နာမည်က ကျင်းကိုဆိုတာများလား ခင်ဗျာ ..."

"မဟုတ်ပါဘူး၊ ကျင်းကိုဆိုတာက သူပါ ..."

"ဟာ ... ဒီလိုဆိုရင် ဟုတ်ပြီ၊ သူတို့ လင်မယားဟာ နှစ်ယောက်ခန်း နှစ်ခန်း ငှားရမ်းခဲ့ပါတယ်၊ သူတို့ကတော့စောစောကပဲ အပြင်ထွက်သွားကြပါတယ်၊ ကျွန်တော့်ကို မှာကြားခဲ့ပါတယ်၊ သူတို့ရဲ့ မိတ်ဆွေကျင်းကိုဆိုသူ ရောက်လာလိမ့်မယ်၊ ငှားထားတဲ့ အခန်းတစ်ခန်း မှာဝင်နေပါစေလို့ ပြောခဲ့ပါတယ် ခင်ဗျာ၊ ဆရာလေးတို့ အဲဒီအခန်းမှာ သွားနေနိုင်ပါတယ်၊ ကျွန်တော့် အလုပ်သမားတစ်ယောက်လိုက်ပို့ ခိုင်းလိုက်ပါမယ်"

ကျင်းကိုက ပြောလိုက်၏။

"မြောင်အင်းဟာ မဆိုးပါဘူး၊ အခန်း ကြိုတင်ငှားပေးဖော်ရသားပဲ"

ချောင်လိန်လုံးက ရယ်ရယ်မောမောဖြင့် ပြောသည်။

"ကျွန်တော်တို့ဟာ ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်သွားကြပြီပဲ၊ ဒါလောက်တော့ ဘယ်သူမဆို လုပ်ပေးရမှာပေါ့"

မကြာမီ အလုပ်သမားတစ်ဦး ရောက်လာလေ၏။

စာရေးကြီးက ...

"ဟေ့ ... မင်း ဒီဆရာလေးတွေကို ဟိုအခန်းကို လိုက်ပို့ပေးလိုက်စမ်း၊ ကြိုတင်ငှားရမ်းထားတဲ့ အခန်းလေ ..."

သူတို့သည် အလုပ်သမား နောက်မှလိုက်ပါသွားကြလေ၏။ အလုပ်သမားလေးက အခန်းတံခါးကို ဖွင့်ပေးပြီး ..."

"ဒီအခန်းပါပဲ၊ ဆရာလေးတို့"

"အေး ... ကျေးဇူးတင်ပါတယ်ကွယ်"

အလုပ်သမားလေးသည် ဦးညွတ်ဂါရဝပြုပြီး ပြန်သွားလေ၏။



အခန်းတွင်းသို့ ရောက်သော် ချောင်လိန်လုံးသည် ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်ပြီး ...

မြောင်အင်းတို့ လင်မယားဘယ်လို ထွက်သွားကြသလဲ မသိဘူးနော်၊ သူတို့ ကျွန်တော်တို့ကို စောင့်ဖို့ကောင်းတယ်"

ကျင်းကိုက ခေါင်းညိတ်၏။

"မဆိုနိုင်ဘူး ... သူတို့ပြန်လာမှပဲ မေးကြည့်ရတော့မှာပဲ၊ တကယ်လို့ သူတို့ပြန်မလာကြဘူးဆိုရင် နက်ဖြန်ကျ တို့ကိစ္စ တို့ပဲ ဆက်လုပ်ကြတာပေါ့"

သူတို့သည် မြောင်အင်းတို့လင်မယားကို နားနားနေနေစောင့်နေကြ၏။ ထိုညတွင် မြောင်အင်းတို့လင်မယား သူတို့အခန်းသို့ ပြန်မလာကြချေ။

ကျင်းကိုတို့သည် ညစာကို သူတို့အခန်းထဲသို့ မှာယူစားသောက်ကြလေ၏။

ချောင်လိန်လုံးက ...

"ထူးခြားပြီ အစ်ကိုကျင်း၊ မြောင်အင်းတို့ လင်မယားဟာ ကျွန်တော်တို့ ရောက်လာမယ်ဆိုတာ သိရဲ့သားနဲ့ မစောင့်ဘဲ ခုလို ထွက်သွားကြမှာ မဟုတ်ပါဘူး၊ သူတို့ကိစ္စ တစ်ခုခုထူးလို့ ထွက်သွားကြတာဖြစ်မယ်၊ အရေးတကြီး ကိစ္စပေါ်လာတော့ စာမရေးနိုင်၊ ဘာမရေးနိုင်နဲ့ အလောတကြီး ထွက်သွားတာ ဖြစ်လိမ့်မယ်"

"အင်း ... ဒီလိုပဲ ထင်ပါတယ်၊ စောင့်ကြည့်ကြသေးတာပေါ့ ဒီညပြန်မလာပေမယ့် နက်ဖြန်တော့ ပြန်လာကောင်းလာနိုင်တာပေါ့"

ထမင်းစားသောက်ပြီးသောအခါ သူတို့သည် ပဲလျောင်းအနားယူကြလေ၏။ သူတို့အတွက် ငှားရမ်းထားသော နှစ်ယောက်ခန်းတွင် ခုတင်နှစ်လုံး ရှိသဖြင့် ချောင်လိန်လုံးအတွက် ဟန်ကျသွားသည်။

ခုတင်တစ်လုံးထဲတွင် နှစ်ယောက်အိပ်ရမည်ဆိုပါက ချောင်လိန်လုံး အတွက် အကျဉ်းအကျပ် ကျပေတော့မည်။

နောက်တစ်နေ့ နံနက်လင်းချေပြီ။

ကျင်းကိုတို့သည် လက်ဖက်ရည်နှင့် သရေစာများ စားသောက်ကြ၏။ ထိုသို့ စားသောက်ပြီးစီးကြသော်လည်း မြောင်အင်းတို့ လင်မယား ပြန်မရောက်ကြသေးပေ။

ချောင်လိန်လုံးက ...

"သူတို့လင်မယား ကျွန်တော်တို့နဲ့ လမ်းခွဲသွားပြီ၊ သူတို့ ပြန်လာကြတော့မှာ မဟုတ်ဘူး၊ စောင့်မနေပါနဲ့တော့"

ကျင်းကိုက ...

"နေပါဦး၊ ဘာပဲဖြစ်ဖြစ်၊ ဒီတမနက်ခင်းတော့ စောင့်သင့်တယ်၊ ဒီတမနက်ခင်း ပြန်မလာရင်တော့ တို့ကိစ္စ တို့ပဲ ဆောင်ရွက်ကြတာပေါ့"

ဤသို့ဖြင့် သူတို့သည် တမနက်ခင်း စောင့်နေကြလေတော့၏။

အတော်ကလေး နေမြင့်ချိန်တွင်မှု ကျင်းကိုသည် ထရပ်လိုက်၏။

"ကဲ ... သူတို့ကို စောင့်နေတာ တော်လောက်ပြီ၊ ဒီအချိန်မှ ပြန်မလာရင် ပြန်မလာတော့ဘူး၊ ကျူးထင်းကြီးကို တို့ပဲ သွားရှာကြမယ်"

ထိုစဉ် ...

"ဒေါက် ... ဒေါက် ... ဒေါက် ..."

တံခါးခေါက်သံ ကြားလိုက်ရလေ၏။

"ဟော ... မြောင်အင်းတို့လင်မယား ပြန်လာပြီ ထင်တယ်"



ချောင်လိန်လုံးသည် ပြောပြောဆိုဆိုဖြင့် အခန်းတံခါးကို ပြေးဖွင့်သည်။ သို့သော် တံခါးဝတွင် ရပ်နေသူမှာ လူငယ်တစ်ယောက်သာ ဖြစ်လေ၏။

သူသည် သာမန် အရပ်သား တစ်ယောက်သာ ဖြစ်သည်။ အသွင် ရိုးသားနုံအသည့် အသွင်အပြင်ရှိသည်။ သိုင်းလောကသား တစ်ယောက် လုံးဝမဟုတ်ချေ။

"အင်ကိုကျင်းကို ဆိုတာများလား ခင်ဗျာ ..."

ချောင်လိန်လုံးမှာ စိတ်ပျက်သွား၏။

"ကျုပ်က ကျင်းကို မဟုတ်ဘူး၊ ကျင်းကိုက နောက်မှ ..."

စာလှမ်းပေးဟန် ပြုနေသော သူ့အသွင်မှာ ရွံ့တွန့်တွန့် ဖြစ်နေသည်။

ကျင်းကိုသည် အပေါက်ဝသို့ လျှောက်လာသည်။ ထိုလူငယ်ကို ခြေဆုံး ခေါင်းဆုံး အကဲခတ်သည်။

"မင်း ... စာပေးမလို့လား"

"အစ်ကိုကျင်းကိုကို ပေးမလို့ပါ ..."

"ကျင်းကို ဆိုတာ ငါပဲ"

လူငယ်သည် စာကို လှမ်းပေးလေ၏။

ကျင်းကိုသည် စာကို ယူလိုက်သည်။

"ဘယ်သူ ပေးခိုင်းလိုက်တဲ့ စာလဲ"

ထိုလူငယ်က ...

"ခုပဲ ဈေးလမ်းမမှာ လူတစ်ယောက်က ကျွန်တော့်ကို ငွေတုံးတစ်တုံးပေးပြီး ဒီစာကို တည်းခိုခန်းမှာ တည်းခိုနေတဲ့ ကျင်းကို လက်ထဲအရောက် ပို့ပေးပါဆိုလို့ ကျွန်တော်လာပေးတာပါ၊ အစ်ကိုဟာ ကျင်းကိုဆိုတာ သေချာပါတယ်နော်"

"ဟုတ်ပါတယ် ကျင်းကို့ပါ"

"ဒါဖြင့် ကျွန်တော် သွားမယ် ..."

ထိုလူငယ်သည် ထွက်ခွာသွားလေ၏။

ကျင်းကို့သည် စာကိုဖွင့်ဖတ်နေ၏။ စာကိုဖတ်ရင်း သူ့မျက်နှာသည် တဖြည်းဖြည်း ထိတ်လန့်သော အမူအရာမျိုး ပေါ်ပေါက်လာလေ၏။ ကျင်းကို့၏ မျက်နှာကို အကဲခတ်နေသော ချောင်လိန်လုံးသည်လည်း တဖြည်းဖြည်း ထိတ်လန့်လာသည်။

"အစ်ကိုကျင်း ... ဘယ်သူ့ဆီကစာလဲ မြောင်အင်း ရေးပေးလိုက်တဲ့စာလား"

သူသည် အမောတကော မေးလိုက်သည်။

ကျင်ကို့က ...

"မြောင်အင်းက ရေးပေးလိုက်တဲ့စာ မဟုတ်ဘူး၊ ဟစ်ယောက်ယောက်က ရေးပေးလိုက်တဲ့စာ၊ တစ်စုံတစ်ယောက်ဟာ မြောင်အင်းတို့လင်မယားကို မြို့ပြင်တစ်နေရာကို မျှားခေါ်သွားသတဲ့၊ အခုသူတို့နှစ်ယောက်စလုံး အဖမ်းခံနေရပြီ"

"ဘုရားရေ"

ချောင်လိန်လုံး ဘုရားတလိုက်သည်။

"ချောင်လိန်လုံးက ဆက်မေးလေသည်။

"မြောင်အင်းတို့ လင်မယားနှစ်ယောက်ထက် သိုင်းပညာအဆင့်မြင့်တယ်ဆိုတာ ထင်ရှားနေပြီပေါ့"

"စာထဲမှာ ဘယ်လိုရေးထားသလဲ အစ်ကိုကျင်း"

"ဒီကနေ့ မွန်းတည့်အချိန်မှာ 'ပါယောင်'သချိုင်းကုန်းကို အရောက်လာခဲ့ပါတဲ့၊ အချိန်အတိအကျ ရောက်မလာရင် မြောင်အင်းတို့ ဇနီးမောင်နှံကို သတ်ပစ်မယ်တဲ့"



ချောင်လိန်လုံးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

"ဟာ ... ရာဇသံက ပြင်းလှချည်လား၊ အဲဒီလူက ဘယ်သူတဲ့လဲ"

"ဘယ်သူမှန်း မသိဘူး၊ ဟိုရောက်မှ သိရမှာ"

"ဟင် ... ဘယ်လိုလူလဲ"

"ကျုပ် စဉ်းစားလို့ မရဘူး"

"စဉ်းစားကြည့်စမ်းပါ၊ အစ်ကိုကျင်း သိတဲ့လူများ ဖြစ်နေမလားမသိဘူး"

ကျင်းကို့ ခေါင်းယမ်းသည်။

"မစဉ်းစားနိုင်ဘူးကွာ၊ ဘယ်သူလဲဆိုတာ ပေါ်ကိုပေါ်မလာဘူး"

"အဲဒီလူဟာ အစ်ကိုကျင်းကို တွေ့ချင်နေဟန် တူနေတယ်"

"ကျုပ်ကို တွေ့ချင်ရင်လဲ ကျုပ်ကို စာနဲ့ချိန်းလဲ ရပါတယ်၊ မြောင်အင်း တို့ လင်မယားကို ဓားစာခံ လုပ်နေစရာ မလိုပါဘူး"

"ဒါက အစ်ကိုကျင်း သူ့ဆီ ကျိန်းသေလာအောင် လုပ်တာပဲ ဖြစ်မှာပေါ့"

"အေးလေ ဒီလိုပဲ တွေးရမှာပဲလေ"

"အစ်ကိုကျင်း စဉ်းစားမိရဲ့လား၊ ထောင်ချောက်တစ်ခုလဲ ဖြစ်နိုင်တယ်"

"ဟုတ်တယ်၊ ဘာမှန်းမသိတဲ့လူက ဓားစာခံကိစ္စမှာ ကျုပ်ကို ခေါ်တယ်ဆိုတာ စဉ်းစားစရာပဲပေါ့"

"ဘာပဲပြောပြော ကျွန်တော်တို့ သတိထားရမယ်"

"သတိထားရမှာပေါ့၊ နောက်ပြီး မြောင်အင်းတို့ လင်မယား အဖမ်းခံရတယ်ဆိုတော့ ကျုပ်မလိုက်လို့ မရဘူး"

"အစ်ကိုကျင်း လိုက်တဲ့နောက်တော့ ကျွန်တော်လဲ မလိုက်လို့ မရတော့ဘူးပေါ့"

"ကဲ ... ကျုပ်တို့ သွားကြရအောင်၊ နေလဲမြင့်နေပြီ"

ချောင်လိန်လုံးက ...

"ပါယောင်သချိုင်းဆိုတာ ဘယ်မှာလဲ၊ စာထဲမှာ ညွှန်းထားသလား အစ်ကိုကျင်း"

"ညွှန်းထားပါတယ်၊ သီးသန့် ဂူရှစ်လုံးထဲရှိတဲ့ သုသာန်မြေပဲ၊ မြို့အနောက်ဘက်မှာ ရှိသတဲ့၊ မြို့နဲ့ တော်တော်ဝေးတယ်ဆိုပဲ၊ လီနှစ်ဆယ်လောက် ဝေးသတဲ့၊ စာထဲမှာ အသေအချာ သတိပေးထားတာကတော့ မွန်းတည့်အချိန်အရောက် လာရမယ်၊ ... တဲ့"

"မွန်းတည့်ချိန် ဟုတ်လား"

"နေမွန်းတည့်ချိန် ရောက်မလာရင်တော့ ရောက်မလာတော့ဘူး ယူဆပြီး မြောင်အင်းတို့ လင်မယားကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားတယ်"

"ဘုရားရေ ... ဒီလိုဆိုရင် ခုပဲသွားကြရအောင်၊ သွားရမယ့်ခရီးကလဲ လီနှစ်ဆယ်လောက်ဆိုတော့ ဘယ်လောက် ကိုယ်ဖော့ပညာသုံးသုံး အချိန်ကတော့ ထိုက်သင့်သမျှ ကုန်မှာပဲ၊ တော်ကြာ ကျွန်တော်တို့ မွန်းလွဲမှရောက်သွားရင် မြောင်အင်းတို့ လင်မယားအသက်အန္တရာယ် တွေ့နေပါဦးမယ်"

ကျင်းကိုတို့ နှစ်ယောက်သည် အခန်းခနှင့် စားသောက်စရိတ်များကို ရှင်းလင်းပေးခဲ့၏။ မြို့ပြင်သို့ အနောက်ဘက်မြို့တံခါးမှ ထွက်ခဲ့ကြသည်။

✿ ✿ ✿

# အခန်း(၁၅)

## ရက်စက်သူ

ကျင်းကိုနှင့် ချောင်လိန်လုံးတို့သည် ကိုယ်ဖော့ပညာသုံး၍ ပြေးလွှားခဲ့ကြရာ ငါးလီခန့် ခရီးပေါက်လာလေ၏။ ငါးလီခန့် သူတို့ရောက်ရှိလာလျှင် လူနေအိမ်ခြေများ တဖြည်းဖြည်း ကျဲ၍ ပါးလာကြောင်း တွေ့ရှိရသည်။

ငါး ဒီ(ဂ) ကျော်သောအခါ လမ်းဘေးတစ်ဖက်တစ်ချက်တွင် တောအုပ်နှင့် တောင်ကုန်းများကိုသာ တွေ့ရတော့သည်။

ကျင်းကိုနှင့် ချောင်လိန်လုံးတို့ နှစ်ယောက်မှာ ချွေးပြိုက်ပြိုက်ကျအောင် ခရီးပြင်းနှင်ကြရာ နေမွန်းတည့်ချိန်လောက်တွင် သစ်ပင်ချုံပုတ်များ အတော်အတန် ရှင်းလင်းသော နေရာတစ်ခုသို့ ရောက်ရှိလာလေ၏။

သူတို့သည် ခေတ္တရပ်ပြီး ရှာဖွေကြ၏။ သူတို့၏ ညာဘက်ပေနှစ်ရာခန့်အကွာတွင် သုသာန်မြေတစ်ခုကို တွေ့မြင်ကြရသည်။ သူတို့ပြေးလာသည်မှာ လီနှစ်ဆယ်ခန့် ရှိသဖြင့် ပါယောင်သချိုင်းပင်ဖြစ်မည်ဟု သူတို့ ယူဆကြသည်။

ကျင်းကိုတို့သည် သုသာန်မြေဆီသို့ ပြေးသွားကြ၏။ သူတို့

သည် သုသာန်မြေသို့ ရောက်သောအခါ သချိုင်းဂူများကို ရေတွက်ကြည့်ကြ၏။ အားလုံး ဂူရှစ်လုံးသာရှိသည်။ ပါယောင်သချိုင်းဖြစ်ကြောင်း သေချာသွားလေပြီ။

"ဟုတ်တယ် ပါယောင်သချိုင်းပဲ၊ စာနဲ့ ချိန်းထားတဲ့လူကို ဘယ်မှာရှာရမလဲ"

ကျင်းကို့က ပြောလိုက်၏။

ချောင်လိန်လုံးက ...

"ဒီလူ အစောကြီးကတည်းက ရောက်နေရမယ်၊ ဒါမှ ကျွန်တော်တို့ အချိန်မီလာသလား၊ မလာဘူးလား သိမှာကိုး ..."

သူတို့သည် ဟိုဟိုဒီဒီ ရှာဖွေကြ၏။ မည်သူ ဝ ဦးတစ်ယောက်မျှ ရှိနေပုံမရပေ။ ကျင်းကို့၏ မျက်လုံးများသည် ဓ ကော်ဆုံးဂူများ၏ အနောက်ဘက်သို့ ရောက်ရှိသွား၏။ မြေပြင်ပေါ်၌ လူနှစ်ယောက် လဲကျနေသည်ကို မြင်ရ၏။

"ဟိုမှာ လူနှစ်ယောက် လဲနေတယ်"

ကျင်းကို့သည် အပြေးကလေး ထွက်သွား၏။

ချောင်လိန်လုံးက ...

"မြောင်အင်းတို့ လင်မယားများလား"

သူတို့သည် လဲကျနေသူများထံသို့ အပြေးအလွှား ရောက်သွားကြလေတော့၏။

ချောင်လိန်လုံးသည် အထိတ်တလန့် ဖြစ်သွားလေတော့၏။

"ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ပါလား၊ မြောင်အင်းတို့ လင်မယား ဖြစ်နိုင်တယ်"

အနီးသို့ ရောက်သွားသောအခါတွင် နှစ်ယောက်သား ရင်ဆိုမတတ် ဖြစ်သွားကြ၏။



လဲကျနေသော အမျိုးသားနှင့် အမျိုးသမီးတို့တွင် ဦးခေါင်းများ မရှိကြတော့ချေ။

ရန်သူသည် ဦးခေါင်းများကို ဖြတ်ပစ်လိုက်လေပြီ။

"မြောင်အင်းတို့ လင်မယားကို ခေါင်းဖြတ်သတ်လိုက်ပြီ၊ ရက်စက်လိုက်တဲ့လူ၊ တောက် ..."

ချောင်လိန်လုံးသည် ဒေါသအမျက် ပြင်းစွာထွက်သဖြင့် တောက်ခေါက်လိုက်မိသည်။

ကျင်းကို့က ကောင်းကင်သို့ ကြည့်လိုက်သည်။

"အခုမှ နေမွန်းတည့်ရုံ ရှိသေးတယ်၊ ဒီလူ ဘာ့ကြောင့် သတ်ရတာလဲ"

ထိုအမျိုးသားနှင့် အမျိုးသမီးတို့၏ အလောင်းမှာ မြောင်အင်းနှင့် ယိကြည်တို့ ဖြစ်ကြောင်း သိရသည်။

အဘယ့်ကြောင့်ဆိုသော် သူတို့ကိုယ်ပေါ်၌ မြောင်အင်းနှင့် ယိကြည်တို့ ဝတ်စားထားသည့် အဝတ်အစားများ ရှိနေသောကြောင့်တည်း။

ကျင်းကို့သည် ခေါင်းငုံ့သွားလေ၏။ သူရင်ထဲ၌ မွန်းကျပ်နေသည်။ သူ့ရင်ထဲမွန်းကျပ်နေမှုများ သက်သာသွားအောင် သူ့ရင်ကိုဖွင့်ထုတ် ပစ်လိုက်ချင်သည်။

သူ၏ မေးကြောကြီးများ ထောင်နေသဖြင့် အံကိုတင်းတင်းကြိတ်ထားကြောင်း သိနိုင်သည်။ ညာဘက်လက်သီးကိုလည်း ဆုပ်ထားသည်။

"ဒီရက်စက်လှတဲ့ လူသတ်သမားကို ကျုပ်မတွေ့တွေ့အောင် ရှာပြီး ကလဲ့စားချေမယ်"

တဂျစ်ဂျစ်နှင့် အံကြိတ်ရင်း ကျင်းကို့က ပြောလိုက်လေ၏။

ဤသို့ရှိစဉ် ကျင်းကို့၏ မျက်လုံးအစုံသည် စွေစောင်း၍ သွား၏။ ဦးခေါင်းမှာလည်း ညာဘက်သို့ စောင်းငဲ့သွား၏။ ထို့အတူ သူ၏ခန္ဓာကိုယ်သည် လေတွင် ဝေ့ဝဲမြောက်သွားသည်။

"လက်စသတ်တော့ မင်းကိုး"

ကျင်းကို့၏ ကိုယ်ခန္ဓာသည် သချိုင်းဂူတစ်ခုဘေးသို့ ညင်သာစွာ ကျရောက်သွားသည်။

ချောင်လိန်လုံးလည်း ကျင်းကို့၏ နောက်သို့ ခုန်လွှားရောက်ရှိသွားလေ၏။

သချိုင်းဂူနံရံပေါ်တွင် အတွင်းအားသုံးပြီး လက်ညှိုးဖြင့် ဖိနှိပ်၍ရေးသားထားသော စာတန်းကို ဖတ်ရှုရသည်။

"နေမွန်းတည့်ပြီဖြစ်၍ မြောင်အင်းတို့ ဓနီးမောင်နှံကို သတ်လိုက်သည်။ ချိန်းဆိုသော အချိန်တွင် ရောက်မလာသော သင့်အပြစ်ပင်ဖြစ်သည်"

**မိုးတိမ်ဒေဝီ**

ကျင်းကို့သည် အံကိုတင်းတင်း ကြိတ်နေသည်။ သူသည် ဖြေ၍မရအောင် ဒေါသထွက်နေသည်။

"မိုးတိမ်ဒေဝီဟာ ကျုပ်နဲ့သူ ဘာမှရန်ငြိုးမရှိဘဲနဲ့ ကျုပ်ကိုသက်သက်ရန်စတာပဲ၊ ကိစ္စမရှိပါဘူး ... ကိစ္စမရှိပါဘူး ရန်စပါ ... ရန်စပါ၊ မင်းနဲ့ကျုပ် တွေ့ရမယ်"

"ဒီအမျိုးသမီးဟာ လူစိတ်မှရှိရဲ့လား မသိဘူး၊ သူတစ်ပါးအသက်နှစ်ချောင်းကို အေးအေးအေးနဲ့ သတ်ပစ်ရက်တယ်"

ချောင်လိန်လုံးက အံကြိတ်၍ ပြောလိုက်၏။

ကျင်းကို့က ...

"မိုးတိမ်ဒေဝီဟာ သိုင်းပညာမှာ ကျုပ်ထက်အဆင့်မြင့်တယ်



လို့ မသတ်မှတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ကျုပ်ကို ရင်မဆိုင်ဝံ့လို့ပဲ၊ အဲဒီတော့ သူဟာ ကျုပ်ကို ဘယ်တော့မှ လာတွေ့မှာမဟုတ်ဘူး၊ ဒီလိုပဲ ပြေးနေမှာပဲ၊ ဒီတော့ ကျုပ်က လိုက်ရှာရမယ်"

ကျင်းကို့က အသံကို ကျယ်ကျယ်ပြောလိုက်၏။ အကယ်၍ မိုးတိမ်ဒေဝီ အနီးအနားတွင် ပုန်းကွယ်ချောင်းမြောင်းနေပါက ထွက်လာစေရန် ဖြစ်သည်။

"မြောင်အင်း သေသွားတော့ အစ်ကိုကြီး ကျင်းဟာ ကျူးထင်းကြီးကို ရှာဖွေဖို့ ခက်သွားပြီပေါ့"

ချောင်လိန်လုံးက ပြောလိုက်၏။

ကျင်းကို့က ...

"ကျူးထင်းကြီးကို ရှာရတာ မခက်ပါဘူး၊ ကိုယ့်ဖာသာကိုယ် ရှာနိုင်ပါတယ်၊ တူယင်စန်းတောင်မှာ သွားရှာမယ်၊ တူယင်စန်းတောင်ဟာ သိပ်ကျယ်ပြန့်လှတာ မဟုတ်ဘူး၊ ရှာရင်တွေ့လိမ့်မယ်လို့ ယူဆရတယ်"

"အစ်ကိုကျင်း သဘောပါပဲ၊ တကယ်တမ်း ပြောရရင် အစ်ကိုကျင်း ရှာဖွေနိုင်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်"

သူတို့သည် ဦးခေါင်းများ မရှိတော့သည့် မြောင်အင်းတို့ဓနီးမောင်နှံအနီးသို့ လျှောက်လာလေသည်။ သူတို့သည် ဓနီးမောင်နှံနှစ်ဦး၏ အလောင်းကိုကြည့်ကာ မျက်ရည်ဝဲလာကြ၏။ နှစ်ယောက်စလုံး လွန်စွာစိတ်ဆင်းရဲကြ၏။

အတန်ကြာမှ ကျင်းကို့က ...

"ကဲ ... ကျုပ်တို့ သူတို့ဓနီးမောင်နှံကို ဒီအနားမှာပဲ မြေတွင်းတူးပြီး မြှုပ်လိုက်ကြရအောင်"

သူတို့သည် ၎ ဘားဆုံးသည်နှင့် တွင်းတူးကြလေ၏။ တွင်းတူး

ပြီးသော် ဇနီးမောင်နှံ နှစ်ဦး၏ အလောင်းများကို မြေတွင်မြှုပ်လိုက်ကြ၏။

အလောင်းများကို မြှုပ်နှံပြီးစီးသောအခါ ကျင်းကို့က ချောင်လိန်လုံးအား ပြောကြားလေ၏။

"ကျုပ် ဟူယင်စန်းတောင်ကို အမြန်ဆုံး ရောက်ချင်တယ်၊ ဆိုလိုတာက ကျူးထင်းကြီးကို အမြန်ဆုံး ရှာဖွေတွေ့ချင်တယ်၊ ညီလေးက ကိုယ်ဖော့ပညာ ကျုပ်ထက်ညံ့တော့ ကျုပ်ကို လိုက်လို့မီမှာ မဟုတ်ဘူး၊ ဒီတော့ ကျုပ်က အရင်သွားနှင့်မယ်၊ ညီလေးက အမီလိုက်ခဲ့ပေါ့"

ချောင်လိန်လုံးက ခေါင်းညိတ်လေ၏။

"အစ်ကိုကျင်းသာ အမြန်ဆုံး ရောက်နိုင်အောင် ခရီးနှင်ပါ၊ ကျွန်တော်က အကြောင်းမဟုတ်ပါဘူး၊ ကျွန်တော်က အစ်ကိုကျင်းကို အကူသာလုပ်နိုင်မှာပါ၊ အဲဒီတော့ ကျွန်တော် နောက်ကျမှ လိုက်လာလဲ ဖြစ်တာပဲ မဟုတ်လား"

ကျင်းကို့က ခေါင်းညိတ်၏။

"ဟုတ်ပြီ ညီလေး နောက်က လိုက်ခဲ့ပါ၊ တောင်ပေါ်ရောက်မှဆုံကြတာပေါ့၊ သိပ်တော့ နောက်မကျစေနဲ့၊ ကိုယ်ဖော့ပညာစွမ်းအားရှိသမျှ သုံးပါ"

"ဟုတ်ကဲ့ အစ်ကိုကျင်း အစ်ကိုကျင်းသာ ပြေးနှင့်ပါတော့"

ကျင်းကို့သည် ကိုယ်ဖော့ပညာသုံး၍ အပြေးနှင်လေတော့၏။

ချောင်လိန်လုံးလည်း ပြေးလိုက်သည်။

လီပေါင်း နှစ်ဆယ်ခန့် ပြေးမိသောအခါ ကျင်းကို့သည် နောက်သို့ လှည့်ကြည့်လိုက်၏။

ထိုအခါ ချောင်လိန်လုံးကို ပြေးလိုက်လာနေကြောင်း မှုန်ပျပျ



မြင်ရသဖြင့် ချောင်လိန်လုံး၏ ကိုယ်ဖော့ပညာမှာ သူ့နီးပါး ကောင်းလှကြောင်း တွေ့ရှိရသည်။

ကျင်းကို့သည် မရပ်နားဘဲ ခရီးနှင်လေသည်။ လီပေါင်းတစ်ရာခန့် ပြေးမိသောအခါ ဟူယင်စန်းတောင်ခြေသို့ ဆိုက်ရောက်လာလေတော့၏။ အချိန်မှာလည်း ညနေစောင်းနေပြီ ဖြစ်သည်။ ကျင်းကို့သည် အစီအစဉ် တစ်မျိုးပြောင်းကာ ချောင်လိန်လုံးအား ရပ်စောင့်နေမိသည်။

မကြာမီ ချောင်လိန်လုံး ပြေးနှင်ရောက်ရှိလာလေ၏။

"အစ်ကိုကျင်း ဘာကို ရပ်စောင့်နေတာလဲ၊ တောင်ပေါ်တက်နှင့်လေ ကျွန်တော်လဲ လိုက်တက်ခဲ့မှာပေါ့"

ကျင်းကို့က ...

"ဟောဟိုနားမှာ တဲအိမ်ကလေးတွေ့လို့ ညီလေးကို ရပ်စောင့်နေတာ၊ ကြည့်ရတာ အမဲပစ်မုဆိုးတွေ နေထိုင်တဲ့ တဲအိမ်ဖြစ်လိမ့်မယ်၊ မုဆိုးတွေရဲ့ တဲဆိုရင်တောင် ကောင်းတယ်၊ သိုင်းလောကအကြောင်း ဘာမှမစပ်စုတော့ဘူးပေါ့၊ ကဲ ... လာ သွားကြမယ်၊ အဲဒီမှာ ညစာစားမယ်"

ချောင်လိန်လုံးသည် ကျင်းကို့ အစီအစဉ်ပြောင်းလိုက်ကြောင်း သိမိလိုက်၏။ ချောင်လိန်လုံး အံ့အားသင့်နေပုံကို ကြည့်ပြီး ကျင်းကို့က ရယ်လေ၏။

"ညီလေး ... ဘာမှ အံ့အားသင့်မနေနဲ့၊ မင်း အဲဒီ တဲအိမ်မှာ နားနားနေနေ နေပါ၊ ကျုပ်က တောင်ပေါ်တက်ပြီး ရှာဖွေရေးလုပ်မယ်၊ နေရာအတိအကျသိရရင် မင်းကို ပြန်ခေါ်ပြီး တောင်ပေါ်တက်မယ်၊ ကျုပ် အဲဒီလို စိတ်ကူးလိုက်မိလို့ မင်းကို စောင့်ခေါ်တာ"

"ကောင်းပါတယ် အစ်ကိုကျင်း"

ချောင်လိန်လုံးက ဒါပဲပြောသည်။ ဤသို့ဖြင့် နှစ်ယောက်သား တဲအိမ်ရှိရာသို့ သွားကြလေတော့၏။ သူတို့သည် မြင်ရသော တဲအိမ် ရှေ့သို့ ရောက်လာကြလေ၏။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

ချောင်လိန်လုံးက အော်ခေါ်လိုက်၏။ သူတို့ ထင်သည်မှာ ယောကျ်ားသားမုဆိုးကြီးများ ထွက်လာကြလိမ့်မည်ဟု ထင်ထားသည်။ တကယ်ထွက်လာသောအခါ အဘွားအိုတစ်ယောက် ဖြစ်နေ၏။

အဘွားအိုသည် ကျင်းကို့က လက်ဖမိုးအစုံယှက်ပြီး ဦးညွှတ် ဂါရဝပြုလိုက်လေ၏။

ပြီးမှ ...

"အဘွား ... ကျွန်တော်တို့ ခရီးသည်တွေပါ ခင်ဗျာ၊ အခု ညနေစောင်းနေပါပြီ၊ ရှေ့ဆက်သွားရင် မိုးချုပ်သွားပါလိမ့်မယ်၊ မိုးချုပ်သွားရင် ရှေ့ခရီးကို မဆက်သင့်တော့ပါဘူး၊ ဒါကြောင့် အဘွား အိမ်မှာ တစ်ညတော့ တည်းခိုခွင့်ပြုပါ၊ အလကား မတည်းခိုပါဘူး ခင်ဗျာ၊ တည်းခိုတဲ့အတွက် ကျသင့်တဲ့ စရိတ်ပေးပါမယ်"

အဘွားအိုသည် လူငယ်နှစ်ယောက်ကို အကဲခတ်၏။ လူရွယ် နှစ်ယောက်စလုံး ချောမောသည်။ တစ်ယောက်က လက်တစ်ဖက် တစ်စုံတစ်ခု ဖြစ်နေပုံရသည်။ သို့သော် သိုင်းလောကဌ် ရုပ်ချောသည် ရုပ်ဆိုးသည်ဟု ပြော၍မရချေ။ အကျင့်ယုတ်သည့် လူက အကျင့် ယုတ်သည်သာဖြစ်သည်။

အဘွားအိုသည် သူ့အနေဖြင့် ဤသူနှစ်ယောက်ကို လက်ခံ ရမည်သာ ဖြစ်ပါသည်။ မသိမသာ သက်ပြင်းရှိုက်ပြီး ...

"ကဲ ... ကဲ အဘွားအိမ်ကို ဒီလိုပဲ တည်းခိုသူတွေ လာတတ်



ကြပါတယ်၊ တူမောင်တို့ ကြည့်ရတာ သိုင်းလောကသားတွေ ဖြစ် ကြပါတယ်၊ ဝင်ကြပါ၊ ဝင်ကြပါ အိမ်ထဲကို ဝင်ထိုင်ကြပါဦး"

အဘွားဆို၏ ဖိတ်ခေါ်မှုကြောင့် ကျင်းကို့နှင့် ချောင်လိန်လုံး တို့သည် အိမ်ထဲသို့ ဝင်ခဲ့ကြလေ၏။

အဘွားအိုသည် အိမ်ထဲသို့ လှမ်းအော်လိုက်သည်။

"ချိုင်ဟွား ... ချိုင်ဟွားရေ ဟောဒီမှာ ဧည့်သည်နှစ်ယောက် ဒီည အိမ်မှာတည်းမယ်ဟေ့၊ သူတို့ အိပ်နိုင်အောင် စီစဉ်ပါကွယ်၊ နောက်ပြီး လက်ဖက်ရည်ကြမ်းလဲ လာချပေးပါဦး"

အဘွားအို ခေါ်လိုက်သဖြင့် ချိုင်ဟွားဆိုသည့် အမျိုးသမီးသည် ထွက်ကြည့်လေ၏။ အပျိုပေါက်အရွယ် ဖြစ်ကြောင်း ကျင်းကို့တို့ တွေ့ရသည်။

ထိုမိန်းကလေးသည် ယောကျ်ားပျိုလေး နှစ်ယောက်ကို တွေ့ ရသောအခါ ရှက်စနိုးသော အမူအရာဖြင့် မီးဖိုချောင်ထဲသို့ ပြန်ဝင် သွားလေ၏။ ဤအရွယ်ကလေးများမှာ ဤသို့ပင် ဖြစ်တတ်သည် ကျင်းကို့သည် ခေါင်းတညိတ်ညိတ်ဖြင့် ရှိလေ၏။

"တူမောင်တို့"

အဘွားအိုက ခေါ်လိုက်၏။ ကျင်းကို့တို့ လှမ်းကြည့်ကြသော အခါ မိန်းကလေး ထွက်လာသည့် အခန်းကို လက်ညှိုးထိုးပြသည်။

တူမောင်တို့နှစ်ယောက် အဲဒီအခန်းမှာ နားနားနေနေ တည်း ခိုအိပ်စက်နိုင်ပါတယ်၊ အခုအချိန်အထိတော့ အဘွားအိမ်မှာ တည်းခို ကြတဲ့ သိုင်းသမားတွေ ရှိပါတယ်၊ ဘယ်သူကမှတော့ အဘွားတို့ကို မနှိပ်စက်ကြဘူး၊ ဘယ်အချိန်မှ နှိပ်စက်ကြမလဲ မသိဘူး"

ကျင်းကို့က ...

"သြော် ... အထက်လမ်း သိုင်းသမားတွေ ဆိုရင်တော့ အဘွား

တို့ကို နှိပ်စက်ကြမှာ မဟုတ်ပါဘူး၊ အောက်လမ်း သိုင်းသမားတွေကိုသာ ကြောက်ရတာပါ"

"အင်း ... ဟုတ်ပါ ဟုတ်ပါ၊ အဘွားတို့အိမ်မှာ တည်းခိုတဲ့လူတွေဟာ အထက်လမ်း သိုင်းသမားတွေချည်းပဲနဲ့ တူပါတယ်ကွယ်"

ကျင်းကို့သည် အဘွားအိုအား ငွေတုံးတစ်တုံး လှမ်းပေးလိုက်သည်။

"ဟောဒီငွေတုံးကတော့ ကျွန်တော်တို့နှစ်ဦး ညစာစားသောက်စရိတ်နဲ့ အခန်းခပါ၊ လုံလောက်ပါရဲ့နော်"

အဘွားအိုသည် ငွေတုံးကလေးကို လက်ခံယူလိုက်သည်။

"လုံလောက်ပါတယ်ကွယ်၊ လုံလောက်လို့ ဟိုဘက်တောင် ပိုလျှံသွားပါသေးတယ်၊ အမှန်တော့ ဒီလောက်မကျပါဘူး၊ အဘွားကတောင် ပြန်အမ်းရဦးမှာပါ၊ အမ်းစရာ ငွေအနုတ်လဲမရှိ ဘာလဲမရှိတော့"

အဘွားအိုသည် ရှင်းလင်းပြောပြရင်း စကားကို မဆက်တော့ချေ။

ကျင်းကို့က ...

"အို ... ပြန်အမ်းစရာ မလိုပါဘူးအဘွား၊ အကုန်သာ ယူထားလိုက်ပါ၊ အမှန်တော့ ကျွန်တော်တို့က ဒီလိုနေရာမျိုးမှာ အိပ်စရာစားစရာရတဲ့အတွက် အဘွားကို ဒီထက်မကတောင် ကျေးဇူးပြုသင့်တာပါ၊ ပိုက်ဆံရှိပေမယ့် ဝယ်စားစရာ ဆိုင်မရှိရင် ဘယ်လိုလုပ်မလဲ၊ ဒါကြောင့် ကျွန်တော်တို့ကလဲ အဘွားကို ကျေးဇူးတင်ရပါတယ်"

အဘွားအိုသည် ကျေးဇူးတင်စွာဖြင့် ငွေတုံးကို ရင်ဖုံးအကျီအတွင်း ထည့်သွင်းသိမ်းဆည်းလိုက်၏။

"နားနားနေနေ နေထိုင်ကြပါနော်၊ ဒီမှာ ရေနွေးကြမ်းအိုးရှိပါ



တယ်၊ ငုံ့သောက်ကြပါ၊ မကြာခင် ချိုင်ဟွားက ရေနွေးအပူ လာထည့်ပေးပါလိမ့်မယ်၊ ညစာစားဖို့လဲ ချိုင်ဟွားပဲ လုပ်ပေးပါလိမ့်မယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ အဘွားလုပ်စရာ ရှိတာလုပ်ပါ၊ ကျွန်တော်တို့လဲ တိုင်ပင်စရာရှိတာ တိုင်ပင်လိုက်ပါဦးမယ်"

"အေး ... အေး လုပ်ကြပါ အဘွား သွားမယ်နော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

အဘွားအိုသည် ပြောပြောဆိုဆို အိမ်နောက်ဘက်သို့ ဝင်သွားတော့၏။ ကျင်းကို့နှင့် ချောင်လိန်လုံးတို့ နှစ်ယောက်သာ ကျန်ရစ်တော့သည်။

ကျင်းကို့က ...

"ညီလေး ချောင်လိန်လုံး၊ ညီလေးသာ ဒီမှာ နားနားနေနေနေပေတော့၊ ကျုပ် တောင်ပေါ်တက်တော့မယ်"

ချောင်လိန်လုံး အံ့အားသင့်သွား၏။

"ဟင် ... အစ်ကိုကျင်း မိုးချုပ်အောင်တောင် မစောင့်တော့ဘူးလား ထမင်းစားပြီးမှ တက်လေ၊ အစ်ကိုကျင်း အစီအစဉ်က နားပြီးမှ တက်မယ်မဟုတ်လား"

"မနားတော့ဘူးလေ၊ အချိန်အကုန် မခံချင်တော့ဘူး၊ ခုပဲတက်မယ်"

ကျင်းကို့သည် ချောင်လိန်လုံးအား ပြောဆိုပြီးသည်နှင့် အိမ်ထဲမှ ထွက်သွားလေတော့၏။

ချောင်လိန်လုံးမှာ ကျင်းကို့ အကူ အညီလိုမှသာ ဖြည့်ဆည်းရမည့်သူဖြစ်ရာ ဘာမှမပြောသာတော့ပေ။ ဒီအတိုင်း ကြည့်နေရတော့၏။

❂ ❂ ❂

# အခန်း(၁၆)

## နူးလေးလက်နက်လုယူသူ

ကျင်းကို ထွက်သွားသည်ကို အိမ်ထဲမှ ထွက်လာသော အဘွားအိုက မြင်သည်။ သူမသည် အံ့သြသွားလေ၏။

"ဟို တူမောင် ဘယ်ကို ထွက်သွားတာလဲကွယ့်"

ချောင်လိန်လုံးမှာ တောင်ပေါ်တက်သွားသည်ဟု မပြောလိုချေ။ တောင်ပေါ်၌ ကျူးထင်းကြီးကို ရှာဖွေရမည် မဟုတ်ပါလား။

"အရေးကြီးတဲ့ ကိစ္စရှိလို့ ထွက်သွားတာပါ၊ ပြန်လာပါလိမ့်မယ် မကြာပါဘူး"

"တောင်ပေါ်ကို တက်သွားတာတော့ မဟုတ်ပါဘူးနော်"

အဘွားအို၏ အပြောကြောင့် ချောင်လိန်လုံး ရင်ထိတ်သွားလေ၏။

"တောင်ပေါ်တက်တောကော ဘာဖြစ်သလဲ အဘွားရဲ့၊ ဒီတောင်ပေါ် ဘယ်သူတက်တက် ရတာပဲ"

အဘွားအိုသည် မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ပြောလေတော့၏။

"ဒီပြင်တောင်တွေတော့ ဘယ်သူတက်တက် ရမယ်၊ ဒီတောင်



ပေါ်တော့ တက်လို့မရဘူး၊ တားမြစ်ပိတ်ပင်ထားတဲ့ နယ်မြေရှိတယ် မသိဘဲ ဝင်သွားမိရင် အသက်အန္တရာယ် တွေ့လိမ့်မယ်"

"တစ်ယောက်ယောက်က တားမြစ်ပိတ်ပင်ထားတာပေါ့၊ ဘယ်သူကများ တားမြစ်ပိတ်ပင်ထားပါလိမ့်"

အဘွားအိုက ခေါင်းယမ်းပြလေ၏။

"အဘွား မပြောပါရစေနဲ့ကွယ်၊ အဘွားအိမ်ကို သိုင်းလောကသားတွေ မကြာမကြာ ရောက်လာကြပါတယ်၊ တူမောင်မေးတဲ့ မေးခွန်းကို သူတို့လဲ မေးကြတယ်၊ အဘွားက ကိုယ့်အိမ်ကိုယ့်ရာကလေးမှာ သားအမိသုံးယောက် အေးအေးချမ်းချမ်း နေသွားချင်ပါတယ်၊ ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စတွေကို မပြောချင်ဘူး၊ အဘွားတို့သားအမိတွေ ဒီလိုပဲ အေးအေးချမ်းချမ်း နေခဲ့လို့လဲ ဘာမှပြဿနာမဖြစ်တာပေါ့"

ချောင်လိန်လုံးသည် အဘွားအို၏ စကားကို နားထောင်လိုက်သည်။

"ဟုတ်တာပေါ့၊ မပြောချင်လဲ မပြောပါနဲ့ အဘွားရယ်၊ ကိုယ့်ကိုတော့ အန္တရာယ်အဖြစ်မခံပါနဲ့"

အဘွားအိုသည် သမီးကို ဝိုင်းကူညီရဦးမည်ဆိုကာ မီးဖိုချောင်သို့ ဝင်သွားလေ၏။ ချောင်လိန်လုံးသည် ရေနွေးကြမ်းကို ငုံသောက်ရင်း ဧည့်ခန်းတွင် ကျန်ရစ်လေ၏။

အတန်ကြာသောအခါ စားသောက်ဖွယ်ရာများ အဆင်သင့်ပြင်ဆင်လေ၏။ အသားဟင်းနှစ်မျိုးနှင့် ဟင်းချိုတစ်ခွက် ပါရှိသည်။

"ဒီနေရာက တောတောင်ဆိုတော့ အသားက မပြတ်ပါဘူးကွယ်၊ အသီးအနှံကလဲ ပေါဆိုတော့ အဘွားတို့ သားအမိ ဒီမှာနေရတာပျော်ပါတယ်"

ချောင်လိန်လုံးသည် ဘာမှတာဝန်မရှိသဖြင့် စိတ်လွတ်ကိုယ်လွတ် စားပစ်လိုက်သည်။ နှစ်ယောက်စာမျှ စားပစ်လိုက်သည်။

အဘွားအိုက ...

"ကဲ... တူမောင်လဲ စားသောက်ပြီးပြီ၊ အိပ်ချင်ရင် အခန်းထဲသွားအိပ်နော်၊ အဘွားတို့ကို ဘာမှအားနာမနေနဲ့"

"ဟုတ်ကဲ့ အဘွား၊ ကျွန်တော် အခန်းထဲ သွားအိပ်ပါမယ်"

ချောင်လိန်လုံးသည် အခန်းထဲဝင်ကာ အိပ်ရာပေါ် လှဲချလိုက်၏။ ခရီးပန်းနေသဖြင့် တစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ်နေသော်လည်း အိပ်၍ကား မပျော်ပါချေ။

သူသည် သူ့အစ်ကိုအကြောင်း စဉ်းစားလိုက်၏။ သူ့အစ်ကိုကား ကျောက်ကွမ်းယင်နှင့် လိုက်သွားသည်လား၊ စေ့စုစင်နှင့် လိုက်သွားသည်လား မသိရှိပေ။

ကျင်းကို.... ။

သူသည် ကျင်းကို့အကြောင်း စဉ်းစားလိုက်၏။ လက်တစ်ဖက်မသန်သော်လည်း ကျင်းကို့၏ သိုင်းပညာစွမ်းကား လက်ဖျားခါလောက်ပေသည်။

"ထောက် ..."

"ဠွတ် ..."

သူသည် ကျင်းကို့အကြောင်း စဉ်းစားမည် ကြံကာရှိသေး၊ ခေါင်းရင်းမှ ထောက် ... ဠွတ် ဟု အသံကြားလိုက်ရသဖြင့် ခေါင်းထောင်ထမိလေ၏။

ချောင်လိန်လုံးသည် ခေါင်းရင်းမှ တံခါးကို ထဖွင့်လိုက်၏။ လူရိပ်တစ်ရိပ် လျှင်မြန်စွာ ပြေးထွက်သွားသည်ကို တွေ့ရသောအခါ သူအံ့အားသင့်သွားသည်။



ထိုလူသည် အိမ်နောက်ဖက် တောစပ်သို့ ပြေးသွားလေ၏။

ချောင်လိန်လုံးသည် သူ၏ ဒူးလေးလက်နက်ကို ခါးတွင်ရှိမရှိ စမ်းသပ်လိုက်သည်။ ဒူးလေးလက်နက် ရှိနေသောအခါ သူစိတ်အေးသွားသည်။ ပြတင်းပေါက်မှ ခုန်ထွက်ပြီး ထိုလူနောက် ပြေးလိုက်သွားလေတော့၏။

သူသည် အိမ်၌ လာချောင်းကြည့်သူကို တောတွင်း၌ အတော်ရှာဖွေရမည်ဟု ထင်ခဲ့သည်။

တကယ့်တကယ်တွင်ကား ထိုလူသည် တောစပ်၌ မားမားမတ်မတ် ရပ်နေသည်ကို တွေ့ရလေ၏။

ထိုလူသည် မျက်နှာကို အဝတ်နက် စည်းထားသည်။ မျက်လုံးပေါက်နှစ်ပေါက် ဖောက်ထားသည်။

"ခင်ဗျား ဘယ်သူလဲ"

ချောင်လိန်လုံးက လေသံမာမာဖြင့် မေးမြန်းလိုက်လေ၏။

ထိုလူက ရယ်သွမ်းသွေးသည်။

ဤတွင် သူသိလိုက်သည်။ ရယ်သူသည် အမျိုးသမီးပေတည်း။ ချောင်လိန်လုံးသည် အမျိုးသမီးဖြစ်၍ တော်ရုံတန်ရုံ ဟန်ဆောင်နိုင်သည့် အမျိုးသမီးကို သိရှိပေသည်။

ချောင်လိန်လုံးက ဆက်မေးလေ၏။

"မင်း... ဘယ်သူလဲ၊ ကျုပ်အခန်းကို ဘာ့ကြောင့် လာချောင်းရတာလဲ"

ထိုအမျိုးသမီးသည် ရယ်သွမ်းသွေးနေလေ၏။

"ဟင်း... ဟင်း... ဟင်း"

ထို့နောက်...

စကားပြောလေ၏။

"ကျုပ်ကတော့ အမျိုးသမီး တစ်ယောက်ပါပဲ၊ ရှင့်လိုပဲ အမျိုးသမီးတစ်ယောက်ပေါ့"

ချောင်လိန်လုံး ဒေါသထွက်သွားမိ၏။ သူမ၏ မိန်းမသားဖြစ်သည့် အဖြစ်ကို အဘယ့်ကြောင့် ထုတ်ဖော်ပြောရသနည်း။ သူမနှင့် ဘာဆိုင်သနည်း။

သူသည် ထိုအမျိုးသမီးကို အေးစက်စက် ကြည့်လိုက်၏။ ထိုအမျိုးသမီးကလည်း သူ့ကိုကြည့်နေသည်၊ မျက်လုံးများက စူးရှတောက်ပနေသည်။

"မင်းနဲ့ မဆိုင်တာတွေကို မပြောနဲ့၊ ကျုပ်မေးတာကိုပဲ ပြော၊ မင်းဘယ်သူလဲ၊ မင်း ဘယ်ကလဲ"

ထိုအမျိုးသမီးက အေးစက်စက် ရယ်သွမ်းပြီး...

"ကျုပ်လား... ကျုပ်ကတော့ ရှင့်ရဲ့ မေတ္တာရှင်ကို လာရှာတာပါ၊ ရှင့်ကို လာရှာတာ မဟုတ်ပါဘူး"

"ကျင်းကို့ကို လာရှာတယ် ဆိုပါတော့"

အမျိုးသမီးက ခေါင်းညိတ်ပြ၏။

ချောင်လိန်လုံးက အော်ငေါက်လိုက်၏။

"မင်း... သူ့ကိုရှာပြီး ဘာလုပ်မလို့လဲ"

"ဒေါသ မထွက်ပါနဲ့လေ"

ချောင်လိန်လုံး ပို၍ဒေါသထွက်လာလေ၏။

သူမက...

"ရှင်ဟာ... ယောကျ်ားဟန်ဆောင်ပြီး ကျင်းကို့နောက်ကို တကောက်ကောက် လိုက်နေတယ်၊ ကျင်းကို့ဟာ သစ်တုံးတစ်တုံးပဲဒါမှမဟုတ် ကျောက်တုံးတစ်တုံး၊ သူဟာ မျက်စိပါသော်လည်း မမြင်မသိဘူး၊ အသည်းနှလုံးပါသော်လည်း မခံစားတတ်ဘူး၊ ရှင်က



သူ့ကို တိတ်တိတ်ပုန်း ကြိုက်နေတယ် မဟုတ်လား၊ ရှင်... ပြောင်ကြိုက်ရင်လဲ သူမခံစားတတ်ပါဘူး၊ အင်း... သနားစရာ... သနားစရာ"

ချောင်လိန်လုံး ဒေါသထွက်လွန်းသဖြင့် တဆတ်ဆတ် တုန်နေသည်။ သူသည် ခါးမှဒူးလေးကို ဖြုတ်လိုက်သည်။ အမျိုးသမီးအား ဒူးလေးဖြင့် ချိန်ရွယ်လိုက်သည်။

"မင်း ဘယ်သူလဲ"

"အင်း... ဟင်း... ဟင်း"

"မင်းရဲ့အမည်ကို ထုတ်ပြောစမ်း၊ မျက်နှာကို ဖုံးကွယ်ထားပြီး လူ့သူ့အမြင် မခံဝံ့တဲ့လူ၊ ဘာ့ကြောင့် မျက်နှာကို လူမြင်မခံဝံ့တာလဲ၊ မင်း အရုက်တကွဲ အကျိုးနည်းစရာတွေ လုပ်ထားသလား"

ထိုအမျိုးသမီးက လက်ကာပြ၏။

"ဘူး အရုက်တကွဲ အကျိုးနည်းမလုပ်ဘူး၊ သိုင်းလောကမှာ မျက်နှာခေါင်းစွပ် အုပ်ထားတဲ့ လူတွေ တစ်ပုံကြီးပဲ၊ မင်း... ကျုန့်ရှင်းရဲ့ ဒူးလေးကို အရမ်းမချိန်နဲ့နော်၊ သူ့ဒူးလေး လောက်စာလက်နက်ဟာ အစွမ်းထက်လှပါတယ်၊ ဒါပေမယ့် ရှင်ဟာ လူတွေကို အရမ်းမပစ်သင့်ဘူး၊ ကျုပ်က ရှင့်ရဲ့ မေတ္တာရှင်ကို လာမလုပါဘူး၊ စိတ်ချပါ"

ချောင်လိန်လုံးသည် စိတ်ထိန်းနိုင်စွမ်း မရှိတော့သဖြင့် ဒူးလေးခလုတ်ကို လက်ညှိုးဖြင့် ကွေးညှစ်ပစ်ခတ်လိုက်တော့၏။

"ထောက်..."

သံလောက်စာလုံးသည် မမြင်နိုင်စွမ်းသော အရှိန်နှုန်းဖြင့် ပြေးထွက်သွားလေ၏။

ထိုအမျိုးသမီးသည် လှစ်ခနဲ လှုပ်ရှားသွား၏။ သံလောက်

စာလုံးသည် သူမကို မထိဘဲ လွဲချော်သွား၏။ သူမသည် ခါးထောက်ရပ်လျက် တဟင်းဟင်း ရယ်နေလေ၏။

ချောင်လိန်လုံးမှာ အံ့အားသင့်သွား၏။ သူမ၏ ဒူးလေးလက်နက်ကို သူမပစ်သည့်အခါတိုင်း မည်သူ့ကိုမျှ လွဲချော်သွားခဲ့သည်ဟု မရှိခဲ့ပါ၊ ယခု ထိုအမျိုးသမီးကို လွဲချော်သွားပါသည်၊ ထို့ကြောင့် နောက်တစ်ချက် ပစ်ခတ်ရန် ဒူးလေးညှို့ကြိုးကို ဆွဲတင်လိုက်၏။

"ဗိုး... ဗိုး... ဗိုး"

"ဝှစ်... ဝှစ်... ဝှစ်"

လေလှိုင်းခတ်သံ ပေါ်လာသည်။ ချောင်လိန်လုံး၏ မျက်နှာကို လေလှိုင်းများ လာရောက် တိုက်ခတ်လေသည်။ ချောင်လိန်လုံးသည် အထိတ်တလန့် ဖြစ်သွားလေတော့၏။ သူ့လက်ထဲမှ ဒူးလေးလက်နက်ကို တစ်စုံတစ်ရာက ဆွဲယူလိုက်သလို ခံစားလိုက်ရသည်။

"ဟင်..."

ချောင်လိန်လုံး မျက်လုံးပြူးသွားသည်။ သူမ၏ လက်ထဲ၌ ဒူးလေးလက်နက် မရှိတော့ပေ။ အောက်သို့ လွတ်ကျသွားခြင်း မဟုတ်ပေ။ တစ်ဖက်ရန်သူ ဆွဲလုသွားခြင်း ဖြစ်ပေသည်။

မြန်လိုက်သည့် ဖြစ်ခြင်း။

လျင်လိုက်သည့် လုယက်မှု။

လက်ထဲမှ ဒူးလေးလက်နက်ကို မည်သို့မျှ မကာကွယ်နိုင်လိုက်ပေ။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း လုယူသွားခြင်း ဖြစ်ပေသည်။

သူ့မျက်နှာကို လေပြင်းတိုက်ကတ်သကဲ့သို့ ခံစားလာရသဖြင့် ချောင်လိန်လုံး နောက်ဆုတ်ပေးလိုက်ရသည်။ သို့သော်... လေတိုက်ခတ်မှုကတော့ မလွတ်ပါ။ သူ့အာရုံသည် ထိုလေတိုက်ခတ်မှုဆီသို့



ရောက်ရှိသွားသဖြင့် လက်ထဲမှ ဒူးလေးလက်နက်ကို မေ့လျော့သွားခဲ့သည်၊ သူမ၏ ဒူးလေးလက်နက်ကိုလည်း ဤကဲ့သို့ လုယူသွားမည်ဟု မထင်ခဲ့ပါ။

"ရှင့်... ဒူးလေးလက်နက်ကတော့ ကျုပ်လက်ထဲ ရောက်ခဲ့ပြီ၊ ကျုပ် ရှင့်ကိုယ်စား သိမ်းထားပေးမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်ဟာ ဒူးလေးကို ထိန်းသိမ်းနိုင်စွမ်းမှ မရှိဘဲကိုး၊ ရှင့်ဆီမှာထားရင် အခုလိုပဲ တခြားလူလက်ထဲ ရောက်သွားဖို့ များနေတယ်၊ မသူတော်တွေလက်ထဲ ရောက်သွားရင် ငါးပါးမကဘူး၊ သံဃာစင်ပါ မှောက်လိမ့်မယ်၊ နောက်ပြီး ဒီဒူးလေးလက်နက်ဟာ သိုင်းလောကရဲ့ ရှားပါးပစ္စည်းဖြစ်နေတယ်၊ နောက် နှစ်ပေါင်းများစွာကြရင် သိုင်းလောကရဲ့ ရတနာတစ်ပါး ဖြစ်လာနိုင်တဲ့ အရာပဲ၊ ကဲ... ကျုပ်ပဲ သိမ်းထားပေးမယ်နော်၊ သွားပြီ"

ထိုအမျိုးသမီးသည် ချာခနဲ လှည့်ပြေးသွားတော့၏။ ညကလည်းမှောင်၊ သူမ ပြေးသွားသည်မှာလည်း လျင်မြန်လှသဖြင့် တစ်ခဏအတွင်း သူမသည် ပျောက်ကွယ်သွားလေ၏။

ချောင်လိန်လုံးသည် သူမ၏ ဒူးလေးပါသွားသဖြင့် လွှန်မင်းစွာ ဒေါသထွက်ပြီး အပြင်းလိုက်လေ၏။ သူ၏... မည်မျှမြန်သည့် အရှိန်နှုန်းဖြင့် လိုက်လိုက် ထိုအမျိုးသမီးကို မတွေ့ရတော့ချေ။

ခက်ပြီ။

ချောင်လိန်လုံးမှာ မျက်ရည်ပေါက်ပေါက် ကျမိတော့၏။ သူမသည် အရပ်လေးမျက်နှာကို လှည့်ပတ်ကြည့်ရှုပြီး မျက်ရည်များကို သုတ်မိသည်။

လက်နက်လုသွားသော အမျိုးသမီးကို မည်သို့ ရှာဖွေရမည်နည်း။ မည်သည့်အရပ်သို့ လိုက်ရမည်နည်း။ ထိုအမျိုးသမီး မည်သူ

မှန်းလဲမသိ၊ မည်သည့် အရပ်ကမှန်းလဲ မသိသဖြင့် သူသည် မည်သည့်အရပ်သို့ လိုက်ရမည်ကိုလည်း မသိရှိပါ။

ငိုနေ မျက်ရည်ကျနေ၍လည်း အကြောင်းထူးလာမည် မဟုတ်ပါ။ ဒူးလေးလက်နက် ပြန်ရောက်လာမည် မဟုတ်ပါ။

သူမသည် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါသည်။ သူမ လာလမ်းအတိုင်း ချာခနဲ ပြေးထွက်လာလေ၏။

သူမသည် အိမ်ပြတင်းပေါက်မှ သူမ၏ အခန်းသို့ ခုန်တက်လိုက်သည်။ ထို့နောက် စားပွဲခုံကို ယူလိုက်သည်၊ အတန်ငယ်စဉ်းစားပြီးမှ အတွင်းအားသုံး၍ စားပွဲခုံ မျက်နှာပြင်ပေါ်တွင် လက်ညှိုးများဖြင့် ဖိနှိပ်၍ စာများ ရေးလေတော့၏။

စာရေးပြီးသောအခါ သူမ၏ မျက်ဝန်းအိမ်များမှ မျက်ရည်များ စီးကျလာလေ၏။ သူမသည် ထိုမျက်ရည်များကို အင်္ကျီလက်မောင်းဖြင့်သုတ်ပြီး ထိုင်ရာမှ ထလေ၏။

ချောင်လိန်လုံးသည် ပြတင်းပေါက်မှ အပြင်သို့ ခုန်ထွက်လိုက်၏။ ထို့နောက် အပြေးကလေး ထွက်ခွာသွားလေတော့၏။

✿ ✿ ✿

# အခန်း(၁၇)

## ရတနာများကို လုယူသွားခြင်း

တောရိပ်တောင်ရိပ် ကြီးသဖြင့် ညသည် လျင်မြန်စွာ မှောင်လ၏။ ပိုးပုရစ်သံများသည် ဆူညံနေသည်။ ထိုအချိန်မှာပင် မှောင်နေသော တံခါးအနီးသို့ လူတစ်ယောက် လာရပ်လေ၏။ ထိုသူမည်သူနည်း။

ထိုသူမှာ ကျင်းကို့ ဖြစ်လေ၏။

“ချောင်လိန်လုံး … ညီလေး ချောင်လိန်လုံး”

ကျင်းကို့က ခပ်တိုးတိုး ခေါ်လေ၏။ အိပ်နေသည့် အဘွားအိုနှင့် သူ့မြေးများ မနိုးစေချင်ပါ၊ ထို့အတွက် ခပ်တိုးတိုး ခေါ်ခြင်းဖြစ်ပါသည်။

“ညီလေး … ညီလေး … ချောင်လိန်လုံး”

မည်သူမျှ ပြန်မထူးပါ၊ သိုင်းသမားများဖြစ်၍ ဤမျှခေါ်လျှင်နိုးရပါမည်။ ယခု ထူးသံမကြားရသဖြင့် အခန်းထဲတွင် လူမရှိဟုယူဆရမည် ဖြစ်ပါသည်။ ချောင်လိန်လုံးသာ ရှိနေပါလျှင် သူ့နိုးသံကို မုချကြားရပါမည်။

ကျင်းကို့သည် ပြတင်းပေါက်မှတစ်ဆင့် ခုန်ဝင်လိုက်သည်။

သူသည် အခန်းထဲ၌ ရှာဖွေကြည့်သောအခါ ချောင်လိန်လုံး မရှိကြောင်း သိသွားရသည်၊ သူသည် မီးခတ်ကျောက်ကိုရှာပြီး မီးထွန်းညှိလိုက်လေ၏။

စားပွဲခုံတစ်လုံးသည် နေသားတကျ မဟုတ်ဘဲ အခန်း၏ အလယ်ကောင်၌ ဖြစ်နေသည်ကို စောစောကပဲ စမ်းသပ်မိခဲ့သည်။ ယခု မီးထွန်းပြီး ကြည့်လိုက်သောအခါမှ စားပွဲပေါ်မှ စာများကို တွေ့ရှိရသည်၊ စာများသည် အတွင်းအားသုံးပြီး ရေးခြစ်ထားသော စာများဖြစ်ကြောင်း ကျင်းကို့ သိရှိသည်။

အစ်ကိုကျင်းကို့...

ကျွန်တော် အရေးတကြီး စာရေးခဲ့ပါသည်။ ကျွန်တော့်ကို မည်သူမည်ဝါဟုမသိ၊ မျက်နှာကို အဝတ်စည်းထားသော အမျိုးသမီး တစ်ယောက်က လာချောင်းမြောင်းပါသည်။ ကျွန်တော် အသံကြားသဖြင့် ထလိုက်ရာ ထိုအမျိုးသမီး ထွက်ပြေးပါသည်၊ ကျွန်တော် အမှီလိုက်ရာ တောစပ်တွင် သူမ စောင့်နေပါသည်။

ထိုအမျိုးသမီးသည် သူတစ်ပါးအား ပြက်ရယ်ပြုသည့် နေရာတွင် နှစ်ယောက်မရှိသူ ဖြစ်ပါသည်။ ကျွန်တော့်အား စော်စော်ကားကားလည်း ပြောပါသည်။

ထို့ကြောင့်...

ကျွန်တော်လည်း ဒေါသဖြစ်သွားပြီး ဒူးလေးနှင့် ထုတ်ပစ်မိပါသည်။ ထိုအမျိုးသမီးသည် ဉာဏ်မြူလျှင်မြန်သော သံလောက်စာလုံးကိုရှောင်တိမ်းနိုင်စွမ်း ရှိပါသည်။

အံ့ဩလောက်သော စွမ်းရည်ရှိသူဖြစ်ကြောင်း ကျွန်တော် သိပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော့် လက်ထဲမှ ဒူးလေးလက်နက်ကို လုယူပြေးသောကြောင့် ဖြစ်ပါသည်။ ကျွန်တော့် လက်



ထဲမှ ဒူးလေးကို တော်ရုံတန်ရုံ စွမ်းသူမလုယူနိုင်ပါ။ ကျွန်တော် သူ့နောက်ကို လိုက်ပါသည်။ သို့သော် သူမကို ရှာမတွေ့တော့ပါ။

ကျွန်တော့် ဆရာသမား အမှာစကားရှိပါသည်။ သူ့ဒူးလေးလက်နက် ပျောက်ဆုံးခဲ့ပါက အလျင်အမြန် ပြန်လာရမည်ဟု တင်းတင်းကျပ်ကျပ် အမိန့်ရှိထားပါသည်၊ ဒူးလေးပျောက်ဆုံးသွားကြောင်းကိုလည်း သိုင်းလောက ဆရာ ဆရာကြီးများထံ အကြောင်းကြားရမည်။ ထိုမှတစ်ဆင့် သူကြားသိမည်ဟု အမိန့်ရှိထားပါသည်။ ထို့ကြောင့် ကျွန်တော် အစ်ကိုကျင်းအား စောင့်မနေနိုင်တော့ပါ၊ ပြန်သွားပါပြီခင်ဗျာ၊ နောင်မှ တွေ့ကြပါစို့"

ချောင်လိန်လုံး

ကျင်းကို့သည် မျက်မှောင်ကြုတ်ပြီး တွေးလေ၏။

"ချောင်လိန်လုံးနဲ့ တွေ့တာ မိုးဒေဝီပဲ ဖြစ်ရမယ်၊ ချောင်လိန်လုံးဟာ ထူပူနေလို့ အမျိုးသမီး ဘယ်သူဖြစ်မယ်ဆိုတာ မတွေးမိဘဲ ရှိနေတာ၊ သူ့လက်ထဲက ဒူးလေးကို လုယူနိုင်တဲ့လူဆိုလို့ ဘယ်သူရှိမှာလဲ၊ မိုးတိမ်ဒေဝီပဲ ဖြစ်မှာပေါ့"

ချောင်လိန်လုံး ခွဲထွက်သွားသဖြင့် ကျင်းကို့ စိတ်ထဲ၌ မကောင်းဘဲ ဖြစ်နေသည်။

"အင်း... သူမရှိတော့ဘဲ ငါဒီမှာ ဘာမှလုပ်စရာ မလိုတော့ဘူး၊ တောင်ပေါ်ပြန်တက်တော့မယ်"

ကျင်းကို့သည် တောင်ပေါ်သို့ ပြန်တက်ခဲ့လေတော့၏။ ကျင်းကို့ တောင်ပေါ်တွင် ရှာဖွေသည်။ သို့သော် ဘာမျှမတွေ့ပေ။ ဘာမျှမတွေ့ဘဲ ပြန်ဆင်းလာခြင်း ဖြစ်သည်။ သူတောင်ပေါ်တက်ရောက်ရှာဖွေခြင်းမှာ ဘာမျှအကျိုးမရှိခဲ့ပေ။

အကျိုးယုတ်သည့် ကိစ္စမှာ သူမရှိသဖြင့် ချောင်လိန်လုံးသည်

ရန်သူနှင့်တွေ့ပြီး ဒူးလေးလက်နက် အလုခံသွားရခြင်း ဖြစ်သည်။ သူသာရှိလျှင် ချောင်လိန်လုံးလည်း ယခုကဲ့သို့ ပြန်သွားရမည် မဟုတ်ချေ။

ကျင်းကိုသည် ကိုယ်ဖော့ပညာကို သုံးပြီးတက်ခဲ့ရာ တောင်ထိပ်တစ်နေရာတွင် ရပ်မိလေ၏။ တုံးနှစ်ချက် ခေါက်သောအချိန်ခန့်ရှိပြီဟု ကျင်းကို ခန့်မှန်းမိသည်။

သူသည် အရပ်ရှစ်မျက်နှာသို့ လှည့်ပတ်ကြည့်ရှုသည်။ မည်သည့်လူသူ အရိပ်အယောင်မျှ မတွေ့ရချေ။ ပိုးမွှားများ၏ အော်မည်သံသာ ကြားနေရသည်။

သူသည် လူသွားလမ်းလေး တစ်လမ်းကို လရောင်ဖြင့် အမှတ်မထင် တွေ့မြင်လိုက်ရသည်။

"အင်း… ဒီလမ်းအတိုင်း လိုက်ကြည့်ရင် ထူးခြားမလားမသိဘူး"

ကျင်းကိုသည် ထိုလမ်းအတိုင်း လျှောက်သွားလေတော့၏။ တစ်နေရာသို့ ရောက်သောအခါ လူရိပ်ဝ၊စ်ရိပ်လိုလို လှစ်ခနဲ တွေ့ရလေသည်။ ထို့အပြင် အမှောင်ထဲမှ အသံတစ်သံ ထွက်လာ၏။

"ရပ်… ဘယ်သူလဲ"

အမှောင်ထဲမှ အသံသည် အော်ဟေါက်သံ ဖြစ်ပါသည်။

"အင်း… လူတော့ တွေ့ပြီ လူတွေ့ရင် စခန်းတွေ့တာပဲ"

ကျင်းကိုသည် စိတ်ထဲ၌ ကြိတ်၍ကျေနပ်သွားလေ၏။

ကျင်းကိုက အသံကိုမြင့်၍ ပြန်အော်လိုက်သည်။

"မိတ်ဆွေ ကျွန်တော် အကြောင်းမဲ့ လာတာမဟုတ်ပါဘူး၊ ကျူးထင်းကြီးကို တွေ့ချင်လို့ လာတာပါ၊ ကျူးထင်းကြီးကို တွေ့ပါရစေ"



ဩာနေအသံသည် လုံးဝ တိတ်ဆိတ်သွား၏။ သူတို့ချင်း ဆွေးနွေးနေကြသည်လား မဆိုနိုင်ပေ။

အတန်ကြာမှ…

"ခင်ဗျား ဘယ်သူလဲ"

အသံသည် ကွဲပြားခြားနားသွား၏။ စောစောက အသံမဟုတ်တော့ပေ။

ဤနေရာ၌ လူအတော်အတန် ရှိနေဟန် တူသည်။ အသံသည် သာမန်အသံ မဟုတ်ပေ။ အတွင်းအား ပြည့်ဝသည့် အသံမျိုး ဖြစ်သည်။

"ကျွန်တော့်နာမည် ကျင်းကိုပါ"

"ဘာလာလုပ်တာသလဲ"

"ကျွန်တော် ဆရာကျူးထင်းကြီးနဲ့ တွေ့ဆုံဂါရဝပြုချင်လို့ တပင်တပန်း လာခဲ့ပါတယ်"

"ဟာ… ညီလေး ကျင်းကို၊ တူပါတယ်လို့ ထင်နေတာ၊ ဟား… ဟား… ဟား လာပြီ၊ လာပြီ ဈာပ်လာပြီး ညီလေး ကျင်းကို"

အမှောင်ထဲမှ လူရိပ်များ အလျှိုလျှို ပေါ်လာသည်။ လူရိပ်များကို ကျင်းကိုသည် မျက်ခြည်မပြတ် ကြည့်ရှုနေသည်။ အကယ်၍ တိုက်ခိုက်လာပါက ခုခံနိုင်ရန် အတွင်းအား ထုတ်ထားသည်။

သို့သော်…

ရှေ့ဆုံးမှ လူရိပ်ပုံပန်းကို တွေ့လိုက်ရသောအခါ ကျင်းကိုသည် အလွန်ဝမ်းသာ သွားလေသည်။

"အစ်ကိုကျောက်ကွမ်းယင်ပါလား၊ အစ်ကို ကျောက်ကွမ်းယင် ဒီတောင်ပေါ်ကို ဘယ်လိုများ ရောက်နေတာပါလဲ ခင်ဗျာ"

လူရိပ်များမှာ အားလုံး သုံးယောက် ဖြစ်လေ၏။

"ဟုတ်တယ်ဗျို့၊ ကျုပ်က တခြားလူ မဟုတ်ပါဘူး၊ ကျောက်ကွမ်းယင်ပါ၊ ညီလေး ကျင်းကို့ ခုလိုရောက်လာတာဟာ အခန့်သင့်ပါပဲ ဟား... ဟား... ဟား"

ရှေ့ဆုံးမှ လျှောက်လာသူမှာ ကျောက်ကွမ်းယင် ဖြစ်သည်။ သူသည် ကျင်းကို့အား တွေ့ရသောအခါ အလွန်တစ်ရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။ မျက်နှာချင်းဆိုင်မိသောအခါ ကျောက်ကွမ်းယင်သည် ကျင်းကို့အား ရင်းနှီးစွာ ပွေ့ဖက်နှုတ်ဆက်လေ၏။

ကျောက်ကွမ်းရင် ဤမျှ ရင်းနှီးနှုတ်ဆက်သည်မှာ အကြောင်းမဲ့ မဟုတ်ပါချေ၊ ကျင်းကို့သည် သူ့အတွက် ငွေကြေးအထောက်အပံ့ရရှိရန် အားကြီးမာန်တက် ရှာဖွေပေးနေသူ မဟုတ်ပါလား၊ သို့သော် ကျောက်ကွမ်းယင်၏ စိတ်ထဲကတော့ ထိုသို့ မဟုတ်ပါချေ။ ကျင်းကို့ကို သူမြင်ကတည်းက ခင်မင်နေခဲ့ပေသည်။

ထို့ကြောင့်...

မင်လင်းကြည်က ကျင်းကို့နှင့် သူ့ကို ရွေးချယ်ရန် ခက်နေကြောင်း ပြောသောအခါ ကျင်းကို့ကို ရွေးချယ်ပါကလည်း သူဝမ်းသာမည်ဖြစ်ကြောင်း ပြောခဲ့ခြင်းဖြစ်သည်။

ကျောက်ကွမ်းယင် နောက်မှ လိုက်ပါလာသော လူနှစ်ယောက်မှာ တစ်ယောက်က အိကျောင်ကောင်းဖြစ်ပြီး တစ်ယောက်မှာ စာပေသမားအသွင်သဏ္ဌာန် ရှိသောလူ ဖြစ်သည်။ ထိုလူမှာ သက်လတ်အရွယ်ရှိလေသည်။

"အိကျောင်ကောင်း..."

"အစ်ကိုကျင်း"

သူတို့သည် ယခင်ကတည်းက ခင်မင်ပြီးသော လူများဖြစ်၍ ပွေ့ဖက်နှုတ်ဆက်ကြလေ၏။



အိကျောင်ကောင်းသည် ကျင်းကို့နှင့်အတူ ချောင်လိန်လုံးလိုက်ပါသွားသည်ကို သိသည်။ ယခုအခါ ကျင်းကို့တစ်ယောက်တည်း တွေ့ရပြီး ချောင်လိန်လုံးကို မတွေ့ရသဖြင့် အိကျောင်ကောင်းက မေးသည်။

"အစ်ကိုကျင်း တောင်ပေါ်ကို အစ်ကိုကျင်းတစ်ယောက်တည်းတက်လာတာလား"

"ဟုတ်တယ် ကျုပ်တစ်ယောက်တည်း တက်လာတာ"

ကျင်းကို့သည် အိကျောင်ကောင်း ဘာဆက်မေးတော့မည်ကို သိလေ၏။ သူသည် ထိုအကြောင်းကို ကျောက်ကွမ်းယင် ရှေ့တွင် မဖြေလိုပေ။ ထို့ကြောင့် ကျောက်ကွမ်းယင်ဘက် လှည့်ပြီး မေးမြန်းလိုက်လေ၏။

"အစ်ကို ကျောက်ကွမ်းယင် အစ်ကိုဟာ အစကတည်းက ဆရာကျူးထင်းကြီးနဲ့ ရင်းနှီးကျွမ်းဝင်သလား"

ကျောက်ကွမ်းယင်က ရယ်မောလိုက်ပြီး...

"ဟုတ်ပါတယ်၊ ကျူးထင်းကြီးနှင့် ကျုပ်က အစကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့သူပါ၊ ဟောဒီမှာလေ..."

ကျောက်ကွမ်းယင်သည် သူ့ညာဘက်ဘေးတွင် ရပ်နေသူ စာပေသမား အသွင်အပြင်နှင့်လူကို လက်ညှိုးညွှန်ပြလေ၏။

"ကဲ... ဆရာကျူးထင်းကြီးနဲ့ မိတ်ဆက်ပေးရဦးမယ် ဆရာကျူးထင်းကြီး... ဒီက... ညီလေးကတော့ ကျင်းကို့ပါ၊ သူက ဆရာကျူးထင်းကြီး"

ကျူးထင်းကြီးသည် လက်ဖမိုးအစုံယှက်ပြီး ဦးညွှတ်ဂါရဝပြုလေ၏။

"တွေ့ရတာ ဝမ်းသာပါတယ် ညီလေး ကျင်းကို့"

ကျင်းကို့လည်း လက်ဖမိုးအစုံယှက်ပြီး ကျူးထင်းကြီးကို ဦးညွှတ်ဂါရဝ ပြုလေ၏။

"ဟုတ်ကဲ့... ကျွန်တော်လဲ တွေ့ရတာ ဝမ်းသာပါတယ်"

ကျင်းကို့က ဆက်ပြီးပြောသည်။

"ဆရာကျူးထင်းကြီးကို ခုလိုတွေ့ရဖို့ ကျွန်တော့်မှာ ကြိုးစားလိုက်ရတာ လူအမျိုးမျိုးနဲ့တွေ့၊ အဖြစ်အမျိုးမျိုးနဲ့ကြုံ၊ အခြေအနေအမျိုးမျိုး ဖြစ်ခဲ့ရတာပဲ၊ ဒီကြားထဲ စိတ်မကောင်းစရာ အဖြစ်မျိုးနဲ့ ကြုံခဲ့ရသေးတယ်"

သူသည် မြောင်အင်းတို့ လင်မယား အသတ်ခံရသည်ကို ရည်ရွယ်ပြောခြင်း ဖြစ်သည်။ မြောင်အင်းသည် ကျူးထင်းကြီး ပုန်း နေသည့်နေရာကို သိသည့်လူဖြစ်သည် မဟုတ်ပါလော။

"အခုတော့ ကျွန်တော် ကြိုးစားချက်တွေဟာ အချည်းအနှီး ဖြစ်သွားခဲ့ရပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာကျူးထင်းကြီးနဲ့ အစ်ကို ကျောက်ကွမ်းယင်တို့ဟာ ရင်းနှီးနေကြပြီ မဟုတ်လား"

ကျင်းကို့သည် ကျောက်ကွမ်းယင် ဘက်သို့ လှည့်ပြီး မေးလိုက်သည်။

"အိကျောင်ကောင်း...ခင်ဗျား အစ်ကိုကျောက်နဲ့အတူ လာခဲ့တာလား"

အိကျောင်ကောင်းက ခေါင်းညိတ်၏။

"ကျွန်တော်တို့တင် မဟုတ်ဘူး၊ အစ်မလေး မင်လင်းကြည်လဲ ပါပါတယ်၊ ကျွန်တော်တို့ ဒီကို လိုက်လာတာဟာ ဆရာကျူးထင်းကြီး စေလွှတ်တဲ့ ခိုင့်ကစာရဲ့ အရပါ၊ မြင်းနဲ့ နေ့ညမနား ခရီးပြင်းနှင်ခဲ့ကြလို့ ဒီနေ့ မိုးချုပ်လုလု အချိန်မှာ ရောက်လာကြတာပါ"

ကျင်းကို့သည် ပထမတော့ ကျောက်ကွမ်းယင်တို့ ရှေ့ဦ



ချောင် လိန်လုံးအကြောင်းကို မပြောဟု ဆုံးဖြတ်ခဲ့သည်။ ယခု စဉ်းစား လိုက်သောအခါ ကျောက်ကွမ်းယင်တို့သည် ညီအစ်ကိုသဖွယ် ရင်း နှီးပြီးသူများ ဖြစ်ကြောင်း သူသတိရလိုက်သည်။

ထို့ကြောင့်...

ချောင်လိန်လုံးအကြောင်းကို ဖွင့်ပြောရန် ပြန်လည်ဆုံးဖြတ်မိသည်။

"အိကျောင်ကောင်း... ခင်ဗျားရဲ့ညီ ချောင်လိန်လုံး အကြောင်းကို..."

"ချောင်လိန်လုံး ဘာဖြစ်လို့လဲ အစ်ကိုကျင်း"

အိကျောင်ကောင်း အထိတ်တလန့် ဖြစ်သွားလေ၏။ ကျင်းကို့၏စကား အဖြတ်အတောက်ကလည်း ကြားရသူအဖို့ အသည်းထိတ်စရာဖြစ်နေသည်။ အိကျောင်ကောင်းသည် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားလေ၏။

ကျင်းကို့သည် သူပြောသည့်စကား အနှောင့်အသွား မလွှတ်သည်ကို ရိပ်မိသွားသဖြင့် လက်ကာပြပြီး အလျင်အမြန် ပြောရတော့သည်။

"မဟုတ်ဘူး၊ ဘာမှ မဟုတ်ပါဘူး၊ ချောင်လိန်လုံး ဘာမှ အန္တရာယ်မဖြစ်ပါဘူး၊ ဒီလိုပါ..."

"ဘယ်လိုများ ဖြစ်တာလဲဗျာ"

"သူ့ဦးလေးလက်နက်ကို အလုခံလိုက်ရလို့ပါ၊ သူ...သူ့ဆရာဆီ ပြန်သွားတယ်၊ အဲဒါကလဲ ဒီတောင်ပေါ်ကို ကျုပ် ပထမအကြိမ် တက်တုန်းက ဖြစ်သွားတာပါ၊ ကျုပ် သူနဲ့မရှိတုန်း အချိန်မှာ ဖြစ်သွားတာပါ၊ သူပြန်တာကို ကျုပ်တောင် မသိလိုက်ပါဘူး၊ ဒီတောင်ပေါ်ကဆင်းပြီး သူ့အိပ်ခန်းဆီ ကျုပ်ပြန်တော့ သူ့ကို မတွေ့

ရတော့ဘူး၊ သူက ပြန်သွားပြီ၊ စားပွဲပေါ်မှာ စာရေးထားခဲ့လို့ ကျုပ်သိရတာပါ"

"ဘယ်သူက သူ့ဒူးလေးကို လုသွားတာလဲဗျ"

အိကျောင်ကောင်းက မေးသည်။

ကျင်းကို့လည်း ချောင်လိန်လုံး ရေးသွားသော စာပါအကြောင်းအရာများကို ပြောပြလိုက်၏။

ကျင်းကို့က...

"ကျုပ်စိတ်ထင်တော့ သူ့ဒူးလေးလက်နက်ကို လုယူသွားတဲ့လူဟာ မိုးတိမ်ဒေဝီပဲ ဖြစ်မှာပဲ"

အိကျောင်ကောင်းက...

"ကျွန်တော်တို့ရဲ့ဆရာ ခရီးရှည် ထွက်ခါနီးမှာ အမှာစကားထားရှိခဲ့ပါတယ်၊ အဲဒါကတော့ သူပေးထားတဲ့ ဒူးလေးလက်နက်ပျောက်ဆုံးသွားခဲ့ရင် အမြန်ဆုံးပြန်လာခဲ့ရမယ်တဲ့၊ ဆရာဟာ သူ့ဒူးလေးလက်နက်ကို အင်မတန် သံယောဇဉ်ကြီးပါတယ်၊ ညီလေးချောင်လိန်လုံးကို ပေးအပ်တာကလဲ ညီလေးချောင်လိန်လုံးဟာ သိုင်းပညာအဆင့်မြင့်၊ ကိုယ်ဖော့ပညာ အဆင့်မြင့်လို့ ပေးအပ်ခဲ့တာပါ"

ကျင်းကို့က...

"ဟုတ်တယ်၊ ညီလေး ချောင်လိန်လုံးရဲ့ ကိုယ်ဖော့ပညာဟာ ကျွန်တော့်နီးနီးလောက် ကောင်းနေတယ်"

အိကျောင်ကောင်းက ဆက်ပြောသည်။

"ချောင်လိန်လုံး ပြန်သွားတာ ကောင်းပါတယ်၊ နို့မို့ဆိုရင် သူအန္တရာယ် တွေ့နေမယ်၊ မိုးတိမ်ဒေဝီ အကြောင်းတော့ ကျွန်တော်တို့ ပြောပဲမပြောချင်တော့ပါဘူး၊ သူဟာ အတော့်ကို ခြေလှမ်းကျဲနေတယ်"



"ဟုတ်တယ်၊ မိုးတိမ်ဒေဝီဟာ အတော့်ကို ခြေလှမ်းကျဲနေတယ်"

ကျင်းကို့ကလည်း မှတ်ချက်ချ၏။

အိကျောင်ကောင်းက...

"မိုးတိမ်ဒေဝီ ခြေလှမ်းကျဲတာကို အစ်ကိုကျင်း ဘယ်လိုသိသလဲ"

"ဟာ...လမ်းမှာလဲ ကျွန်တော်တို့ကို ဒုက္ခပေး၊ အခုလဲ ချောင်လိန်လုံးရဲ့ ဒူးလေးလက်နက်ကိုလု၊ တော်တော့်ကို စိတ်ကုန်စရာကောင်းပါတယ်ဗျာ"

"ဩော်...ဒါပဲသိလား၊ အခု ဒီမှာလဲ ဆရာကျူးထင်းကြီးရဲ့ ရတနာတွေအားလုံး မိုးတိမ်ဒေဝီက ခိုးယူသွားပြီလေ"

အိကျောင်ကောင်း၏ စကားသည် ကျင်းကို့၏ ဦးခေါင်းကို မိုးကြိုးပစ်ချလိုက်သလို ဖြစ်သွား၏။ သူသည် အလွန်ထိတ်လန့်သွားလေ၏။ ဤသို့ဆိုလျှင် သူ လျှန်းဂိုဏ်းမှ ခိုးယူထားသော ရတနာများအတွက်လည်း စိတ်ချစရာ မရှိနိုင်တော့ပေ။ မိုးတိမ်ဒေဝီသည် သူကဲ့သို့ပင် သိုင်းလောကတစ်ခွင် သူထင်သလို သွားလာလှုပ်ရှားနေ၍ ရနေဟန်တူသည်။

ကျင်းကို့က...

"မိုးတိမ်ဒေဝီဟာ ဆရာကျူးထင်းကြီးရဲ့ ရတနာတွေအားလုံးကို ခိုးယူသွားပြီ ဟုတ်လား"

"ဟုတ်တယ်၊ ရတနာတွေအားလုံး ခိုးယူသွားပြီ"

"သူ ဘယ်လိုလုပ်ပြီး ဒီလျှို့ဝှက်ချက်ကိုသိလို့ ခိုးယူသွားနိုင်တာလဲ"

ထိုအချိန် အိကျောင်ကောင်းနှင့် ကျင်းကို့တို့သာ စကားပြော

နေခြင်း ဖြစ်သည်။ ကျောက်ကွမ်းယင်နှင့် ကျူးထင်းကြီးတို့ လုံးဝ မပါချေ။ ယခု ကျူးထင်းကြီး ဝင်ပါလာချေပြီ။

ကျူးထင်းကြီးက သက်ပြင်းချလိုက်ပြီး...

"မစဉ်းစားတတ်အောင်ပဲ ညီလေး ကျင်းကို့ရာ၊ ရတနာတွေ အားလုံးဟာ လျှို့ဝှက်တဲ့ နေရာမှာ လုံလုံခြုံခြုံ သိမ်းဆည်းထားတာပါ၊ ဒီရတနာတွေကို သေတ္တာကြီး အလုံး သုံးဆယ်နဲ့ ထည့်ထားတာပါ၊ အဲဒါအားလုံး သယ်သွားတာပါ၊ ဘယ်လိုလုပ် သယ်ယူသွားသလဲဆိုတာ ကျုပ်ဖြင့် ဦးနှောက်ချောက်မတတ် စဉ်းစားနေရတယ်"

အိကျောင်ကောင်းက...

"မိုးတိမ်ဒေဝီဟာ အစ်ကိုကျင်းကိုလဲ စိန်ခေါ်သွားသေးတယ်"

ကျင်းကို့က...

"ဘာ...ကျုပ်ကို စိန်ခေါ်သွားတယ်၊ စာရေးခဲ့တာလား"

"ဟုတ်တယ်၊ စာရေးခဲ့တာ"

အိကျောင်ကောင်းက ပြောပြီး ကျောက်ကွမ်းယင်ကို လှမ်းကြည့်လိုက်လေ၏။

ထိုအခါကျမှ ကျောက်ကွမ်းယင်သည် သတိရပြီး သူ့အိတ်များကို ရှာဖွေစမ်းသပ်လေ၏။ အတွင်းအင်္ကျီအိတ်ထဲမှာ စာတစ်စောင်ကို ထုတ်ယူရရှိသည်။ သူသည် ကျင်းကို့အား လှမ်းပေးလေ၏။

"ဒီစာကို ရတနာသေတ္တာတွေထားတဲ့ ဂူထဲက ရရှိခဲ့တာပဲ၊ မိုးတိမ်ဒေဝီဟာ ညီလေး ကျင်းကို့ကို ကွမ်းတိစန်းတောင်မှာ တွေ့ဖို့ ချိန်းထားတယ်"

"ကွမ်းတိစန်းတောင် ဟုတ်လား"

ကျင်းကို့သည် မျက်မှောင်ကြုတ်နေ၏။ ကျောက်ကွမ်းယင်က...



"ကွမယ်းတိစန်းတောင်ဟာ ဒီက ဘယ်လောက်ဝေးတယ် ...တ်သလဲ"

"ဘယ်လောက်ဝေးသလဲ"

"လီပေါင်း နှစ်ရာလောက် ဝေးတယ်"

ကျင်းကို့သည် စာကိုပြန်ဖတ်လေ၏။ စာထဲ၌ ထွေထွေထူး ...ူး မပါချေ။ သူ့အား ချိန်းဆိုထားသည့် အရာသာပါသည်။ သူသည် ...ကျောက်ကွမ်းယင်အား ပြောသည်။

"ကဲ...ကျွန်တော့်ကို ခွင့်ပြုကြပါ၊ ကျွန်တော် ခုပဲ ကွမ်းတိ ...န်းတောင်ကို သွားတော့မယ်"

ကျောက်ကွမ်းယင်၊ အိကျောင်ကောင်းနှင့် ကျူးထင်းကြီးတို့ ...မှ အံ့အားသင့်သွားလေ၏။

ကျူးထင်းကြီးက...

"ဟာ...ညီလေးကျင်းကို့၊ ဒါဟာ ဘယ်လိုမှ အဓိပ္ပာယ် ...ရှိပါဘူး၊ ညီလေးဟာ ညကြီးသန်းခေါင် ဒီတောင်ပေါ်တက်လာ ...တယ်၊ ညီလေး လှုပ်ရှားတာဟာ ညကြီးမင်းကြီး ဖြစ်ပါတယ်၊ ညီလေး လုံးဝ မအိပ်စက်ရသေးဘူး ဆိုတာ ကျုပ်တို့သိပါတယ်၊ အိပ်စက်ပါဦး၊ အနားယူပါဦး၊ မနက်မိုးလင်းမှ သွားပါ"

ကျင်းကို့က ခေါင်းခါယမ်းလေ၏။

"သိုင်းသမားတစ်ဦးအဖို့ တစ်ခါတစ်ရံ သုံးရက်လောက် မအိပ် ...က်ဘဲ နေရတာ အသန်းမဟုတ်တော့ပါဘူး၊ ကျွန်တော် လာတဲ့ကိစ္စ ...ကို အစ်ကိုကျောက် သိပါတယ်၊ အစ်ကိုကျောက်နဲ့ ဆရာကျူးထင်း ...ကြီး တိုင်ပင်ဆွေးနွေးရင် သိသွားကြမှာပါ၊ ကျွန်တော်ကတော့ ခုပဲ ...ရီးဆက်ပါတော့မယ်၊ ဒီအမျိုးသမီး ဘာတွေလုပ်နေမှန်း မသိဘူး၊ ...လဲ ကျွန်တော့်ကို လီနှစ်ရာလောက်ကွာတဲ့ ကွမ်းတိစန်းတောင်ကို

ချိန်းပြန်ပြီ၊ ကျွန်တော် သူ့ကို အမြန်ဆုံးတွေ့မယ်၊ ကဲ...ကျွန်တော် သွားတော့မယ်"

ကျင်းကို့သည် ရှာခနဲ လှည့်ထွက်ပြီး ပြေးရန်ဟန်ပြင်လိုက်သောအခါ အမျိုးသမီးတစ်ဦးကို ဝင်တိုက်တော့မည်ကဲ့သို့ ဖြစ်သွားသဖြင့် အရှိန်သတ်လိုက်ရ၏။

သူ့ရှေ့တွင် အမျိုးသမီးတစ်ဦး ရပ်နေသည်ကို တွေ့လိုက်ရသည်။

ထိုအမျိုးသမီးက...

"အစ်ကိုကျင်း...ကျွန်မလဲ အစ်ကိုကျင်းနဲ့ လိုက်ခဲ့မယ်"

ထိုအမျိုးသမီးကား အခြားသူမဟုတ်၊ မင်လင်းကြည်ပင် ဖြစ်လေတော့၏။

ကျင်းကို့မှာ မင်လင်းကြည်ကို တွေ့သောအခါ မျက်မှောင်ကုပ်မိ၏။ ထိုအမျိုးသမီး၏ သံသယမျက်လုံး၊ အထင်သေးသောမျက်လုံးတို့ကို ပြန်လည်အမှတ်ရမိလေ၏။

ယခုတော့ တစ်မျိုးပြောင်းနေလေပြီ။ အစ်ကိုကျင်းဟု ခေါ်နေလေပြီ။ သူသည် မင်လင်းကြည်ကို လုံးဝ စိတ်မဝင်စားချေ။ မင်လင်းကြည်က သူနှင့်လိုက်လိုသည်ဟု ပြောသောအခါ ကျင်းကို့သည် မည်သို့ ပြန်ပြောရမည်မှန်း မသိဘဲ ဖြစ်သွားလေ၏။

✪ ✪ ✪

# အခန်း(၁၈)

## ကွမ်းတိစန်းတောင်သို့

သူသည် မင်လင်းကြည်ကို လိုက်ခဲ့ပါဟု ခေါ်ရန်လည်း ပြောက်နေသည်။ မလိုက်ပါနှင့်ဟု ပြောရန်လည်း မထွက်ချေ။ သူမသည် ကျောက်ကွမ်းယင်နှင့် အလွန်ရင်းနှီးသူ မဟုတ်ပါလော။ ယခု သူတို့အသိုက်အဝိုင်းသည် ကျောက်ကွမ်းယင် ကြီးမြင့်စေရန်အတွက် ဝိုင်းဝန်း ပံ့ပိုးနေကြသည် မဟုတ်ပါလား။

ကျောက်ကွမ်းယင်နှင့် ရင်းနှီးသူကို ငြင်းပယ်ရန် ခက်နေမိသည်။

ကျင်းကို့သည် ခက်ခဲစွာ ပြောလိုက်ရသည်။

"အစ်မလေး မင်လင်းကြည်...ကျုပ်နဲ့ လိုက်ရတာ ပင်ပန်းပါတယ်၊ အခု လီနှစ်ရာဆိုတာကလဲ နည်းနည်းနောနော ခရီးမဟုတ်ဘူး၊ ဒါကြောင့် ဒီမှာပဲ အေးအေးဆေးဆေး နေရစ်ပါလားခင်ဗျာ"

မင်လင်းကြည်သည် ကျင်းကို့အား စိတ်ခုသွားလေ၏။

သို့သော်...

ကျောက်ကွမ်းယင်ကတော့ မင်လင်းကြည် ဘာပဲလုပ်လုပ် ကြည်ဖြူသူဖြစ်သည်။ ယခု မင်လင်းကြည် ကျင်းကို့နှင့် အတူ

လိုက်ချင်သည်ဟု ဆိုသောအခါတွင်လည်း သူသည် သဘောတူလေ၏။

ကျောက်ကွမ်းယင်က...

"ညီလေးကျင်းကို...ညီမလေး မင်လင်းကြည်ဟာ မိုးတိမ်ဒေဝီကို တွေ့ချင်နေတာ၊ သူက မိုးတိမ်ဒေဝီ ဘယ်လောက်စွမ်းသလဲ ဆိုတာပဲ မေးနေတယ်၊ သူဟာ မိုးတိမ်ဒေဝီနဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းချင်နေတာ"

ကျောက်ကွမ်းယင်က ဤသို့ ဝင်ပြောလိုက်သဖြင့် ကျင်းကိုသည် မင်လင်းကြည်ကို ငြင်းဆန်ရန် ခက်သွား၏။

"ကဲ...သွားကြမယ် အစ်ကိုကျင်း...ဒီ မိန်းမက ဘယ်လောက်စွမ်းတယ် မစွမ်းဘူးဆိုတာ သူ့ကိုတွေ့ရင် သိရမှာပေါ့၊ သူက အစ်ကိုကျင်းကို ချိန်းတာဟာ သိုင်းပညာ ယှဉ်ပြိုင်ချင်လို့ ချိန်းတယ်ဆိုတာ ညီမသိပါတယ်၊ အစ်ကိုကျင်းနဲ့ မတွေ့ခင် ညီမနဲ့ တစ်ပွဲတစ်လမ်းတော့ တွေ့ကြသေးတာပေါ့"

မင်လင်းကြည်သည် ကျင်းကိုကိုသာ တွင်တွင်ခေါ်တော့၏၊ ကျင်းကိုက မိုးတိမ်ဒေဝီနဲ့ ပတ်သက်၍ ရှင်းပြ၏။

"ဒီ အမျိုးသမီး ကျွန်တော့်ကို ဘာဖြစ်လို့ ရန်လုပ်နေတယ်ဆိုတာ သိသလား၊ တခြား မဟုတ်ပါဘူး၊ ကျွန်တော်က သူ့လုပ်ရပ်တွေနဲ့ ပတ်သက်ပြီး ဝေဖန်ပြောဆိုခဲ့လို့ပါ၊ ဒါကြောင့် သူဟာ ကျွန်တော်နဲ့ ပတ်သက်တဲ့လူ၊ ကျွန်တော်နဲ့ ပတ်သက်တဲ့ ကိစ္စမှန်သမျှ လိုက်ပြီး နှောင့်ယှက်ခဲ့တာပါပဲ၊ ကျွန်တော့်ကို စိတ်ထိခိုက်အောင်လည်း ဒီမိန်းမက လုပ်ခဲ့ပါတယ်၊ ကျွန်တော့် မိတ်ဆွေနှစ်ယောက်ကို ရက်ရက်စက်စက် သတ်ပစ်ခဲ့ပါတယ်၊ အခု တောင်ခြေမှာ ချောင်လီနိလုံးရဲ့ ဒူးလေးလက်နက်ကို လုသွားပြန်ပါပြီ၊



ကျွန်တော် သူ့ကြောင့် အများကြီး စိတ်အနှောင့်အယှက် ဖြစ်ရတယ်၊ ဒါကြောင့် ကျွန်တော် သူ့ကို မတွေ့တွေ့အောင် ရှာမယ်၊ ကလဲ့စားချေမယ်"

မင်လင်းကြည် မျက်လုံးပြူးသွား၏။ သူမက မေးလိုက်သည်။

"ဒီ မိန်းမက အစ်ကိုကျင်းရဲ့ မိတ်ဆွေတွေကို သတ်ပစ်ခဲ့တယ်၊ ဘယ်သူတွေလဲဟင်"

"အစ်မလေး မင်လင်းကြည် သူတို့ကို မတွေ့ဖူးပါဘူး"

ကျင်းကိုသည် မြောင်အင်းဟို့ ဇနီးမောင်နှံဖြစ်ကြောင်းကို ဖွင့်မပြောချေ။

အဘယ့်ကြောင့် ဆိုသော် ကျူးထင်းကြီး စိတ်မကောင်းဖြစ်သွားမည် စိုးရိမ်သောကြောင့် ဖြစ်သည်။

ကျင်းကိုသည် မင်လင်းကြည်ကို ခေါ်မသွား၍ မရတော့ပါ။ ကျောက်ကွမ်းယင်က စကားဦးသန်းထားပြီး ဖြစ်သောကြောင့်တည်း။

ကျင်းကိုသည် ကျောက်ကွမ်းယင်၊ ကျူးထင်းကြီး နှင့် အိကျောင်ကောင်းတို့အား နှုတ်ဆက်၏။

"ကဲ...အစ်ကိုကျောက်တို့ ပြန်ကြပါ၊ ကျွန်တော်နဲ့ အစ်မ မင်လင်းကြည်တို့ သွားကြပါတော့မယ်"

ကျောက်ကွမ်းယင်နှင့် အိကျောင်ကောင်းတို့သည် ကျင်းကိုအား လိုက်လှိုက်လှဲလှဲ နှုတ်ဆက်ကြလေ၏။ ကျူးထင်းကြီးသည် ဤသို့ နှုတ်ဆက်သည်ကို ကြည့်လေ၏။

ကျင်းကိုတို့သည် နှုတ်ဆက်ပြီး ထွက်သွားကြသည်။

ကျောက်ကွမ်းယင်နှင့် အိကျောင်ကောင်းတို့ ငေးမောကြည့်ရှုနေကြလေ၏။

ကျူးထင်းကြီးက...

"အစ်ကိုကျော့က်...ကျင်းကို့ကို အစကတည်းက ရင်းနှီးခဲ့တာလား"

"မဟုတ်ပါဘူး၊ ရင်းနှီးတာ သိပ်မကြာသေးပါဘူး"

"အစ်ကိုကျော့က် ကြည့်ရတာ သူ့ကို တော်တော်လေးစားခင်မင်ပုံရတယ်"

"ဟား...ဟား...ဟား ကျင်းကို့ဟာ အင်မတန် ချစ်စရာကောင်းတယ်၊ သူတစ်ပါးကို ကူညီတဲ့နေရာမှာလဲ နှစ်ယောက်မရှိဘူး၊ သူ သိုင်းလောကကို ဆင်းလာတာဟာ တာဝန်တစ်ခု ရှိပုံရတယ်၊ အဲဒါ ဘာတာဝန်လဲတော့ မသိဘူး၊ သိုင်းပညာလဲ တကယ်တစ်ဖက်ကမ်းခတ်တယ်၊ ဒါပေမယ့် မိုးတိမ်ဒေဝီနဲ့ ယှဉ်ရင်တော့ ဘယ်လိုဖြစ်မလဲ မသိဘူး"

ကျူးထင်းကြီးလည်း ခေါင်းတဆတ်ဆတ် ညိတ်နေလေတော့၏။

ကျင်းကို့နှင့် မင်လင်းကြည်တို့သည် ဟူယင်စန်းတောင်ပေါ်မှ ဆင်းသက်ခဲ့ကြလေ၏။ သူတို့သည် ကိုယ်ဖော့ပညာသုံး၍ ဆင်းကြသည်။ မကြာမီ တောင်ခြေသို့ ဆိုက်ရောက်ခဲ့သည်။

ကျင်းကို့မှာ သူ့ကိုယ်ဖော့ပညာကို အစွမ်းကုန်မသုံးချေ။ အဘယ့်ကြောင့်ဆိုသော် မင်လင်းကြည် ပါနေသောကြောင့်တည်း၊ မင်လင်းကြည်သည် ချောင်လိန်လုံးလောက် ကိုယ်ဖော့ပညာ မကောင်းချေ။ ထို့ကြောင့် သူ့ကိုယ်ဖော့ပညာကို အစွမ်းကုန် ထုတ်မသုံးဘဲ လျော့ပြီးသုံးခြင်း ဖြစ်လေ၏။

မိုးလင်းသောအခါ သူတို့သည် ဟူယင်စန်းတောင်နှင့် လီသုံးဆယ်ခန့် အကွာအဝေးသို့ ရောက်နေလေပြီ။

ဟူယင်စန်းတောင်မှ ကွမ်းတိစန်းတောင်[illegible] သွားလျှင် ဖြောင့်



ဖြူးသော လမ်းမကြီးများမရှိပါ။ တောင်ဆင်း တောင်တက် လမ်းများသာ ရှိပါသည်။

နေအတော်မြင့်လာသောအခါ သူတို့သည် ခြံဝင်းကျယ်ကြီးခတ်ထားသော အိမ်ခြေလေးငါးအိမ်ရှိသည့် နေရာသို့ ရောက်ရှိလာလေတော့၏။

ကျင်းကို့သည် ခြံဝင်းဘေး၌ ရပ်ကာ အိမ်များဆီသို့ လှမ်း၍ အကဲခတ်သည်။ သူသည် မင်လင်းကြည်အား ပြောလိုက်၏။

"ဒီအချိန်ဟာ မနက်စာ စားသင့်တဲ့ အချိန်ပဲ၊ ဟောဒီ ခြံဝင်းကြီးထဲက တစ်အိမ်အိမ်ဝင်ပြီး အစားအသောက်တွေ ဝယ်ခြမ်းစားသောက်ရင် ကောင်းမယ်"

မင်လင်းကြည်က စဉ်းစားလိုက်၏။

"ဒီကနေ ရှေ့ဆက်ခရီးနှင်ကြရင် မုဆိုးတွေနေတဲ့ အိမ်ခြေတွေ တွေ့နိုင်ပါတယ်၊ မုဆိုးတွေဆီရောက်မှပဲ သားငါးတွေ ဝယ်ခြမ်းစားသောက်ရင် ကောင်းမယ်"

ကျင်းကို့က...

"ဒီအိမ်တွေထဲဝင်ပြီး ဝယ်ခြမ်းရင်ကော ဘာဖြစ်လို့လဲ အစ်မလေး မင်လင်းကြည်"

"ဒီအိမ်တွေထဲဝင်ပြီး စားဖို့သောက်ဖို့ ပြောရတာ အောက်ကျပါတယ်"

ကျင်းကို့က ပြုံးလိုက်သည်။

"ဒီခြံထဲဝင်တာ ကျွန်တော့်မှာ ရည်ရွယ်ချက် ရှိပါတယ်"

မင်လင်းကြည် အံ့သြသွားသည်။

"ရှင်...ဘာရည်ရွယ်ချက်လဲ"

ကျင်းကို[illegible] အသံနှိမ့်၍ ပြောလိုက်၏။

"စောစောက ကျွန်တော် လှမ်းကြည့်လိုက်တော့ ခြံဝင်းရဲ့ နောက်ဘက်က လူလေးငါးယောက် အိမ်တစ်အိမ်ထဲ ဝင်သွားတာ တွေ့လိုက်ရတယ်၊ အဲဒါ ထူးခြားတယ်၊ ဒီနားမှာ အိမ်ခြေမရှိဘူး၊ နောက်ပြီး ဝင်သွားတဲ့ လူတွေကလဲ သိုင်းလောကသားတွေ ဖြစ်ပုံရတယ်"

မင်လင်းကြည်က...

"အင်း...ဒီနေရာဟာ တီလျှန်းစန်းတောင်ရဲ့ အစပဲ၊ ဒီဒေသဟာ အမဲကောင်ပေါတော့ အမဲလိုက်မုဆိုးတွေ တော်တော်များများ နေထိုင်ကြတယ်၊ ဒီဒေသက မုဆိုးတော်တော်များများဟာ သိုင်းပညာကို တတ်မြောက်ကြတယ်၊ ဒီအိမ်တွေမှာနေတာ မုဆိုးတွေလဲ ဖြစ်နိုင်တယ်"

မင်လင်းကြည်က ဆက်ပြောလေ၏။

"ဘာပဲဖြစ်ဖြစ် ဝင်ကြည့်ကြတာပေါ့၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့၊ အစားအစာလဲ ရရှိအောင် လေ့လာမှုလဲ ဖြစ်အောင်၊ ကဲ...အစ်ကိုကျင်း ...ဝင်ပေတော့"

ကျင်းကို၏ ဆန္ဒမှာ ထိုခြံထဲသို့ အလွန်ဝင်ချင်နေသည်။

ဝင်သွားသူများနှင့် ပတ်သက်၍ စုံစမ်းမှုများ ပြုလုပ်နေလိုသည်။

ဤသည်ကို မင်လင်းကြည်က သိသဖြင့် ကျင်းကိုအား ထိုခြံအတွင်းသို့ဝင်ရန် ပြောလိုက်တော့သည်။

မည်သို့ပင်ဖြစ်စေ စုံစမ်းကြည့်လျှင် မှားနိုင်မည် မဟုတ်ချေ။

ကျင်းကိုနှင့် မင်လင်းကြည်တို့သည် ခြံဝင်းထဲသို့ ဝင်လာလေ၏။ သူတို့သည် အိမ်ငါးအိမ်ခန့် ရှိသည့်အနက် အကောင်းဆုံး



ကြီးဆုံးအိမ်ကြီးရှေ့သို့ လျှောက်သွားကြလေ၏။ ထိုအိမ်ရှေ့သို့ ရောက်သောအခါ သက်လတ်ပိုင်းအရွယ် လူရွယ်တစ်ယောက် ထွက်လာသည်ကို တွေ့ရှိရလေ၏။

ထိုလူသည် ကျင်းကိုနှင့် မင်လင်းကြည်တို့နှစ်ဦး ဝင်လာသည်ကို အံ့အားသင့်ဟန်နှင့် ကြည့်ပြီး လှမ်းမေးလိုက်၏။

"ဘယ်က ဧည့်သည်တွေပါလိမ့်၊ ဘာကိစ္စများရှိလို့ ဝင်လာကြတာပါလဲ ခင်ဗျာ"

မင်လင်းကြည်ကပင် ဖြေကြားလိုက်၏။

"ကျွန်မတို့ လမ်းမှားနေလို့ ဝင်မေးတာပါရှင်၊ တဆိတ် လမ်းမှန်ကို ညွှန်ပြပါလို့ တောင်းပန်ပါတယ်"

ထိုလူရွယ်က...

"အစ်မလေးတို့ နှစ်ယောက်က ဘယ်ကိုသွားကြမှာလဲ"

မေးသင့်မေးထိုက်သော မေးခွန်းပင်။ ဦးတည်ရာကို မသိဘဲ လမ်းမှန်ကို ညွှန်ပြနိုင်မည် မဟုတ်ချေ။

ထိုလူ၏ အံ့အားသင့်ဟန်မှာ ယခုတိုင် မပျောက်သေးပါ။

"ကျွန်မတို့ ဖန်စန်းချင်မြို့ကို သွားမလို့ပါ"

ထိုလူက ရယ်မောလေ၏။

"ဖန်စန်းချင်မြို့ သွားတဲ့လမ်းဟာ တောလမ်းတောင်လမ်းပါ၊ အစ်မလေးတို့ လမ်းမမှားပါဘူး၊ ဒီလမ်းအတိုင်း သွားရမှာပါပဲ"

"ကျွန်မတို့ ခုထိ မြို့ကို မမြင်ရသေးဘူး ဖြစ်နေတယ်"

"ဘယ် မြင်ရဦးမှာလဲ ဒီလမ်းက တောလမ်းတောင်လမ်း ခရီးပါလို့ ဆိုနေမှပဲ၊ မြို့နားရောက်မှ ဘွားခနဲ မြင်ရမှာပါ၊ ကဲ...ကဲ အိမ်ထဲ ဝင်ထိုင်ကြပါဦး"

လူရွယ်က ဖိတ်မန္တကပြုလိုက်၏။

မင်လင်းကြည်က ကျင်းကို့အား လှည့်ကြည့်၏။

ကျင်းကို့က...

"ဝင်ထိုင်လိုက်ပါ၊ ကြည့်ရတာ မြို့က တော်တော်ဝေးသေးတယ်နဲ့ တူတယ်"

လူရွယ်က ရယ်မောပြီး...

"ဟား...ဟား...ဟား ဝေးတယ်၊ မြို့က ဝေးပါသေးတယ်၊ မြို့ကိုရောက်အောင် ကျုပ် လမ်းညွှန်လိုက်ပါ့မယ်၊ အစ်မလေးတို့ ဝမ်းဖြည့်သွားမှ ဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရှေ့ဆက်သွားရင် လူနေအိမ်ခြေ လုံးဝမရှိတော့လို့ပဲ၊ ဘာ အစားအသောက်မှ မရနိုင်ဘူး၊ ဘာစားစရာမှ မရှိဘူး၊ ဒီတောအတွင်းမှာ မုဆိုးတွေများတယ် ဆိုပေမယ့် အဲဒီလမ်းခရီးမှာ မုဆိုးတွေရဲ့တဲ လုံးဝမရှိပါဘူး"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ အစ်ကိုက မြို့ကိုပဲ အရောက်သွားချင်နေတာရှင့်၊ အခု ရှင်ပြောတော့မှ မြို့က ဝေးသေးတယ်ဆိုတာကို သိရတယ်၊ ကျွန်မ အစ်ကိုလဲ စိတ်လျှော့လိုက်ပါပြီ၊ ဒီမှာ ခဏနားပါ့မယ်"

မင်လင်းကြည်သည် ကျင်းကို့ ဘက်လှည့်၍...

"အစ်ကို တက်လေ၊ ခဏတော့ နားပါဦး"

"အင်း...နားရတာပေါ့"

ကျင်းကို့နှင့် မင်လင်းကြည်တို့သည် အိမ်ပေါ်သို့ တက်ကြ၏။ မင်လင်းကြည်သည် လူရွယ်၏ အလစ်တွင် ကျင်းကို့ကို မျက်စိတစ်ဖက်မှိတ်ပြသည်။ ကျင်းကို့အား စိတ်တိုင်းကျ လေ့လာဟု ဆိုလိုခြင်းဖြစ်ပါသည်၊ ကျင်းကို့ကလည်း မသိမသာ ခေါင်းညိတ်ပြသည်။

လူရွယ်သည် ကျင်းကို့တို့အား နေရာထိုင်ခင်းများ ပေးလေ၏။

"နားကြပါ...နားကြပါ...ဒီတော ဒီတောင်အတွင်းမှာ အခုလို



တွေ့ရတဲ့ ခရီးသည်ကတော့ ရှားရှားပါးပါး ပါပဲ၊ တချို့ကတော့ လမ်းသိနေကြတော့ ကျုပ်တို့ဆီကို ဝင်မမေးတော့ပါဘူး၊ တန်းပြီး သွားကြတာပဲ"

ကျင်းကို့က...

"လမ်းသိနေရင်တော့ ဟုတ်တာပေါ့ဗျာ"

မင်လင်းကြည်က မိန်းမပီပီ စပ်စုလိုက်၏။

"တစ်ခုတော့ မေးပါရစေရှင်"

လူရွယ်က...

"ဟုတ်ကဲ့...မေးပါ မေးပါ မေးနိုင်ပါတယ်"

"ဒီအိမ်ရဲ့ အိမ်ရှင်သခင်ကြီး နာမည်ကို ဘယ်လိုခေါ်ပါသလဲရှင်"

ထိုသူက ရယ်မောပြီး...

"ကျုပ်ပါပဲဗျာ၊ ကျုပ်နာမည်က စုလူအန်းပါ၊ အစ်မလေးတို့နှစ်ယောက်ရဲ့ နာမည်ကရော ဘယ်လိုခေါ်ကြပါသလဲ"

ထိုလူက ပြန်မေးသည်။

မင်လင်းကြည်က...

"ကျွန်မကတော့ "မင်"အမျိုးအနွယ်ပါ၊ သူကတော့ 'ကျင်း' အမျိုးအနွယ်ပါရှင်"

မင်လင်းကြည်က အမျိုးအနွယ် အမည်ကိုတော့ အမှန်အတိုင်းပြောလိုက်၏။ နာမည်ကိုတော့ မပြောချေ။

ထိုလူက ပြုံးလိုက်ပြီး...

"အစ်မလေးမင်နဲ့ အစ်ကိုလေး ကျင်းတို့ ခဏထိုင်ကြပါဦးနော်၊ ကျွန်တော် အိမ်နောက်ကိုဝင်ပြီး အစ်မလေးတို့ စားဖို့ သောက်ဖို့ စီစဉ်လိုက်ပါဦးမယ်၊ ပြီးရင် စကားစမြည် ပြောကြတာပေါ့"

"ဟုတ်ကဲ့ စိစဉ်ပါ...စီစဉ်ပါ...ကျွန်မတို့ ကျေးဇူးတင်ပါတယ်ရှင်"

ထိုအိမ်ရှင်မှာလည်း တံခါးပေါက်တစ်ခုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့၏။

ကျင်းကိုသည် မင်လင်းကြည်အား တီးတိုး ပြောလိုက်၏။

"သိုင်းသမား လေးငါးယောက် ဝင်သွားတာ ဒီအိမ်ပဲ"

မင်လင်းကြည်က ခေါင်းညိတ်ပြလိုက်၏။

ကျင်းကိုသည် ညေ့ခန်းဆောင် ပတ်လည်ကို မျက်စိကစားရင်း သံမှန်နှင့် ပြန်ပြောလိုက်လေ၏။

"အိမ်ရှင် သခင်ကြီးစုက သိပ်သဘောကောင်းတာပဲ၊ ဧည့်သည်တွေ အပေါ်မှာလဲ သိပ်ဧည့်ဝတ်ကျေပွန်တာပဲ"

မင်လင်းကြည်က ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်နော်၊ **အိမ်ရှင်သခင်ကြီးစုဟာ** သိပ်သဘောကောင်းတာပဲနော်"

ထို့နောက်...

မင်လင်းကြည်က အသံနိမ့်၍ ပြောလေ၏။

"ကျွန်မ အကဲခတ်ရသလောက်တော့ အိမ်ရှင်သခင်ကြီးစုဟာ သိုင်းပညာတတ် တစ်ယောက်ပဲ"

ကျင်းကိုက ခေါင်းညိတ်ပြသည်။

ထို့နောက်...

နှစ်ယောက်သား ငြိမ်သက်စွာထိုင်ပြီး အိမ်ရှင်သခင်ကြီး ထွက်အလာကို စောင့်ဆိုင်းနေကြလေ၏။ အတန်ငယ်ကြာလျှင် တံခါးပေါက်မှ လူတစ်ယောက် ထွက်လာသည်။

သူသည် လင်ပန်းတစ်ချပ်ကို ကိုင်ထားပြီး အငွေ့တထောင်းထောင်း ထနေသော ဟင်းပန်းကန်များကိုတင်၍ ထွက်လာသည်။ သူသည် ကျင်းကိုနှင့် မင်လင်းကြည်တို့ ရှေ့တွင် ဟင်းပန်းကန်များကို ချပြီး နောက်ထပ် ထမင်းပန်းကန်နှင့် အရက်အိုးကို သွားယူသည်။ ထိုလူသည် အားလုံးခင်းကျင်းပေးသည်။

ကြဲနိုင်ထွားကျိုင်းပြီး ကျိုးနွံသော အမူအရာ ရှိလေ၏။ သူသည် ကျင်းကိုနှင့် မင်လင်းကြည်တို့အား ဦးညွတ်ဂါရဝပြုပြီးနောက်...

"ဧည့်သည် နှစ်ယောက်ခင်ဗျား ကျွန်တော်တို့ သခင်ကြီးဟာ အရေးကြီးတဲ့ ကိစ္စတစ်ခု ပေါ်လာလို့ ဧည့်သည်တွေကို ထွက်ဧည့်မခံနိုင်ဘဲ ဖြစ်သွားပါတယ်၊ ဧည့်သည်တွေ ထမင်းသုံးဆောင်ကြပါ၊ အားနာစရာမရှိ **သုံးဆောင်**နိုင်ပါတယ်လို့ မှာကြားလိုက်ပါတယ် ခင်ဗျာ"

"ဧည့်သည်များ ရောက်လာလို့လား ခင်ဗျာ"

ကျင်းကိုက မေးလိုက်၏။

"ထိုလူက ခေါင်းယမ်းပြီး...

"မဟုတ်ပါဘူး ခင်ဗျာ၊ ဒီပြင် အရေးကြီးတဲ့ ကိစ္စတစ်ခုပေါ်လာလို့ပါ၊ ကျွန်တော့်ကို လိုလေသေးမရှိ ဧည့်ခံလိုက်ပါလို့ အမှာစကားရှိပါတယ်"

ကျင်းကိုနှင့် မင်လင်းကြည်တို့သည် **ဘာမှမပြောတော့ဘဲ** ထမင်းဟင်းများကိုသာ တူနှင့်စားသောက်နေလိုက်**ကြတော့၏**။

# အခန်း(၁၉)

## တိုက်ပွဲနှင့်ကြုံဆုံခြင်း

ကျင်းကိုနှင့် မင်လင်းကြည်တို့သည် စားသောက်ပြီးစီး သွားသည်။ ထိုအချိန်အထိ သခင်ကြီး စုလူအန်းသည် ထွက်မလာတော့ချေ။

မင်လင်းကြည်က

"ကဲ...ကျွန်မတို့လဲ စားသောက်ပြီးကြပြီ၊ အိမ်ရှင်သခင်ကြီး ထွက်မလာနိုင်တာကိုလဲ ကျွန်မတို့ ဘယ်လိုမှ သဘောမထားပါဘူးရှင်၊ အခု စားသောက်ပြီးလို့ ခရီးဆက်ပါတော့မယ်၊ နှုတ်ဆက်သွားတယ်လို့လဲ ပြောပေးပါရှင်"

ဝေယျာဝစ္စများ ပြုလုပ်ပေးသော လူထွားကြီးက ခေါင်းညိတ်လေ၏။

"ကျွန်တော်တို့ သခင်ကြီးဟာ ဧည့်သည်နှစ်ယောက်အတွက် အမှာစကား ပါးလိုက်ပါသေးတယ် ခင်ဗျာ"

မင်လင်းကြည်က...

"သြော်...ဟုတ်လား၊ ဘာများလဲရှင်၊ ပြောပါ...ပြောပါ အမှာစကားကို ကျွန်မတို့ နားထောင်ရမှာပေါ့"



လူထွားကြီးက အိမ်ဝင်းနောက်သို့ လက်ညှိုးထိုးပြပြီး...

"ဧည့်သည်တော်များ ခရီးဆက်ကြမယ်ဆိုရင် အိမ်ရှေ့လမ်းအတိုင်း မသွားကြပါနဲ့တဲ့၊ အိမ်ဝင်းနောက်က လမ်းအတိုင်း သွားကြပါလို့ အမှာစကား ရှိလိုက်ပါတယ် ခင်ဗျာ၊ အိမ်ဝင်းနောက်က လမ်းအတိုင်း လျှောက်ကြရင် တောင်ကုန်းတစ်ခုကို တွေ့ရပါလိမ့်မယ်တဲ့၊ အဲဒီ တောင်ကုန်းလမ်းအတိုင်း ဆက်သွားမယ်ဆိုရင် လိုရာခရီးကို ရောက်ကြပါလိမ့်မယ်တဲ့"

"အိမ်ရှင် သခင်ကြီးဟာ စေတနာနဲ့ ညွှန်ပြလိုက်တာကို ကျွန်မတို့ လိုက်နာရမှာပေါ့ရှင်"

"သခင်ကြီးက အစ်မလေးတို့ အပေါ်မှာ တကယ်စေတနာထားပါတယ် ခင်ဗျာ"

"ကျေးဇူးတင်ပါတယ်ရှင်၊ ကဲ...ကျွန်မတို့ကို ခွင့်ပြုပါဦး"

ကျင်းကိုကလည်း နှုတ်ဆက်သည်။ ထို့နောက် နှစ်ဦးသား ထွက်လာခဲ့ကြလေတော့၏။

ကျင်းကိုနှင့် မင်လင်းကြည်တို့သည် အိမ်ရှေ့ဝင်းအတွင်းမှ ရှေ့ခရီးဆက်လိုက်ကြသည်။ သူတို့သည် လူထွားကြီး ညွှန်လိုက်သည့် ခရီးစဉ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပြီး သွားကြလေ၏။

ကျင်းကိုက...

"တို့ကို လမ်းမသိဘူးထင်ပြီး အိမ်ဝင်းနောက်ဘက်က လမ်းကို လမ်းလွှဲပြီး အိမ်ရှင် စုလူအန်းက ဟိုလူ့ကို ပြောခိုင်းလိုက်တာ"

"ဟုတ်တယ်၊ သူက ကျွန်မတို့ကို ဒီလမ်းမသိဘူး ထင်နေတာ"

"ကြည့်ရတာ ဒီလမ်းပေါ်မှာ တစ်ခုခုဖြစ်နေတယ်နဲ့ တူတယ်"

မင်လင်းကြည်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ တစ်ခုခုတော့ ဖြစ်နေပုံရတယ်၊ သူ လမ်းလွဲပြောတာ ကျွန်မတို့ကို ချောက်ချချင်ပုံ မရပါဘူး၊ အဲဒီလမ်းမှာ တစ်ခုခု ဖြစ်နေတာကို ကျွန်မတို့ကို မတွေ့စေချင်လို့နဲ့ တူပါတယ်"

"ဒါတော့ မပြောနိုင်ဘူးလေ၊ အဖြစ်အပျက်ကို သိရမှ ဆုံးဖြတ်လို့ ရမှာပေါ့၊ တဲ...လာ...ဆက်သွားကြရအောင်"

နှစ်ယောက်သားသည် ကိုယ်ဖော့ပညာသုံး၍ ခရီးနှင်ကြလေ၏။ လမ်းသည် တောလမ်း၊ တောင်လမ်း ဖြစ်၍ တစ်ခါတစ်ရံ ကွေ့ကောက်သည်။ တစ်ခါတစ်ရံ ကုန်းတက်တွေ့သည်။ တစ်ခါတစ်ရံ စမ်းချောင်းတွေ့သည်။

ထိုတောလမ်း တောင်လမ်းခရီးမှာ ကျင်းကို့တို့အဖို့ အဆန်းမဟုတ်ပါ။ တောင်တစ်ထောင် တက်ရတိုင်း ထိုလမ်းခရီးမျိုးကို မကြာ ခဏတွေ့ကြုံနေကျ ဖြစ်သည်။

ထိုတောလမ်း ခရီးမှာ ရှေ့ကိုက်ငါးဆယ်ခန့်ကို ရှင်းရှင်းလင်းလင်း မမြင်နိုင်သော ခရီးဖြစ်သည်။ အဘယ်မှာလျှင် မြင်ရပါမည်နည်း။ သစ်ပင်ကြီးများ၊ တောင်ကုန်းများ တားဆီးပိတ်ဆို့နေသည်မဟုတ်ပါလား။

မင်လင်းကြည်က...

"စုလူအန်းဟာ ညီမတို့အတွက် ချက်ပြုတ်ဖို့ စီစဉ်ခိုင်းလိုက်မယ်ဆိုပြီး အိမ်နောက်ဘက်ကို ဝင်သွားတယ် မဟုတ်လား၊ အဲဒါ သူ...သူ့ နောက်လိုက်တွေနဲ့ ဒီလမ်းအတိုင်း သွားတယ်နဲ့တူတယ်၊ ဒါကြောင့် အိမ်ကျန်ခဲ့တဲ့ သူ့တပည့် လူထွားကြီးက ညီမတို့ကို အိမ်နောက်ဘက်က လမ်းအတိုင်းသွားဖို့ လမ်းညွှန်တာဖြစ်မယ်"

ကျင်းကို့က ခေါင်းညိတ်၏။

"ကျွန်တော်တို့ စားသောက်နေတာ အတော်ကြာတာပဲ၊



အိမ်ကြီး သခင် စုလူအန်းဟာ လုံးဝထွက်မလာတော့ဘူး၊ သူဟာ ဒီလမ်းအတိုင်း ရှေ့ကိုထွက်သွား နိုင်ပါတယ်"

သူတို့သည် စကားတပြောပြောနှင့် အပြေးကလေး ခရီးနှင်ကြလေ၏။ တောက်တက်လိုက် **တောင်ဆင်းလိုက်** ချိုးကွေ့လိုက်ဖြင့် အပြေးသွားကြလေ၏။

သူတို့သည် သုံး**လီခန့် ပြေးမိသောအ**ခါ တိုက်သံခိုက်သံများကို ကြားရလေ၏။

"ဟော...ရှေ့မှာ"

မင်လင်းကြည်က ပြောလေ၏။

"ဟုတ်တယ်၊ တိုက်ခိုက်နေတဲ့ အသံပဲ"

ကျင်းကို့ ကလည်း ပြောသည်။

သူတို့သည် ဆက်လက်ပြေးခဲ့ရာ တိုက်ခိုက်နေသည့် နေရာသို့ ရောက်လာတော့၏။ တိုက်သံ ခိုက်သံများ တိတ်ဆိတ်ငြိမ်သက်သွားလေပြီ။ တိုက်ခိုက်သူများလည်း ရှိမနေတော့ပေ။ သို့သော် လဲကျဒဏ်ရာ ရနေသူများကား လမ်းဘေးဝဲယာ၌ လေးငါးယောက် လဲကျနေ၏။ သွေးများလည်း ဒဏ်ရာများမှ စီးကျနေသည်။

"သူတို့တိုက်ပွဲက ကျွန်တော်တို့ မလာခင်ဘဲ ပြီးသွားပါပြီ"

ကျင်းကို့သည် တိုသို့ပြောပြီး လဲကျနေသူများကို လိုက်လံကြည့်ရှုလေ၏။

"**အစ်ကိုကျင်း** ဘာရှာနေတာလဲ"

"**အိမ်ကြီးသခင်** စုလူအန်းကို ရှာနေတာ၊ သူ့ကို မတွေ့ရဘူး"

**မင်လင်းကြည်**လည်း ထိုအခါမှ စုလူအန်းကို ရှာဖွေရန် သတိရတော့သည်။ သူမလည်း စုလူအန်းကို တွေ့လိုတွေ့ငြား ဟိုဟိုဒီဒီ လျှောက်ရှာဖွေတော့၏။ သို့သော် စုလူအန်းကို မတွေ့ပါချေ။

ကျင်းကို့သည် စဉ်းစားနေ၏။

မင်လင်းကြည်သည် စုလူအန်းကို မတွေ့သဖြင့် ပြန်လှည့်လာရာ စဉ်းစားနေသော ကျင်းကို့ကို တွေ့ရလေ၏။

"အစ်ကိုကျင်း ဘာတွေစဉ်းစားနေတာလဲ"

ကျင်းကို့က...

"မြေပေါ်မှာ စုလူအန်းရဲ့ အလောင်းကိုလဲ မတွေ့ရဘူး"

"အစ်ကိုကျင်း ဘယ်လိုတွေးမိသလဲ"

"သူ့ကို ရန်သူတွေ ဖမ်းဆီးသွား သလားလို့ ကျွန်တော် တွေးနေတယ်၊ ကဲ...ရန်သူဖမ်းသလား၊ မဖမ်းသလား ရှေ့ခရီး ဆက်ကြည့်ရင် သိမယ်"

ကျင်းကို့သည် ကိုယ်ဖော့ပညာသုံး၍ ပြေးနှင်သွားလေရာ မင်လင်းကြည်သည် နောက်၌ ကျန်ရစ်တော့၏။ ကျင်းကို့သည် မင်လင်းကြည်ကို မေ့လျော့ပြီး ပြေးခြင်းဖြစ်သည်။

"အစ်ကိုကျင်း နေပါဦး ညီမကို စောင့်ပါဦး"

အော်ခေါ်သံကြားမှ ကျင်းကို့သည် သတိရပြီး မင်လင်းကြည်ကို ရပ်စောင့်လေ၏။

မင်လင်းကြည်သည် အပြေးလိုက်လာလေ၏။ မီလာသောအခါမှ နှစ်ယောက်သား ပခုံးချင်းယှဉ်၍ ပြေးလေသည်။ သို့သော် မင်လင်းကြည်သည် ပြေးသည်မှာ နှေးသည်။ မင်လင်းကြည်သည် ကျင်းကို့၏ ကိုယ်ဖော့ပညာကို မီမှမမီဘဲလေ။

ကျင်းကို့မှာ စိတ်စောနေသဖြင့် မင်လင်းကြည်ကို ပြောလိုက်သည်။

"အစ်မလေး မင်လင်းကြည် ဒီလမ်းအတိုင်း ပြေးလိုက်ခဲ့ပါ၊ ကျွန်တော် အရင်ပြေးကြည့်မယ်၊ ဟိုကျတော့ တွေ့ကြတာပေါ့"



မင်လင်းကြည်သည် ကျင်းကို့ စိတ်စောနေသည်ကို သိသဖြင့် ခေါင်းသာညိတ်ပြလိုက်ရတော့၏။

ကျင်းကို့သည် လေးညို့မှ မြားတစ်စင်း ပစ်လွှတ်လိုက်သည့် အလား ပြေးထွက်သွားလေတော့၏။ ကျင်းကို့၏ ကိုယ်ဖော့ပညာမှာ အလွန်ဆင့် အတန်းမြင့်သဖြင့် မင်လင်းကြည်၏ ရှေ့မှောက်မှ တစ်ခဏချင်း ပျောက်ကွယ်သွားတော့၏။

မင်လင်းကြည်သည် ငါးလီမျှ ဆက်၍ပြေးရလေ၏။ မကြာမီ ကျင်းကို့အား သစ်ပင်များရှေ့တွင် ရပ်လျက်ရှိနေကြောင်း တွေ့ရသည်။

ကျင်းကို့ အနီးသို့ မင်လင်းကြည် ရောက်လာလေသည်။

မင်လင်းကြည်က...

"ဘယ်လိုလဲ အစ်ကိုကျင်း၊ ထူးခြားချက်ကို တွေ့ပြီလား၊ စုလူအန်းကိုရော တွေ့သလား"

ကျင်းကို့ သက်ပြင်းချလိုက်၏။

"ကျွန်တော်ရဲ့ လှုပ်ရှားမှုတွေကို မိုးတိမ်ဒေဝီ ကြိုတင်သိရှိနေတယ်၊ တခြားလူတွေကလဲ ကျွန်တော်ရဲ့ နောက်ကို နောက်ယောင်ခံလိုက်နေတယ်"

"အစ်ကိုကျင်း ဘယ်လိုသိနေသလဲ"

"အစ်မလေး မင်လင်းကြည် ဟိုတောအုပ်ထဲ ဝင်ကြည့်လိုက်ပါလား၊ ဘာတွေ တွေ့ရမလဲဆိုတာ မသိချင်ဘူးလား"

မင်လင်းကြည်သည် သစ်ပင်များအကြား တိုးဝင်သွားလေ၏။ မြေပြင်ပေါ်တွင် လူနှစ်ယောက် လဲကျသေဆုံးနေသည်။ သူမသည် ထိုလူများကို ကြည့်သည်။ သိသည့်လူများ ဖြစ်နေမလားဟု ကြည့်ခြင်းဖြစ်သည်။ သို့သော် သူမ မသိပေ။ မင်လင်းကြည် ပြန်ထွက်ခဲ့၏။

"လူနှစ်ယောက် သေနေတယ်"

"ဟုတ်တယ်"

"အစ်ကိုကျင်း သတ်တာလား"

ကျင်းကို့က ခေါင်းယမ်းလိုက်သည်။

"ကျွန်တော် သတ်တာ မဟုတ်ပါဘူး၊ အစ်မလေး သိလားတော့ မသိဘူး၊ ကောင်းဟို ဆိုတဲ့အဘိုးကြီးက သတ်လိုက်တာပါ၊ အဲဒီ အဘိုးကြီးကို ကျွန်တော်က အဘကောင်းဟိုလို့ ခေါ်တယ်၊ အဘကောင်းဟိုဟာ စုလူအန်းကို ကယ်ဆယ်ပြီး အခု သူ့အိမ်လိုက်ပို့နေတယ်၊ စုလူအန်း ဒဏ်ရာတွေ ရသွားတယ်၊ သူဖြတ်လမ်းက ပြန်တော့ အစ်မလေးနဲ့ မတွေ့တာပါ"

မင်လင်းကြည်သည် အလွန်အံ့ဩသွားလေ၏။

"ဟာ...အစ်ကိုကျင်း ရွှေနဂါးကြီးနဲ့ တွေ့ပြီးပြီပဲ"

"ဘယ်သူလဲ ရွှေနဂါးကြီး ဆိုတာ"

ကျင်းကို့က ပြန်မေးလိုက်၏။

မင်လင်းကြည်က...

"အဘကောင်းဟို ဆိုတာလေ၊ သူဟာ အစ်ကိုကျောက်ကွမ်းယင်ရဲ့ ဆရာပဲ၊ သူ့ကိုသူ ကောင်းဟိုလို့ နာမည်ပေးပြီး သိုင်းလောကထဲမှာ လှုပ်ရှားနေတယ်၊ အစ်ကိုကျင်း မသိဘူးလား"

"ကျွန်တော်နဲ့သူ နှစ်ကြိမ် သုံးကြိမ်လောက် တွေ့ဆုံဖူးပါတယ်၊ သူ့ကို ကျောက်ကွမ်းယင်ရဲ့ ဆရာဖြစ်မှန်း မသိခဲ့ဘူး၊ သူကလဲ မပြောခဲ့ဘူး၊ အစ်ကိုကျောက်လဲ တစ်ခါမှ မပြောဘူးတော့ ဘယ်သိမလဲလေ"

"သူ...အစ်ကိုကျင်းကို ဘာတွေများ ပြောသလဲဟင်"



"သူ...ကျုပ်ကို သတိပေးတယ်၊ ကျုပ်ရဲ့ လှုပ်ရှားသွားလာမှုတွေကို မိုးဒေဝီက ကြိုသိနေသတဲ့၊ နောက်ပြီး 'မြေရှင်းသူ'သိုင်းသမားအယောင်အဆောင်ထားတဲ့ လူဆိုးတစ်ယောက် အကြောင်းပဲ၊ သူကလဲ ကျုပ်ကို စောင့်ကြည့်နေသတဲ့"

မင်လင်းကြည်က...

"ရွှေနဂါးကောင်းဟိုဟာ သိုင်းလောကမှာ မျက်စိကြီး နားကြီးသိုင်းသမားပါ၊ သူဟာ သိုင်းလောကရဲ့ သတင်းတွေကိုလဲ ကြားတတ်ပါတယ်၊ သူပြောတာ အမှန်တွေချည်း ဖြတ်တတ်ပါတယ်၊ ကဲ...ဒါနဲ့ ခုနက တိုက်ခိုက်မှုတွေဟာ ဘယ်လိုဖြစ်တာလဲ အစ်ကိုကျင်း"

ကျင်းကို့က ရှင်းပြသည်။

"စန်းစီနယ် သိုင်းသမားတွေနဲ့ ခေါင်းပေါင်းနီ သိုင်းသမားတွေ တိုက်ခိုက်ကြတာလေ...စုလူအန်းဟာ စန်းစီနယ် အသင်းတစ်သင်းရဲ့ ခေါင်းဆောင်ပဲ၊ စောစောက အိမ်ရဲ့နောက်ဘက်ကို ဝင်သွားတယ်လို့ ကျွန်တော်ပြောတာ မဟုတ်လား၊ အဲဒါ စန်းစီသိုင်းသမားတွေပဲ၊ သူတို့လဲ တော်တော်သေကြတယ်၊ စောစောက ကျွန်တော်တို့ ကြားတဲ့ တိုက်ခိုက်သံတွေဟာ စုလူအန်းနဲ့ ခေါင်းပေါင်းနီ ဂိုဏ်းသားတွေ တိုက်ခိုက်ကြတဲ့ အသံပဲ... အခု အစ်မလေး မင်လင်းကြည် ကြည့်ခဲ့တဲ့ သေနေတဲ့ သိုင်းသမားနှစ်ယောက်ဟာ ခေါင်းပေါင်းနီ သိုင်းသမားတွေပဲ၊ သူတို့ကို အဘကောင်းဟို ကောင်းကောင်း သိတယ်တဲ့"

"ဩော်...ဒီလိုကိုး၊ ဒီတိုက်ပွဲထဲတော့ အစ်ကိုကျင်း ဝင်ပါဖို့ မလိုဘူးနဲ့ တူပါရဲ့"

"သိုင်းလောကမှာ ဖြစ်ပျက်တဲ့ ကြီးကြီးမားမား အဖြစ်အပျက်မှန်သမျှ ကျွန်တော် ဝင်ပါရမှာပဲ၊ ဒါပေမယ့် အခုတော့ မပါနိုင်သေးဘူး"

"အခု...အစ်ကိုကျင်း ဘာလုပ်မလဲ"

"အခု...ကွမ်းတီစန်းတောင်ကို သွားဖို့ အရေးကြီးနေတယ်"

"ညီမလဲ လိုက်မယ်လေ၊ အခု ထွက်လာတာ အဲဒီတောင်ကိုသွားဖို့ပဲ မဟုတ်လား"

"သွားလဲပဲ အလကားဘဲ နေမှာပဲ"

"ဟင်...ဘာဖြစ်လို့လဲ"

"သွားရင် အချိန်ကုန် လူပန်းဖြစ်မှာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ မိုးတိမ်ဒေဝီဟာ အဲဒီ ကွမ်းတီစန်းတောင်မှာ ရှိမှာ မဟုတ်လို့ဘဲ"

"ဘာဖြစ်လို့ မရှိရမှာလဲ၊ သူပဲ ချိန်းတာမဟုတ်လား"

"မရှိနိုင်ဘူး၊ မိုးတိမ်ဒေဝီဟာ ကျွန်တော့ကို အလုပ်မများများအောင် ဒုက္ခ မများများအောင် ဘာဖြစ်လို့ နှောင့်ယှက်နေတာလဲ မသိဘူး၊ ကျွန်တော်လဲ မိုးတိမ်ဒေဝီအကြောင်း စဉ်စားနေတယ်၊ ဘာကြောင့် ကျွန်တော့်ကို ဒုက္ခပေးနေမှန်း စဉ်းစားလို့ မရဘူး"

"အစ်ကိုကျင်းလဲ ဒုက္ခပဲ၊ ဒီ မိုးတိမ်ဒေဝီ ဆိုတဲ့ မိန်းမကို ညီမ တွေ့ချင်ပါတယ်"

"နောက်ပြီး 'ဖြေရှင်းသူ'သိုင်းသမား အယောင်ဆောင်တဲ့လူက တစ်မှောင့်ပဲ"

"ဘယ်လို တစ်မှောင့်လဲ"

"စောစောက တောထဲမှာ သေနေတဲ့ 'ခေါင်းပေါင်းနီ' ဂိုဏ်းသားနှစ်ယောက်ကို တွေ့တယ် မဟုတ်လား၊ သူတို့ မသေခင်က



ထုတ်ပြောသွားတယ်၊ သူတို့ဟာ 'ဖြေရှင်းသူ' သိုင်းသမားရဲ့ တပည့်တွေပါတဲ့၊ ဒါပေမယ့် ကျွန်တော်သိတယ်၊ သူတို့ဟာ ဖြေရှင်းသူ သိုင်းသမားရဲ့ တပည့်တွေ မဟုတ်ဘူး"

မင်လင်းကြည် ပြုံးလိုက်သည်။

"အစ်ကိုကျင်း...ဒီလူတွေဟာ ဖြေရှင်းသူ သိုင်းသမားရဲ့ တပည့်တွေ မဟုတ်ကြောင်း အစ်ကိုကျင်း သိတယ်ဆိုတာကို ညီမ ယုံပါတယ်"

ကျင်းကိုသည် မင်လင်းကြည်ကို ကြည့်လိုက်၏။

"အစ်မလေ မင်လင်းကြည် ဘာကို ယုံတာလဲ"

"ညီမ မေးမယ် မှန်မမှန်ဘဲ ဖြေပါ၊ ဖြေရှင်းသူ သိုင်းသမားဆိုတာ အစ်ကိုကျင်းရဲ့ ကိုယ်ပွားပဲ မဟုတ်လား"

ကျင်းကိုသည် အလွန်တမျှ အံ့ဩသွားသည်။

အမှန်မှာ ကျင်းကိုနှင့် မင်လင်းကြည်တို့ စတွေ့စဉ်ကတည်းက မင်လင်းကြည်သည် ကျင်းကို အပေါ် ဖြေရှင်းသူ သိုင်းသမားဖြစ်မည်ဟု သံသယရှိခဲ့သည်။ ယခု ထိုသံသယဖြင့် မေးလိုက်ခြင်းဖြစ်သည်။ ကျင်းကိုသည် ဟုတ်မှန်နေသဖြင့် ခေါင်းညိတ်ဝန်ခံလိုက်၏။

"ကျွန်တော်တော့ ဒီပြင် နာမည်တစ်ခုကို ပြောင်းမှ ဖြစ်တော့မယ်၊ ကျွန်တော် အံ့ဩတယ်ဗျာ၊ ဒီ နာမည်ကို ကျွန်တော် လျှို့လျှို့ဝှက်ဝှက် သုံးစွဲခဲ့ပါတယ်၊ ဒီလောက် လျှို့ဝှက်သုံးခဲ့တဲ့ ကြားထဲက ဒီနာမည်ကို လူတွေသိကုန်ကြပြီ၊ ဒီနာမည်ကို အသုံးပြုတာ ဆယ်ကြိမ်တောင် မရှိသေးပါဘူး"

မင်လင်းကြည်က ရယ်လိုက်၏။

"လောကမှာ ကြာကြာ လျှို့ဝှက်ထားနိုင်တဲ့ ကိစ္စဆိုတာ

မရှိပါဘူး၊ ရှိခဲ့ရင်လဲ ထာဝရ လျှို့ဝှက်မထားနိုင်ဘူးဆိုတဲ့ စကားပုံလဲရှိပါတယ်"

ကျင်းကိုသည် စောအုပ်ထဲမှ အလောင်းနှစ်လောင်းကို လှမ်းကြည့်လိုက်သည်။

ထို့နောက်...

သက်ပြင်းချလိုက်လေ၏။

"ဟင်း...အဘကောင်း ဟိုက ဒီလူနှစ်ယောက်ကို ကောင်းကောင်း**သိသတဲ့**၊ ဒီလူ နှစ်ယောက်ဟာ ခေါင်းပေါင်းနီ ဂိုဏ်းသားတွေ **ဖြစ်တယ်ဆို**တာ သူ အသေအချာ သိသတဲ့၊ အေး...**ဒါပေမယ့်** ဒီလူ**နှစ်**ယောက်က ဖြေရှင်းသူသိုင်းသမားရဲ့ တပည့်တွေပါ**တဲ့၊ ကဲ**... ခေါင်းပေါင်းနီ ဂိုဏ်းသားတွေကနေ ဖြေရှင်းသူ သိုင်းသမားရဲ့ တပည့်တွေ ဖြစ်ကုန်ပြီ၊ ဘယ်လို ဘယ်လိုကနေ ဖြေရှင်းသူ သိုင်းသမားရဲ့ တပည့်တွေ ဖြစ်သွားကြသလဲ မသိဘူး"

ထိုစဉ်...

မင်လင်းကြည်က ပြောလိုက်သည်။

"ဟာ...ညီမ စဉ်းစားမိပြီ"

ကျင်းကို့က မင်လင်းကြည်ကို ကြည့်၏။ ဘာများပြောမည်နည်းဟု စောင့်နားထောင်မိ၏။

"ဖြေရှင်းသူ သိုင်းသမား အယောင်ဆောင်တဲ့ လူဟာ ခေါင်းပေါင်းနီ ဂိုဏ်းချုပ်ပဲ ဖြစ်ရမယ်"

မင်လင်းကြည် တွေးသည်မှာ ရိုးရိုးကလေးပင်၊ ခေါင်းပေါင်းနီဂိုဏ်းသား နှစ်ဦးသည် သူတို့သည် ဖြေရှင်းသူ သိုင်းသမား၏ တပည့်များဟု ပြောနေကြသည်။ သူတို့သည် အခြားသူမဟုတ်၊ ခေါင်းပေါင်းနီ သိုင်းသမားများ ဖြစ်သည်။ ဤသို့ဆိုလျှင် သူတို့၏



ဖြေရှင်းသူ သိုင်းသမားမှာ မည်သူဖြစ်မည်နည်း။ ခေါင်းပေါင်းနီ ဂိုဏ်းချုပ်ပင် ဖြစ်ရပေလိမ့်မည်။

ကျင်းကို့က အော်သည်။

"ဟာ...ဟုတ်ပါရဲ့၊ ကျွန်တော် ဘာကြောင့်များ ဒီလိုမတွေးမိပါလိမ့်၊ ဟုတ်ပြီ ကျွန်တော် ခေါင်းပေါင်းနီ ဂိုဏ်းချုပ် ဘယ်သူ ဘယ်ဝါဆိုတာကို စုံစမ်းမယ်"

မင်လင်းကြည်၏ အကြည့်သည် တစ်နေရာဆီသို့ ရောက်ရှိသွားလေ၏။ ထိုအခါ သူမ၏ မျက်လုံးများ ဝိုင်းစက်သွားသည်။ သူမသည် အသံကို နှိမ့်၍ ဖားတိုးပြောလေ၏။

"အစ်ကိုကျင်း ရှေ့ခပ်လှမ်းလှမ်း လမ်းမပေါ်ကို ကြည့်လိုက်ပါဦး"

ကျင်းကို့သည် လှမ်းကြည့်လိုက်၏။

လူသုံးယောက်သည် လမ်းလယ်တွင် ပခုံးချင်းယှဉ်ပြီး သူတို့အား ရပ်ကြည့်နေကြလေ၏။

○ ○ ○

# အခန်း(၂၀)

## ပြင်းထန်သောစွပ်စွဲချက်

လူသုံးယောက်သည် အရောင်သုံးမျိုးကို ဝတ်ဆင်ထားကြ၏။

အဝါ...။

အဖြူ..."

အနက်...။

သူတို့သည် လက်နက်ကိုယ်စီ ကိုင်ထားကြ၏။ ဝတ်စုံဝါက သံမဏိရောင် လင်းလက်နေသော ဓားရှည်ကို ကိုင်ထား၏။ ဝတ်စုံနက်က နဂါးလက်သည်း လက်နက်ကို ကိုင်ထား၏။ ဝတ်စုံဖြူက သံမဏိကြိုးမျှင်များဖြင့် ပြုလုပ်ထားသော ပိုက်ကွန်ကို ညာဘက်လက်မောင်းပေါ်တွင် တင်ထားသည်။ သူတို့သုံးယောက်သည် လက်နက်ကိုယ်စီ ကိုင်ထားကြလေ၏။

ထိုလူသုံးယောက်ကို ကျင်းကို့သည် တအံ့တသြပင် လှမ်းကြည့်မိသည်။ မင်လင်းကြည်အား တီးတိုးပြောလေ၏။

"သူတို့ဟာ နဂါးသုံးကောင်ပဲ၊ သူတို့ဟာ ကျွန်တော့်ကို ရန်လိုတဲ့ မျက်လုံးတွေနဲ့ ကြည့်နေတယ်၊ ဘာကြောင့်ကြည့်နေတာပါလိမ့်"



မင်လင်းကြည်မှာလည်း ထူးဆန်းအံ့သြနေသည်။ သူမသည် နဂါးသုံးကောင်အကြောင်း ကောင်းစွာကြားဖူးထားသည်။

"နဂါးဝါ၊ နဂါးနက်၊ နဂါးဖြူ သုံးကောင်ဟာ အခုလို မပူးပေါင်းတတ်ဘူး၊ သူတို့ သုံးယောက်ဟာ ပူးပေါင်းတိုက်ရင် အစ်ကိုကျင်း မပြောနဲ့၊ သိုင်းလောက ကျေရာဇ်တောင် ခုခံနိုင်မှာ မဟုတ်ဘူး၊ သူတို့ ဘယ်လိုပူးပေါင်း မိကြသလဲ မသိဘူး၊ အံ့သြစရာပဲ"

မင်လင်းကြည်က ရေရွတ်နေသည်။

ကျင်းကို့သည် နဂါးသုံးကောင်ဆီသို့ ဦးတည်လျှောက်သွားပြီး လက်ဖမိုးအစုံယှက်၍ ဦးညွှတ်ဂါရဝ ပြုလိုက်သည်။

"နဂါးသုံးဖော်လို့ ထင်ပါရဲ့ခင်ဗျာ"

"ဟုတ်တယ်"

နဂါးဝါက ပြောသည်။

ကျင်းကို့က...

"လမ်းလယ်မှာ ပိတ်ဆို့ရပ်ပြီး မျက်နှာထား တင်းတင်းနဲ့ ကြည့်နေတာဟာ ကျွန်တော့်ကို ရန်သတ္တု ပြုမလို့လား ခင်ဗျာ"

နဂါးဝါက အေးစက်စက် ရယ်လိုက်၏။

"ဖြေရှင်းသူ သိုင်းသမားဆိုတာ ဘယ်သူပါလဲ"

ကျင်းကို့က ခပ်မဆိတ် နေလိုက်၏။

"မိတ်ဆွေ ကျင်းကို့ရဲ့ ကိုယ်ပွားနာမည်တစ်ခု ဟုတ်ပါသလား ခင်ဗျာ"

"ဟုတ်ပါတယ်"

ကျင်းကို့သည် မကွယ်မဝှက်ဘဲ ဝန်ခံလိုက်၏။ နဂါးသုံးကောင်တို့သည် ဖြေရှင်းသူ သိုင်းသမားနှင့် ပတ်သက်၍ ဖြေရှင်းရန် လိုက်လာလေသလော။ ကျင်းကို့နှင့် ပတ်သက်၍ ဖြေရှင်းရန် လိုက်လာ

လေသလော။ မည်သည့် ရည်ရွယ်ချက်ဖြင့် သူတို့ လိုက်လာလေသနည်း။ ကျင်းကို သိချင်ပါသည်။

နဂါးနက်က အော်လိုက်၏။

"ခင်ဗျား ဝန်ခံရပြီ မဟုတ်လား၊ ဒီကိစ္စဟာ ဘယ်လိုမှ ဖုံးကွယ်လို့ မရပါဘူး၊ ခင်ဗျားဝန်မခံရင်လဲ ကျုပ်တို့နည်းနဲ့ ကျုပ်တို့ သိအောင် ကြိုးစားနိုင်ပါတယ်"

ကျင်းကိုက...

"ခင်ဗျားတို့ သုံးယောက်ဟာ ဘယ်တော့မှ မပူးပေါင်းကြဘူးဆို၊ ဒါပေမယ့် ဒီကနေ့တော့ ထူးထူးခြားခြား ပူးပေါင်းလာတယ်ဆိုတော့ ကိစ္စက **အထူးအရေး**ကြီးတဲ့ ကိစ္စတစ်ရပ် ရှိလိမ့်မယ်လို့ ထင်တယ်၊ **အဲဒီ အရေး**ကြီးတဲ့ ကိစ္စကို သိလိုပါတယ် ခင်ဗျာ၊ ဒါမှမဟုတ် ကျွန်တော် ဘယ်လို ကူညီရမလဲ၊ ကျွန်တော်နဲ့ ပတ်သက်နေတယ်ဆိုတာကို သိလိုပါတယ် ခင်ဗျာ"

နဂါးဖြူ ကျိုးဖေးလုံက အေးစက်စက် ရယ်လိုက်၏။

"မဟုတ်သေးဘူး၊ ခင်ဗျားက ဘာဖြစ်လို့ ပြန်မေးနေရတာလဲ"

"ကျုပ်တို့က ထပ်ပြောပြရမယ် ဆိုပါတော့"

"ဒါပေါ့ ခင်ဗျာ"

နဂါးဝါ ကျင့်ထင်းကျိုက...

"ခင်ဗျား သိပြီးသား ကိစ္စတစ်ခုကို ကျုပ်တို့ ထပ်ပြောနေရတာ သဘာဝ မကျလှဘူးဗျ"

ကျင်း**ကိုသည် တစ်**စုံတစ်ခုကို စဉ်းစားမိသွား၏။ ဤသူများသည် ကျူး**ထင်းကြီး၏** ရတနာသိုက်နှင့် ပတ်သက်ခဲ့သူများ ဖြစ်သည်။ **အခြားကိစ္စ** မရှိနိုင်ပေ။

ကျင်းကိုက ပြုံးရယ်လိုက်ပြီး...



"ကျူးထင်းကြီးရဲ့ ကိစ္စပေါ့ ကျူးထင်းကြီးရဲ့ ရတနာတွေဟာ..."

ကျင်းကို စကားဆုံးအောင် မပြောရချေ။ နဂါးဝါ ကျင့်ထင်းကျိုက လက်တားလိုက်သည်။

"ကျူးထင်းကြီးရဲ့ ရတနာတွေဟာ အားလုံး မိုးတိမ်ဒေဝီရဲ့ လက်ထဲရောက်သွားပါပြီ၊ ဒါကို ကျုပ်သိပြီးပြီ၊ သေတ္တာ အလုံးသုံးဆယ်နဲ့ ထည့်ထားတဲ့ ရတနာတွေကို မိုးတိမ်ဒေဝီက သယ်သွားတာ၊ ကျုပ်တို့ အခုလာရင်းတဲ့ ကိစ္စကတော့ ကျူးစန်းဂိုဏ်းတူ ညီအစ်မသုံးဖော်ကို ခင်ဗျား စော်ကား သတ်ဖြတ်ခဲ့တဲ့ ကိစ္စဗျ"

"ဘာ...ခင်ဗျား ဘာပြောလိုက်တယ်"

ကျင်းကိုမှာ မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် အံ့အားကြီး သင့်သွားသည်။ သူသည် အံ့ဩတကြီး ပြန်မေးလိုက်၏။

"ကျူးစန်း ညီအစ်မသုံးဖော်ကို သတ်တဲ့ကိစ္စလေ၊ ခင်ဗျား စော်ကားပြီးမှ သတ်တဲ့ကိစ္စဗျ"

သူ့နားကိုပင် သူမယုံနိုင်၊ ချက်ချင်းပင် ဒေါသ**အမျက် ချောင်း**ချောင်းထွက်လာ လေတော့၏။

နဂါးဝါ ကျင့်ထင်းကျိုက အေးစက်စက် **ပြောလေ၏။**

"ကျူးစန်း ညီအစ်မ သုံးဖော်ဟာ သိပ်ချောလှပါတယ်၊ သူတို့ သိုင်းလောကထဲမှာ လှုပ်ရှားနေခဲ့ကြသော်လည်းပဲ သိုင်းပညာ အဆင့်မြင့်လှတာ မဟုတ်ပါဘူး"

သူသည် ကျင်းကိုကို စူးစူးစိုက်စိုက်ကြည့်ပြီး...

"သူတို့ကို အဆင့်မြင့် သိုင်းလောကသား တစ်ယောက်က တိုက်ခိုက်ထိန်းချုပ်ပြီး မုဒိမ်းကျင့်တယ်၊ ယုတ်မာစွာ စော်ကားပြီး ရက်ရက်စက်စက် သတ်ဖြတ်လိုက်တယ်၊ ကျုပ်တို့ ဟူယင်စန်းတောင်

ကို ဖြတ်သန်းသွားကြတော့ သူတို့ ညီအစ်က သုံးဖော်ရဲ့ အလောင်းကို တွေ့ရတယ်၊ ကျုပ်တို့လဲ အသက်ရှင်လိုရှင်ငြား ဝိုင်းဝန်းမြှုပ်တော့ တစ်ယောက်က အသက်မထွက် သေးဘူးလေ"

သူသည် အေးစက်စက် ရယ်ပြီး ဆက်ပြောသည်။

"သူက ပြောပြတယ်၊ သူတို့ ရုပ်ချောချော သိုင်းသမားတစ်ယောက်ဟာ အဆင့်မြင့် လေလှိုင်းလက်ဝါးသိုင်းနဲ့ တိုက်ခိုက်ပြီး သူတို့ကို ထိန်းချုပ်သတဲ့၊ သူတို့သုံးယောက်ကို မုဒိမ်းကျင့်ခဲ့သတဲ့၊ ဒီလူငယ် ထွက်သွားခါနီး တီးတိုးရေရွတ်ခဲ့သတဲ့၊ သူရေရွတ်တဲ့ စကားကတော့ ဒီကိစ္စကို ဖြေရှင်းသူ သိုင်းသမားလုပ်တာလို့ ဘယ်သူသိနိုင်မလဲ၊ ကဲ...အဲဒါလဲ ပြောပြီးရော သူဟာ အသက်ထွက်သွားတာပဲတဲ့"

ကျင်းကို့မှာ မဟုတ်မတရား စွပ်စွဲခံလိုက်ရသဖြင့် အသားများ တဆတ်ဆတ် တုန်နေ၏။

"ဟောလူတွေ တော်စမ်း၊ ခင်ဗျားတို့ ပါးစပ်တွေပိတ်ထားစမ်း၊ ကျုပ်ဟာ ဒီလို ယုတ်မာပက်စက်တဲ့ အမှုမျိုးကို ဘယ်တော့မှ မလုပ်ဘူးဗျ သိလား"

ကျင်းကို့က ဒေါသနှင့် ပြောလိုက်၏။

နဂါးသုံးကောင်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်လိုက်ကြလေ၏။ သူတို့သည် ကျင်းကို့ ပြောသည့် စကားကို ဟာသများ မှတ်နေကြသည်။

နဂါးနက် ကူကျင်းတောက်က...

"ဒီမှာ...ဖြေရှင်းသူ သိုင်းသမား၊ လေလှိုင်း လက်ဝါးကိုသုံးပြီး တိုက်ခိုက်တတ်သူဆိုလို့ ခင်ဗျားပဲ ရှိတယ်။ ခင်ဗျားဟာ ဘာလက်နက်ကိုမှ မသုံးဘူးဆိုတာ ကျုပ်တို့သိတယ်၊ ဘာဖြစ်လို့ သိ



တာလဲဆိုတော့ ခင်ဗျားကို စောင့်ကြည့်နေတဲ့ လူတစ်ယောက်က ပြောပြလို့ပဲ"

ကျင်းကို့မှာ မင်လင်းကြည်ကဲ့သို့သော မိန်းကလေး တစ်ယောက်ရှေ့တွင် စွပ်စွပ်စွဲစွဲ အပြောအဆို ခံနေရသဖြင့် ဒေါသလည်း ထွက်၊ ရှက်လည်း ရှက်နေရသည်။ သူတို့ စွပ်စွဲသည့်အကြောင်းအရာမှာလည်း မိန်းကလေးတစ်ဦးအဖို့ နားရှက်ဖွယ်ရာ အဖြစ်အပျက် ဖြစ်နေသည် မဟုတ်ပါလော။

ကျင်းကို့ ရှက်နေသည်မှာလည်း မှန်ပါသည်။ မင်လင်းကြည်သည် နဂါးသုံးကောင်၏ စွပ်စွဲချက်ကို မငြင်းပယ်နိုင်သည့် ကျင်းကို့ကို သံသယ ဝင်နေပြီ ဖြစ်ပါသည်။

သူမသည် တွေးလိုက်မိ၏။

"သူ ဒီလိုလုပ်ခဲ့လို့ ချောင်လိန်လုံး သူ့ကို ခွဲသွားတာ ဖြစ်မှာပဲ"

ထိုစဉ်...

နဂါးဝါ ကျင့်ထင်းကျို၏ ပြောဆိုသံ ထွက်ပေါ်လာလေ၏။

"ခင်ဗျား ဟုတ်မှာတာတွေ ခင်ဗျား သိပါတယ်၊ ကျုပ်တို့ ဘာမှ ပြောနေဖို့ မလိုပါဘူး၊ ဘာမှ ဆင်ခြေဆင်လက်တွေ ပေးမနေပါနဲ့တော့၊ ကျုပ်တို့သုံးယောက်နဲ့ ခင်ဗျားတိုက်မှဖြစ်ရမယ်၊ ကျုပ်တို့သုံးယောက်လဲ သေချင်သေမှာပဲ၊ ဒါမှမဟုတ် ခင်ဗျား သေချင်လဲ သေမှာပဲ"

ကျင်းကို့သည် နောက်သို့ ခြေလှမ်းသုံးလှမ်း ဆုတ်လိုက်လေ၏။

"ကျုပ် မတိုက်ခိုက်ပါရစေနဲ့ ခင်ဗျာ"

နဂါးဝါ ကျင့်ထင်းကျိုက...

"ခင်ဗျား လုပ်ထားတဲ့ ပြစ်မှုအတွက် တိုက်တာကတော့ **တိုက်ရမှာပဲ**၊ သေနဲ့ရှင်းမှ ရမယ့်ကိစ္စဗျ"

"ဒီမှာ မိတ်ဆွေတို့ ကျုပ် ပန်ကြားပါရစေ၊ ကျုပ်ကို သုံးရက်လောက် အချိန်ပေးပါ၊ ကျုပ် ကွမ်းတီစန်းတောင်ကို သွားပြီးမှ ခင်ဗျားတို့နဲ့ ဖြေရှင်းပါရစေ"

"ခင်ဗျား ကွမ်းတီစန်းတောင်ကို သွားမလို့ ဟုတ်လား၊ ဘာလဲ မိုးတိမ်ဒေဝီနဲ့ တွေ့ဖို့လား"

နဂါးဖြူ ကျိုးဖေးလုံက မေးသည်။

"ဟုတ်ပါတယ်၊ ကျုပ်ကို မိုးတိမ်ဒေဝီက ချိန်းဆိုထားပါတယ်၊ သူနဲ့တွေ့ပြီး ဖြေရှင်းစရာတွေ ဖြေရှင်းလိုက်ပါမယ်၊ နောက်ပြီး မိတ်ဆွေတို့ စွပ်စွဲတဲ့ အကြောင်းအရာကိုလဲ ကျုပ်မကျူးလွန်ခဲ့ပါဘူး၊ ဒါပေမယ့် ဒီလို စွပ်စွဲစရာ ဖြစ်လာခဲ့တဲ့ အကြောင်းရင်းကို ကျုပ် ရှာဖွေပါ့မယ်၊ ကျုပ်ကို သုံးရက်ပဲ အချိန်ပေးပါ"

**နဂါး**သုံးကောင်သည် စဉ်းစားကြလေတော့၏။ ထို့နောက် **တစ်ယောက်နှင့်**တစ်ယောက် တီးတိုးတိုင်ပင် ကြလေတော့၏။ သူတို့သည် **သ**ဘောတူညီချက် ရသွားဟန်ဖြင့် အားလုံး ခေါင်းညိတ်ကြသည်။

နဂါးဝါ ကျင့်ထင်းကျိုက ရှေ့သို့တစ်လှမ်း တိုးပြီး...

"ကောင်းပြီ ခင်ဗျားသွားပါ၊ ကွမ်းတီစန်းတောင်ကို သွားပြီး မိုးတိမ်ဒေဝီနဲ့ တွေ့မလို့ ဟုတ်လား"

ကျင်းကို့က ခေါင်းညိတ်၏။

"မိုးတိမ်ဒေဝီနဲ့တွေ့ရင် အဲဒီကျူးစန်း ညီအစ်မသုံးဖော် **ကိစ္စ**လဲ ပြေလည်ရင် ပြေလည်သွားမှာပါ"

"ဘယ်လို ဖြစ်ဖြစ်လေ၊ ခင်ဗျားကိစ္စပြီးရင် ကျုပ်တို့ကို ဖြေရှင်း



ချက်ပေးဖို့ မမေ့ပါနဲ့၊ တကယ်လို့ မပြေလည်ဘဲနဲ့တော့ ခင်ဗျား ကျုပ်တို့ သုံးယောက်လက်က ပြေးမလွတ်ပါဘူး"

နဂါးဝါ ကျင့်ထင်းကျိုက ပြောလိုက်လေ၏။

နဂါးဖြူ ကျိုးဖေးလုံးက...

"ခင်ဗျား ခွင့်တောင်းတာ သုံးရက်နော်၊ သုံးရက်..."

ကျင်းကို့က...

"ဟုတ်ပါတယ်ဗျာ သုံးရက်ပါ၊ သုံးရက်အတွင်း **ဒီကိစ္စ**ကို ဖော်ထုတ်မှာပါ"

"ကောင်းပြီ"

နဂါးသုံးကောင်သည် မင်လင်းကြည်ကို တစ်ချက်မျှ စိုက်ကြည့်ကာ လာလမ်းအတိုင်း နောက်ပြန်လှည့်သွားကြ**လေ၏**။ ထို အချိန်တွင် မင်လင်းကြည်သည် ကျင်းကို့အပေါ် သဘောထား **ပြောင်း**နေလေပြီ။ သူမသည် ကျင်းကို့အပေါ် လေးလေးစားစား **သဘော**မထားနိုင်တော့ချေ။

နဂါးသုံးကောင်၏ စွပ်စွဲချက်များကို အမှန်ဟု ထင်သွားခဲ့ပြီ ဖြစ်သည်။

"**အစ်ကိုကျင်း**...ကျွန်မ ပြန်တော့မယ်၊ ကျွန်မ အစ်ကိုကျောက် **ဆီကိုပြန်ပြီး** အခြေအနေကို ပြောပြလိုက်မယ်"

**မင်လင်းကြည်သည်** ကျောက်ကွမ်းယင်ဆီ ပြန်သွား ဖြတ်လိုက်လေပြီ။

"ဟင်...အစ်မလေး မင်လင်းကြည်၊ ကွမ်းတီစန်းတောင်ကို လိုက်မယ်လို့ ပြောတယ် မဟုတ်လား"

"ဟင့်အင်း...ကျွန်မ မလိုက်တော့ဘူး၊ အစ်ကိုကျောက်ဆီပဲ ပြန်တော့မယ်"

ကျင်းကို့မှာ မင်လင်းကြည်၏ သဘောကို မရိပ်မိရှာပေ။ သူ့ကို မဟုတ်မတရား စွပ်စွဲသည့် အချက်များကိုသာ သူဖြေရှင်းရန် စဉ်းစားနေမိသည်။ အခြား အကြောင်းအရာများသည် သူ့ခေါင်းထဲ မရောက်ပေ။

ကျင်းကို့ ခေါင်းညိတ်သည်။

"ဒီကိစ္စကို အစ်ကိုကျောက် မသိပါစေနဲ့၊ တော်ကြာ သူတို့ စိတ်ပူနေမယ်၊ ကျွန်တော့်ဘာသာ စုံစမ်းပြီး ဖြေရှင်းလိုက်ပါ့မယ်"

မင်လင်းကြည်သည် ချာခနဲ လှည့်ထွက်ကာ ပြေးထွက်သွား လေတော့၏။

ကျင်းကို့သည် မင်လင်းကြည်၏ ကျောပြင်ကို ငေးကာကြည့် ပြီး သက်ပြင်းချလိုက်၏။ သူသည် ကွမ်းတီစန်းတောင်ကို သွားသည့် ခရီး၌ ယခင်က မင်လင်းကြည်ကို မခေါ်လိုချေ။ မင်လင်းကြည် က အတင်းလိုက်လာသဖြင့်သာ ခေါ်ခဲ့ရခြင်း ဖြစ်သည်။

ယခုတော့ သူ တစ်ကိုယ်တည်း စိတ်လွတ်ကိုယ်လွတ် လှုပ်ရှား ဆောင်ရွက် ရပေပြီ။

**စာစဉ် (၂) ပြီး၏**

**တက္ကသိုလ် နေလင်းအောင်**